



အရှင်ဉာဏောဘာသ

(အေးစေတီ၊မင်းဘူး)

# ဓုတင်



ဉာဏ်ရောင်လင်းစာစဉ်

## ဓုတင်(၁၃)ပါး


၁။ ပံ့သကူဓုတင်
၂။ တိစီဝရိတ်ဓုတင်
၃။ ပိဏ္ဍပါတ်ဓုတင်
၄။ သပဒါနစာရိကဓုတင်
၅။ ဧကာသနိက်ဓုတင်
၆။ ပတ္တပိဏ်ဓုတင်
၇။ ခလုပစ္ဆာဘတ္တိကဓုတင်
၈။ အာရညကင်ဓုတင်
၉။ ရုက္ခမူဓုတင်
၁၀။ အဗ္ဘောကာသိကဓုတင်
၁၁။ သုသာန်ဓုတင်
၁၂။ ယထာသန္တတိကဓုတင်
၁၃။ နိသဇ်ဓုတင်


Painting : WPM



အရှင်ဉာဏောဘာသ
(ဒွေးစေတီမြင်းဘူး)
ဓုတင်
Graphic : Byinnyar Rartz

ဉာဏ်ရောင်လင်းစာစဉ်

## အရှင်ဉာဏောဘာသ(အေးစေတီ၊မင်းဘူး)၊ စိုးဉာဏ(ငဖဲ)၏ ထွက်ရှိပြီးစာအုပ်များ

| | |
|---|---|
| ၁။ တပည့်ထက်သာ မြတ်ဆရာ(ပုံပြ) | စိုးဉာဏ(ငဖဲ) |
| ၂။ ပြုံးရွှင်ပွယ်ရာ စကားများ | စိုးဉာဏ(ငဖဲ) |
| ၃။ မြတ်စွာဘုရားလက်ထက်တော်က သူဌေးကြီးများအကြောင်း | အရှင်ဉာဏောဘာသ (အေးစေတီ၊မင်းဘူး) |
| ၄။ ကြီးပွားချမ်းသာခြင်း၏ ကံတရား | အရှင်ဉာဏောဘာသ (အေးစေတီ၊မင်းဘူး) |
| ၅။ ဓမ္မစကားဝိုင်း (မြတ်ဗုဒ္ဓ၏ဂုဏ်တော်ကို ကြည်ညိုခြင်း) | အရှင်ဉာဏောဘာသ (အေးစေတီ၊မင်းဘူး) |
| ၆။ လောကမာယာနှင့်ရွှေရည်စိမ်များ | အရှင်ဉာဏောဘာသ (အေးစေတီ၊မင်းဘူး) |

## ယခုထွက်သောစာအုပ်သစ်

| | |
|---|---|
| ၇။ ဓုတင် | အရှင်ဉာဏောဘာသ (အေးစေတီ၊မင်းဘူး) |

## ဆက်လက်ထွက်ရှိလာမည့်စာအုပ်များ

| | |
|---|---|
| ၁။ ပုဏ္ဏောဝါဒသုတ္တန်တရားတော် (ရွှေစက်တော်သမိုင်း) | အရှင်ဉာဏောဘာသ (အေးစေတီ၊မင်းဘူး) |
| ၂။ မိဘလုပ်ကျွေးဘေးရန်ဝေးနှင့် အခြားပုံပြများ | စိုးဉာဏ(ငဖဲ) |

ဉာဏ်ရောင်လင်းစာစဉ်

# ရုတင်

## အရှင်ဉာဏောဘာသ

|အေးစေတီ၊မင်းဘူး|

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၃၂၀၅၃၇၀၆၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၂၀၆၄၆၀၆၁၀

ပထမအကြိမ်၊ အုပ်ရေ ၁၀၀၀

ဒီဇင်ဘာလ၊ ၂၀၀၆ ခုနှစ်

### ထုတ်ဝေသူ

ဦးကျော်ဟင်း (မြ-၁၉၁၀)၊ ယုံကြည်ချက်စာပေ

အမှတ် ၁၁၁၊ ၃၃ လမ်း၊ ရန်ကုန်။

### အဖုံး-အတွင်း ပုံနှိပ်သူ

ဦးကြည်စင် (မြ-၀၄၆၁၅)

လဲ့လဲ့မွန်ပုံနှိပ်တိုက်၊ အမှတ် ၁၅၈၊ ၄၅လမ်း(အထက်)

ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

### မျက်နှာဖုံးနှင့်အတွင်းပန်းချီ

ဝင်းဖေမြင့်

### မျက်နှာဖုံးဒီဇိုင်း

ထွန်းဝင်းငြိမ်း

### အတွင်းရေးဒီဇိုင်း

ညားရာဇ်

### ဖြန့်ချိရေး

မဏိရတနာစာပေ

အမှတ် ၁၅၈၊ ၄၅လမ်း(အထက်)

ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၇၀၇၄၇၂

တန်ဖိုး - ၁၀၀၀ ကျပ်

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| – | နိဒါန်း | | |
| ၁။ | မြတ်သောဆွမ်းခံကျင့်ဝတ် | ... | ၅ |
| ၂။ | မြတ်သောဆွမ်းအလှူ | ... | ၁၃ |
| ၃။ | ပိဏ္ဍပါတ်စုတင်ဆိုတာ | ... | ၂၁ |
| ၄။ | အိမ်စဉ်ကြွမြန်းမြတ်ရဟန်း | ... | ၃၃ |
| ၅။ | ဆွမ်းအာဟာရနှင့်ရသတဏှာ | ... | ၄၁ |
| ၆။ | လွယ်ယောင်ထင်မှန်းတစ်ထိုင်ဆွမ်း | ... | ၅၁ |
| ၇။ | လွယ်ယောင်ခက် ကျင့်နိုင်ခဲ | ... | ၆၁ |
| ၈။ | ရသတဏှာ နည်းစေပါမှ | ... | ၆၉ |
| ၉။ | ပံ့သကူစုတင်ဆိုတာ | ... | ၇၉ |
| ၁၀။ | ဆင်မြန်းကိုယ်တွင်တိစီဝရိတ်စုတင် | ... | ၉၃ |
| ၁၁။ | ဝနဝါသီ တောရပ်မှီသော်<br>(အာရညိကင်္ဂစုတင်) | ... | ၁၀၅ |
| ၁၂။ | သစ်တစ်ပင်၊ဝါးတစ်ပင်ဆိုတာကျောင်းပါပဲ<br>(ရုက္ခမူစုတင်) | ... | ၁၁၇ |
| ၁၃။ | လမင်းကြယ်တာရာ အမိုးအောက်မှာ | ... | ၁၂၇ |
| ၁၄။ | အသုဘာဆိုတာ ရှုကြည့်ရမှာ | ... | ၁၃၇ |
| ၁၅။ | ရောက်ရာအရပ်မှာပျော်ပါစေ<br>(ယထာသန္တတိကစုတင်) | ... | ၁၄၉ |
| ၁၆။ | မအိပ်ဘဲနေ ကျင့်မြတ်ပေ | ... | ၁၅၇ |
| ၁၇။ | မှန်စွာကျင့် ကျင့်နိုင်မြတ် | ... | ၁၆၇ |

ဉာဏ်ရောင်လင်းစာစဉ်

ထေရဝါဒ
ဗုဒ္ဓဘာသာ
ပိဋကစာဖြင့်
သိဖြာထွန်းပြောင်
ကျင့်ကောင်းဆောင်
ဉာဏ်ရောင်လင်းစေသော်။

ကုသိုလ်ရှင်မှတ်တမ်း

ဤစာအုပ်ဖြစ်မြောက်ရေးအတွက်
ပန်းချီဝင်းဖေမြင့်က အဖုံးပန်းချီနှင့် အတွင်းရေခံပန်းချီတို့ကို လှူဒါန်း၍
သု(သဒ္ဓမ္မရံသီ)က အလှူငွေ ၅၀၀၀၀/- (ငါးသောင်းကျပ်)ကို လှူဒါန်းပါကြောင်း
ဝမ်းမြောက်စွာ မှတ်တမ်းတင်အပ်ပါသည်။

အရှင်ဉာဏောဘာသ (အေးစေတီ၊ မင်းဘူး)

# စိန္တာမဏိ ဓမ္မရသစုံမဂ္ဂဇင်း အယ်ဒီတာချုပ်
# ရွှေညာမောင်ယဉ်စိုး၏အမှာ

ဤဇာတ်ကျမ်းစာအုပ်ကို ရေးသားပြုစုတော်မူသော အရှင်ဉာဏောဘာသ(အေးစေတီ၊မင်းဘူး)ဆရာတော်သည် မဂ္ဂဇင်း၊ဂျာနယ်၊ စာစောင်အသီးသီး၌ ဗုဒ္ဓစာပေမျိုးစုံ ရေးသားနေသော ဆရာတော် အရှင်မြတ်တစ်ပါးဖြစ်ပါသည်။

ဆရာတော်သည် စာရေးအားကောင်းသည့်အပြင် တရားဟောခြင်းဖြင့်လည်း သာသနာပြုတော်မူလျက်ရှိပါသည်။ ဆရာတော်သည် ဤဇာတ်စာအုပ်အပြင် အခြားလုံးချင်းစာအုပ်များလည်း ရေးသားထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။

ဆရာတော်သည် အရှင်ဉာဏောဘာသ (အေးစေတီ၊မင်းဘူး) ကလောင်အမည်အပြင် စိုးညာဏ (ငဖဲ)ကလောင်အမည်ဖြင့်လည်း စာပေများ ရေးသားနေလျက်ရှိပါ၏။

**ဇာတ်စာအုပ်**

ဤဇာတ်စာအုပ်ပါစာစုများသည် အပ္ပမာဒမဂ္ဂဇင်းတွင် ကြိုးကြား ကြိုးကြား ရေးသားခဲ့သော ဆောင်းပါးများကို စုစည်းတင်ဆက်ထားသည့် စာစုများဖြစ်ပါသည်။

ဤဇာတ်စာအုပ်၌ ဇာတ် ၁၃–ပါးအကြောင်းကို ရှင်းလင်းစွာ ဖော်ပြထားပါသည်။ ဇာတ် ၁၃–ပါးအကြောင်းကို ဒကာတစ်ဦးက မေးလိုက်၊ ဆရာတော်က ဖြေကြားလိုက်၊ အပြန်အလှန် ဆွေးနွေးလိုက်ပုံစံမျိုးဖြင့် စီစဉ်ရေးသားထားရာ စာဖတ်သူအတွက် လွယ်လင့်တကူ သဘောပေါက်စေနိုင်ပါ၏။

အထူးသဖြင့် ဇာတ်နှင့်စပ်လျဉ်း၍ ခဲရာခဲဆစ်အကြောင်းအရာများ၊ အလွန်သိမ်မွေ့နက်နဲသောအကြောင်းအရာများ၊ လူဝတ်ကြောင်များ ဇာတ်ကျင့်ကောင်း, မကျင့်ကောင်းဆိုသော အကြောင်းအရာများကိုလည်း ဖော်ပြထားရာ စိတ်ဝင်စားစရာများပင် ဖြစ်ပါ၏။

**ဇာတ်ကျင့်သောရဟန်းနှင့် ဒကာ,ဒကာမဆက်နွှယ်မှု**

အချို့သောနေရာများ၌ ဇာတ်ကျင့်သော ရဟန်းအပေါ် လူ ဒကာ, ဒကာမများ နားလည်သဘောပေါက်ထားရမည့် အချက်များ ရှိပါသည်။ ဒကာ,

ဒကာမများ နားလည်မှု မရှိသောကြောင့် ဓုတင်ကျင့်သောရဟန်း၌ ကျင့်ဝတ်ကို ထိပါးစေသောကိစ္စများ ဖြစ်ပေါ်ရတတ်ပါသည်။

ထို့ကြောင့် ဒကာ,ဒကာမများအနေဖြင့် ဓုတင်ကျင့်ဆောင်သော ရဟန်းကို ဆည်းကပ်ရာ၌ တကယ်ကောင်းမြတ်သော ကုသိုလ်အကျိုးရအောင် ဆည်းကပ်နိုင်ဖို့၊ ဓုတင်ဆောင်ရဟန်း၏ ကျင့်ဝတ်ကို မထိပါးစေဖို့ ဓုတင်အကြောင်းကို သိထားသင့်ပါသည်။

သို့ဖြစ်ရာ အရှင်ဉာဏောဘာသ (အေးစေတီ၊မင်းဘူး)၏ ဤဓုတင်စာအုပ်ကို ဖတ်ရှုလေ့လာကြပါလျှင် လူဖြစ်စေ၊ ရဟန်းဖြစ်စေ ဓုတင်ဆိုင်ရာ အချက်အလက်များ၊ သဘောတရားများကို နားလည်သဘောပေါက်ကြမည်ဖြစ်ပါ၏။ သဘောပေါက်သည့် အားလျော်စွာ ဓုတင်ဆောက်တည်သော ရဟန်းတော်နှင့် ဒကာ,ဒကာမ ဆက်နွှယ်မှုသည် နှစ်ဦးနှစ်ဖက် ကုသိုလ်ရစေသော၊ ကုသိုလ်ထူးစေသော ဆက်နွှယ်မှု ဖြစ်လာပါလိမ့်မည်။

**ဓုတင်ဆောင်လိုသောရဟန်းတော်များအတွက်**

ဤစာအုပ်သည် ဓုတင်ဆောင်လိုသော၊ ဓုတင်အကျင့်ကျင့်လိုသော ရဟန်းတော်များအတွက် လက်စွဲပြုနိုင်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။ ဓုတင်ဆောင်လိုသူ ပုဂ္ဂိုလ်အနေဖြင့် ဤဓုတင်ကျင့်စဉ်–ကျင့်ဝတ်များကို အကြိမ်ကြိမ် ကျေကျေညက်ညက် လေ့လာလျှင် သဘောအဓိပ္ပာယ်ကို ရှင်းလင်းစွာ နားလည်လာလိမ့်မည်ဖြစ်ပါ၏။ နားလည်သည်အားလျော်စွာ ကျင့်ဝတ်များကို ကျင့်ဆောင်ရာ၌ ကောင်းမွန်စွာ ဆောက်တည်–ကျင့်သုံးနိုင်မည်ဖြစ်ပါ၏။

အချုပ်အားဖြင့်မူ အရှင်ဉာဏောဘာသ(အေးစေတီ၊မင်းဘူး)အရှင်မြတ်၏ ဤဓုတင်စာအုပ်သည် ဓုတင်အကျင့်ကို စိတ်ဝင်စားသူတိုင်းအတွက် ရှေ့ဆောင်လမ်းညွှန် စာအုပ်တစ်အုပ်အဖြစ် ရပ်တည်ပေးနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါကြောင်း ရေးသားတင်ပြလိုက်ရပါသတည်း။

*စာရှုသူအားလုံးကို လေးစားစွာဖြင့်*

ရွှေညာမောင်ယဉ်စိုး

အယ်ဒီတာချုပ်

စိန္တာမဏိမဂ္ဂဇင်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# မြတ်သောဆွမ်းခံကျင့်ဝတ်

တစ်ခုသောဝါတွင်းကာလ ဥပုသ်နေ့တစ်နေ့။

စာရေးသူ ကျောင်းသို့ ဆွမ်းခံပြန်ရောက်ချိန်သည် ဆယ်နာရီခွဲ၊ သပိတ်ကို ကိုရင်များအား ပေးလိုက်ပြီး ကျောင်းပေါ်တက်လှမ်းလိုက်ရာ ကျောင်းပေါ်တွင် ဥပုသ်ယူရန် စာရေးသူအား စောင့်နေကြသော ဥပုသ်သည် နှစ်ဆယ်၊ အစိတ်ခန့်တွေ့ရလေသဖြင့်–

''ဒကာကြီး၊ ဒကာမကြီးတို့ စောင့်နေရတာကြာပြီလား''ဟု ပဋိသန္ထာရပြုလိုက်ရသည်။

''ကြာပြီပေါ့ဘုရား''

''မကြာသေးပါဘူးဘုရား''

စကားနှစ်မျိုး ပရိသတ်ထဲမှ ထွက်လာ၏။ ဥပုသ်ယူလာကြသူများ ထဲတွင် ရှံးသမားများလည်း ပါကြလေရာ၊ ထို ရှံးသမားများမှာ သွားလို လှပြီဖြစ်သဖြင့် စောင့်ရတာကြာလှချည့်ဖြစ်နေပုံရပါသည်။

''အရှင်ဘုရားက လောဘတယ်ကြီးတာကိုး ဘုရား''

ဒကာတစ်ဦးက ပြောလေသည်။ ထိုဒကာနှင့်စာရေးသူမှာ ရင်းနှီး ပြီးဖြစ်သည်။ ဒကာအမည်မှာ ဦးမောင်မောင်ကြည် ဖြစ်သည်။ နှစ်ဦးချင်း မဟုတ်ဘဲ ပရိသတ်ထဲတွင်ပြောသောစကားက 'လောဘကြီးတယ်' ဆိုနေပြန်ရာ အကျိုးအကြောင်းရှင်းအောင် စာရေးသူက မေးရလေသည်။

''ဒကာရဲ့၊ ဦးပဥ္စင်းက ဘာများလောဘကြီးနေလို့လဲ''

''အရှင်ဘုရားကို ဥပုသ်သည်တွေ စောင့်နေရတာ ကြာလှပြီလေ။ ဥပုသ်နေ့လေး တစ်ရက်တလေဆွမ်းခံမထွက်လို့ မဖြစ်ဘူးလား။ ကိုရင်တွေ ဆွမ်းခံတာနဲ့မလောက်ဘူးလားဘုရား''

''ကိုရင်တွေ ဆွမ်းခံတာနဲ့ ဦးပဥ္စင်းဆွမ်းခံတာနဲ့ မဆိုင်ဘူးလေ ဒကာရဲ့။ ရဟန်းတွေမှာ ဆွမ်းခံဝတ်ဆိုတာ ထားနိုင်ရင်ကောင်းတယ်၊ ဆွမ်းခံဝတ်ထားတာ လောဘကြီးတာမဟုတ်ဘူး၊ ကျင့်ဝတ်တစ်ခုကို မပျက်အောင် ဆောက်တည်နေတာ။ တစ်ရက်ပျက်ရင် နောက်တစ်ရက် မကြွချင်ဘူး ဒကာရဲ့။ မလွှဲသာမှသာ ဝတ်ပျက်ခံရတယ်။ ဝတ်ခဏခဏ ပျက်နေရင် ဆွမ်းဒကာ၊ ဆွမ်းဒကာမတွေက ဘယ်လေးစားပါတော့မလဲ''

''အရှင်ဘုရားက ကျောင်းထိုင်ဘုန်းကြီးပဲ။ ဆွမ်းခံမနေပါနဲ့တော့။ သိက္ခာကျပါတယ်''

အလို...ဒီဒကာ ဘယ်လိုပြောလိုက်ပါလိမ့်ဟု တွေးလိုက်ရင်း–

''ဒကာ၊ ဆွမ်းခံတာ သိက္ခာကျတာမဟုတ်ဘူး။ သိက္ခာတက်တာ။ မြတ်စွာဘုရားနဲ့တကွ သူတော်ကောင်းတွေ သဘောကျ နှစ်သက်တဲ့ အလုပ်။ ဆွမ်းခံခြင်းဟာ အလွန်မွန်မြတ်တယ်။ ကျင့်ဝတ်တစ်ခုလည်း ဖြစ်တယ်။ ဘယ့်နှယ်ပြောလိုက်ပါလိမ့်ဒကာ''

ထိုဒကာ ဦးမောင်မောင်ကြည်သည် ဘာမျှမပြောတော့ဘဲ ခေါင်း ငုံ့နေပါတော့သည်။ စာရေးသူလည်း သီလပေးလိုက်ပြီး၊ ပရိသတ်များပြန် သွားကြသောအခါ ဒကာဦးမောင်မောင်ကြည်နှင့် စကားပြန်ဆက်ဖြစ် သည်။

''စောစောက ဆွမ်းခံတဲ့ စကားနဲ့ပတ်သက်လို့ ပြောရဦးမယ်။ ဒကာပဲ စဉ်းစားကြည့်။ ဒကာတို့အိမ် ဆွမ်းခံမှန်တဲ့ ကိုယ်တော်နဲ့ ဆွမ်း ခံမမှန်တဲ့ကိုယ်တော် ဘယ်ကိုယ်တော်ကို လေးစားသလဲ''

''ဒါတော့ ဆွမ်းခံမှန်တဲ့ကိုယ်တော်ကို လေးစားတာပေါ့ဘုရား''

''ဆွမ်းခံတဲ့ကိုယ်တော်နဲ့ ဆွမ်းလောင်းလှူတဲ့ ဒကာဆိုတာ အပြန်အလှန်လေးစားမှုရှိနေရမယ်။ အဲဒါမှကုသိုလ်ရတာ။ ဆွမ်းခံတဲ့ကိုယ်တော်ကလည်း ငါ့ဒကာ၊ ဒကာမတွေ ကုသိုလ်ရအောင်ဆိုပြီး လုံ့လဝီရိယနဲ့ ဆွမ်းခံကြွ။ အတတ်နိုင်ဆုံး ဝတ်မပျက်အောင်ကြွ။ ဒကာ၊ ဒကာမတွေကလည်း ဒီနေ့ဘယ်ကိုယ်တော်တော့ မကြွသေးဘူး။ ဘယ်အချိန်လောက်ဆိုရင်ကြွလာတော့မှာဆိုပြီး စောင့်လှူ။ အာစိဏ္ဏကံကုသိုလ်တွေဖြစ်လို့ ဒကာရဲ့။ စဉ်းစားကြည့်စမ်းပါ။ ဘယ်လောက်ဝမ်းသာစရာကောင်းသလဲ။ ကြွတစ်ရက် မကြွတစ်ရက်ဆိုတော့ ဒကာတွေကလည်း ဟာ–ဒီကိုယ်တော်က ကြွချင်မှကြွတာပါဆိုပြီး အိမ်တံခါးပိတ်၊ ကိုယ်လုပ်ချင်တာ လုပ်နေရော။ ကိုယ်တော်ကလည်း ကြွတစ်ရက်မကြွတစ်ရက်ဆိုတော့ ဟာ–ဒီဒကာတွေက ဆွမ်းလောင်းချင်မှ လောင်းတာပါ။ ကုသိုလ်ဝါသနာနည်းတယ်လို့ မြင်လိုက်တော့ ကဲ–နှစ်ဦးနှစ်ဖက် ကုသိုလ်ရပါဦးမလား''

''မရနိုင်ပါဘုရား''

''ဦးပဥ္စင်းတို့ ကျောင်းထိုင်ဘုန်းကြီးတွေ ဆွမ်းခံတယ်ဆိုတာ ကုသိုလ်လိုလား ဒကာ၊ ဒကာမများ အကျိုးတရားပွားများစေဖို့ အဓိကရည်ရွယ်ပြီး ဆွမ်းခံထွက်ကြတာပါ။ ကျောင်းထိုင်ဘုန်းကြီးဆိုတာ ဆွမ်းမခံဘဲ အဆင်သင့် (ဆွမ်းအုပ်၊ ဆွမ်းချိုင့်ဖြင့်) စားနိုင်မှဂုဏ်ရှိတယ်လို့ တချို့က လွဲမှားစွာဂုဏ်ယူနေကြတယ်။ အမှန်က ဆွမ်းခံစားနိုင်ခြင်းကသာ ပိုလို့ ဂုဏ်ရှိတာပါ။ သာမန်ပုထုဇဉ်အမြင်နဲ့ပဲ ကြည့်လိုက်ဦး။ ကျောင်းထိုင်ဘုန်းကြီး ထေရ်ကြီးဝါကြီးဆိုရင် လူတိုင်းလှူချင်ကြတယ်။ တတ်နိုင်တဲ့အိမ်တွေက လစဉ် ဆွမ်းချိုင့်ယူပြီးလှူတယ်။ မတတ်နိုင်တဲ့အိမ်တွေက လစဉ် ဆွမ်းချိုင့်မယူနိုင်လို့ မလှူရဘူး။ ဟော ကျောင်းထိုင်ဘုန်းကြီး ထေရ်ကြီးသံဃာ ဆွမ်းခံကြွတယ်ဆိုတော့ အဲဒီ မတတ်နိုင်

တဲ့ ဒကာ၊ ဒကာမတွေမှာ တစ်ဖွန်းတစ်ယောက်မ လောင်းလှူခွင့်ရသွားတယ်။ ပြီးတော့ နေ့စဉ်လည်း လှူရတယ်။ ကဲ–ဘယ်လောက်ကုသိုလ်တရား တိုးပွားသလဲ''

''ဒါတော့၊ ဒါပေါ့ဘုရား။ တပည့်တော်က အရှင်ဘုရား ပင်ပန်းမှာစိုးလို့ လျှောက်မိတာပါ''

''အင်း–အဲဒါလည်း ပြောရဦးမယ်။ ကျောင်းထိုင်ဘုန်းကြီးဘက်ကလည်း သာမန်အမြင်နဲ့ပဲ ကြည့်ဦး။ ဆွမ်းခံကြွလို့ အညောင်းအညာပြေတယ်။ က္လရိယာပုတ် မျှတတယ်။ ကိုယ်လက်ကြံ့ခိုင်ပြီး ကျန်းမာရေးကောင်းတယ်။ ကဲ–ဘယ်လောက်ဟန်ကျလိုက်သလဲလို့''

''အရှင်ဘုရားက အကောင်းဘက်ကပဲ လှည့်တွေးနေတာကိုးဘုရား''

''အဲဒါ ယောနိသောမနသိကာရလို့ခေါ်တယ် ဒကာရဲ့။ တချို့က ဒီလိုမတွေးဘူး။ စာသင်သားဘဝကနေ ဆွမ်းခံလာခဲ့ရတာ ဘယ်လောက်အောက်ကျနောက်ကျ ရှိသလဲ၊ ဆွမ်းခံအိမ်ဖိတ်ရတာ ရှက်စရာအကောင်းဆုံးတဲ့။ ပြီးတော့ အခါကြီးရက်ကြီး၊ ဝါဆိုလပြည့်လို နေ့မျိုး၊ သီတင်းကျွတ်လပြည့်လို နေ့မျိုးတွေမှာ တခြားကိုယ်တော်တွေက ဆွမ်းစားကြွလို့။ ကိုယ်က သပိတ်တစ်လုံးနဲ့ ဆွမ်းခံကြွနေရတယ်။ အလွန်ရှက်ဖို့ကောင်းတာပဲတဲ့။ ရှက်စရာမဟုတ်တာမှာရှက်၊ ရှက်စရာဟုတ်တာကျတော့မရှက်။ မခက်ပါလားဒကာ။ ကိုယ့်ဆွမ်းဒကာ၊ ဆွမ်းဒကာမတွေအဲသလိုနေ့ကြီးရက်ကြီးများမှာ အထူးတလည် ဆွမ်းလောင်းချင်တာလည်း ထည့်တွက်ရသေးတယ်''

''ကျောင်းထိုင်ဘုန်းကြီးဆိုတော့လည်း အသက်ကြီးလာလေ အငြိမ်းစား စားချင်လေတော့ ရှိမှာပေါ့ဘုရား''

''အသက်ကြီးပြီဆိုလို့ နိဒါနဝဂ္ဂ ကဿပသံယုတ်မှာလာတဲ့ ဇိဏ္ဏသုတ်ကို ပြောပြရဦးမယ်''

''အမိန့်ရှိပါဘုရား''

''အခါတစ်ပါးမြတ်စွာဘုရားက ဝေဠုဝန်ကျောင်းမှာ အရှင်မဟာကဿပကိုယ်တော်ကြီးကို မိန့်တယ်။ 'ကဿပ၊ ယခုအခါ သင့်မှာ အသက်အရွယ်အိုမင်းပြီ။ ဒကာတို့ဖိတ်အပ်တဲ့ ဆွမ်းကို သုံးဆောင်ပြီး ငါဘုရားထံမှာနေ' တဲ့။

''ဒကာသိအောင်ပြောထားရဦးမယ်။ အရှင်မဟာကဿပဆိုတာ ရဟန်းပြုလာနေ့ကစလို့ တစ်ရက်မှဆွမ်းခံမပျက်ဘူး။ ဆွမ်းစားပင့်လည်း မလိုက်ဘူး။ ရင်းနှီးတဲ့ဒကာတွေ ဘယ်လိုပင့်ပင့် ဆွမ်းစားမလိုက်ဘူး။ ဆွမ်းမခံဘဲ စားတဲ့နေ့လို့ တစ်နေ့မှမရှိဘူး။ တကယ်လို့ ဆွမ်းကျွေးတဲ့ အိမ်က အရှင်မဟာကဿပကို ဆွမ်းကပ်ချင်တယ်ဆိုရင် ဆွမ်းခံကြွလာတုန်း သပိတ်ထဲ လောင်းထည့်လိုက်။ အိမ်ပေါ်ကြွပြီး ဘယ်တော့မှ ဆွမ်းဘုဉ်းပေးလေ့ မရှိဘူး။ ပြီးတော့ ဒီ နေ့စဉ် ဆွမ်းခံတာကိုလည်း ကျင့်ဝတ်တစ်ခုအနေနဲ့ ဆောက်တည်ထားတာ။ အဲဒါကြောင့် မြတ်စွာဘုရားက 'အခု သင့်မှာ အသက်အရွယ် အိုမင်းပြီ။ ဆွမ်းခံစားရတာ ပင်ပန်းလှပါတယ်။ ဒကာတွေပင့်တဲ့ ဆွမ်းကိုစား၊ ငါဘုရားအနားမှာ နေ' လို့ မဟာအခွင့်အရေးကြီး တစ်ခုပေးတာ။ မြတ်စွာဘုရားအနားမှာ နေရတော့ ခုခေတ်လိုတော့ ဆွမ်းစားကွမ်းစားပေါများတယ်ပေါ့ ဒကာရယ်။ မပင်ပန်းဘဲ ဆွမ်းစားရတယ်ပေါ့''

''ဒီတော့ အရှင်မဟာကဿပကြီးက မြတ်စွာဘုရားအနားမှာ နေရော့လားဘုရား''

''မနေဘူးဒကာ။ 'မြတ်စွာဘုရား၊ တပည့်တော် အမြဲဆွမ်းခံစားတဲ့ ပိဏ္ဍပါတ်ဓုတင်ကို တည်ဆောက်ခဲ့ပါတယ်။ ပိဏ္ဍပါတ်ဓုတင် တည်ဆောက်ခြင်းရဲ့ ဂုဏ်ကိုလည်း ပြောဆိုခဲ့ပါတယ်' တဲ့။ ပြီးတော့ ဒီလို အမြဲ ဆွမ်းခံစားတဲ့ကျင့်ဝတ် ပိဏ္ဍပါတ်ဓုတင်ကို တည်ဆောက်ရာမှာလည်း အကျိုးနှစ်ပါးကို မြင်လို့ပါတဲ့၊ နံပါတ်တစ် အကျိုးက 'အလိုနည်း

ခြင်း၊ ရောင့်ရဲခြင်းဖြင့် မိမိမျက်မှောက်ကိုယ်၏ အဖြစ်၌ (ပစ္စုပ္ပန်ဘဝ၌) ချမ်းသာစွာနေရခြင်း၊ နံပါတ်နှစ်အကျိုးက ပိဋကပါတ်စုတင်အကျင့်ကို အတုလိုက်ပြီး ကျင့်ကုန်သော နောင်လာနောက်သားတို့ မချွတ်မယွင်းကျင့်ပါက ထိုအကျင့်သည် ရှည်စွာသော နေ့ညဥ့်တို့ပတ်လုံး စီးပွားချမ်းသာခြင်းငှာ ဖြစ်လတ္တံ့ဟု နောင်လာနောက်သား လူအများတို့အား သနားစောင့်ရှောက်လိုလို့ အဲဒီအကျိုးနှစ်ပါးကို မြင်လို့ ကျင့်တာပါဘုရား' တဲ့။

''နောက်ပြီးရှိသေးတယ် ဒကာရဲ့''

''အမိန့်ရှိပါဦးဘုရား''

''မြတ်စွာဘုရား ပထမဆုံး ကပိလဝတ် ရွှေမြို့တော်သို့ ကြွတော်မူတော့ မြတ်စွာဘုရားရောက်တော်မူတဲ့ နေ့မှာပဲ သာကီဝင်မင်းအပေါင်းတို့ရဲ့ မာန်စွယ်ကို ရိုက်ချိုးပြီး ရှုနိုးဂါရဝပြုစေတဲ့ပွဲမှာ မဟာဗုဒ္ဓဝံသ၊ ဝေဿန္တရာဇာတ်တော် တရားတော်တို့ကို ဟောကြားချီးမြှင့်အပြီး ဆွေတော်မျိုးတော်တွေ နေရာမှ ထပြန်ကြတဲ့အခါ မြတ်စွာဘုရားနှင့်တကွ ရဟန်းသံဃာတော်အပေါင်းကို မနက်ဖြန်ဆွမ်းစွားကြွဖို့ ဘယ်သူမျှ ပင့်ဖိတ်မသွားကြဘူးတဲ့။ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးကလည်း 'ငါ့သားတော်ဟာ ငါ့နန်းတော်အပြင် အခြားကြွစရာမရှိဘူး။ ငါ့ နန်းတော်ကြွလာပြီး ဆွမ်းဘုဉ်းပေးရမှာပဲ' လို့ မှတ်ထင်ပြီး မပင့်မဖိတ်ဘဲနဲ့ ယာဂုဆွမ်းတွေသာ စီမံပြုလုပ်နေပါသတဲ့''

နောက်တစ်နေ့နံနက်မှာတော့ မြတ်စွာဘုရားရှင်ဟာ ရဟန္တာနှစ်သောင်းခြံရံပြီး ကပိလဝတ်ရွှေမြို့တော်အတွင်း ဆွမ်းခံဝင်တော့ ဆွေတော်မျိုးတော်ထဲက တစ်ဦးတစ်ယောက်မျှလည်း မပင့်ဖိတ်ဘူး။ ခရီးဦးကြိုခြင်း၊ သပိတ်လှမ်းယူခြင်း စတာတွေလည်း မပြုလုပ်ကြဘူး။ အဲဒါကြောင့် ရှေးရှေးနောင်တော်ဘုရားများ ဘယ်လိုကျင့်သုံးသလဲဆိုတာကို ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်နဲ့ ဆင်ခြင်ကြည့်ရှုပါတယ်။ ရှေးရှေးဘုရားရှင်များဟာ မင်းစိုးရာဇာ ဆင်းရဲချမ်းသာမရွေး အိမ်စဉ်အတိုင်း

ဆွမ်းခံဝင်ကြတဲ့ သပဒါနစာရိကကျင့်ဝတ်ကို မြင်တော်မူလို့ မြတ်စွာဘုရားရှင်ဟာ ကပိလဝတ်ရွှေမြို့တော်အတွင်း အိမ်စဉ်အတိုင်း ဆွမ်းခံကြွဝင်လာပါတယ်။ လူတွေဟာ အုတ်အုတ်သဲသဲနဲ့ အိမ်တံခါးတွေ ဖွင့်ပြီး ကြည့်ကြ၊ ဖူးကြပါတယ်။ ရဟန္တာနှစ်သောင်းခြံရံပြီး ကြွတော်မူလာတဲ့ မြတ်စွာဘုရားရဲ့ အသရေတော်ဟာ ဖူးမြင်ရသူအဖို့ ကြည့်မဝ၊ ဖူးမဝပါပဲ။

ယသော်ဓရာမိဖုရားဟာ သားတော်လေး ရာဟုလာကို လက်ဆွဲပြီး လေသာပြတင်းပေါက်တံခါးဝကနေ မြတ်စွာဘုရားရှင်ရဲ့ ရူပကာယအသရေတော်ကို ဖွဲ့သီဆိုတဲ့ နရသီဟာဆယ်ဂါထာတို့ဖြင့် ကျူးရင့်ဖွဲ့ဆိုရင်း မြတ်စွာဘုရားဟာ မောင့်ခမည်းတော်ဖြစ်ကြောင်း ရာဟုလာကို ပြောပြပါတယ်။ ပြီးမှ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးထံသွားပြီး လျှောက်တင်ပါတယ်။ ခမည်းတော်သုဒ္ဓေါဒနမင်းကြီးဟာ သတင်းကြားလျှင်ကြားချင်း ဝတ်လဲတော်ပုဆိုးကိုမျှ မနိုင်ရှာဘဲ အပြေးလာပြီး မြတ်စွာဘုရားကို လျှောက်တင်တယ်။

''သားတော်ဟာ ခမည်းတော်တို့ရဲ့ သာကီနွယ်စဉ်ကို ဖျက်ဆီးတယ်။ ခမည်းတော်တို့ သာကီနွယ်စဉ်မှာ အခုလို ဆွမ်းခံတောင်းရမ်းစားတာ တစ်ခါမျှ မရှိခဲ့ဘူး''တဲ့။

''ဒီတော့ မြတ်စွာဘုရားက 'ခမည်းတော်တို့က ခတ္တိယအနွယ်။ ငါဘုရားက ဗုဒ္ဓအနွယ်။ ဒီပင်္ကရာမြတ်စွာဘုရားမှစလို့ ကဿပမြတ်စွာဘုရားအထိ၊ နောက်ဂဂါဝါလုသဲစုမက ပွင့်တော်မူကြတဲ့ မြတ်စွာဘုရားအားလုံးတို့ဟာ အိမ်စဉ်မပြတ် ဆွမ်းရပ်လှည့်လည်တော်မူကြပါတယ်။ အိမ်စဉ်မပြတ် ဆွမ်းရပ်လှည့်လည်ခြင်းဖြင့် အသက်မွေးကြတယ်' လို့ မိန့်တော်မူပြီး–

'ဥတ္တိဋ္ဌေ နပ္ပမဇ္ဇေယျ၊
ဓမ္မံသုစရိတံ စရေ။

ဓမ္မစာရီ သုခံ သေတိ၊
အသ္မိံ လောကေ ပရမှိစ'

ဆိုတဲ့ ဂါထာကို ဟောကြားတော်မူပါတယ်။ အဲဒီဂါထာအဆုံးမှာပဲ ခမည်းတော်သုဒ္ဓေါဒနမင်းကြီးဟာ သောတာပန် တည်သွားပါတယ်''

''ဂါထာအဓိပ္ပာယ် မိန့်ပါဦးဘုရား''

''ခမည်းတော်မင်းကြီး၊ ရဟန်းဖြစ်သောသူသည် ဒကာ၊ ဒကာမတို့၏ အိမ်တံခါးဝယ် သပ္ပာယ်စွာရပ်၍ ရအပ်သောဆွမ်း၌ မမေ့မလျော့ရာ။ အနေသန(မအပ်သောရှာမှီးမှု) နှင့် မဖက်စပ်၊ ကောင်းစွာကျင့်အပ်သော ဆွမ်းခံလှည့်လည်ခြင်းအကျင့်ကို ကျင့်ရာ၏။ ယင်းသို့ဆွမ်းခံကျင့်ဝတ်ကို မချွတ်ပြုကျင့်လေ့ရှိသော ရဟန်းသည် ယခုဘဝ၌ လည်းကောင်း၊ တမလွန်ဘဝ၌ လည်းကောင်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာ နေရလေ၏' တဲ့ ဒကာရဲ့''

''မှန်ပါဘုရား။ တပည့်တော် တော်တော်ပဲနားလည် သဘောပေါက်သွားပါပြီဘုရား။ တပည့်တော် ပြောမှားဆိုမှားရှိပါက ခွင့်လွှတ်ပါဘုရား'' ဆိုကာ ဒကာဦးမောင်မောင်ကြည်သည် လက်အုပ်ချီလျက် ရှိခိုး၏။

''ခွင့်လွှတ်ပါတယ် ဒကာ။ ကဲ–ဦးပဉ္စင်းလည်း ဆွမ်းစားဖို့ အချိန်သင့်ပြီ။ ဆွမ်းဘုဉ်းပေးလိုက်ဦးမယ်''

''မှန်ပါဘုရား၊ တပည့်တော်ကိုလည်း ပြန်ခွင့်ပြုပါဦး ဘုရား''

❊ ❊ ❊

# မြတ်သောဆွမ်းအလှူ

၂၀၀၃-ခု၊ ဖေဖော်ဝါရီလထုတ် အပ္ပမာဒမဂ္ဂဇင်းကိုင်ပြီး ဒကာဦးမောင်မောင်ကြည်တစ်ယောက် ကျောင်းပေါ်တက်လာသည်။ ရောက်မဆိုက်ပင် ရှိခိုးဦးချရင်း-

''အရှင်ဘုရားရေးတဲ့၊ 'မြတ်သောဆွမ်းခံကျင့်ဝတ်' ဆောင်းပါးဖတ်ရတယ်ဘုရား။ အရှင်ဘုရားရော ဆောင်းပါးပါတာ သိပြီးပြီလား''ဟု ဝမ်းသာအားရ လျှောက်တင်လေသည်။

''မသိသေးဘူး ဒကာ၊ ပြစမ်းပါဦး'' ဟု စာရေးသူက တောင်းယူသဖြင့် အပ္ပမာဒမဂ္ဂဇင်းကို လာကပ်ရင်းဆောင်းပါးကို ပြသည်။

''အဲဒီ ဆောင်းပါး ကောင်းပါတယ်ဘုရား။ အဲဒီဆောင်းပါးနဲ့တော့ မသက်ဆိုင်ပါဘူး။ တပည့်တော် တစ်ခုလျှောက်ထားချင်လို့ပါဘုရား''

''ဆိုစမ်းပါဦး''

''တပည့်တော်တို့လူတွေ ပြောပြောနေကြတယ် ဘုရား။ ဆွမ်းလောင်းရုံမှာ အရဏ်ဆွမ်းလောင်းတဲ့အခါ 'ဘယ်လောက်ကုန်သလဲ'နဲ့ မေးမေးနေကြတယ်။ လောကစကားအနေနဲ့တော့ ကုန်တယ်လို့ ပြောရမှာပေါ့ ဘုရား''

စာရေးသူတို့ မင်းဘူးမြို့မှာ 'သံဃဒါန နေ့စဉ်အရဏ်ဆွမ်းလောင်းအသင်း'ရှိပါသည်။၁၃၂၃-ခုနှစ်၊ ဒုတိယဝါဆိုလဆန်း(၁)ရက်နေ့မှ

စတင်လောင်းလှူခဲ့ရာ ယခုအနှစ်လေးဆယ်ကျော်တိုင် နေ့စဉ်လောင်းလှူနေဆဲ ဖြစ်သည်။ တစ်ရက်မှ ပျက်ရက်မရှိခဲ့ပေ။ အလှူရှင် ဒကာမပေါ်ပေါက်သောနေ့များတွင် အသင်းမှ သင့်တော်သလို စီမံလောင်းလှူပြီး အလှူရှင်ဒကာ ပေါ်ပေါက်သောနေ့များတွင် အလှူဒကာကိုယ်တိုင် လောင်းလှူခွင့်ရှိသည်။ အသင်းမှ လောင်းလှူရန် အသင့်စီမံဆောင်ရွက်ပေးသည်။ ဆွမ်းဟင်းနှစ်ခွက် နေ့စဉ်ပါမြဲ၊ တတ်နိုင်သူများဆိုပါက ဆွမ်းဟင်းသုံးခွက်၊ လေးခွက်ထိ စီမံပေးသည်။

တစ်မြို့လုံး သံဃာကြွလာသမျှကို လောင်းလှူသည်ဆိုတော့ ယနေ့ခေတ်အခါတွင် အတော်လေး ကုန်ကျမှုရှိသည်။ 'ဒီနေ့ ခင်ဗျားတို့ ဆွမ်းလောင်းလှူတာ ဘယ်လောက်ကုန်ကျသလဲ'ဟု မေးလေ့မေးထရှိကြပါသည်။ အလှူရှင်ကလည်း မိမိဆွမ်းလောင်းလှူရသော ကုန်ကျစရိတ်ကို ဝမ်းမြောက်ဝမ်းသာ ပြောပြလေ့ရှိသည်။ ဤသည်ကို ရည်ရွယ်ပြီး ဒကာဦးမောင်မောင်ကြည် လျှောက်ထားခြင်းဖြစ်သည်။

''ဒကာ့ကို မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ တစ်ဘဝသာသနာစာအုပ်(နှာ–၄၁၅)မှာပါတဲ့ ဆရာတော်ကြီးရဲ့စကားအတိုင်း ဖြေရမယ်နဲ့ တူတယ်''

''အမိန့်ရှိပါဦးဘုရား''

''ဘုရားရှင်ကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူတဲ့အခိုက် ဖြစ်ပါတယ်။ တစ်နေ့တော့ ညဥ့်နက်သန်းခေါင်မှာ နတ်တွေစုရုံးရောက်လာပြီး လျှောက်ကြတယ်တဲ့။ 'အရှင်ဘုရား၊ အလှူပေးတယ်ဆိုတာ သူများကို ပေးလိုက်ရတာလားအောက်မေ့တယ်၊ တကယ်တော့ တပည့်တော်တို့ ရလိုက်တာပါလားဘုရား'တဲ့'' (သဂါထာဝဂ္ဂသံယုတ်၊ သာဓုသုတ်)

''မှန်ပါဘုရား''

''ဆရာတော်ကြီးကတော့ တကယ့်ကို ဒကာ၊ ဒကာမတွေ နိဗ္ဗာန်ရ

စေချင်တဲ့ဆန္ဒနဲ့ ဟောတာဆိုတော့ 'အလှူလုပ်တယ်ဆိုတာ ဇာတိမီး၊ ဇရာမီး၊ ဗျာဓိမီးတွေထဲက ဆွဲဂုတ်နေတာ'လို့ ဟောတာ။ 'ဒီနေ့ ဘာလုပ်နေကြတာလဲ'လို့ မေးရင်'မီးထဲက ဆွဲထုတ်နေကြတာ'လို့ ဖြေတဲ့ ဒကာရဲ့'' (အံ-တိက ဒုတိယဒွေပြာဟ္မဏသုတ်)

''မှန်ပါဘုရား''

''လှူတဲ့ပုဂ္ဂိုလ်သန္တာန်မှာ ကောင်းတဲ့စေတနာတွေ ဖြစ်ပေါ်ရရှိလိုက်တာ၊ နတ်ရွာသုဂတိ စည်းစိမ်ဥစ္စာတွေ အကျိုးပေးမယ့် စေတနာကောင်းတွေ ဖြစ်ပေါ်ရရှိလိုက်တာ၊ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာဆိုတဲ့ နိဗ္ဗာန်သွား ခရီးစရိတ် ရတနာတွေ ရရှိလိုက်တာလို့ ဆိုလိုပါတယ်''

''မှန်ပါဘုရား''

''မင်းအလှူ ဘယ်လောက်ကုန်သလဲလို့ မေးတတ်ကြတယ်၊ အဲဒါ လောကီအနေနဲ့ မျက်မြင်အရ မေးကြရတာတဲ့၊ 'မင်းအလှူဘယ်လောက် ရလိုက်သလဲ' လို့ ဉာဏ်မျက်လုံးတပ်ပြီး မေးကြစမ်းပါတဲ့။ ဘာလို့လဲဆိုတော့ နိဗ္ဗာန်သွားမယ့် ခရီးစရိတ်ရတနာတွေ ရလိုက်လို့တဲ့ ဒကာရဲ့''

''အလှူအကျိုးရတာ လူတွေနဲ့နတ်တွေ ဘယ်လိုကွာခြားပါသလဲ ဘုရား''

''စေတနာချင်းတူရင်တော့ ကံအကျိုးပေးချင်းလည်း တူပါတယ်။ အဲ...အကျိုးပေးတဲ့ အခါမှာတော့ နတ်တွေဆိုတာက ကမ္မဇိဒ္ဓိလို့ခေါ်တဲ့ ကံအကျိုးရဲ့ တန်ခိုးသက်သက်နဲ့ နေကြရတာဆိုတော့ အလှူအကျိုးကို ချက်ချင်းလက်ငင်းခံစားရတယ်ဆိုတာ သိကြတယ်။ လူတွေမှာတော့ အတိတ်ကံ၊ ပစ္စုပ္ပန်ကံ နှစ်မျိုးနဲ့ ရပ်တည်နေကြရတာဆိုတော့ နိရောဓသမာပတ်မှ ထပြီးဆဲဖြစ်တဲ့ ဘုရားရဟန္တာအရှင်မြတ်တို့လို တကယ့်ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ်များကို လှူခွင့်ရတာတောင်မှ အချိန်တော့ စောင့်ရသေးတယ်။ တချို့ဆို ခုနစ်ရက်ခန့်စောင့်ရတယ်။ ဒါကိုပဲ ချက်ချင်းလက်ငင်း အကျိုးပေးတယ်လို့ခေါ်တယ်။ မိမိမှာ ပီတိပါမောဇ္ဇ ကုသိုလ်တွေကတော့ လှူဆဲခဏမှာပဲ ရတာပေါ့။ နတ်တွေလို မသိသာဘူး။ နတ်

တွေကတော့ အခုအလှူပေးပြီး အခုချက်ချင်းကို တန်ခိုးတက်သွားတာ''

''ဆွမ်းလှူလို့ရတဲ့ အကျိုးက ငါးပါးရှိတယ်နော် အရှင်ဘုရား''

''အာယု–အသက်ရှည်ခြင်း၊ ဝဏ္ဏ–အဆင်းလှခြင်း၊ သုခ–ချမ်းသာကြီးခြင်း၊ ဗလ–ခွန်အားကြီးခြင်း၊ ပဋိဘာန–ထိုးထွင်းဉာဏ် လျှင်မြန်ခြင်းဆိုတဲ့ အကျိုးငါးပါးရရှိပါတယ်။ ဒီအကျိုးငါးပါးကို လူတိုင်းနီးပါး သိရှိနေကြတယ် မဟုတ်လား။ ဒါကိုပဲ အလှူ့ရှင်မှာ တိုက်ရိုက်ရရှိနေကြတယ်လို့ ထင်နေကြတာ''

''နို့–မဟုတ်လို့လားဘုရား''

''ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမဲ့ တိုက်ရိုက်တော့ မဟုတ်ဘူး။ သွယ်ဝိုက်တဲ့နည်းနဲ့ အကျိုးပေးတာ။ သဂါထာဝဂ္ဂသံယုတ် ကိံဒဒသုတ်မှာ 'အန္နဒေါ ဗလဒေါဟောတိ' လို့ မြတ်စွာဘုရား ဟောထားတော်မူပါတယ်။ အန္နဆိုတာ ထမင်းဆွမ်း အစားအစာဖြစ်တယ်။ အန္နဒေါ–ထမင်းအစားအစာကို ပေးလှူတယ်ဆိုတာ၊ ဗလဒေါဟောတိ–ခွန်အားကိုပေးလှူတာပဲတဲ့ ဒကာရဲ့။ အလှူဒကာတွေက အလှူခံရဟန်းများကို တိုက်ရိုက်ပေးလှူတာကတော့ ဆွမ်းကို ပေးလှူလိုက်တာပဲပေါ့။ ဒီဆွမ်းကို ရဟန်းတော်များ မသုံးဆောင်ရလျှင် ဘာဖြစ်မလဲ''

''ဆွမ်းမစားရရင် သေမှာပေါ့ဘုရား''

''ရဟန်းတော်များ ဆွမ်းစားရတော့''

''အသက်ရှင်နေရတာပေါ့ဘုရား''

''အဲဒါပဲ ဒကာရဲ့၊ ရဟန်းတော်များမှာ ဒကာ၊ ဒကာမများ ပေးလှူတဲ့ဆွမ်းကို ဘုဉ်းပေးသုံးဆောင်ရမှ ခွန်အားပြည့်ဖြိုးပြီး ကိုယ်ရေအဆင်းလည်း ကြည်လင်မယ်။ အသက်လည်းဆက်လက် ရှင်သန်ခွင့်ရမယ်။ ကိုယ်ချမ်းသာ၊ စိတ်ချမ်းသာရှိမယ်။ ပရိယတ်၊ ပဋိပတ်တရားဓမ္မများကို အားထုတ်ဖို့ ဉာဏ်ပွင့်လင်းမယ် မဟုတ်လား ဒကာ''

''အား... ဟုတ်တာပေါ့ဘုရား''

''ဒကာ၊ ဒကာမတွေက ဆွမ်းလှူတယ်၊ ရဟန်းတော်တွေမှာ ဒီအကျိုးတရားကို တိုက်ရိုက်ရရှိပါတယ်။ ဒကာဒကာမတွေက ဆွမ်းလှူတယ်ဆိုတာ ရဟန်းတော်များ အသက်ရှည်ဖို့ အသက်ရှည်ဆေး (အာယု)ကို ပေးလှူတာ။ အာဟာရမချို့တဲ့မှ ကိုယ်ရေအဆင်းကြည်လင်မှာမို့ အာဟာရဖြစ်တဲ့ ဆွမ်းကို ပေးလှူတာဟာ ကိုယ်ရေအဆင်းကြည်လင်ခြင်း (ဝဏ္ဏ)ကို ပေးလှူတာ။ အာဟာရမချို့တဲ့မှ ရောဂါကင်းမယ်။ ရောဂါကင်းမှ ကိုယ်ချမ်းသာ၊ စိတ်ချမ်းသာ ဖြစ်မယ်။ အဲဒါကြောင့် အာဟာရဆွမ်းကို ပေးလှူတယ်ဆိုတာ ချမ်းသာ(သုခ)ကို ပေးလှူတာ။ အာဟာရပြည့်မှ ခွန်အားရှိမယ်။ အဲဒါကြောင့် ခွန်အား(ဗလ)ကိုလည်း ပေးလှူတာ။ အာဟာရပြည့်မှ ဉာဏ်လည်းထက်မြက်ပါတယ်။ ပရိယတ်၊ ပဋိပတ်ဓမ္မကို ဉာဏ်ထက်ထက်နဲ့ စွမ်းဆောင်နိုင်ပါတယ်။ အဲဒါကြောင့် ဉာဏ်ပညာကိုလည်း ပေးလှူတယ်လို့ ဆိုရတယ် ဒကာရဲ့''

''ဆွမ်းဒကာ ဒကာမများမှာရော ဘယ်လိုအကျိုးထူးရမှာလဲ ဘုရား''

''ဆွမ်းဒကာ ဒကာမများက ရဟန်းတော်များကို ဆွမ်းလှူတယ်။ ဒီဆွမ်းကို ရဟန်းတော်များ ဘုဉ်းပေးသုံးဆောင်ရတဲ့အတွက် ရဟန်းတော်များမှာ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာရခြင်း၊ ခွန်အားပြည့်ခြင်း၊ ဉာဏ်ပညာထက်မြက်ခြင်းဆိုတဲ့ အကျိုးတရားတွေ ရသွားတယ်မဟုတ်လား။ ရဟန်းတော်များ ရသွားတဲ့ အကျိုးတရားအတိုင်း ဆွမ်းဒကာ ဒကာမများမှာ ရကြပါတယ်။ နံရံကို ပင်ပေါင်ဘောလုံးနဲ့ တည့်တည့်ပစ်ပေါက်တော့ ဘောလုံးဟာ ကိုယ့်ဆီ တိုက်ရိုက်ပြန်လာသလိုပဲ ဒကာရဲ့''

''အဲဒါကြောင့် သံယုတ်အဋ္ဌကထာအဖွင့်မှာ 'ဣဓလောကေ ပရလောကေစ အန္တဒါယကမေဝ အနုဂစ္ဆတိ'လို့ ဖွင့်ပြ

တာပေါ့။ ' ဤပစ္စုပ္ပန်ဘဝမှာရော တမလွန်ဘဝများမှာပါ ဆွမ်းဒကာမှာ အကျိုးရှိတယ်' လို့ဆိုတာပါ။ အာဟာရဟာ အသက်စသည် အကျိုးငါးပါးကို စောင့်တာကြောင့် ဆွမ်းအလှူဟာ အရေးပါတဲ့၊အကျိုးကျေးဇူးများတဲ့ အလှူဒါနတစ်ခု ဖြစ်လာတယ်။ ရဟန်းတော်များအတွက်၊ အလှူခံပုဂ္ဂိုလ်များအတွက် မရှိမဖြစ်အလိုအပ်ဆုံး လှူဖွယ်ဝတ္ထု ဖြစ်လာတယ်။ နိရောဓသမာပတ် ခုနစ်ရက်ကြာဝင်စားပြီးမှ ထလာတဲ့ပစ္စေကဗုဒ္ဓါများ၊ ရဟန္တာများဆိုလျှင် အစာအာဟာရတစ်ခုခု မရခဲ့လျှင် ပရိနိဗ္ဗာန်စံဝင်ရတဲ့အထိ အရေးပါခဲ့ပါတယ်။

"ဆွမ်းအာဟာရကို နည်းနည်းပဲဖြစ်ဖြစ်၊ များများပဲဖြစ်ဖြစ် ပေးလှူသင့်ပေးလှူထိုက်ပါတယ်။ မိမိတို့ စားဖို့သောက်ဖို့ထဲက တစ်ဇွန်းတစ်ယောက်မလေး ကော်လောင်းလှူလိုက်ရလို့ ကိုယ်စားမယ့်အစာထဲမှာ အထူးယုတ်လျော့မသွားပါဘူး။ ဆွမ်းတစ်ဇွန်း ကော်လောင်းလိုက်ရလို့ ထမင်းမလောက်ဘူး၊ ပြန်ချက်ရတယ်ဆိုတာ မရှိဘူးမဟုတ်လား။ အဲအကျိုးတရားကတော့ အင်မတန်အားကောင်းပါတယ်။ ပစ္စုပ္ပန်လက်ငင်းအကျိုးပေးတာကတော့ သိပ်မထင်ရှားတတ်ဘူး။ သို့သော်လည်း အချိန်ကာလကိုသာသတ်မှတ်လို့မရနိုင်တာပါ။ ဒိဋ္ဌဓမ္မဝေဒနီယကံကို အကျိုးပေးစေနိုင်တဲ့ ပဌမဇောစေတနာဆိုတာကတော့ ရှိနေတယ်လေ။ ပစ္စုပ္ပန်ဘဝရဲ့ တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ စေတနာကံနဲ့ ထိုက်သင့်တဲ့အကျိုး၊ စေတနာကံနဲ့ တူညီတဲ့အကျိုးကို ပေးမှာပဲ။ အဲဒါတော့ ယုံကြည်ထားဒကာ"

"မှန်ပါ၊ တပည့်တော်ယုံကြည်ပါတယ်ဘုရား"

"အရှင်ပိလိန္ဒဝစ္ဆမထေရ်က သူ့ရဲ့ဘဝများစွာ အကျိုးပေးပုံကို ထေရာပဒါန်မှာ ဟောကြားထားခဲ့တယ်။ 'မြတ်စွာဘုရား၊ အမြတ်ဆုံး

ဂိုဏ်းသံဃာကို ထမင်းအဖျော်ပေးလှူခဲ့တာကြောင့် အကျိုးဆယ်ပါး ရရှိခဲ့ပါတယ်'တဲ့။ အသက်ရှည်သူ၊ ခွန်အားကြီးသူ၊ တည်ကြည်သူ၊ အဆင်းလှသူ၊ အခြံအရံများသူ၊ ချမ်းသာကြီးသူ၊ ထမင်းရသူ၊ အဖျော်ရသူ၊ ရဲရင့်သူ၊ ပညာရှိသူ ဖြစ်ခဲ့ရပါတယ်'တဲ့ ဒကာ''

''အရှင်ဘုရားရဲ့ တရားစကား ကြားနာရတာ တပည့်တော်တော့ အများကြီး ဉာဏ်ပွင့်သွားတာပဲ။ ကျေးဇူးတင်ပါတယ်ဘုရား''

''အဲ... ကောင်းမှုကုသိုလ်ပြုတဲ့သူဟာ နှမ္မားဆရာတော်ဟောကြား သလို ကွဲပြားဖို့တော့ လိုတယ်နော် ဒကာ''


''ဘာများပါလိမ့်ဘုရား''

''နှမ္မားဆရာတော် ဟောထားတာရှိတယ် ဒကာရဲ့။ ပညာမဲ့က ငါကောင်းစားဖို့ ဒါနပြုတယ်။ ပညာရှိက သာသနာတော်ကို ပူဇော်ခြင်း ငှာ ဒါနပြုတယ်၊ ပညာမဲ့က ငရဲကြောက်လို့ သီလစောင့်တယ်၊ ပညာရှိက မမြဲသော ခန္ဓာကိုယ်ကြီးကို အမိုက်ခံမကျွေးလိုလို့ သီလစောင့်တယ်။ ပညာမဲ့က နတ်ပြည်ရောက်ချင်လို့ သီလစောင့်တယ်၊ ပညာရှိက တစ်နေ့ တစ်ရက် တဏှာကျွန်အဖြစ်မှ ငြိမ်းချမ်းတဲ့သုခကို လိုချင်လို့ ဥပုသ်စောင့် တယ်။ ပညာမဲ့က ငါတို့ဘုန်းကြီးမှ ဂရုစိုက်တယ်။ ပညာရှိက သံဃာစစ်မှ ဂရုစိုက်တယ်။ ပညာမဲ့က ထုံးစံကို လေးစားတယ်။ ပညာရှိက မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို လေးစားတယ်။ ပညာမဲ့က နာမည်ကြီးသူပြောလျှင် ယုံတယ်။ ပညာရှိက နာမည်ကြီးသူပြောတိုင်း လိုက်၍မယုံ။ ပညာမဲ့က အထူးအဆန်း မြတ်နိုးတယ်။ ပညာရှိက သဘောမှန်မှ မြတ်နိုးတယ်။ ပညာမဲ့က ရွှေထူတဲ့ဘုရားမှ လေးစားတယ်။ ပညာရှိက ဘုရားနှစ်မျိုး မထား၊ တစ်သားတည်းသာထားသတဲ့ ဒကာရဲ့။ ဒီစကားတွေဟာ ဒါန ပြုသူ၊ ကုသိုလ်ကောင်းမှုပြုသူတွေအတွက် တကယ့်ဒါနရဲ့အကျိုးတရား ရရှိအောင် ကောင်းမှုကုသိုလ်ပြုသူတွေအတွက် အကျိုးကျေးဇူးများမယ်

ထင်လို့ ပြောလိုက်တာပါပဲ။ မှတ်သွားပေဦးတော့ ဒကာရေ''

''မှန်ပါဘုရား၊ ဒါလည်း တပည့်တော်တို့ တကယ်ကို မှတ်သား ထားရမှာပါဘုရား''

* * *



အမှတ် ၂၆၅၅၅
ရက်စွဲ ..................
စာကြည့်တိုက်

# ပိဋကပါတ်မှတင်ဆိုတာ

**ပိဋကပါတ်မှတင်ဆိုတာ**

ဦးမောင်မောင်ကြည်တစ်ယောက် ကျောင်းရောက်လာပြန်ပါသည်။

''အရှင်ဘုရား၊ အရှင်ဘုရားရေးတဲ့ 'မြတ်သောဆွမ်းခံကျင့်ဝတ်' နဲ့ 'ပိဋကပါတ်မှတင်' ဆိုတာ အတူတူပဲလားဘုရား''

''ဟာ... ဒီဒကာ၊ ဦးပဥ္စင်းတို့ကို တော်တော် အထင်ကြီးနေပြီ ထင်တယ်''

''မသိလို့ပါဘုရား။ သိချင်တာနဲ့ အရှင်ဘုရားဆီလာပြီး မေး လျှောက်ကြည့်တာပါ''

''အင်း...ဘယ်လိုပြောရမလဲ၊ ဦးပဥ္စင်းတို့ရဲ့ဆွမ်းခံ ကျင့်ဝတ်ဆိုတာ ကတော့ ဝတ်မပျက်အောင် ထိန်းထားရုံ ထိန်းထားတာပါ၊ အဓိဋ္ဌာန်နဲ့ ဆောက်တည်ထားတာ မဟုတ်ပါဘူး''

''အဓိဋ္ဌာန်နဲ့ ဆောက်တည်တယ်ဆိုတာက''

''အခုခေတ် အချို့လူတွေ အဓိဋ္ဌာန်ဝင်တယ် ဆိုတာနဲ့ ရောမ ပစ်လိုက်ပါနဲ့ဦးလို့ ကြိုပြောထားပါရစေ ဒကာ။ ဦးပဥ္စင်းပြောတဲ့ အဓိဋ္ဌာန် ဆိုတာက မှတင် အကျင့်ကိုပြောတာပါ''

''တပည့်တော် နားလည်အောင် ရှင်းပြပေးပါဦး ဘုရား''

''ဝိသုဒ္ဓိမဂ်မှာလာတဲ့အတိုင်း ပြောပြမယ်နော် ဒကာ။ ပိဏ္ဍပါတ်ဓုတင် ဆောက်တည်တော့မယ် ဆိုလို့ရှိရင် (၁) ဆွမ်းခံ၍ ရသောဆွမ်းမှ ပိုလွန်သောအလုံးလာဘ်ကို ပယ်ပါ၏။(၂) ဆွမ်းခံလှည့်လည်ခြင်းတည်း ဟူသော ကျင့်ဝတ်ရှိသော ပုဂ္ဂိုလ်၏အင်္ဂါကို ဆောက်တည်ပါ၏' လို့ ဆိုတဲ့ စကားနှစ်ခွန်းမှာ တစ်ခွန်းကို အဓိဋ္ဌာန်ပြု ဆောက်တည်ရပါတယ်''

''ဒါဆို အရှင်ဘုရားတို့က အဲသလို အဓိဋ္ဌာန်ပြု၊ ဆိုပြီး ဆောက်တည်တာ မဟုတ်ဘူးပေါ့''

''မစွမ်းနိုင်သေးပါဘူး ဒကာ''

''ဘာဖြစ်လို့ပါလဲဘုရား''

ပိဏ္ဍပါတ်ဓုတင်ကို ဆောက်တည်တဲ့ရဟန်းဟာ မိမိရဲ့ကျင့်ဝတ်ကို လေးလေးစားစား လိုက်နာရမယ်။ ဘုန်းကြီးချင်လို့၊ လူအထင်ကြီးခံချင်လို့၊ ထင်ပေါ်ကျော်ကြားချင်လို့ဆိုတဲ့ ပါပိစ္ဆ အလိုဆိုး မရှိရဘူး။ အဲဒါကြောင့် ဆွမ်းခံလို့ရတဲ့ ဆွမ်းစတဲ့ ပစ္စည်းများမှတစ်ပါး အခြားလာဘ်လာဘကိုပယ်ရတယ် ဒကာရဲ့''

''ဆွမ်းခံလို့ ဆွမ်းလောင်းလှူတာပဲ အရှင်ဘုရားရဲ့၊ တခြားဘာရှိဦးမှာလဲ''

''ရှိတာယ်လေ ဒကာရဲ့၊ စဉ်းစဉ်းစားစားပြောဦးမှပေါ့။ ကဲ–ဆိုပါတော့၊ ဒကာက ဥပုသ်နေ့မှာ ဆွမ်းခံကြွလာတဲ့ ရဟန်းကို လမ်းမှာတွေ့လို့ 'အရှင်ဘုရား၊ တပည့်တော်သီလယူချင်လို့ သီလချီးမြှင့်ပေးပါရန် တပည့်တော် အိမ်သို့ကြွပါဘုရား' လို့ လျှောက်တယ်ဆိုပါတော့''

''လျှောက်ထားပြီဘုရား၊ အဲဒီတော့... ''

''ဒကာ့အိမ်လိုက်ပြီး သီလပေးမယ်၊ ဒကာက သီလယူရတဲ့အတွက် ဆွမ်းလောင်းလှူမယ်''

"လောင်းလိုက်ပြီဘုရား"

"အဲဒီဆွမ်းကို ဦးပဥ္စင်းတို့လို ဝတ်မပျက်ရှံ ထိန်းထားတဲ့ ဆွမ်းခံရဟန်းများကသာ ခံယူကောင်းတယ်၊ ပိဏ္ဍပါတ်ဓုတင်ဆောင် ရဟန်းများကတော့ ခံယူခွင့်မရှိဘူး"

"ဟင်... ဘာဖြစ်လို့လဲဘုရား"

"ဆွမ်းခံ၍ရသောဆွမ်းမှ ပိုလွန်သောလာဘ်လာဘကို ပယ်ပါ၏လို့ အဓိဋ္ဌာန်ထားတယ်လေ"

"အခုလည်းဆွမ်းခံတာပဲ မဟုတ်လားဘုရား"

"ဆွမ်းခံတာတော့ မှန်တာပေါ့၊ ပိဏ္ဍပါတ်ဓုတင်ဆောင် ရဟန်းများ မခံယူအပ်တဲ့ တစ်ဆယ့်လေးမျိုးသော ဆွမ်းဆိုတာထဲမှာ ဥပုသ်နေ့၌ လှူအပ်သော ဆွမ်းဆိုတာပါတယ်၊ အဲဒါကြောင့် ဒကာ့ဆွမ်းကို မခံယူရဘူး"

"ဟင်... တစ်မျိုးကြီးပါလား"

"တစ်မျိုးကြီးမလုပ်နဲ့လေ၊ ဒကာတို့က ကိုယ့်လိုဘနဲ့ လှူချင်တဲ့ ဘက်ကပဲ ကြည့်တာကိုး"

"အဲဒီတစ်ဆယ့်လေးမျိုးသော ဆွမ်းဆိုတာက ဘာတွေပါလဲဘုရား"

"၁။ သံဃာကို လှူတဲ့ဆွမ်း၊
၂။ သံဃာနှစ်ပါး၊ သုံးပါးစတဲ့ ဂိုဏ်းကို လှူတဲ့ဆွမ်း၊
၃။ ပင့်ဖိတ်ပြီး လှူတဲ့ဆွမ်း၊
၄။ စာရေးတံမဲချပြီး လှူတဲ့ဆွမ်း၊
၅။ လဆန်းပက္ခ လဆုတ်ပက္ခမှာ လှူတဲ့ဆွမ်း၊
၆။ ဥပုသ်နေ့မှာ လှူတဲ့ဆွမ်း၊
၇။ ဥပုသ်အထွက်တစ်ရက်မှာ လှူတဲ့ဆွမ်း၊

၈။ ငြေ့သည်အာဂန္တုကို ရည်ရွယ်ပြီးလှူတဲ့ဆွမ်း၊
၉။ ခရီးသွားရဟန်းကို လှူတဲ့ဆွမ်း၊
၁၀။ သူနာရဟန်းကို လှူတဲ့ဆွမ်း၊
၁၁။ သူနာပြုရဟန်းကို လှူတဲ့ဆွမ်း၊
၁၂။ ကျောင်းကိုရည်ရွယ်ပြီး လှူတဲ့ဆွမ်း၊
၁၃။ အကြီးအမှူးအိမ်မှာ တည်ထားပြီး လှူတဲ့ဆွမ်း၊
၁၄။ အလှည့်ကျ လှူတဲ့ဆွမ်း။
အဲဒီ တစ်ဆယ့်လေးမျိုးပဲ ဒကာ''

''ပိဏ္ဍပါတ်ဓုတင်ဆောင် ရဟန်းများက ဘာဖြစ်လို့ အဲဒီဆွမ်းတွေကို မခံယူရတာလဲ ဘုရား''

''ဓုတင်ဆောင်အကျင့်နဲ့ မကိုက်ညီလို့ပေါ့ ဒကာရယ်၊ လွယ်လွယ်ပြောရရင်တော့ လွယ်တဲ့ဆွမ်းဖြစ်နေလို့ပဲ''

''ဒါဆိုရင် အရှင်ဘုရားရယ်၊ ခဲခဲယဉ်းယဉ်း ရှာဖွေစားရတော့မလို ဖြစ်နေပါလား''

''အဲသလိုပြောလို့ မဖြစ်ဘူး ဒကာရဲ့၊ သလုံးမြင်းခေါင်း ခြေနှစ်ချောင်းဖြင့် ရှာမှီး၍ စုပေါင်းရအပ်သော ဆွမ်း၊ အဲဒီဆွမ်းဖြင့် မျှတရောင့်ရဲတဲ့ ရဟန်းဟာ ဆွမ်းဒကာ မျက်နှာကို ကြည့်စရာမလိုဘူးတဲ့၊ ဦးပဉ္ဇင်းတို့ဆိုလို့ ရှိရင် ဩော်... ကိုယ့်ဒကာမို့လို့၊ ဒကာရင်းမို့လို့နဲ့ မျက်နှာကြည့်နေရတာ ဘယ်လောက်စိတ်ဆင်းရဲဖို့ကောင်းသလဲ''

''ဟာ... အရှင်ဘုရားကတော့ လုပ်ချလိုက်ပြန်ပါပြီ။ အရှင်ဘုရားမှာ ဘယ်ဒကာမျက်နှာကြည့်စရာ လိုသလဲ-ကဲ''

''အင်း... ပြောရရင်တော့ တည့်တည့်ပဲပြောမှဖြစ်မယ်''

''ပြောပါပြောပါ၊ ဒါမှလည်း တပည့်တော်တို့ နားလည်မှာပါ ဘုရား''

''အခု ဒကာက ဆွမ်းစားပင့်တယ်ဆိုပါတော့၊ ဦးပဉ္ဇင်းက ဆွမ်းခံ

ကြွစရာရှိတယ်၊ ဝတ်ပျက်လိမ့်မယ်၊ ဆွမ်းစားမလိုက်နိုင်ဘူးလို့ ငြင်းလိုက်ရင် ဒကာ ဘယ်နှယ်နေမလဲ''

''ဆွမ်းက နေ့တိုင်းခံနေရတာ၊ တပည့်တော်က တစ်ခါတစ်ရံမှ ဆွမ်းကျွေးနိုင်တာ၊ မဖြစ်မနေကြွပါဘုရားလို့ လျှောက်မှာပေါ့''

''ဦးပဉ္စင်းကလည်း ဒကာငဲ့ပြီး ဆွမ်းစားလိုက်ရရော၊ ဒီတော့ ဒကာ့မျက်နှာကြည့်ရတယ် မဆိုနိုင်ဘူးလား''

''ဟဲဟဲ ...မလျှောက်တတ်တော့ပါဘူး ဘုရား၊ အရှင်ဘုရားပဲ ဆက်ပြီး အမိန့်ရှိပါဦး ဘုရား''

''ဆွမ်းစားမယ့်အိမ်မှာ ဆွမ်းကပ်လာမယ့်အရေး စောင့်မျှော်နေရတာကို မြတ်စွာဘုရားက ဒကာမျက်နှာ ကြည့်နေရတယ်လို့လည်း မိန့်ထားပါသေးတယ်။ ပိဏ္ဍပါတ်ဓုတင်ဆောင် ရဟန်းများမှာတော့ အဲသလို ကြည့်စရာ မလိုဘူးတဲ့။ ဒီအိမ်က ဆွမ်းမလောင်းရင် ရှေ့အိမ် ဆက်ကြွမယ်၊ ဆွမ်းခံလို့ရလာတာတွေက ကောင်းတာ၊ ဆိုးတာ၊ ငန်တာ၊ ခါးတာ၊ ချိုတာ၊ ချဉ်တာ စတာတွေ ပါလာတော့ ကိုယ်စားချင်တာကို တောင့်တတတ်တဲ့ လောလုပ္ပတဏှာကိုလည်း ပယ်ပြီး ဖြစ်တယ်တဲ့။ အိမ်စဉ်မပြတ် တစ်ဝမ်းစာ မျှတပါအောင် သွားရတဲ့အတွက် ပျင်းရိခြင်းကိုလည်း ပယ်ဖျောက်သတဲ့။ ပြီးတော့ ဒကာကိုမငဲ့၊ မျက်နှာမကြည့်ရတဲ့အတွက် ကိုယ်သွားချင်ရာခရီးကိုလည်း လွတ်လွတ်လပ်လပ် သွားနိုင်တယ်တဲ့။ ကိုယ်ဆွမ်းခံကြွချင်တဲ့လမ်းကို ကြွနိုင်တယ်လို့ ဆိုပါတယ်''

''အနှောင်အဖွဲ့ မရှိဘူးလို့ ဆိုလိုတာလား ဘုရား''

''ဟုတ်တယ်ဒကာ၊ ဘာအနှောင်အဖွဲ့မျှ မရှိဘူး၊ ဒကာ၊ ဒကာမတွေထံမှာ ဆွမ်းခံရတာဖြစ်ပေမယ့် 'ငါ့မပေါ် အမြဲဆွမ်းလောင်းလှူနေကြတာပဲ' လို့ စိတ်ထဲမှာ မထားဘူး၊ ကုသိုလ်အကျိုးတရား တိုးပွားရန်သာ ချီးမြှင့်ခြင်းပဲ' လို့ စိတ်ထဲမှာ ထားပါတယ်။ ဒီအိမ်ကတော့

ဆင်းရဲတယ်၊ ဆွမ်းကောင်းကောင်း ရမှာမဟုတ်ဘူး၊ ဒီအိမ်ကတော့ ချမ်းသာတယ် ဆွမ်းကောင်းကောင်း ရလိမ့်မယ်လို့လည်း စိတ်ထဲခွဲခြားပြီး ဆွမ်းမခံဘူး။ ဆင်းရဲပေမယ့်ငါ့အတွက် တစ်ဇွန်း တစ်ယောက်မစာသာ လောင်းလှူရတဲ့အတွက် အလှူ့ဒကာမှာလည်း ပြောပလောက်အောင် မကုန်ဘူး။ သို့သော်လည်း အလှူ့ဒကာမှာတော့ အကျိုးထူးတရားများ စွာရပေလိမ့်မယ်ဆိုတဲ့၊ ချီးမြှောက်လိုတဲ့၊ ဆန္ဒတော့ထားတယ်။

''သပိတ်ထဲမှာလည်း အိမ်များစွာက စုပေါင်းလောင်းလှူတဲ့ ဆွမ်းတွေဖြစ်လို့ အရောရော အနှောနှော ဖြစ်တာကြောင့် တန်ဖိုးနည်းတယ်၊ ဒါပေမဲ့ မြတ်စွာဘုရား ချီးမွမ်းတော်မူတဲ့ပစ္စည်း၊ ဒကာ၊ ဒကာမတွေက ဒီဆွမ်းအပေါ်မှာ ဘာမျှမငဲ့ကွက် လွတ်လွတ်စွန့်လှူလိုက် တာမို့ စင်ကြယ်တယ်၊ မွန်မြတ်တယ်၊ အိမ်စဉ်တောင်းယူ ခံယူရတဲ့အလုပ်မို့ လူချမ်းသာ၊ သူဌေးသူကြွယ်၊ ရှင်ဘုရင်များ မလုပ်နိုင်ကြဘူး။ သူတို့အဖို့ လုပ်နိုင်ခဲတဲ့ အလုပ်၊ ရဟန်းမှာတော့ ဒီတောင်းခံရတဲ့ အလုပ်ဟာ မာနကို ပယ်ထား နိုင်တဲ့အဖြစ်၊ ရသတဏှာကို ပယ်ထားနိုင်တဲ့အဖြစ်မို့ အကျင့်မြတ်ပဲ။ အလွန်အကျိုးကျေးဇူးများလှတဲ့ အကျင့်ပါပဲ ဒကာ''

''နေ့စဉ် ဝတ်မပျက်ရဘူးပေါ့နော်''

''မပျက်ရပါဘူး၊ ဝတ်ဆောက်တည်ထားတဲ့ အဓိဋ္ဌာန်မပျက်အောင်လို့ ဆွမ်းစားကွမ်းစား မလိုက်တာပါ''

''လွယ်တော့ မလွယ်လှဘူးနော် အရှင်ဘုရား''

''ဟုတ်တယ်ဒကာရဲ့၊ လွယ်မလိုလိုနဲ့ ခက်ပါတယ်၊ အဲဒါကြောင့် ဒီပိဏ္ဍပါတ်ဓုတင်ဆောင် ရဟန်းများကို သုံးမျိုးသုံးစားခွဲထားတာပေါ့''

''အမိန့်ရှိပါဦးဘုရား''

''ဥက္ကဋ္ဌပုဂ္ဂိုလ်၊ မဇ္ဈိမပုဂ္ဂိုလ်၊ မုဒုပုဂ္ဂိုလ်တဲ့။ ဥက္ကဋ္ဌ ဆိုတာကတော့ ဆွမ်းခံကြွသွားတဲ့အခါ ရှေ့အိမ်ကကြိုလောင်းတာပဲ ဖြစ်ဖြစ်၊ နောက် အိမ်က မမီလိုက်လို့ လိုက်လောင်းတာပဲဖြစ်ဖြစ် အဲဒီဆွမ်းကိုတော့

ခံယူနိုင်ပါတယ်။ ကိုယ်ရပ်နေတဲ့အိမ်က သပိတ်ထွက်ယူလာရင်လည်း သပိတ်ကို ပေးလိုက်နိုင်ပါတယ်။ ဒါပေမဲ့ 'အရှင်ဘုရား၊ ဆွမ်းမလောက်ရင် တပည့်တော်အိမ်မှာ ဆွမ်းခံပါ' လို့ ဖိတ်တာကို လက်မခံရဘူး။ အဲဒါ ဥက္ကဋ္ဌပုဂ္ဂိုလ်ပဲ။

''မဇ္ဈိမပုဂ္ဂိုလ်ကတော့ 'အရှင်ဘုရား၊ တပည့်တော်အိမ်မှာ ဆွမ်းခံယူပါ၊ မလောက်ရင် လောက်အောင်ခံယူပါ'လို့ ဒီနေ့အတွက်ဖိတ်ရင် လက်ခံရပါတယ်။ ဒါပေမဲ့ 'မနက်ဖြန်လည်း တပည့်တော်တို့အိမ်မှာ ဆွမ်းခံပါ'လို့ ဖိတ်တာကိုတော့ လက်မခံရပါဘူး။

''မုဒုပုဂ္ဂိုလ်ကတော့ မနက်ဖြန်၊သန်ဘက်ခါ အမြဲ တပည့်တော်တို့ အိမ်မှာ ဆွမ်းခံပါလို့ ဖိတ်တာကို လက်ခံတယ်ဒကာ။

''ဥက္ကဋ္ဌပုဂ္ဂိုလ်ကတော့ အမြတ်ဆုံးအကျင့် ထက်သန်တဲ့ပုဂ္ဂိုလ်ပဲ၊ မဇ္ဈိမပုဂ္ဂိုလ်ကတော့ အသင့်အတင့် အလယ်အလတ်ကျင့်တဲ့ ပုဂ္ဂိုလ်၊ မုဒုပုဂ္ဂိုလ်ကတော့ ခပ်လျော့လျော့ကျင့်တဲ့ပုဂ္ဂိုလ်ဆိုပါတော့''

''သံဃာအတွက်လှူတဲ့ဆွမ်း၊ ဥပမာ– ဆွမ်းလောင်းရုံမှာ လောင်းလှူတာမျိုးရော ခံယူကောင်းပါသလားဘုရား''

''နံပါတ်(၁) သံဃာကိုလှူတဲ့ ဆွမ်းထဲမှာ ပါသွားပြီလေ ဒကာ။ မခံယူကောင်းဘူး။ အဲ–တိုက်ရိုက်'သံဃိက ဆွမ်းပါ' ဆိုရင် မခံယူရဘူး။ ပရိယာယ်နဲ့ ဖိတ်မယ်ပေါ့။ 'တပည့်တော်ရဲ့ ဆွမ်းလောင်းရုံမှာ သံဃာများလည်း ဆွမ်းအလှူခံနေကြပါတယ်၊ အရှင်ဘုရားတို့လည်း ဆွမ်းကိုခံယူတော်မူပါ'လို့ လျှောက်ရင်တော့ ခံယူကောင်းတယ်လို့ ဝိသုဒ္ဓိမဂ်မှာ ပြပါတယ်။ မိမိက သံဃာတော်များနှင့်အတူ ပိဏ္ဍပါတ်ဓုတင်ဆောင် ရဟန်းများကို ဆွမ်းလှူချင်တယ်ဆိုလို့ရှိရင် လျှောက်တတ်ဖို့တော့ လိုတာပေါ့ ဒကာ''

''ပိဏ္ဍပါတ်ဓုတင်ဆိုတာက ခပ်လွယ်လွယ်ပဲ မှတ်နေမိတာ ဘုရား၊ အခုတော့...''

''သြော်…ဒကာကလည်း၊ 'ကျုပ်က ပိဏ္ဍပါတ်ဓုတင် ဆောင်တယ်၊ ဆွမ်းခံဝတ်မပျက်ဘူး'လို့ ပြောနေတဲ့ ပုဂ္ဂိုလ်လောက် မြင်ဖူးတာကိုး။ လွယ်တယ်မှတ်တော့မှာပေါ့၊ တကယ်ဓုတင်ဆောင်တဲ့ ပုဂ္ဂိုလ်များက လာဘ်သပ္ပကာ အကျော်အစောကို လိုချင်လို့မှ မဟုတ်ဘဲ၊ တဏှာ ကိလေသာတွေကို အမှန်တကယ် ပယ်သတ်နေသူတွေဆိုတော့ ဓုတင် ဆောင်ရဟန်းမှန်း လူသိမှာတောင်စိုးတယ်။ လူဒကာတွေကို မဆိုထားနဲ့ သီတင်းသုံးဖော် ရဟန်းအချင်းချင်းတွေကိုတောင်မှ သိမှာစိုးပါတယ်။ အဲဒါကြောင့် အချို့ပုဂ္ဂိုလ်များဆိုရင် ကိုယ်ကအနှစ်နှစ် အလလ ကျင့်ခဲ့ တာကို သိမှာစိုးလို့ ခဏတစ်ဖြုတ် ဓုတင်ကိုဖျက်လိုက်တာတောင် ရှိသေး တယ်''

''ဟင်…ဓုတင်ဖျက်လိုက်တော့ အကျင့်ပျက်မသွားဘူးလား''

''ရဟန်းအကျင့်က မပျက်ပါဘူး ဒကာရဲ့။ သူဆောက်တည်ထားတဲ့ ဓုတင်ကျင့်ဝတ်ပဲ ခဏပျက်သွားတာပါ။ ပြီးတော့ ပြန်တည်ဆောက်ပြီး ကျင့်လိုက်တာပဲ။ အခုခေတ် အဓိဋ္ဌာန်ကျင့်စဉ်တွေလို အစက ပြန်ကောက် ရတာမျိုးလည်း မရှိပါဘူး။ နဂိုက အလိုဆန္ဒနည်းဖို့ရန် ကျင့်နေတာ ကြောင့် ကိုယ့်မှာဘုန်းကြီးဖို့၊ လာဘ်လာဘ ပေါ်များဖို့ ဆိုတာတွေကို မရအောင် တမင်ဖျက်ဆီးပေးလိုက်တာပဲ။ ကဲ… ဒကာတို့ သိထားတဲ့ လူတွေနဲ့ မကွာလား''

''ကွာပါတယ် ဘုရား၊ ကြည်ညိုစရာပါပဲ ဘုရား''

''ဒကာက အခုမှကြည်ညိုတာ၊ နတ်တွေကပိဏ္ဍပါတ်ဓုတင်ဆောင် ရဟန်းဆိုရင် ဟိုအရင်တုန်းကနေ ကြည်ညိုကြ၊ မြတ်နိုးကြသတဲ့ ဒကာရဲ့။ အရှင်မဟာ ကဿပကိုယ်တော်ကြီးဆိုရင် သိကြားမင်းကိုယ်တိုင်တောင် လာပြီး ဆွမ်းလောင်းလှူရတာ''

''အဲဒီအကြောင်း အမိန့်ရှိပါဦး ဘုရား''

''အရှင်မဟာကဿပ ကိုယ်တော်ကြီးက ဓုတင်တစ်ဆယ့်သုံးပါးလုံး ဆောင်တာ။ အဲဒါကြောင့်နတ်သမီးတွေက အရှင်မြတ်ကြီးကို ဆွမ်းလောင်း ချင်လို့ ဆွမ်းခံလမ်းမှာစောင့်နေကြသတဲ့။ အရှင်မြတ်ကြီး ကြွလာတော့ သပိတ်ကို ဖွင့်မပေးတဲ့အပြင် 'ငါဆွမ်းခံတာ နင်တို့အတွက် မဟုတ်ဘူး'လို့ ပြောဆိုငေါက်ငမ်းပြီး ရှေ့ဆက် ကြွသွားပါတယ်။ နတ်သမီးတွေဟာ စိတ်မကောင်းစွာနဲ့ တာဝတိံသာ ပြန်လာကြတော့ သိကြားမင်းက ဆီးကြို ပြီးမေးတယ်။ နတ်သမီးတွေက အကြောင်းစုံပြောပြတော့ 'နင်တို့လုပ်ပုံ ကမှ မဟုတ်တာ'လို့ ပြောပြီး သုဇာတာ မိဖုရားခေါ်လို့ ရာဇဂြိုဟ်မြို့ အဝင်နားမှာ သူဆင်းရဲရက်ကန်းသည် လင်မယားအိုယောင်ဆောင်ပြီး နေကြပါတယ်။ အရှင်မဟာကဿပ ကိုယ်တော်မြတ်ကြီးက သူဆင်းရဲအို လင်မယား အိမ်လေးတွေ့တော့ အမှတ်မဲ့ပဲ ဆွမ်းရပ်လိုက်တယ်။ 'ဒီသူအို လင်မယား သိပ်ဆင်းရဲတာပဲ၊ ငါချီးမြှောက်လိုက်မယ်' လို့ စိတ်အကြံနဲ့ ဆွမ်းရပ်လိုက်တာ။

''သိကြားမင်းအဘိုးအိုက အရှင်မြတ်ကြီးကိုမြင်တော့ အမယ်... လက်ကလေးနဖူးထက်ကာပြီးတော့တောင် ကြည့်လိုက်သေး။ ဘယ်ကိုယ် တော်လဲ၊ ဘယ်သူလဲဟေ့။ နောက်မှ 'ဟယ်...တို့အရှင်မြတ်ကြီး ကြွ လာတယ်၊ အမယ်ကြီးရေ၊ အိမ်ထဲမှာ ဘာလေးညာလေး လှူစရာမရှိ ဘူးလား' ဘာညာလှမ်းပြောတာပေါ့။ သုဇာတာ အမယ်ကြီးကလည်း အိမ်ထဲမှာ ဟိုဟာရှာသလိုလို ဒီဟာရှာသလိုလို လုပ်ပြီးမှ'အဘိုးကြီးရေ ရှိသေးတယ်' လို့ လှမ်းပြောတယ်။

သိကြားမင်း အဘိုးအိုက တုန်တုန်ချည့်ချည့်နဲ့ အရှင်မြတ်ကြီးကို ရှိခိုးလို့၊ တုန်တုန်ချည့်ချည့်နဲ့ အရှင်မြတ်သပိတ် လှမ်းယူ၊ အိမ်ထဲသွားပြီး သုဇာတာဆီက နတ်သုဓာဆွမ်းတွေ ထည့်လှူပါလေရော့။ ပြီးတော့မှ အရှင် မြတ်ကြီး လက်မှာ ကပ်လှူလိုက်တယ်။ အရှင်မဟာကဿပ ကိုယ်တော် မြတ်ကြီး လက်ထဲရောက်တယ်ဆိုရင်ပဲ နတ်သုဓာဆွမ်း ရနံ့တွေဟာ

တစ်မြို့လုံး မွှေးကြိုင်သွားပါတော့တယ်။ ဒီတော့မှ အရှင်မြတ်ကြီးက ဒီအဘိုးအို လင်မယားဟာ သာမန်မဖြစ်နိုင်ဘူးလို့တွေးပြီး ဆင်ခြင်ကြည့်လိုက်တော့မှ သိကြားမင်းဖြစ်နေမှန်းသိတော့တာကိုး''

''မှန်ပါ''

''ဒီတော့ အရှင်မြတ်ကြီးက 'သင်သိကြားမင်းဟာ သူဆင်းရဲတို့ရဲ့ ပစ္စည်းကို ခိုးယူတယ်'လို့ မိန့်လိုက်တာကိုး၊ အမှန်သူဆင်းရဲတွေသာ အရှင်မြတ်ကြီးကို ဆွမ်းလောင်းလှူခွင့် ရမယ်ဆိုရင် ရရှိလာမယ့် အကျိုးတရားကို ရည်ပြီးမိန့်လိုက်တာပါ။ ဒီတော့သိကြားမင်းက ဘယ်လိုလျှောက်တင်တယ်ထင်သလဲ ဒကာ။ 'တပည့်တော်လည်း နတ်ဆင်းရဲပါဘုရား'တဲ့''

''ဟားဟားဟား...သိကြားမင်းကလည်း ဆင်းရဲသတဲ့လား ဘုရား''

''ဟုတ်တယ် ဒကာရဲ့။ သိကြားမင်းက ဆက်လျှောက်တယ်။ 'တပည့်တော်ဟာ သာသနာပမှာ အလှူလှူပြီး သိကြားနတ်မင်း ဖြစ်လာရပါတယ်။ သာသနာတော်တွင်းမှာ အလှူလှူပြီး တာဝတိံသာနတ်ပြည်ရောက်လာကြတဲ့ မဟာရတနတ်မင်း၊ စူဠရတနတ်မင်း၊ အနေက ဝဏ္ဏနတ်မင်းတို့ရဲ့ ဘုန်းတန်ခိုးကို မမီပါဘူး။ ဒီနတ်မင်းများ သူတို့ ဘုံဗိမာန်ကနေ ဥယျာဉ်ကစားဖို့ ထွက်လာတဲ့အခါ သူတို့ရဲ့ ကိုယ်ရောင်ကိုယ်ဝါ ဘုန်းရှိန်တန်ခိုးတွေဟာ တောက်ပလွန်းလို့ တပည့်တော် သိကြားမင်းဟာ သူတို့နဲ့မယှဉ်နိုင်ဘဲ ညှိုးမှိန်စွာ ဗိမာန်ထဲမှာ ပုန်းနေရပါတယ်'တဲ့ ဒကာရဲ့။ ဓမ္မပဒမှာ ဆိုထားပါတယ်''

''ဩော်...ဖြစ်မှဖြစ်ရလေ အရှင်ဘုရားရယ်''

''ဟုတ်တယ်၊ အဲဒါကြောင့် သူဆင်းရဲတွေကို ချီးမြှောက်ဖို့ အိမ်စဉ်အတိုင်းကြွလာတဲ့ အရှင်မဟာကဿပကိုယ်တော်ကြီးကို သိကြားမင်းက သူဆင်းရဲအို လင်မယားယောင်ဆောင်ပြီး ဆွမ်းလောင်းလှူရတာ၊ သူလည်း ဆင်းရဲသားပါပဲတဲ့''

''အရှင်မဟာကဿပ ကိုယ်တော်ကြီးက လက်ခံလိုက်ရောလား''

''ဪ...ဒကာကလည်း သိကြားမင်း အဘိုးအိုက သပိတ်ကို အရှင်မြတ်ကြီးလက်ထဲ ကပ်လှူပြီးပြီလေ၊ ဒါနမြောက်သွားပြီပဲ။ အရှင်မြတ်က သုံးဆောင်တာ မသုံးဆောင်တာနဲ့ မဆိုင်ဘူး။ လက်ထဲထည့် လှူပြီးရင် အလှူဒါနက အောင်မြင်သွားပြီ''

''ဒါနဲ့ အရှင်ဘုရား စောစောက စကားထဲမှာ အိမ်စဉ်အတိုင်း ဆွမ်းခံတယ် ဆိုတာ''

''အဲဒါက 'သပဒါနစာရိကဓုတင်' လို့ခေါ်တယ် ဒကာရဲ့''

⁂ ⁂ ⁂



# အိမ်စဉ်ကြွမြန်း မြတ်ရဟန်း

''သပဒါနစာရိကာဓုတင်အကြောင်း ပြောပြပါဦး ဘုရား''

''သပဒါနစာရိကာဓုတင် ဆိုတာ အိမ်စဉ်အတိုင်းဆွမ်းခံဖို့ အဓိဋ္ဌာန် ဆောက်တည်တဲ့ အကျင့်ပဲ။ ဆွမ်းလောင်းသည်ဖြစ်စေ၊ မလောင်းသည် ဖြစ်စေ အိမ်စဉ်ကျော်ပြီး ဆွမ်းမရပ်ရဘူး။ ခရီးသွားတဲ့အခါမှာလည်း ရွာစဉ်အတိုင်း ဆွမ်းခံဝင်ရတယ်။ ရွာစဉ်ကျော်ပြီး ဆွမ်းခံမဝင်ရဘူး''

''ဆွမ်းမလောင်းတဲ့ အိမ်ရှေ့လည်း ရပ်ရမှာပဲလား ဘုရား။ ဆွမ်းမှ မလောင်းဘဲ အဲဒီအိမ်ရှေ့ရပ်လို့ ဘာအကျိုးရှိမှာလဲ ဘုရား''

''အစ ပထမတော့ ဒီလိုပဲ ဆွမ်းရပ်ကြည့်ရတာပဲ ဒကာ၊ တစ်ခါကြွ ဖူးပြီးတဲ့လမ်းမှာ ဆွမ်းခံရပ်ကြွတော့ ဆွမ်းမလောင်းတဲ့ အိမ်ကို အိမ် မဟုတ်လို့ အသိအမှတ်ပြုပြီး ကြွရမယ်တဲ့။ တောနေရဟန်းဆိုရင်လည်း တောရွာတွေမှာ ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ ခွေးစတဲ့ ဘေးအန္တရာယ်ရှိမရှိ ရွာတံခါးမှာရပ်ပြီး ဆင်ခြင်ကြည့်ရမယ်တဲ့။ ဘေးအန္တရာယ်ရှိရင် အဲဒီရွာကို ကျော်သွားပြီး နောက်တစ်ရွာမှာ ဆွမ်းခံဝင်ရမယ်။ ဆွမ်းမလောင်းတဲ့ ရွာဆိုရင်လည်း ရွာမဟုတ်လို့ အသိအမှတ်ပြုပြီးတော့ ရှေ့ဆက်ကြွရ မယ် တဲ့''

"ဒီတစ်ရွာဝင်လို့ ဆွမ်းကနည်းနည်းလေးပဲ ရတယ်ဆိုရင်ကော ဘုရား"

"နောက်တစ်ရွာကို ဆက်ပြီး ဆွမ်းခံကြွဝင်လို့ရပါတယ်။ အဲ နောက် တစ်နေ့မှာတော့ ဒီရွာကဆွမ်းနည်းနည်းလေးပဲ ရတာပဲ၊ မဝင်တော့ပါဘူး ဆိုပြီး ရွာစဉ်ကျော်ခံလိုက်ရင်တော့ ဒီသပဒါနစာရိက ဓုတင်အကျင့် ပျက်တော့တာပဲ။"

"ပိဏ္ဍပါတ်ဓုတင်နဲ့ သပဒါနစာရိကဓုတင်၊ ဒီအကျင့်နှစ်ခုဟာ ဘယ်လိုခြားနားပါသလဲ အရှင်ဘုရား"

"ပိဏ္ဍပါတ်ဓုတင်က အိမ်စဉ်၊ ရွာစဉ်ကျော်ခံသော်လည်း ဓုတင် မပျက်ဘူး။ သပဒါနစာရိကဓုတင်ကတော့ အိမ်စဉ်၊ ရွာစဉ်ကျော်မခံရဘူး။ ပိဏ္ဍပါတ်ဓုတင်က ဒီအိမ်ရှေ့မှာ ဆွမ်းရပ်ခံနေစဉ် ရှေ့အိမ်ကကြိုစောင့် ပြီး လောင်းလှူလိုက်တာကိုလည်း ခံယူခွင့်ရှိတယ်။ နောက်အိမ်က မမီ လိုက်လို့ လိုက်လာပြီး လောင်းလှူတာကိုလည်း ခံယူခွင့်ရှိတယ်။ သပ ဒါနစာရိက ဓုတင်ကတော့ အမြတ်ဆုံးဥက္ကဋ္ဌပုဂ္ဂိုလ်စစ်စစ်အဖြစ် ကျင့်မယ် ဆိုရင်ပေါ့၊ ရှေ့အိမ်ကကြိုပြီး လောင်းတဲ့ဆွမ်း၊ နောက်အိမ်က လိုက်လာပြီး လောင်းတဲ့ဆွမ်းကို မခံရဘူးဒကာ"

"ဟာ...ဒါဆို ဒကာ၊ ဒကာမတွေ အကြည်ညိုပျက်တော့မှာပေါ့ ဘုရား"

"မပျက်ပါဘူး။ အရှင်မဟာကဿပကိုယ်တော်ကြီးဟာ ဓုတင်အရာမှာ တေဒဂ်ရထားတဲ့ ပုဂ္ဂိုလ်ကြီးပဲ။ ဓုတင်ဆောက်တည်တဲ့ နေရာမှာလည်း စံပြပုဂ္ဂိုလ်ပေပဲ။ နတ်သမီးတွေက ရှေ့ကနေကြိုပြီး ဆွမ်းစောင့်လောင်း နေကြတာလေ။ အဲဒါကို မခံယူဘဲ ငေါက်ငမ်းပစ်လိုက်တာ။ သိကြားမင်း ကသိတော့အကြည်ညိုမပျက်တဲ့အပြင် ဆွမ်းလောင်းလှူချင်လွန်းလို့ သူ့အို လင်မယားယောင်ဆောင်လာခဲ့ကြတာ မဟုတ်လား။ ဒါပေမဲ့ ရှေ့ကနေ ကြိုပြီးတော့ စောင့်မနေကြဘူးလေ။ ဒကာသတိထားလိုက်မိသလား။

ဦးပဥ္စင်းစောစောကပြောပြတဲ့ အထဲမှာ အရှင်မြတ်ကြီး အိမ်ရှေ့မှာ ဆွမ်းလာရပ်တော့ ''ဟဲ့...ဘယ်ကိုယ်တော်လဲ'' ဆိုပြီး လက်ကာကြည့်တာလေ။ အရှင်မြတ်ကြီးက ဆင်းရဲတယ်ဆိုပြီး အိမ်စဉ်ကျော် မရပ်ဘူးဆိုတာ သိလို့ပေါ့ ဒကာရဲ့။ ပြီးတော့ အရှင်မြတ်ကြီး မရောက်လာမှီ နတ်သမီးတွေလို ကြိုစောင့်နေရင်လည်း လောင်းလှူခွင့်ရမှာ မဟုတ်ဘူးဆိုတာလည်းသိလို့။ အိမ်ရှေ့မှာလာရပ်မှ သပိတ်ယူ ဆွမ်းလောင်းမယ်ဆိုတဲ့ အကြံနဲ့ မသိချင်ယောင်၊ မမြင်ချင်ယောင်ဆောင်ပြီး သတိ၊ ဝီရိယနဲ့ စောင့်ကြည့်နေတာ။ အဲဒါကြောင့် သိကြားမင်း ဆွမ်းလောင်းလှူခွင့်ရသွားတာ''

''ဒီ ဓုတင်နှစ်ပါးကို အတူတူဆောက်တည်လို့ ရပါသလားဘုရား''

''ရတာပေါ့ ဒကာရဲ့။ ပိဏ္ဍပါတ်ဓုတင်က ဆွမ်းခံဝတ်မပျက်ရဘူး။ သပဒါနစာရိကဓုတင်က အိမ်စဉ်၊ ရွာစဉ်ကျော်ပြီး ဆွမ်းမခံရဘူး။ နှစ်ခုစလုံး တစ်ပြိုင်တည်း အဓိဋ္ဌာန်ပြီး ဆောက်တည်လို့ရပါတယ်။ သပဒါနစာရိကဓုတင် ကျင့်တော့မယ်ဆိုရင်တော့ လောလုပ္ပတဏှာဖြင့် ကျက်စားလှည့်လည်ခြင်းကို ပယ်ပါ၏။ အိမ်စဉ်၊ ရွာစဉ်မပျက် ဆွမ်းခံခြင်း အလေ့ရှိတဲ့ ရဟန်း၏အင်္ဂါကို ဆောက်တည်ပါ၏''ဆိုတဲ့ စကားနှစ်ခွန်းမှာ တစ်မျိုးမျိုးနဲ့တည်ဆောက်ရပါတယ်''

''အဓိကကတော့ လောလုပ္ပတဏှာကို ပယ်သတ်တာပဲပေါ့နော် အရှင်ဘုရား''

''ဟုတ်ပါတယ်၊ လောလုပ္ပတဏှာဆိုတာ သိပ်ဆိုးတယ်ဒကာ။ တခြားအသုံးအဆောင်ပစ္စည်းတွေကို စွန့်လွှတ်နိုင်သော်လည်း လျှာအလိုကိုတော့ မသိမသာလေးကနေ လိုက်သွားမိတတ်တယ်။ မြတ်စွာဘုရား လက်ထက်တော်အခါက လျှာအလိုလိုက်မိတဲ့ရဟန်း ကံကောင်းလို့ ဒုက္ခမရောက်တဲ့အကြောင်း နောက်တစ်ခါကြုံမှ ပြောပြပါဦးမယ်။ အခုတော့ ဒီဓုတင်

နှစ်ပါး ဆွမ်းခံဝတ်အကြောင်းပဲ ပြောကြတာပေါ့နော်။ ဒီပိဋကပါတ်ဝတင်၊ သပဒါနစာရိကာဝတင်နှစ်ပါးကို မြတ်စွာဘုရားတို့တောင်မှ ချီးမွမ်းစကား ပြောကြားရပါတယ်။

''အရှင်မဟာကဿပကိုယ်တော်ကြီးဟာ ကမ္ဘာတစ်သိန်းအထက်မှာ ပွင့်တော်မူတဲ့ ပဒုမုတ္တရမြတ်စွာဘုရားလက်ထက်တော်မှာ ဝေဒေဟ အမည်ရှိတဲ့ သူကြွယ်ဖြစ်ဖူးတယ်ဒကာရဲ့။ ပဒုမုတ္တရမြတ်စွာဘုရားက အရှင်နိသဘမထေရ်ကို ဓုတင်ဆောင်ပုဂ္ဂိုလ်ထဲမှာ အမြတ်ဆုံးတေဒဂ် အရာထားတာ တွေ့မြင်ရလို့ အားကျပြီး မြတ်စွာဘုရားနှင့်တကွ သံဃာ တော်များကို အိမ်ပင့်ပြီး ဆွမ်းကျွေးပါတယ်။ ဆွမ်းကျွေးပြီးလို့ မြတ်စွာ ဘုရားအနားမှာ ထိုင်နေခိုက် အိမ်ရှေ့မှာ အရှင်နိသဘမထေရ် ဆွမ်းလာ ရပ်တာတွေ့လိုက်ရတယ်။ သူကြွယ်ဟာ လျင်မြန်စွာထသွားပြီး အရှင် နိသဘမထေရ်ထံမှာ သပိတ်ကို တောင်းယူလိုက်တယ်။ ပြီးတော့လည်း လျှောက်ထားလိုက်ပါသေးတယ်။ ''အရှင်ဘုရား၊ တပည့်တော် အိမ်သို့ ကြွပါ'' တဲ့။ ''အိမ်ထဲမှာ မြတ်စွာဘုရား ထိုင်နေ၊ သီတင်းသုံး နေပါ တယ်''တဲ့။ ဒီတော့ အရှင်နိသဘမထေရ်က ''ဒကာ၊ ငါတို့အား မအပ် ဘူး'' လို့ မိန့်လိုက်တယ်။

''ဘာလို့ မအပ်တာလဲ ဘုရား''

''အိမ်ပေါ်မှာ မြတ်စွာဘုရားရှိနေတယ်လေဆိုပြီး သွားထိုင်လိုက်ရင် ပင့်ဖိတ်တဲ့ဆွမ်းဖြစ်သွားပြီ ဒကာရဲ့၊ ဓုတင်ဆောက်တည်ထားတာ ပျက် တော့မှာပေါ့။ သူကြွယ်လည်း သပိတ်ထဲ ဆွမ်းထည့်ပြီး ကပ်လှူလိုက် တယ်။ ပြီးတော့မှ မြတ်စွာဘုရားထံ ပြန်လာပြီး လျှောက်ထားတယ်။

''ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ အရှင်နိသဘမထေရ်ကို 'ဒီအိမ်မှာ မြတ်စွာဘုရား သီတင်းသုံးထိုင်နေတော်မူပါတယ်။ အိမ်သို့ ကြွပါလို့ 'လျှောက်ထားသော်လည်း အိမ်သို့ကြွဝင်လိုခြင်း မရှိပါဘုရား။ ဒီကိုယ်တော်ဟာ မြတ်စွာဘုရားတို့ထက် လွန်ကဲသောအကြောင်း ဂုဏ်ထူး တစ်စုံတစ်ရာရှိပါသလား ဘုရား'...တဲ့။

"မြတ်စွာဘုရားတို့ဆိုတာ မနာလိုဝန်တိုစိတ် လုံးဝမရှိဘူး။ သူတစ်ပါး ဂုဏ်ကျေးဇူးရှိလျှင်လည်း ဝန်တို လျှို့ဝှက်ခြင်းမရှိဘူး။ ငါ့ဒကာ သူ့ကို ပိုကြည်ညိုသွားလိမ့်မယ်လို့လည်း စိုးရွံ့တွန့်တိုခြင်း လုံးဝမရှိဘူး။ အဲဒါကြောင့် အမှန်အမှန်တိုင်းပဲ မိန့်လိုက်တယ်။

"ဒါယကာ၊ ငါတို့မြတ်စွာဘုရားတို့သည်ကား ဆွမ်းဒကာအိမ်မှာ ဆွမ်းကပ်လာဖို့ကို မျှော်လင့်ပြီး ဒါယကာမျက်နှာကြည့်ကာ ထိုင်နေလေ့ရှိတယ်။ နိသဘရဟန်းကား အဲသလို ထိုင်နေပြီး ဒါယကာမျက်နှာကြည့်ရှုနေခြင်းမရှိဘူး။ ငါဘုရားတို့ကား ရွာကျောင်းမှာ နေလေ့ရှိတယ်။ နိသဘက တောကျောင်းမှာ နေလေ့ရှိတယ်။ ငါဘုရားတို့က အမိုးမိုးတဲ့ကျောင်းမှာ နေကြတယ်။ နိသဘက အမိုးမရှိရာ လွင်တီးခေါင်မှာ နေတယ်။ အဲဒါဟာ ငါဘုရားတို့ထက် သာလွန်တဲ့ ဂုဏ်ကျေးဇူးပဲလို့ မိန့်တော်မူလိုက်ပါတယ်။"

"တကယ်ပါပဲဘုရား၊ သာမန်လူတွေ မတတ်နိုင်ပါဘူး"

"ဘယ်တတ်နိုင်မှာလဲ ဒကာ၊ အဲဒါကြောင့် ဒီဓုတင်အကျင့်မြတ်ကို ကျင့်တဲ့ရဟန်းကို ချီးကျူးဖွင့်ဆိုထားတဲ့ ဂါထာရှိတယ်။ နားထောင်သွားဦး။"

"အမိန့်ရှိပါဘုရား။ တပည့်တော် ကြည်ညိုရတာပေါ့"

"စန္ဒူပမော နိစ္စ နဝေါကုလေသု၊ အမစ္ဆရီ သဗ္ဗသမာနုကမ္ပော။
ကုလူပကာဒီနဝ ဝိမုတ္တော၊ ဟောတိဓ ဘိက္ခုသပဒါနစာရီ။။
လောလုပ္ပစာရံ သုပဟာယတသ္မာ၊ ဩက္ခိတ္တစက္ခု ယုဂမတ္တဒဿီ။
အာကင်္ခမာနော ဘုဝိသေရိစာရံ၊ စရေယျ ဓီရော သပဒါနစာရန္တိ။"

"မှန်ပါ၊ အဓိပ္ပာယ်လေး ရှင်းလင်းမိန့်ပြပါဦး ဘုရား"

"မြတ်စွာဘုရားရဲ့ သာသနာတော်မှာ အိမ်စဉ်မပြတ်ဆွမ်းခံဝတ်ကို ကျင့်တဲ့ ရဟန်းဟာ မြို့ရွာ၊ လမ်းအိမ်၊ ဒကာ၊ ဒကာမ စတဲ့အပေါ်မှာ သံယောဇဉ်မထား၊ အနှောင်အဖွဲ့မထားတဲ့စိတ်၊ ဖြူစင်အေးမြ ပကတိ

စိတ်ရှိသောကြောင့် မြူတိမ်ကင်းချိန် ထွန်းလင်းတဲ့လမင်းနဲ့ တူတယ်တဲ့။ ဆွမ်းခံအိမ်ကို စွဲစွဲမြဲမြဲမထားတဲ့အတွက် အမြဲလူသစ် ဖြစ်နေပြီး ဒါယကာ၊ ဒါယကာမတို့နှင့် စပ်လျဉ်းလို့ ဝန်တိုခြင်းလည်း မရှိတော့ဘူးတဲ့။ ဆင်းရဲချမ်းသာမရွေး တစ်ပြေးတည်းကရုဏာထားတယ်။ ဆွမ်းခံအိမ်ထဲ မဝင်ရောက်တဲ့အတွက် သံသယအပြစ်မှ လွတ်ကင်းတယ်တဲ့။ အဲသလို ဂုဏ်ထူးချီးကျူးစရာတွေနဲ့ ပြည့်စုံတာကြောင့် မြေအပြင်မှာ အလိုရှိသလို သွားနိုင်တဲ့ ပညာရှိရဟန်းဟာ လျှပ်ပေါ် လော်လည်ခြင်း လောလုပ္ပ တဏှာကို ကောင်းစွာပယ်ပြီးချအပ်သော မျက်လွှာထမ်းပိုးတစ်ပြန်ခန့် လောက်သာ ကြည့်ပြီး အိမ်စဉ်မပြတ် ဆွမ်းခံအကျင့်ကို ကျင့်ရမည်တဲ့ ဒကာရဲ့။ အင်း...ဒါကြောင့်လည်း မြတ်စွာဘုရားက မြတ်စွာဘုရားတို့ထက် ဂုဏ်ကျေးဇူးသာတာရှိကြောင်း မိန့်တာကိုး''

''ဟုတ်တယ်ဒကာ၊ ဝေဒေဟသူကြွယ်လည်းရှိပြီးသား သဒ္ဓါတရားမှာ ထပ်မံပြီး သဒ္ဓါတရားတွေတိုးလို့ အဋ္ဌကထာဆရာ ဥပမာပြောတာကတော့ တောအုပ်အလယ် ဆီမီးထွန်းထားရာမှာ ထပ်မံပြီးဆီမီးများ ထွန်းလင်း ပေးလိုက်သလို ဝေဒေဟသူကြွယ်မှာ သဒ္ဓါအရောင်တွေ ထွန်းလင်း တောက်ပြောင်နေတယ်လို့ ဆိုပါတယ်။ ပဒုမုတ္တရမြတ်စွာဘုရားရဲ့ သံဃာတော်များကို ခုနစ်ရက်တိုင်တိုင် ဆွမ်းကျွေး၊ နောက်ဆုံးနေ့မှာ တိစီဝရိတ်သင်္ကန်းတစ်စုံစီကပ်ပြီး ဓုတင်အရာမှာ ဧတဒဂ်ဘွဲ့ခံနိုင်ဖို့ ဆုပန်တော့တာပါပဲ။ ပဒုမုတ္တရမြတ်စွာဘုရားက ဝေဒေဟဒကာရဲ့ သဒ္ဓါ၊ ဝီရိယ၊ ပညာထက်သန်ပုံကိုကြည့်ပြီး 'ကမ္ဘာတစ်သိန်းအလွန် ဘဒ္ဒကမ္ဘာ မှာ လေးဆူမြောက်ဘုရားဖြစ်တဲ့ ဂေါတမမြတ်စွာဘုရား ပွင့်ပေါ်တဲ့အခါ မဟာကဿပအမည်နဲ့ ဓုတင်အရာမှာ ဧတဒဂ်ရလိမ့်မယ်'လို့ ဗျာဒိတ်ပေး ခဲ့ပါတယ်။ အဲဒါကြောင့် ဦးပဥ္စင်းတို့ မြတ်စွာဘုရားလက်ထက်တော်မှာ အရှင်မဟာကဿပမထေရ်ကြီးရယ်လို့ သာသနာ့သမိုင်းမှာ ထင်ရှား ခဲ့တာပေါ့ ဒကာ''

"အရှင်မဟာကဿပကြီးဟာ တစ်ခါမျှ ပင့်ဖိတ်တဲ့ဆွမ်းကို လက်မခံခဲ့ဘူးပေါ့နော် အရှင်ဘုရား"

"ဟိုတစ်ခါ ဒကာနဲ့ 'မြတ်သော ဆွမ်းခံကျင့်ဝတ်' မှာ ဆွေးနွေးခဲ့ဖူးပြီလေ။ ဒကာ မမှတ်မိတော့ဘူး ထင်တယ်။ မြတ်စွာဘုရားက အသက်အရွယ်ကြီးလာတဲ့ အရှင်မဟာကဿပကို မြတ်စွာဘုရား အနားမှာ လာနေဖို့ခေါ်တာလေ"

"သြော်...ဟုတ်ပါရဲ့၊ မှတ်မိပါပြီဘုရား။ အရှင်မဟာကဿပကိုယ်တော်ကြီးက လက်မခံခဲ့ဘူးနော်"

"မြတ်စွာဘုရားရဲ့ သာသနာတော်မှာ ဓုတင်အရာမှာတော့ အရှင်မဟာကဿပကိုယ်တော်ကြီးကို ဘယ်သူမျှ မီအောင်ကျင့်နိုင်မိခဲ့တဲ့ ပုဂ္ဂိုလ်မရှိခဲ့ဘူး။ နေ့စဉ်ဆွမ်းခံတယ်။ အိမ်စဉ်အတိုင်းပဲ ဆွမ်းခံတယ်။ ဆင်းရဲချမ်းသာ မရွေးဘူး။ လောင်းလှူတာမှန်သမျှ ကြောင့်ကြကင်းစွာနဲ့ သုံးဆောင်တယ်၊ အဲဒါကြောင့် တစ်ခါမှာတော့ လူနူကြီးတစ်ယောက်ရဲ့ အိမ်ရှေ့ ဆွမ်းခံရပ်လိုက်တယ်။ လူနူကြီးဟာ သဒ္ဓါတရားထက်ထက်သန်သန်နဲ့ အရှင်မဟာကဿပကိုယ်တော်ကြီးရဲ့ သပိတ်ထဲ ဆွမ်းလောင်းလှူလိုက်တာ သူ့လက်ကပြည်တွေ့ရွှဲနဲ့ လက်ဆစ်ပိုင်းလေးတစ်ခု သပိတ်ထဲ ပြုတ်ကျန်ရစ်ခဲ့တယ်။ အဲဒါကို ကိုယ်တော်ကြီးက လက်ဆစ်ကလေး ဖယ်ရှားပြီး ရွံရှာခြင်းကင်းစွာ ဘုဉ်းပေးသုံးဆောင်ခဲ့ဖူးတယ်လို့ အရှင်မြတ်က ကြောင့်ကြမဲ့ကင်းစွာ၊ တဏှာကင်းစွာ သုံးဆောင်ခဲ့ကြောင်း ထေရဂါထာမှာ ကျူးရင့်ထားခဲ့တယ်။"

"အမယ်လေး အရှင်ဘုရားရယ်။ အံ့သြစရာပဲနော်။ အရှင်မဟာကဿပမထေရ်ကြီးက ပိဏ္ဍပါတ်ဓုတင်နဲ့ သပဒါနစာရိကဓုတင် နှစ်ပါးလုံးဆောင်တာနော်"

"ဒီဓုတင်နှစ်ပါးတွင်ဘယ်ကမလဲ ဒကာရဲ့။ ဓုတင်တစ်ဆယ့်သုံးပါးလုံးဆောင်တာမှ တကယ့်ကို ချွတ်ယွင်းချက်မရှိပါပဲ။"

''ခုတင်တစ်ဆယ့်သုံးပါးဆိုတာကို တပည့်တော်အကုန်မသိဘူးဘုရား။ ပြောပြပါဦး''

''ဟာ...တော်ပြီဒကာ။ နောက်မှ၊ အကြောင်းတိုက်ဆိုင်မှ ဆွေးနွေးကြသေးတာပေါ့။ အခုတော့ ဦးပဥ္စင်းလည်း ဆွမ်းခံကြွလိုက်ဦးမယ်''

''မှန်ပါဘုရား၊ တပည့်တော်မောင်မောင်ကြည် ဦးတင်ပါရဲ့ ဘုရား''

※ ※ ※

# ဆွမ်းအာဟာရနဲ့ ရသတကျာ

''ဟော...ဒကာ ဦးမောင်မောင်ကြည် ရောက်လာပြန်ပြီလား''

''ရောက်လာရမယ်လေ၊ အရှင်ဘုရားစထားတဲ့ စကားရှိတယ် မဟုတ်လား''

''ဟုတ်လား၊ ဘာများပါလိမ့်''

''ဟော–အရှင်ဘုရား ကိုယ့်စကားနဲ့ကိုယ် မေ့နေပြီထင်တယ်''

''အင်း...ရဟန်းများဟာ အပ္ပကိစ္စော–နည်းသောကိစ္စရှိရမှာ ဖြစ်သော်လည်း ဦးပဥ္စင်းမှာက အရညဝါသီမဟုတ်၊ ဂါမဝါသီဖြစ်နေလေတော့ ဗဟုကိစ္စဖြစ်နေတယ်ဒကာရေ။ အလုပ်ကများတော့ ကိုယ့်စကားကိုယ် မေ့နေပြီ''

''ကဲ ဒါဆိုလည်း တပည့်တော်ကပဲ အစဖော်ပေးရတော့မှာပေါ့ ဘုရား။ တပည့်တော်က အရှင်ဘုရားစကား နာယူချင်တာကိုး''

''ကဲပါလေ–ပြောသာပြောပါ ဘာများပါလိမ့်''

''လောလုပ္ပတဏှာအလိုလိုက်မိလို့ မှားတဲ့ရဟန်း ကံကောင်းလို့ ဒုက္ခမရောက်တာဆိုတာလေ''

''ဩော်...ဒါလား''

''မှန်ပါဘုရား၊ အဲဒါနားထောင်ချင်လို့ ဒီနေ့မအားမလပ်တဲ့ကြားထဲကနေ အားအောင်လုပ်ပြီး လာခဲ့ရတာဘုရား''

''ကောင်းပါပြီ၊ ဒါနဲ့နေဦးဒကာရေ၊ ဦးပဉ္ဇင်းတို့ရဟန်းများ ဆွမ်းခံရာမှာ မကျက်စားသင့်တဲ့ဌာန ခြောက်ဌာနရှိတဲ့အကြောင်း အရင်ပြောရဦးမယ်''

''အမိန့်ရှိပါဘုရား၊ တပည့်တော်များ ဗဟုသုတ တိုးရတာပေါ့''

''သေတင်းကုပ်တဲ့ ခုခေတ်လိုတော့ အရက်ဆိုင်ပေါ့၊ ဘိက္ခုနီမကျောင်း၊ နပုန်းပဏ္ဍုက်အိမ်၊ အပျိုကြီးအိမ်၊ ပြည့်တန်ဆာမအိမ်၊ တစ်ခုလပ်မုဆိုးမအိမ်တဲ့။ အင်္ဂုတ္တိုရ်မှာလာပါတယ်။ ဦးပဉ္ဇင်းတို့ စာသင်သားဘဝက အလွယ်ရအောင် သံပေါက်လင်္ကာနဲ့ ကျက်မှတ်ခဲ့ရပါတယ်။

သုရာသောက်တုတ်၊ သေတင်းကုတ်၊ ပဏ္ဍုက်ဘိက္ခုမ။

ပျိုကြီးဂေဟာ၊ ပြည့်တန်ဆာ၊ လင်ကွာမုဆိုးမ။

ဤခြောက်အိမ်တွင်၊ အမြဲဝင်၊ ဆွမ်းလျှင်မခံရတဲ့''

''ဟင်...အရှင်ဘုရားကလည်း သေတင်းကုပ် အရက်ဆိုင် ဆိုတာကတော့ ထားပါတော့၊ မအပ်စပ်လို့ မသင့်တော်လို့ ပြောရတာကိုး။ ဘိက္ခုနီမတို့ အပျိုကြီးတို့ တစ်ခုလပ် မုဆိုးမတို့အိမ်ကျတော့ ဘာလို့ဆွမ်းမခံရတာလဲ ဘုရား။ သူတို့လည်း ဆွမ်းလောင်းချင်ကြ၊ ကုသိုလ်လိုချင်ကြမှာပဲ။ အရှင်ဘုရားပြောသလိုဆိုရင် သူတို့ခမျာကုသိုလ်ပြုခွင့် မရကြတော့ဘူးပေါ့''

''ဒကာပြောသလိုတော့ မဟုတ်ပါဘူး၊ ဆွမ်းလောင်းလို့ ရပါတယ်။ ကုသိုလ်ပြုခွင့်ရှိပါတယ်။ မြတ်စွာဘုရားလက်ထက်တော်က ဝေသာလီပြည်သူ ပြည့်တန်ဆာမ အမ္ဗပါလီဟာ မြတ်စွာဘုရားနဲ့သံဃာတော်များကို အိမ်ပင့်ပြီးဆွမ်းကပ်လှူခဲ့ဖူးပါတယ်''

''ဒါဆိုရင် အရှင်ဘုရားစကားက ရှေ့နောက်မညီပါလားဘုရား''

''ဒကာက တယ်အပြစ်တင်စောတာကိုး။ ဆွမ်းမခံရလို့ သာမန်စကားနဲ့ တားမြစ်ထားတာမဟုတ်ပါဘူး။ အမြဲဆိုတဲ့ ဝိသေသစကားပါပါတယ်။ အမြဲဝင်ထွက်သွားလာပြီး အကျွမ်းတဝင် မနေဖို့ပြောတာပါ။ ကုသိုလ်

လိုလားတဲ့အတွက် ဆွမ်းလှူတယ်၊ လက်ခံရပါတယ်။ အိမ်ရှေ့မှာ ရပ်ပြီး တော့လည်း ဆွမ်းခံခွင့်ရှိပါတယ်။ အဲသလိုမဟုတ်ဘဲ အိမ်ထဲဝင်ပြီး ဆွမ်းခံတယ်။ အကြာကြီးထိုင်နေပြီး စကားပြောဟောနေတယ်။ တစ်မနက်တည်းမှာပဲ ခဏခဏ ဝင်ထွက်သွားလာတယ်။ အကျွမ်းတဝင် ရင်းနှီးနေတယ်ဆိုလို့ရှိရင် မကြာတော့ဘူး။ ဒီရဟန်းတစ်နည်းနည်းနဲ့ ပျက်စီးတော့မှာပဲ။ အဲသလို မဖြစ်အောင်ရှောင်ရှားဖို့ ဆိုလိုတာပါ''

''အဲသလို အကျွမ်းတဝင် ရင်းရင်းနှီးနှီးနေခဲ့တဲ့ရဟန်းရှိခဲ့ဖူးတယ် ဆိုပါတော့''

''အခုပြောမယ့်ဇာတ်လမ်းဟာ အဲသလိုနေတာက အခြေခံစခဲ့တာပဲ။ အဲဒါကို ဒကာကြီးပြီး သိထားရအောင်လို့ အမြဲဆွမ်းခံလှည့်လည်ခြင်း မပြုအပ်တဲ့ နေရာခြောက်ဌာနကို အရင်ပြောပြနေတာပါ။ ဒကာမှတ်မိ ပြီလား''

''မှတ်မိပါပြီဘုရား။ အရှင်ဘုရားဇာတ်လမ်းစပါတော့''

''ဒီဇာတ်လမ်းက ဓမ္မပဒမှာ လာတာပါ။ ရဟန်းအမည်က အရှင် သုန္ဒရသမုဒ္ဒမထေရ်တဲ့။ သာဝတ္ထိပြည်သား၊ မြတ်စွာဘုရားတရားတော်ကို ကြားနာရလို့ သဒ္ဓါတရားဖြစ်ပြီး သာသနာတော်မှာရဟန်းပြုလာသူပါ။ ရဟန်းပြုလာသူဆိုပေမယ့် လွယ်လွယ်နဲ့ ရဟန်းပြုခွင့်ရခဲ့တာမဟုတ်ဘူး။ မိဘများက ကုဋေလေးဆယ်ကြွယ်ဝတဲ့ သူဌေးတွေပဲ။ သူတို့ရဲ့ တစ်ဦး တည်းသောသားကို အိမ်ရာတည်ထောင် လူတို့ဘောင်မှာ သားသမီးတွေနဲ့ ကာမဂုဏ်ငါးပါး အပြည့်အဝခံစားစေချင်ကြတာပေါ့။ ဒီတော့ သုန္ဒရသမုဒ္ဒ သတို့သားခုနစ်ရက်တိုင်တိုင် အစာတော်ခံဆန္ဒပြလိုက်တော့မှ 'ဩော်– တို့သားလေး ဒီအတိုင်းနေရင် သေရချည့်ရဲ့၊ ရဟန်းဘဝနဲ့မှ မြင်ရ ချည်သေးရဲ့' ဆိုပြီး ခွင့်ပြုလိုက်ကြတာ''

''အမယ်လေး...တော်တော့အာဂဇွဲပါလား၊ ဒါနဲ့ ရဟန်းပြုခွင့်ရရော ဆိုပါတော့''

''ဟုတ်တယ်၊ ရဟန်းပြုခွင့်ရသွားတယ်၊ ရဟန်းဖြစ်တော့ သာဝတ္ထိမှာ မိဘဆွေမျိုးအနှောင့်အယှက်များတယ်ဆိုပြီး ရာဇဂြိုဟ်ပြည်သွားနေတာ''

''သံယောဇဉ်တော်တော်ပြတ်သားပဲနော်''

''သံယောဇဉ်ပြတ်ရတာပေါ့ဒကာရဲ့။ အဲသလိုမှမပြတ်ရင် ဘဝလွတ်လမ်း ဘယ်ရှာနိုင်တော့မလဲ။ အဲဒါတောင်မှ တဏှာဆိုတဲ့ အနှောင်အဖွဲ့က တစ်ခုပြီးတစ်ခု လာလာရစ်ပတ်နှောင်ဖွဲ့နေတတ်သေးတာ။ အခုပဲကြည့်လေ၊ အရှင်သုန္ဒရသမုဒ္ဒမထေရ်က အနှောင်အဖွဲ့လွတ်ချင်လို့ ရာဇဂြိုဟ်ပြည်သွားနေတာ၊ သာဝတ္ထိပြည်က မိဘတွေက သူတို့မြို့မှာ ပွဲလမ်းသဘင်ဖြစ်တော့ သူတို့သား ဒီလိုပွဲလမ်းသဘင်မှာ ခံစားပျော်ရွှင်ခွင့် မရရှာဘူးဆိုပြီး ငိုနေကြတယ်လေ။ ဒီမှာပဲ ပွဲလမ်းသဘင်အတွင်း လှည့်လည်သွားလာနေတဲ့ ပြည့်တန်ဆာမကကြားလို့ အိမ်ထဲဝင်သွားပြီး အကျိုးအကြောင်းမေးကြည့်တယ်၊ သားရဟန်းပြုသွားလို့ ငိုနေကြတာတဲ့၊ ပြည့်တန်ဆာမက လူထွက်ခိုင်းပါလားလို့ပြောတော့ သူတို့သားက လူထွက်ချင်တဲ့ဆန္ဒမရှိဘူး။ အဲဒါကြောင့် သာဝတ္ထိမြို့ကနေ ရာဇဂြိုဟ်မြို့ သွားနေတယ်လို့ ပြန်ပြောတယ်''

''ဒီတော့ ပြည့်တန်ဆာမက 'သူလူထွက်အောင် လုပ်ပေးမယ်တဲ့၊ ဘယ်လိုအကျိုးထူးခံစားရမလဲ' တဲ့။ ဒီအခါ ရဟန်းရဲ့မိဘများက ပြောတယ်၊ 'သမီး၊ သမီးသာ ငါတို့သားကို လူထွက်စေပြီးခေါ်လာနိုင်ခဲ့ရင် သမီးနဲ့ပေးစားပြီး ဒီအိမ်ရှိ စည်းစိမ်အားလုံး အပ်နှင်းမယ်'တဲ့ ဒကာရဲ့''

''သားချစ်တဲ့ဇောနဲ့ သာသနာပြစ်မှားတယ်ပြောရမလား မသိဘူးနော် ဘုရား''

''အမှန်မသိမှု အဝိဇ္ဇာကြောင့် ထင်ရာလုပ်တယ်လေ၊ အဝိဇ္ဇာထဲမှာ တဏှာပါ ဝင်စွက်လိုက်လေတော့ စုံလုံးကန်းပြီး ချောက်ထဲကျတာပေါ့ ဒကာ''

''ချောက်ဆိုတာက''

''အပါယ်ဇာတိ၊ အပါယ်ချောက်ပဲပေါ့ဒကာရဲ့''

''မှန်ပါဘုရား။ ဒါနဲ့ ပြည့်တန်ဆာမက ရာဇဂြိုဟ်သွားရှော့လားဘုရား''

''သွားတယ်၊ သုံးစွဲဖို့ရိက္ခာအလုံအလောက် တောင်းယူပြီးသွားတာ၊ ပြီးတော့ အရှင်သုန္ဒရသမုဒ္ဒမထေရ်ရဲ့ ပုံပန်းသဏ္ဌာန်၊ ကြိုက်တတ်တဲ့ အစားအစာ၊ မိခင်ထံမှာမေးမြန်းပြီး အကုန်မှတ်ယူသွားတာ''

''တကယ့်ကို အာဂမိန်းမပါပဲဘုရား''

''အင်း...ကောင်းတဲ့နေရာမှာ အာဂလုပ်တာမဟုတ်ဘူး၊ မကောင်းတဲ့ နေရာမှာ အာဂလုပ်တာ ၊ သူ့ကိုယ်သူ ယုံကြည်စိတ်ချပြီး ရဲရဲကြီးအာမခံ သွားတာ၊ အမေတို့သား လူထွက်စေရမယ်တဲ့''

''တကယ်ကြောက်စရာကြီးပါလားဘုရား''

''မြင်ရတဲ့ရန်သူထက် မမြင်ရတဲ့ရန်သူက ပိုကြောက်စရာ ကောင်းတယ် ဒကာရဲ့။ ပြည့်တန်ဆာမဟာ ရာဇဂြိုဟ်ပြည်ရောက်တော့ ပထမအရှင်သုန္ဒရသမုဒ္ဒမထေရ်ကို သိအောင်လေ့လာတယ်။ ပြီးတော့ ဆွမ်းခံကြွတတ်တဲ့လမ်းမှာ အိမ်တစ်လုံးဝယ်တယ်။ နေ့တိုင်းမှန်မှန် ဆွမ်းရပ်လာတဲ့ မထေရ်ကို ဆွမ်းလောင်းတယ်။ ပျက်ရက်မရှိ မှန်မှန် ဆွမ်းလောင်းနိုင်အောင်ကြိုးစားတယ်။ အရှင်သုန္ဒရသမုဒ္ဒမထေရ်က သပဒါနစာရိကဓုတင် ဆောင်ထားတာ''

''ဩော်...အိမ်စဉ်အတိုင်း ဆွမ်းရပ်တာပေါ့နော်''

''ဟုတ်တယ်၊ အိမ်စဉ်အတိုင်းဆွမ်းရပ်တယ်။ အဲဒါကိုက ပြည့်တန် ဆာမအတွက် အခွင့်ကောင်းတစ်ခု ဖြစ်နေပြန်တယ်။ ပြည့်တန်ဆာမက မထေရ်ကြိုက်တတ်တဲ့ ဟင်းကောင်းဟင်းလျာလေးတွေကိုမှ ရွေးချယ်ပြီး ချက်ပြုတ်လောင်းလှူတာ။ အကြိုက်တူတဲ့သဘော၊ တိုက်ဆိုင်တဲ့ သဘော လေးတွေပေါ့။ ဒီမှာပဲ မထေရ်စိတ်ကို ရသတဏှာက မသိမသာ ရစ်ပတ် နှောင်ဖွဲ့လာမိတော့တာပဲ။ ဟိုတုန်းက ရသတဏှာအလိုက် ကိုယ်ကြိုက်

"ဟုတ်တယ်၊ ရဟန်းပြုခွင့်ရသွားတယ်၊ ရဟန်းဖြစ်တော့ သာဝတ္ထိမှာ မိဘဆွေမျိုးအနှောင့်အယှက်များတယ်ဆိုပြီး ရာဇဂြိုဟ်ပြည်သွားနေတာ"

"သံယောဇဉ်တော်တော်ပြတ်သားပဲနော်"

"သံယောဇဉ်ပြတ်ရတာပေါ့ဒကာရဲ့။ အဲသလိုမှမပြတ်ရင် ဘဝလွတ်လမ်း ဘယ်ရှာနိုင်တော့မလဲ။ အဲဒါတောင်မှ တဏှာဆိုတဲ့ အနှောင်အဖွဲ့က တစ်ခုပြီးတစ်ခု လာလာရစ်ပတ်နှောင်ဖွဲ့နေတတ်သေးတာ။ အခုပဲကြည့်လေ၊ အရှင်သုန္ဒရသမုဒ္ဒမထေရ်က အနှောင်အဖွဲ့လွတ်ချင်လို့ ရာဇဂြိုဟ်ပြည်သွားနေတာ၊ သာဝတ္ထိပြည်က မိဘတွေက သူတို့မြို့မှာ ပွဲလမ်းသဘင်ဖြစ်တော့ သူတို့သား ဒီလိုပွဲလမ်းသဘင်မှာ ခံစားပျော်ရွှင်ခွင့် မရရှာဘူးဆိုပြီး ငိုနေကြတယ်လေ။ ဒီမှာပဲ ပွဲလမ်းသဘင်အတွင်း လှည့်လည်သွားလာနေတဲ့ ပြည့်တန်ဆာမကကြားလို့ အိမ်ထဲဝင်သွားပြီး အကျိုးအကြောင်းမေးကြည့်တယ်။ သားရဟန်းပြုသွားလို့ ငိုနေကြတာတဲ့၊ ပြည့်တန်ဆာမက လူထွက်နိုင်းပါလားလို့ပြောတော့ သူတို့သားက လူထွက်ချင်တဲ့ဆန္ဒမရှိဘူး။ အဲဒါကြောင့် သာဝတ္ထိမြို့ကနေ ရာဇဂြိုဟ်မြို့ သွားနေတယ်လို့ ပြန်ပြောတယ်"

"ဒီတော့ ပြည့်တန်ဆာမက 'သူလူထွက်အောင် လုပ်ပေးမယ်တဲ့၊ ဘယ်လိုအကျိုးထူးခံစားရမလဲ' တဲ့။ ဒီအခါ ရဟန်းရဲ့မိဘများက ပြောတယ်၊ 'သမီး၊ သမီးသာ ငါတို့သားကို လူထွက်စေပြီးခေါ်လာနိုင်ခဲ့ရင် သမီးနဲ့ပေးစားပြီး ဒီအိမ်ရှိ စည်းစိမ်အားလုံး အပ်နှင်းမယ်'တဲ့ ဒကာရဲ့"

"သားချစ်တဲ့ဇောနဲ့ သာသနာပြစ်မှားတယ်ပြောရမလား မသိဘူးနော် ဘုရား"

"အမှန်မသိမှု အဝိဇ္ဇာကြောင့် ထင်ရာလုပ်တယ်လေ၊ အဝိဇ္ဇာထဲမှာ တဏှာပါ ဝင်စွက်လိုက်လေတော့ စုံလုံးကန်းပြီး ချောက်ထဲကျတာပေါ့ ဒကာ"

"ချောက်ဆိုတာက"

''အပါယ်ဇာတိ၊ အပါယ်ချောက်ပဲပေါ့ဒကာရဲ့''

''မှန်ပါဘုရား။ ဒါနဲ့ ပြည့်တန်ဆာမက ရာဇဂြိုဟ်သွားရော့လားဘုရား''

''သွားတယ်၊ သုံးစွဲဖို့ရိက္ခာအလုံအလောက် တောင်းယူပြီးသွားတာ၊ ပြီးတော့ အရှင်သုန္ဒရသမုဒ္ဒမထေရ်ရဲ့ ပုံပန်းသဏ္ဌာန်၊ ကြိုက်တတ်တဲ့ အစားအစာ၊ မိခင်ထံမှာမေးမြန်းပြီး အကုန်မှတ်ယူသွားတာ''

''တကယ့်ကို အာဂမိန်းမပါပဲဘုရား''

''အင်း...ကောင်းတဲ့နေရာမှာ အာဂလုပ်တာမဟုတ်ဘူး၊ မကောင်းတဲ့ နေရာမှာ အာဂလုပ်တာ ၊ သူ့ကိုယ်သူ ယုံကြည်စိတ်ချပြီး ရဲရဲကြီးအာမခံ သွားတာ၊ အမေတို့သား လူထွက်စေရမယ်တဲ့''

''တကယ်ကြောက်စရာကြီးပါလားဘုရား''

''မြင်ရတဲ့ရန်သူထက် မမြင်ရတဲ့ရန်သူက ပိုကြောက်စရာ ကောင်းတယ် ဒကာရဲ့။ ပြည့်တန်ဆာမဟာ ရာဇဂြိုဟ်ပြည်ရောက်တော့ ပထမအရှင်သုန္ဒရသမုဒ္ဒမထေရ်ကို သိအောင်လေ့လာတယ်။ ပြီးတော့ ဆွမ်းခံကြွတတ်တဲ့လမ်းမှာ အိမ်တစ်လုံးဝယ်တယ်။ နေ့တိုင်းမှန်မှန် ဆွမ်းရပ်လာတဲ့ မထေရ်ကို ဆွမ်းလောင်းတယ်။ ပျက်ရက်မရှိ မှန်မှန် ဆွမ်းလောင်းနိုင်အောင်ကြိုးစားတယ်။ အရှင်သုန္ဒရသမုဒ္ဒမထေရ်က သပဒါနစာရိကဓုတင် ဆောင်ထားတာ''

''ဩော်...အိမ်စဉ်အတိုင်း ဆွမ်းရပ်တာပေါ့နော်''

''ဟုတ်တယ်၊ အိမ်စဉ်အတိုင်းဆွမ်းရပ်တယ်။ အဲဒါကိုက ပြည့်တန် ဆာမအတွက် အခွင့်ကောင်းတစ်ခု ဖြစ်နေပြန်တယ်။ ပြည့်တန်ဆာမက မထေရ်ကြိုက်တတ်တဲ့ ဟင်းကောင်းဟင်းလျာလေးတွေကိုမှ ရွေးချယ်ပြီး ချက်ပြုတ်လောင်းလှူတာ။ အကြိုက်တူတဲ့သဘော၊ တိုက်ဆိုင်တဲ့ သဘော လေးတွေပေါ့။ ဒီမှာပဲ မထေရ်စိတ်ကို ရသတဏှာက မသိမသာ ရစ်ပတ် နှောင်ဖွဲ့လာမိတော့တာပဲ။ ဟိုတုန်းက ရသတဏှာအလိုက် ကိုယ်ကြိုက်

တာစားသောက်နိုင်တာပဲ။ အဲဒီတဏှာရန်ကြောက်လို့ ကာမဂုဏ်စည်းစိမ်တွေ များစွာစွန့်ပစ်ခဲ့ပြီး ရဟန်းပြုလာခဲ့ပေမယ့်၊ အခုတော့ မပြောပလောက်တဲ့ ရသတဏှာလေးကို မသိမသာ မစွန့်နိုင်ရှာတော့ဘူး''

''ပညာရှိသတိဖြစ်ခဲ ဖြစ်သွားတာထင်တယ်နော် ဘုရား''

''ဟုတ်တာပေါ့ဒကာ၊ ရသတဏှာကို သတိမမူမိတော့ ပြည့်တန်ဆာမ လျှောက်သမျှ အဟုတ်ထင်မှတ်သွားတာ''

''ပြည့်တန်ဆာမက ဘယ်လိုလျှောက်ပါသလဲ ဘုရား''

''အရှင်ဘုရားအခုလို ဆွမ်းခံကြွနေရခြင်းဟာ တရားအလုပ်အတွက် အချိန်ကုန်ပါတယ်။ တပည့်တော်မအိမ်မှာ အမြဲဆွမ်းဘုဉ်းပေးသွားခြင်းအားဖြင့် အချိန်ကုန်သက်သာပါတယ်လို့လျှောက်တော့၊ မထေရ်လည်း အဟုတ်ထင်၊ အလွန်မြတ်သော သပဒါနစာရိကဓုတင်အကျင့်ကို ဖျက်ပြီး လက်ခံလိုက်မိပါတော့တယ်၊ ပြီးတော့ မထေရ်ကြိုက်နှစ်သက်တဲ့ အာဟာရလေးလည်း ဘုဉ်းပေးသုံးဆောင်ရတော့ အာဟာရသပ္ပာယမျှတတယ် ထင်တာပေါ့''

''အာဟာရသပ္ပာယလည်းမျှတဖို့ လိုသေးတာပဲ မဟုတ်လားဘုရား''

''ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမဲ့ အာဟာရသပ္ပာယမျှတတယ် ထင်ပြီး ရသတဏှာဘက်ယိုင်သွားတတ်ပါတယ်။ ဒါ သတိထားရမယ့် အချက်ပဲ။ ပြည့်တန်ဆာမဟာ အစဦးပိုင်းရက်များမှာတော့ အိမ်ရှေ့ လူမြင်ကွင်းမှာ ဆွမ်းကပ်ပါတယ်။ နောက်လေးငါးရက်ကြာတော့ အိမ်နီးနားချင်းကလေးတွေကို မှန့်ပေးထားပြီး 'နင်တို့ ရဟန်းဆွမ်းစားကြွလာရင် ဖုန်မှုန့်တွေတထောင်းထောင်းထအောင် ဆော့ကစားကြ၊ ငါကမလုပ်ကြပါနဲ့လို့ ပြောဆိုတားမြစ်ပေမယ့် နင်တို့က ငါ့စကား နားမထောင်ဘဲ ဆော့ကစားမြဲ ဆော့ကစားကြ'လို့ ပြောဆိုမှာထားပါတယ်''

''မထေရ်ဆွမ်းစားကြွလာတော့ ကလေးတွေက ပြည့်တန်ဆာမ မှာထားတဲ့အတိုင်း ဆော့ကစားကြတာပေါ့။ ဖုန်မှုန့်တွေတထောင်းထောင်း ထနေပါတယ်။ ပြည့်တန်ဆာမက ဟန်လုပ်ပြီး ကလေးတွေကို မဆော့

ကစားကြဖို့ ရပဟန်းဆွမ်းစားရမှာဖြစ်ကြောင်း ပြောတယ်။ မရဘူး။ ကလေးတွေက ဆော့ကစားမြဲ ဆော့ကစားကြတယ်။ ဒီတော့ ပြည့်တန်ဆာမက မထေရ်ကို လျှောက်တယ်''

''အရှင်ဘုရား ကလေးတွေကလည်း ပြောမရဘူးဘုရား။ အရှင်ဘုရား ဆွမ်းဘုဉ်းပေးရတာ ဖုန်မှုန့်တွေသပိတ်ထဲဝင်ကုန်ရင် မသင့်တော်ပါဘူး ဘုရား၊ အိမ်ထဲမှာပဲ ဆွမ်းဘုဉ်းပေးပါ–ဆိုပြီး အိမ်ထဲပင့်တယ်။ မထေရ် လည်း အမှတ်တမဲ့ပဲ အိမ်ထဲလိုက်သွားပြီး ဆွမ်းဘုဉ်းပေးတယ်။ နှစ်ရက် သုံးရက်ကြာပြန်တော့ ကလေးတွေကို ဆူဆူညံညံအသံဖြစ်အောင် မုန့် ပေးပြီး လုပ်ခိုင်းပြန်တယ်။ ဆွမ်းဘုဉ်းပေးနေစဉ် အမှတ်သတိမထား နိုင်အောင်လို့ပေါ့။ မထေရ်ကတော်ပြီဆိုလည်း မကြားယောင်ပြုပြီး အတင်း ပဲသပိတ်ထဲဆွမ်းထည့်၊ ဒီလိုလုပ်နေတော့ နောက်ရက်မှာ လျှောက်ပြန် တယ်''

''အရှင်ဘုရား၊ ကလေးတွေက အသံနဲ့ အနှောင့်အယှက်ပေးနေ ပြန်တယ်။ အဲဒါကြောင့် အသံတိတ်ဆိတ်တဲ့ အိမ်အပေါ်ထပ်ကြွပြီး ဆွမ်းဘုဉ်းပေးပါတဲ့၊ မထေရ်လည်း အမှတ်မဲ့မို့ အိမ်အပေါ်ထပ် လိုက်သွား မိတာပေါ့။ တော်တော်သဒ္ဓါတရားကောင်းတဲ့ ဒကာမလို့လည်း ထင်ချင် ထင်မှာပေါ့။ အိမ်အပေါ်ထပ်ရောက်တော့ ပြည့်တန်ဆာမက တံခါးတွေကို ပိတ်လိုက်တော့တာပဲ''

''ဟင်...တော်တော်တတ်နိုင်တဲ့ မိန်းမပဲ၊ ဒါနဲ့ အိမ်ထဲမှာ သူတစ် ယောက်တည်းပဲ ရှိတာလားဘုရား''

''ပြည့်တန်ဆာမတစ်ယောက်တည်းပဲ ရှိတာပေါ့ ဒကာ၊ စာထဲမှာ တော့ အသီတိနိပါတ်၊ မဟာကုဏာလဇာတ်တော်လာ မာယာလေးဆယ် ကို အကျယ်ဖွင့်ပြထားတယ်။ အဲဒီမာယာတွေနဲ့ လူထွက်ဖို့ ပြောတော့ တာပဲ၊ 'အရှင်လည်း နုပျိုပါသေးတယ်၊ ကျွန်မလည်း နုပျိုပါသေးတယ်။ အရှင်ဟာလည်း ကျွန်မရဲ့ လင်ယောကျ်ားအဖြစ် သင့်တော်ပါတယ်။

ကျွန်မလည်း အရှင့်ရဲ့ဇနီးမယားအဖြစ် သင့်တော်ပါတယ်။ အိုမင်းမစွမ်း ရှိမှ နှစ်ယောက်လုံး ရဟန်းပြုကြတာပေါ့' တဲ့ ဒကာရေ၊ ကဲ–ဘယ်လောက် ပိုင်လိုက်သလဲနော်''

''တပည့်တော်တော့ တွေးပြီးကြက်သီးမွေးညင်းတောင် ထမိပါရဲ့ ဘုရား''

''မထေရ်ဟာ ချက်ချင်းထိတ်လန့်သွားတယ်။ သတိသံဝေဂလည်း ဖြစ်မိတယ်။ မြတ်စွာဘုရားကိုလည်း သတိရလိုက်တယ်။ မြတ်စွာဘုရားရှင် ဟာ ရာဇဂြိုဟ်ပြည်မှာမရှိဘူး။ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေပါတယ်။ ဇေတဝန်ကျောင်းတော်ကနေ အရှင်သုန္ဒရသမုဒ္ဒ မထေရ်ကြားရလောက်အောင် တန်ခိုးနဲ့တရားတော်ကို ဟောကြား လိုက်တယ်''

''ချစ်သားရဟန်း၊ ဝတ္ထုကိလေသာကာမတွေဟာဖွဲ့ချည်တတ်တယ်။ ဒီကာမတွေကို မငဲ့မကွက် စွန့်ပစ်လိုက်–လို့ မိန့်တော်မူလိုက်တော့ အရှင် သုန္ဒရသမုဒ္ဒမထေရ်ဟာ ချက်ချင်းပဲ သူ့ရဲ့သန္တာန်မှာ ငြိတွယ်နေတဲ့ လောလုပ္ပတဏှာ(ရသတဏှာ)ကို ဆင်ခြင်ပြီး၊ မမြဲတဲ့အနိစ္စသဘော ဖြစ်ပျက်ဆင်ခြင်လိုက်တယ်။ ရသတဏှာနောက် လိုက်မိလို့ ဆင်းရဲရတဲ့ သဘောကိုလည်း ဆင်ခြင်လိုက်တယ်။ ဒီဆင်းရဲတွေဟာ အမှန်ဖြစ်လို့ ဒုက္ခသစ္စာပဲလို့ မြင်ပြီး ဆင်းရဲဖြစ်ကြောင်း လောလုပ္ပတဏှာကို ဖြစ်ပျက် မဂ်နဲ့ကိုက်ပြီး ဖြတ်ပစ်လိုက်တာ တစ်ခါတည်းတဏှာတွေ ချုပ်ငြိမ်းလို့ ရဟန္တာဖြစ်သွားပါတော့တယ်''

''အမယ်လေး...တော်ပါသေးရဲ့ဘုရား''

''ရဟန္တာဖြစ်ပြီးပြီးချင်းပဲ အဘိညာဉ်တန်ခိုးနဲ့ အိမ်အမိုး ဖောက် ထွက်ပြီး မြတ်စွာဘုရားထံမှောက် အရောက်လာခဲ့ပါတယ်။ မြတ်စွာဘုရား ရှေ့တော်မှောက်ရောက်တော့ မြတ်စွာဘုရားကို ကြည်လင်ညွတ်လျှိုး ရှိခိုးနေလိုက်ပါတယ်ဒကာ''

''အရင့်အမာပေမို့သာပေါ့ဘုရား။ တော်တော်တန်တန်လို ပုဂ္ဂိုလ်မျိုး ဆိုရင်တော့ အလွတ်ရုန်းနိုင်ဖို့ မလွယ်ဘူးနော်ဘုရား''

''ဒီဇာတ်လမ်းလိုပဲ၊ ငါးရာငါးဆယ် ဝိတမိဂသမင်ပျိုဝတ္ထုနိဒါန်းမှာ လည်း ဆိုပါတယ်။ ငါးရာငါးဆယ် ကေကနိပါတ်မှာတော့ စူဠပိဏ္ဍ ပါတိကတိဿမထေရ်လို့လာရှိပါတယ်။ အဲဒီအထဲမှာတော့ လူထွက်ပြီး ပြည့်တန်ဆာမနောက် ပါသွားတယ်တဲ့ ဒကာ''

''သူကတော့ ကာမစစ်ပွဲမှာ အရှုံးပွဲဆင်သွားတာပေါ့''

''ဟုတ်တယ်ဒကာရဲ့၊ အဲဒါကြောင့် ဦးပဥ္စင်းတို့ ရဟန်းများမှာလည်း ဆွမ်းခံကြွရတာသိပ်တော့လွယ်တယ်မထင်နဲ့၊ အန္တရာယ်တွေက အများ သားလား။ စက္ခုန္ဒြေစောင့်စည်းရ၊ သောတိန္ဒြေစောင့်စည်းရနဲ့''

''မှန်ပါဘုရား၊ ခုခေတ်ကိုယ်တော်လေးများ တခြားလူငယ်လေးများနဲ့ မတူ နေနိုင်ကြတာကိုပဲ တပည့်တော် ကြည်ညိုလှပါပြီဘုရား''

''အာရုံငါးပါး ကာမဂုဏ်တရားတွေ ပေါများလှတဲ့ ဒီခေတ်မှာ ကိုယ့်ကိုယ်ကိုယ်စောင့်စည်းနိုင်ခြင်းသည်ပင် ဂုဏ်တစ်ခုပဲ ဒကာရဲ့။ သာသနာတော်အတွက် အကျိုးရှိရာရှိကြောင်းကို ရွေးပြီးကြည်ညို တတ်ကြပါစေလို့ ဦးပဥ္စင်းဆန္ဒပြုလိုက်ပါတယ်''

''မှန်ပါဘုရား၊ တပည့်တော်ကြိုးစားလျှက်ပါဘုရား''

※ ※ ※

# လွယ်ယောင်ထင်မှန်း
# တစ်ထိုင်ဆွမ်း

''အရှင်ဘုရား၊ ဒီနေ့တော့ ဓုတင်တစ်ပါးပါးအကြောင်း အမိန့်ရှိပါဦး ဘုရား''

''ဘာတွေသိချင်နေတာလဲ ဒကာရဲ့''

''သိချင်ဆို တပည့်တော် ဓုတင်တစ်ဆယ့်သုံးပါးလုံးကို သိချင်ပါတယ် ဘုရား''

ဒကာဦးမောင်မောင်ကြည်သည် ရောက်မဆိုက်ပင် ဓုတင်တစ်ပါးပါး အကြောင်းကို ဆွေးနွေးရန်စကားစလာပါသည်။ စာရေးသူက တမင် သွေးတိုးစမ်း မေးလိုက်ခြင်းဖြစ်ပါ၏။ သူကပင် ဆက်ပြီးလျှောက်ထား လေသည်။

''လူတွေက ဓုတင်အကြောင်း ဘာမျှသိတာမဟုတ်ဘူးဘုရား။ တော ပြောတောင်ပြောနဲ့၊ ဆွမ်းမှန်မှန်ခံနေရင်ပဲ ပိဏ္ဍပါတ်ဓုတင်ဆောင်နေ သလိုလို၊ ဟောဟိုတစ်နေ့က အရှင်ဘုရားအမိန့်ရှိလိုက်တော့ တပည့်တော် ပိဏ္ဍပါတ်ဓုတင်ဆိုတာကို သိရပါပြီဘုရား။ ပြီးတော့ ရှိသေးတယ်၊ တချို့ တောထွက်ကိုယ်တော်ကြီးတွေ တောပြော တောင်ပြောနဲ့ ပိဏ္ဍပါတ်ဓုတင် ပဲဆောင်နေသလိုလို၊ ပတ္တပိဏ်ဓုတင်ပဲ ဆောင်နေသလိုလို''

''ကဲ–ထားပါတော့၊ အခုဝတင်ဘယ်နှမျိုးပြောပြီးပြီလဲ''

''ပိဏ္ဍပါတ်ဝတင်ရယ်၊ အဲ...''

''လုပ်ပြီဒကာကလည်း၊ အခုမှ နှစ်မျိုးပဲရှိသေးတယ်''

''အရှင်ဘုရားကလည်း တပည့်တော်တို့က ပါဠိမကျွမ်းဘူးလေ။ အဲ–အိမ်စဉ်ဆွမ်းခံတာဘုရား''

''ဟုတ်ပါပြီ၊ ဒကာ့ကိုလည်း အဆိုးမဆိုပါဘူး။ ဦးပဉ္ဇင်းတို့တောင် ဝတင်တစ်ဆယ့်သုံးပါးလုံးကို မှန်အောင်မရေတွက်နိုင်ပါဘူး။ ထားပါတော့''

''ဟဲဟဲဟဲ...အရှင်ဘုရားကတော့ ပြောလိုက်မှဖြင့် ရှင်းရှင်းဘွင်းဘွင်းကြီးပဲ။ အဲသလိုတည့်တည့် မပြောပါနဲ့ဘုရား။ ဒကာ၊ ဒကာမတွေ အကြည်ညိုပျက်ကုန်ဦးမယ်''

''တတ်နိုင်ဘူးလေ၊ တစ်ခါတစ်ခါ တရားဟောနေရင်း ဂါထာရွတ်တာမေ့သွားလို့ 'အင်း–ဂါထာတောင် မေ့နေပြီ'လို့ လွှတ်ခနဲပြောလိုက်မိတာ။ သူငယ်ချင်းတွေက 'ကိုယ်တော်ကလည်း လူအထင်သေးအောင် အဲသလို မပြောရဘူး။ မြန်မာပြန်နဲ့ ရောကျိတ်လိုက် ဘယ်သူသိတာလိုက်လို့ အကြံပေးကြပါတယ်။ ဦးပဉ္ဇင်းကလည်း ရင်ထဲချန်မထားတတ်တာ ခက်နေတယ်''

ဦးမောင်မောင်ကြည်က သဘောကျစွာ ရယ်နေပါသည်။ ထိုအခါ စာရေးသူကသာ ဆက်ပြီးဆွေးနွေးစကား ဆိုလိုက်ရလေသည်။

''ဒကာရေ၊ ဆွမ်းနဲ့သက်ဆိုင်တဲ့ ဝတင်က ငါးမျိုးတောင်ရှိတာ။ ရှာတာက နှစ်မျိုး၊ ဘုဉ်းပေးသုံးဆောင်တာက သုံးမျိုး''

''ခွဲပြီးအမိန့်ရှိပါဘုရား''

''ရှာတာက ပိဏ္ဍပါတ်ဝတင်ရယ်၊ သပဒါနစာရိကဝတင်ရယ် နှစ်မျိုးလေ။ အဲဒီနှစ်မျိုးက ပြောပြီးသွားပြီမဟုတ်လား''

''မှန်ပါ့ဘုရား''

''ဘုဉ်းပေးသုံးဆောင်တာကျတော့ ကောသနိက်ဓုတင်၊ ပတ္တပိဏ်ခေါ် ပတ္တပိဏ္ဍိကဓုတင်၊ ခလုပစ္ဆာဘတ္တိကဓုတင်တဲ့၊ သုံးမျိုး''

''တစ်ခုချင်းရှင်းမှပဲ တပည့်တော် နားလည်မှာပါဘုရား။ ကော သနိက်နဲ့ ပတ္တပိဏ်ကိုတော့ ကြားဖူးပါတယ်။ နောက်ဟာတော့ မကြားဖူး ဘူးဘုရား''

''ကောသနိက်ဓုတင်ဆိုတာ တစ်နေရာတည်းမှာ တစ်ထိုင်တည်း အဝဘုဉ်းပေးသုံးဆောင်တာကို ကျင့်ဝတ်တစ်ခုအနေနဲ့ အဓိဋ္ဌာန်ဆောက် တည်တာကို ခေါ်တာပါ''

''မှန်ပါ၊ တစ်နေရာတည်းမှာ တစ်ထိုင်တည်း အဝဘုဉ်းပေးသုံးဆောင် တာကို စိတ်ထဲကသိသလိုလိုနဲ့ သေချာမရှင်းဘူးဘုရား''

''အဲဒါနဲ့ပတ်သက်လို့ ကာလ,ဝိကာလကို ခွဲပြရဦးမယ်၊ ဦးပဥ္စင်းတို့ ဝိနည်းတော်မှာ နေ့ရက်အယူအဆနဲ့ ဒကာတို့ အခုခေတ်လူတွေ ယူဆ ထားတာနဲ့ မတူဘူး။ ဒီက စပြောမှဖြစ်မယ်''

''ဘယ်လိုမတူတာလဲဘုရား''

''အခု ယနေ့ခေတ်လူတွေ နေ့ကူးနေ့ပြောင်းကို ည(၁၂)နာရီမှာ ယူတယ်မဟုတ်လား''

''ဟုတ်တယ်လေ အရှင်ဘုရားရဲ့။ ည(၁၂)နာရီမထိုးခင် နေ့မကူး သေးဘူး။ ည(၁၂)နာရီထိုးပြီးတာနဲ့ နောက်တစ်နေ့ ကူးသွားပြီလေ''

''ဒကာတို့ လူတွေယူထားကြတာ ဟုတ်တယ်လေ၊ ဥပမာ ဝါဆိုလ ဆိုပါတော့။ လကွယ်နေ့ ညဆယ့်နှစ်နာရီထိုးပြီးတာနဲ့ နောက်တစ်နေ့ ဝါခေါင်လဆန်း(၁)ရက်နေ့ကို ကူးသွားပြီ။ ဒီလို မဟုတ်လား''

''မှန်ပါ၊ ဟုတ်ပါတယ်ဘုရား''

''ဦးပဥ္စင်းတို့ ဝိနည်းဒေသနာတော်အရဆိုရင်တော့ မကူးသေးဘူး ဒကာရဲ့''

''ဟင်–ဟုတ်လား၊ ဘယ်လိုကြောင့်လဲဘုရား''

''ညတစ်ညမှာ ညဉ့်သုံးယံရှိတယ်ဆိုတာ ဒကာသိပါတယ်။ ရှေ့ပိုင်းကို ပထမညဉ့်ဦးယံ၊ (၁၂)နာရီဝန်းကျင်ကို ဒုတိယသန်းခေါင်ယံ၊ သုံးနာရီ လောက်မှစလို့ နောက်ပိုင်းကို တတိယပစ္ဆိမယံ နောက်ဆုံးယံဆိုပြီး ခွဲထားတယ်။ ပစ္ဆိမယံလွန်တော့ အရုဏ်တက်လာပြီ၊ နေထွက်တော့မယ် ဆိုတဲ့အမှတ်နဲ့ နေမထွက်မီ တစ်နာရီခန့်ကြိုပြီး နေရဲ့ရှေ့ပြေး အလင်းရောင် ပေါ်လာတာကို အရုဏ်တက်လို့ခေါ်တယ်။ ဝါဆိုလကွယ်က ပစ္ဆိမယံအဆုံးမှာ ကုန်ဆုံးပြီး အရုဏ်တက်တာနဲ့ တစ်ပြိုင်နက် ဝါခေါင် လဆန်း(၁)ရက်နေ့စတယ်။ ဒီဝါခေါင်လဆန်း(၁)ရက်နေ့ဟာလည်း ညရဲ့ နောက်ဆုံး ပစ္ဆိမယံကုန်မှ အဆုံးသတ်တယ်။ အဲသလို ယူရတယ် ဒကာ''

''ဩော်–ဒါဆို လောကီအလိုနဲ့ တော်တော်ကွာတာပဲနော်ဘုရား''

''လောကီအလိုဆိုပေမယ့် ခုခေတ်မှယူကြတာပါ။ ဟိုတုန်းကတော့ လောကီလည်း အရုဏ်တက်ကိုပဲ ယူကြပါတယ်။ အရုဏ်တက်ကနေ နေမွန်းတည့်(၁၂)နာရီထိအချိန်ကို ကာလလို့ခေါ်ပါတယ်။ မွန်းတည့် (၁၂)နာရီကနေ အရုဏ်တက်ချိန်ထိကို ဝိကာလလို့ခေါ်ပါတယ်။ ရဟန်း များဟာ ကာလလို့ခေါ်တဲ့ အရုဏ်တက်ချိန်ကနေ မွန်းတည့်(၁၂)နာရီ အတွင်းမှာသာ ဆွမ်းစားခွင့်ရှိပါတယ်။ ဝိကာလလို့ခေါ်တဲ့မွန်းတည့်(၁၂) နာရီကနေ အရုဏ်တက်ချိန်အတွင်းမှာ ဆွမ်းမစားကောင်းပါဘူး။ စားမိလျှင် ပါစိတ်အာပတ်သင့်ပါတယ်။ ဒေသနာကြားရပါတယ်''

''ဒါဆို နံနက်စောစောလို့ခေါ်တဲ့ သုံးနာရီ၊လေးနာရီအချိန်မှာ လက် ဖက်ရည်ကော်ဖီမုန့်တွေ မကပ်ရဘူးပေါ့''

''မကပ်ရဘူးဒကာရဲ့။ အရုဏ်တက်မှသာ ကပ်ခွင့်ရှိတယ်''

''တပည့်တော်က အဲဒီ မနက်သုံးနာရီ၊လေးနာရီအချိန်ဆို ကပ်လို့ရပြီ ထင်နေတာဘုရား''

''မသိလို့ဘဲဖြစ်ဖြစ်၊ သိလို့ပဲဖြစ်ဖြစ် ကပ်မိရင်ကပ်တဲ့ဒကာမှာ အပြစ် ဖြစ်တယ်။ အကပ်ခံပြီးဘုဉ်းပေးတဲ့ ရဟန်းမှာလည်း အပြစ်ဖြစ်တယ်''

ဉာဏ်ရောင်လင်းစာစဉ်

''မသိပါဘူးဘုရား၊ အရှင်ဘုရား ခုပြောလို့သာ တပည့်တော် သေသေချာချာ သိရပါတော့တယ်''

''အရုဏ်တက်ကနေ မွန်းတည့်ချိန်အတွင်းတော့ ဘယ်အချိန်ပဲစားစား၊ ဘယ်နှခါပဲစားစား၊ စားခွင့်ရှိပါတယ်၊ ဒီကာလအတောအတွင်းမှာ စားတာကို တစ်ထပ်တည်းသော ဆွမ်းစားတယ်လို့ ဆိုလိုတာလားဘုရား''

''ဟုတ်ပါတယ်၊ အဲဒါကြောင့် ဒကာတို့ ဆွမ်းစားပင့်တဲ့အခါ အရုဏ်ဆွမ်းကပ်မှာလား နေ့ဆွမ်းကပ်မှာလားလို့ မေးရတာပေါ့။ အရုဏ်ဆွမ်းမှာလည်း တစ်ခါထိုင်စား၊ နေ့ဆွမ်းမှာလည်း တစ်ခါပြန်ထိုင်စား၊ တစ်ခါတစ်ရံကြားထဲမှာ လာကပ်သူရှိပြန်တော့ ဒကာကျေနပ်အောင် တစ်ခါထပ်စားနဲ့ ဦးပဥ္စင်းတို့မှာ အကြိမ်များစွာ ထိုင်စားဖြစ်ကြပါတယ်။ ကောသနိက်ဓုတင်ဆောင်ရဟန်းကတော့ အဲသလိုအကြိမ်များစွာ ထိုင်စားခွင့်မရှိပါဘူး။ ကာလခေါ်တဲ့အရုဏ်တက်ကနေ နေမွန်းမတည့်မီ အချိန်တွင်းမှာ တစ်ကြိမ်တည်း တစ်ထိုင်တည်းမှာသာ အဝစားသောက် ဘုဉ်းပေးခွင့်ရှိပါတယ်။ ဘုဉ်းပေးစားသောက်နေရာက ထပြီးရင် နောက်တစ်ကြိမ်ထိုင်ပြီး ဘုဉ်းပေးစားသောက်ခွင့်မရှိတော့ပါဘူး။ ဘုဉ်းပေးစားသောက်မိရင် ဓုတင်ပျက်ပါတယ်''

''ဘာဖြစ်လို့လဲဘုရား''

''ကောသနိက်ဆိုတာက ကေအာသနပါဠိပုဒ်ကလာတာ၊ ကေဆိုတာက တစ်၊ အာသနဆိုတာက နေရာ၊ တစ်နေရာမှာ တစ်ကြိမ်သာ ထိုင်ပြီး ဘုဉ်းပေးစားသောက်ဖို့ အဓိဋ္ဌာန်ပြုထားတာကိုး''

''ဒီကောသနိက်ဓုတင်ကို ဆောက်တည်တော့မယ်ဆိုရင် ဘယ်လိုဆိုပြီး ဆောက်တည်ရမှာလဲဘုရား''

''အထူးထူးသော နေရာတို့၌ နေ၍ သုံးဆောင်စားသောက်ခြင်းကို ပယ်ပါ၏။ တစ်ထိုင်တည်း၌သာ သုံးဆောင်ခြင်း ကျင့်ဝတ်ရှိသော ပုဂ္ဂိုလ်၏အင်္ဂါကို ဆောက်တည်ပါ၏လို့ဆိုပြီး ဆောက်တည်ရပါတယ်''

''ကောသနိက်ဓုတင် ဆောက်တည်ထားရင် စားပွဲတွေဘာတွေနဲ့ရော ဘုဉ်းပေးလို့ရသလားဘုရား''

''ရပါတယ်။ ဒါပေမဲ့ ဟို–အမြတ်ဆုံးဉက္ကဋ္ဌအဖြစ်နဲ့ ကျင့်မယ်ဆိုရင်တော့ အကပ်ခံပြီးသား စားပွဲ၊ ဒါမှမဟုတ် သပိတ်နဲ့ ဘုဉ်းပေးရင်တော့ သပိတ်ပေါ့။ အဲဒီစားပွဲ သို့မဟုတ် သပိတ်ထဲကို နောက်ထပ်ဘာစားဖွယ်မှ ထပ်ပြီး တင်လှူခွင့် ထည့်လှူခွင့် မရတော့ဘူး''

''တပည့်တော် နားရှင်းအောင် အမိန့်ရှိပါဦး ဘုရား''

''စားပွဲနဲ့ ဘုဉ်းပေးတယ်ပေါ့ ဒကာရယ်၊ နောက်ထပ် ဟင်းလိုက်ခွင့်မရှိဘူး။ ပထမအကပ်ခံတုန်းက ဟင်းတစ်ခွက်မေ့ကျန်ရစ်ခဲ့လို့ နောက်ထပ်လာကပ်ရင် လက်ခံခွင့်မရှိဘူး။ သပိတ်နဲ့ဘုဉ်းပေးတာ ဆိုရင်လည်း သပိတ်ထဲကို နောက်ထပ် ထပ်ထည့်ခွင့်မရှိဘူးတဲ့''

''ဩော်–ဒါလေးတွေက သိထားသင့်တာပဲနော် ဘုရား''

''သိထားသင့်တာပေါ့၊ အသေးအဖွဲလေးလို့ ထင်ရပေမယ့် ဓုတင်ကျင့်တဲ့ပုဂ္ဂိုလ်မှာတော့ ဓုတင်ပျက်တာပေါ့။ အဲ မဇ္ဈိမပုဂ္ဂိုလ်ကတော့ အလယ်အလတ်စားကျင့်သူမို့ နောက်ထပ်လိုက်ခွင့်ထည့်ခွင့်ရပြန်သတဲ့။ ဒါပေမဲ့ ဆွမ်းစားပြီးပြီဆိုတာနဲ့ နောက်ထပ်ဘာမျှ စားသုံးခွင့် မရှိတော့ဘူး။ မုဒုလို့ခေါ်တဲ့ ခပ်ပျော့ပျော့၊ ခပ်လျော့လျော့ ကျင့်သူကတော့ ဆွမ်းစားပြီးလို့ လက်မဆေးရသေးမီနောက်ထပ် စားသုံးခွင့်ရှိသေးသတဲ့၊ လက်ကို ရေဆေးလိုက်ပြီဆိုတာနဲ့ ဘာမျှစားသုံးခွင့် မရှိတော့ဘူး။

ဒီသုံးပါးလုံးဟာ ဆွမ်းစားနေစဉ် ထိုင်နေတဲ့ ဣရိယာပုတ်ကိုတော့ လုံးဝပြောင်းလို့မရဘူးဆိုတာကိုတော့ သိထားရမယ်။ ဣရိယာပုတ်ပြောင်းလိုက်တာနဲ့ ဘုဉ်းပေးသုံးဆောင်ခွင့် မရှိတော့ဘူး။ အဲဒါကြောင့် ဣရိယာပုတ်တစ်ခုတည်း တစ်ထိုင်တည်းသာ ဘုဉ်းပေးသုံးဆောင်ရလို့ ကောသနိက်ဓုတင်လို့ခေါ်တာပါ''

''အခြားအကြောင်းကိစ္စတစ်ခုကြောင့် ဆွမ်းစားနေတုန်း ထလိုက်ရတယ်ဆိုရင်ရောဘုရား။ ဆွမ်းစားလို့မပြီးသေးဘူး။ စားစပဲရှိသေးတယ်။ နောက်တစ်ခါ ပြန်ထိုင်ပြီး စားလို့မရတော့ဘူးလား''

''မရတော့ဘူး ဒကာရဲ့။ အဲဒါတော့ သေချာမှတ်ထား။ ဟိုတုန်းက မြို့ထဲရွာထဲမှာ ဆွမ်းစားဇရပ်ဆိုတာရှိတယ်။ အဲဒီဆွမ်းစားဇရပ်မှာ ဒီကောသနိက်စုတင်ဆောင်နေတဲ့ ရဟန်းက အလျင်ရောက်ရင် ကိုယ်နေရမယ့်နေရာကို မှန်းပြီး ကြည့်ထားရမယ်။ ကိုယ့်ထက် သီက္ခာဝါကြီးသူ ကြွလာခဲ့ရင် ထ,မပေးရအောင်လို့ပေါ့။ ဒါမှမဟုတ် မထိုင်သေးဘဲ စောင့်ဆိုင်းမယ်ဆိုရင်လည်း စောင့်ဆိုင်းလို့ရတယ်။ အကယ်၍ ကိုယ်က ဆွမ်းစားမယ်ဆိုပြီး ထိုင်လိုက်တယ်။ ဆွမ်းစားတယ်၊ ဆွမ်းစားနေတုန်း ဥပဇ္ဈာယ်ဆရာ ကြွလာခဲ့မယ်ဆိုရင်တော့ တပည့်ဝတ္တရားအတိုင်းထပြီး ဝေယျာဝစ္စ ပြုပေးရပါတယ်။ ပြုပေးရမယ့်တာဝန်ကလည်း ရှိပါတယ်။ ဝေယျာဝစ္စပြုပေးပြီး နောက်တစ်ဖန် ပြန်ထိုင်ပြီး ဆွမ်းစားခွင့် မရှိတော့ပါဘူး''

''ဟင်–ဒါဆို တကယ့်ကို မလွယ်ပါလားဘုရား''

''ဟုတ်တယ်၊ ဆရာ့ဝေယျာဝစ္စ မပြုပြန်ရင်လည်း တပည့်ဝတ္တရား ချွတ်ယွင်းမယ်။ အာဟာရတည်းဟူသော အကြောင်းကြောင့် ဝတ္တရား အပျက်မခံဘူးဆိုတဲ့ သာသနာ့အာဇာနည်စိတ်ဓာတ်ပေါ့ ဒကာရယ်။ ဒီလို စိတ်ဓာတ်မျိုးရှိအောင်လည်း မြတ်စွာဘုရားက မိန့်ဟော ပညတ်ခဲ့တာပါ။ ဒါမှလည်း သာသနာရှည်ကြာ တည်တံ့မယ်လေ။ မဟုတ်ဘူးလား။ သာသနာရှည်ကြာ တည်တံ့ခိုင်မာဖို့ အရေးကလည်း ဒီဝတ္တရားတွေက အလွန်ပဲ အရေးကြီးလှပါတယ်။

''သာသနာကွယ်တော့မယ်ဆိုရင် ဒီဆရာ့ဝတ္တရား၊ တပည့်ဝတ္တရားတွေ ပျက်ကွက်လာတော့တာပါပဲ။ သာသနာတော်ကို အရှည်တည်တံ့အောင် စောင့်ရှောက်တယ်ဆိုရာမှာလည်း ဝိနည်းစတဲ့ ပိဋကတ်သုံးပုံကို

''ကောသနိက်ဓုတင် ဆောက်တည်ထားရင် စားပွဲတွေဘာတွေနဲ့ရော ဘုဉ်းပေးလို့ရသလားဘုရား''

''ရပါတယ်။ ဒါပေမဲ့ ဟို–အမြတ်ဆုံးဥက္ကဋ္ဌအဖြစ်နဲ့ ကျင့်မယ်ဆိုရင်တော့ အကပ်ခံပြီးသား စားပွဲ၊ ဒါမှမဟုတ် သပိတ်နဲ့ ဘုဉ်းပေးရင်တော့ သပိတ်ပေါ့။ အဲဒီစားပွဲ သို့မဟုတ် သပိတ်ထဲကို နောက်ထပ်ဘာစားဖွယ်မှ ထပ်ပြီး တင်လှူခွင့် ထည့်လှူခွင့် မရတော့ဘူး''

''တပည့်တော် နားရှင်းအောင် အမိန့်ရှိပါဦး ဘုရား''

''စားပွဲနဲ့ ဘုဉ်းပေးတယ်ပေါ့ ဒကာရယ်၊ နောက်ထပ် ဟင်းလိုက်ခွင့်မရှိဘူး။ ပထမအကပ်ခံတုန်းက ဟင်းတစ်ခွက်မေ့ကျန်ရစ်ခဲ့လို့ နောက်ထပ်လာကပ်ရင် လက်ခံခွင့်မရှိဘူး။ သပိတ်နဲ့ဘုဉ်းပေးတာ ဆိုရင်လည်း သပိတ်ထဲကို နောက်ထပ် ထပ်ထည့်ခွင့်မရှိဘူးတဲ့''

''ဩော်–ဒါလေးတွေက သိထားသင့်တာပဲနော် ဘုရား''

''သိထားသင့်တာပေါ့၊ အသေးအဖွဲလေးလို့ ထင်ရပေမယ့် ဓုတင်ကျင့်တဲ့ပုဂ္ဂိုလ်မှာတော့ ဓုတင်ပျက်တာပေါ့။ အဲ မဇ္ဈိမပုဂ္ဂိုလ်ကတော့ အလယ်အလတ်စားကျင့်သူမို့ နောက်ထပ်လိုက်ခွင့်ထည့်ခွင့်ရပြန်သတဲ့။ ဒါပေမဲ့ ဆွမ်းစားပြီးပြီဆိုတာနဲ့ နောက်ထပ်ဘာမျှ စားသုံးခွင့် မရှိတော့ဘူး။ မုဒုလို့ခေါ်တဲ့ ခပ်ပျော့ပျော့၊ ခပ်လျော့လျော့ ကျင့်သူကတော့ ဆွမ်းစားပြီးလို့ လက်မဆေးရသေးမီနောက်ထပ် စားသုံးခွင့်ရှိသေးသတဲ့၊ လက်ကိုရေဆေးလိုက်ပြီဆိုတာနဲ့ ဘာမျှစားသုံးခွင့် မရှိတော့ဘူး။

ဒီသုံးပါးလုံးဟာ ဆွမ်းစားနေစဉ် ထိုင်နေတဲ့ ဣရိယာပုတ်ကိုတော့ လုံးဝပြင်လို့မရဘူးဆိုတာကိုတော့ သိထားရမယ်။ ဣရိယာပုတ် ပြင်လိုက်တာနဲ့ ဘုဉ်းပေးသုံးဆောင်ခွင့် မရှိတော့ဘူး။ အဲဒါကြောင့် ဣရိယာပုတ်တစ်ခုတည်း တစ်ထိုင်တည်းသာ ဘုဉ်းပေးသုံးဆောင်ရလို့ ကောသနိက်ဓုတင်လို့ခေါ်တာပါ''

''အခြားအကြောင်းကိစ္စတစ်ခုကြောင့် ဆွမ်းစားနေတုန်း ထလိုက်ရတယ်ဆိုရင်ရောဘုရား။ ဆွမ်းစားလို့မပြီးသေးဘူး။ စားစပဲရှိသေးတယ်။ နောက်တစ်ခါ ပြန်ထိုင်ပြီး စားလို့မရတော့ဘူးလား''

''မရတော့ဘူး ဒကာရဲ့။ အဲဒါတော့ သေချာမှတ်ထား။ ဟိုတုန်းက မြို့ထဲရွာထဲမှာ ဆွမ်းစားဇရပ်ဆိုတာရှိတယ်။ အဲဒီဆွမ်းစားဇရပ်မှာ ဒီကောသနိက်ဓုတင်ဆောင်နေတဲ့ ရဟန်းက အလျှင်ရောက်ရင် ကိုယ်နေရမယ့်နေရာကို မှန်းပြီး ကြည့်ထားရမယ်။ ကိုယ့်ထက် သိက္ခာဝါကြီးသူ ကြွလာခဲ့ရင် ထ,မပေးရအောင်လို့ပေါ့။ ဒါမှမဟုတ် မထိုင်သေးဘဲ စောင့်ဆိုင်းမယ်ဆိုရင်လည်း စောင့်ဆိုင်းလို့ရတယ်။ အကယ်၍ ကိုယ်က ဆွမ်းစားမယ်ဆိုပြီး ထိုင်လိုက်တယ်။ ဆွမ်းစားတယ်၊ ဆွမ်းစားနေတုန်း ဥပဇ္ဈာယ်ဆရာ ကြွလာခဲ့မယ်ဆိုရင်တော့ တပည့်ဝတ္တရားအတိုင်းထပြီး ဝေယျာဝစ္စ ပြုပေးရပါတယ်။ ပြုပေးရမယ့်တာဝန်ကလည်း ရှိပါတယ်။ ဝေယျာဝစ္စပြုပေးပြီး နောက်တစ်ဖန် ပြန်ထိုင်ပြီး ဆွမ်းစားခွင့် မရှိတော့ပါဘူး''

''ဟင်–ဒါဆို တကယ့်ကို မလွယ်ပါလားဘုရား''

''ဟုတ်တယ်၊ ဆရာ့ဝေယျာဝစ္စ မပြုပြန်ရင်လည်း တပည့်ဝတ္တရား ချွတ်ယွင်းမယ်။ အာဟာရတည်းဟူသော အကြောင်းကြောင့် ဝတ္တရားအပျက်မခံဘူးဆိုတဲ့ သာသနာ့အာဇာနည်စိတ်ဓာတ်ပေါ့ ဒကာရယ်။ ဒီလိုစိတ်ဓာတ်မျိုးရှိအောင်လည်း မြတ်စွာဘုရားက မိန့်ဟော ပညတ်ခဲ့တာပါ။ ဒါမှလည်း သာသနာရှည်ကြာ တည်တံ့မယ်လေ။ မဟုတ်ဘူးလား။ သာသနာရှည်ကြာ တည်တံ့ခိုင်မာဖို့ အရေးကလည်း ဒီဝတ္တရားတွေက အလွန်ပဲ အရေးကြီးလှပါတယ်။

''သာသနာကွယ်တော့မယ်ဆိုရင် ဒီဆရာ့ဝတ္တရား၊ တပည့်ဝတ္တရားတွေ ပျက်ကွက်လာတော့တာပါပဲ။ သာသနာတော်ကို အရှည်တည်တံ့အောင် စောင့်ရှောက်တယ်ဆိုရာမှာလည်း ဝိနည်းစတဲ့ ပိဋကတ်သုံးပုံကို

သင်ယူနေရုံနဲ့မပြီးပါဘူး။ ပိဋကတ်သုံးပုံကို သင်ယူရသလို ပိဋကတ်သုံးပုံက ညွှန်ပြတဲ့ ကျင့်ဝတ်ဝတ္တရားတွေကိုလည်း လိုက်နာကျင့်သုံးရပါတယ်။ ကျင့်ဝတ်ဝတ္တရားတွေ ပျက်ကွက်နေရင် ဘယ်လောက်ပဲ တရားအားထုတ်နေနေ ဈာန်မဂ်ဖိုလ်တရားများကို မရနိုင်ပါဘူး။ ဈာန်မဂ်ဖိုလ်တရားထူးကို မရနိုင်ရင် ဒိဋ္ဌိဝိစိကိစ္ဆာဝင်မယ်။ ဒိဋ္ဌိဝိစိကိစ္ဆာ ဝင်လာရင် ယုံကြည်မှုသဒ္ဓါတရား မရှိတော့ဘူး။ ယုံကြည်မှုသဒ္ဓါတရား မရှိတော့ရင် သာသနာတော်ကို စောင့်ရှောက်လို့မရတော့ပါဘူး။ သာသနာတော်ကို စောင့်ရှောက်တယ်ဆိုတာ ပါးစပ်က စောင့်ရှောက်နေရုံနဲ့ မပြီးပါဘူး။ တချို့လူတွေက သာသနာပြုတယ်၊ သာသနာပြုတယ်နဲ့ ပါးစပ်က အတင်းအော်နေပြီး၊ သာသနာဖျက်ကြောင်း အကျင့်တွေကို ကျင့်နေတတ်ကြပါတယ်။ အလွန်အရေးကြီးပါတယ်။ သတိထားရမှာပါ ဒကာ''

''ကောသနိက်ဓုတင် ကျင့်ခြင်းဖြင့် ဘယ်လိုအကျိုးထူးတရားတွေ ရနိုင်ပါသလဲဘုရား''

''တစ်နေရာတည်းမှာ တစ်ထိုင်တည်း အပြီးစားတဲ့ အတွက်ကြောင့် လောလုပ္ပတဏှာကို မဖြစ်စေရဘူးဒကာရဲ့။ ဘောဇဉ်အာဟာရကြောင့် ဖြစ်တဲ့ အနာရောဂါ၊ အစားများသွားလို့ အဆီယစ်တယ်၊ ပြည့်အင့်တယ် ဆိုတာမျိုး မဖြစ်စေရဘူး။ အတိရိတ်ဝိနည်းကံကြောင့် အာပတ်မသင့်ဘူး''

''ဘယ်လိုဘယ်လို၊ ဘာကံ အရှင်ဘုရား''

''အတိရိတ်ဝိနည်းကံပါ''

''အဲဒါ ဘာကိုဆိုလိုတာလဲဘုရား''

''နောက်–ခလုပစ္ဆာဘတ္တိကဓုတင်ကျတော့ ပြောပြပါမယ်။ ကောသနိက်ဓုတင်ကို ကောင်းစွာဖြည့်ကျင့်ဆောက်တည်နိုင်မယ် ဆိုရင်တော့ တဏှာကို ခေါင်းပါးပြုန်းတီးစေတတ်ခြင်းအကျင့်၌ မွေ့လျော်သဖြင့် ချမ်းသာစွာနေရခြင်းစတဲ့ အကျိုးထူးတရားတွေ ရရှိခံစားရပါမယ်''

''ဒီ ကောသနိက်ဓုတင်ကျင့်တဲ့ ပုဂ္ဂိုလ်ဆိုရင် တပည့်တော်တို့ ဒကာ၊ ဒကာမတွေ သိထားပြီး တော်တော်လေးကိုပဲ ဆင်ခြင်ပြီး ကပ်လှူရမယ် နော်ဘုရား''

''ဟုတ်တယ်ဒကာ၊ တစ်ခါတုန်းက ဆရာတော်ကြီးတစ်ပါးဟာ ကောသနိက်ဓုတင်ကျင့်နေတယ်လို့ ယူဆရတယ်ပေါ့။ အလိုက်မသိတဲ့ ဒကာက နံနက်ရှစ်နာရီလောက်မှာ သူ့ခြံထွက်အုန်းသီးလေးက ကောင်းတယ်၊ ဆရာတော်ကျန်းမာရေးကောင်းအောင်ဆိုပြီး အုန်းစိမ်းရေလာ ကပ်တယ်၊ ဆရာတော်က ဟိုအနားမှာ ခဏထားလိုက်ပါဦးဆိုတာကို 'ဆရာတော်၊ အုန်းစိမ်းရေက အခုခွဲ အခုဘုဉ်းပေးမှကောင်းတာ၊ တော်ကြာ ဓာတ်ပျက်သွားရင်မကောင်းဘူး' ဘာညာနဲ့လျှောက်တော့ ဆရာတော်က ဒကာ့ကို ငဲ့ပြီး ဘုဉ်းပေးလိုက်တယ်။ အဲ–ဆွမ်းစားချိန်ကျတော့ ဆရာတော်က 'ဒီနေ့ကိစ္စပြီးပြီ' လို့မိန့်လိုက်တယ်''

''ဟာ–စိတ်မကောင်းစရာပဲဘုရား။ ဒါနဲ့ အုန်းစိမ်းရေက ရေပဲမဟုတ်လားဘုရား''

''အင်း–ရေတော့ရေပါပဲ။ ဒါပေမဲ့ သူ့မှာ အာဟာရဓာတ်သတ္တိပါနေလို့ အဖျော်ရှစ်မျိုးထဲမှာ မပါဘူးဒကာရဲ့''

''ဩော်–ဖြစ်မှဖြစ်ရလေဘုရား''

❊ ❊ ❊

# လွှယ်ယောင်ခက် ကျင့်နိုင်ခဲ

''ပဋ္ဌာပိုဏ်မှတင်ဆိုတာက ပဋ္ဌာဆိုတာက သပိတ်၊ ခွက်လို့ အဓိပ္ပာယ်ရပါတယ်။ ပိဏ္ဍိကဆိုတာက အစိုင်အခဲပါ။ ပဋ္ဌာပိဏ္ဍိက=သပိတ်တစ်လုံးထဲမှာ သို့မဟုတ် ခွက်တစ်ခုထဲမှာ မပြတ်ဘဲ ဆက်စပ်နေတဲ့ အစိုင်အခဲဘောဇဉ်အာဟာရကို တစ်ထိုင်တည်း အပြီးဘုဉ်းပေးခြင်းကို ပဋ္ဌာပိဏ္ဍိကင်္ဂမှတင်လို့ ခေါ်ပါတယ်။ မြန်မာလိုတော့ ပဋ္ဌာပိုဏ်မှတင်ပေါ့။ ပိုဏ်ဆိုတာမှာလည်း ငသတ်နဲ့ မဟုတ်ပါဘူး။ ဏကြီးသတ်ပိုဏ်ပါ''

''ပဋ္ဌာပိုဏ်မှတင်ဆိုတာ တပည့်တော်တို့သိထားတာကတော့ သပိတ်တစ်လုံးထဲမှာ ဆွမ်းရော ဟင်းတွေရော၊ ရောနှောဘုဉ်းပေးတာလို့ သာမန်သိထားတာပါဘုရား။ အခု အရှင်ဘုရားမိန့်တော့ အစိုင်အခဲဆိုတော့ ဘယ်လိုမျိုးပါလဲဘုရား''

''သပိတ်တစ်လုံးထဲမှာ ဆွမ်းရယ်၊ ဟင်းမျိုးစုံရယ်၊ မုန့်ပဲသရေစာတွေရယ် ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးရောပွှမ်းနယ်လိုက်တော့ တစ်ဆက်တည်းဖြစ်မသွားဘူးလား။ တစ်ခုနဲ့တစ်ခု ဆက်စပ်နေတာကို တစ်စပ်တည်း အစိုင်အခဲလို့ခေါ်တာပါ''

ဉာဏ်ရောင်လင်း စာစဉ်

''ဒါဆိုရင် ပတ္တပိဏ်တော့ ဘုဉ်းပေးတယ်ပေါ့ဘုရား။ ဆွမ်းစားပြီးမှ အချိုပွဲဘုဉ်းပေးလို့ မရဘူးလားဘုရား''

''မရဘူး ဒကာ။ ပတ္တပိဏ်ဓုတင်ဆောက်တည်ထားတဲ့ ရဟန်းဟာ ဆွမ်းနဲ့ဟင်းနဲ့ ရောနယ်ထားတာက သတ်သတ်၊ အချိုပွဲက သတ်သတ် စီထားပြီး၊ ဆွမ်းဘုဉ်းပေးပြီးမှ အချိုပွဲဘုဉ်းပေးတယ်ဆိုရင်တော့ ပတ္တပိဏ် ပျက်ပါတယ်။ အချိုပွဲလည်း ဘုဉ်းပေးချင်တယ်ဆိုရင်တော့ သပိတ်ထဲမှာ အကုန်လုံးရောနယ်ရပါမယ်၊ တစ်ဆက်တည်း အတူတူဘုဉ်းပေးရပါမယ်''

''ဟင်–ဒါဆိုရင်တော့ ချိုတာရော၊ ချဉ်တာရော၊ ခါးတာရော စုံနေမှာပဲ။ ဘယ်ဘုဉ်းပေးလို့ ကောင်းတော့မှာလဲဘုရား။ အခုခေတ်တချို့ ကိုယ်တော်ကြီးတွေက ပတ္တပိဏ်ဘုဉ်းပေးတာကိုသာ တပည့်တော် တွေ့ဖူးတာကိုးဘုရား။ သူတို့ကတော့ အချိုပွဲသတ်သတ်ခွဲထားလိုက်တော့ စားလို့ ကောင်းတာပေါ့ဘုရား''

''အဲဒါ ပတ္တပိဏ်ဓုတင်စစ်စစ်ကျင့်တာ မဟုတ်ပါဘူး။ ပတ္တပိဏ် ဓုတင်ဆိုပြီး နားမလည်လို့ရင်ဖြစ်မယ်။ လူအထင်ကြီးကောင်းရုံ ကျင့်ပြနေတာလည်း ဖြစ်မယ်။ ပတ္တပိဏ်ဓုတင်ကျင့်တဲ့ ပုဂ္ဂိုလ်ဟာ ခပ်ပျော့ပျော့နဲ့ အညံ့ဆုံးကျင့်တဲ့ ပုဂ္ဂိုလ်တောင်မှ မိမိစားနေဆဲ သပိတ် တစ်လုံးအပြင် ငါးရိုးစတဲ့ အရိုးအမှျင်တွေထည့်ဖို့ နောက်ထပ်ခွက်တစ်လုံး အပိုထားတာတောင် မအပ်ဘူးတဲ့။ ဆွမ်းစားပြီးမှ နောက်ထပ်အချိုပွဲ ဘုဉ်းပေးတယ်ဆိုရင်တော့ ဘာပြောစရာရှိတော့မှာလဲ။ ခွက်များစွာ ဆေးကြောဖို့ ဒုက္ခငြိမ်းအောင်လို့ ရိုးရိုးပတ္တပိဏ်ဘုဉ်းပေးတာဖြစ်မယ်။ အဓိဋ္ဌာန်နဲ့ဆောက်တည်ထားတဲ့ ပတ္တပိဏ်ဓုတင်အကျင့်မြတ်တော့ မဖြစ် နိုင်တော့ပါဘူး။ အသီးအရွက်၊ ကိုယ်စားချင်တာအားလုံး သပိတ်တစ် လုံးတည်းမှာပဲ ရှိနေရပါမယ်။

''ဒါဆို ငါးဟင်းပါလာတော့ အရိုးထွင်ပြီး ဘယ်လိုလုပ်ရမလဲဘုရား''

''သပိတ်ထဲမှာပဲ တစ်နေရာတစ်ဓောင်ထဲမှာပဲ ထားရမယ်ဒကာ''

''သပိတ်ထဲမှာ ဆွမ်းတွေများနေရင်ရော၊ ဘယ်လိုလုပ်ရမှာလဲ ဘုရား''

''ကိုယ်စားလို့ ဝနိုင်မယ့်အနေအထားကို သိရမှာပေါ့။ အဲသလောက်ကိုသာ သပိတ်ထဲမှာ ချန်လှပ်ထားပြီး ကျန်တာကို အခြားခွက်တစ်ခုထဲမှာ ထည့်ရမယ်။ ကိုယ်က အခြားခွက်တစ်ခုထဲကို ထည့်လိုက်ပြီဆိုရင် ပြန်နှိုက်ယူခွင့်မရှိတော့ဘူး။ အဲဒီ ကိုယ်ထည့်လိုက်တဲ့ ခွက်ဟာ ကိုယ်နဲ့ လုံးဝမဆိုင်တော့ဘူး။ အဲဒါကြောင့် နှစ်ခုမြောက်ခွက်ကို မထားရဘူးလို့ဆိုတာပေါ့။ အဲ–ကြံရိုးစုတ်တဲ့အခါမှာတော့ စုတ်ပြီးသားကြံဖတ်ထည့်ဖို့တော့ နောက်ထပ်ခွက်တစ်ခု ထားအပ်တယ်လို့ ဆိုပြန်ပါတယ်''

''သပိတ်ထဲမှာ ငှက်ပျောသီးတို့ ဘာတို့ပါလာမယ်ဘုရား။ ဒါဆိုရင်ရော ရမှာလား''

''အမြတ်ဆုံးကျင့်တဲ့ ဥက္ကဋ္ဌပုဂ္ဂိုလ်ကတော့ မရဘူး။ ငှက်ပျောသီးကို ချေဖျက်ရောနယ်ပြီး အတူစားရပါတယ်။ အလတ်စားကျင့်တဲ့ မဇ္ဈိမပုဂ္ဂိုလ်ကတော့ ဟတ္ထယောဂီလို့ခေါ်ပါတယ်။ သပိတ်ထဲမှာ ကိုယ့်လက်နဲ့ ပိုင်းခြားပြီး စားနိုင်ပါတယ်။ အပျော့စားကျင့်တဲ့ မုဒုပုဂ္ဂိုလ်ကတော့ ပတ္တယောဂီတဲ့။ သပိတ်ထဲကို ခဲဖွယ်ဘောဇဉ် အားလုံးထည့်ထားတာ စားနိုင်ပါတယ်၊ ဒါပေမဲ့ နှစ်ခုမြောက်ခွက်ကို မသာယာအပ်၊ လက်မခံအပ်၊ အကပ်မခံအပ်လို့ ဆိုထားတာကြောင့် ဆွမ်းစားပြီးမှ အချိုပွဲသတ်သတ် ဘုဉ်းပေးတာကိုတော့ ပတ္တပိဏ်ဍဓုတင်လို့ မခေါ်နိုင်ပါဘူး''

''ပတ္တပိဏ်ဍဓုတင်ကို ဘယ်လိုဆိုပြီး ကျင့်ရမှာလဲ ဘုရား''

''နှစ်ခုမြောက် အာဟာရထည့်သောခွက်ကို ပယ်ပါ၏။ တစ်ခုတည်းသောသပိတ်၌ ရှိသည်ကိုယူ၍ သုံးဆောင်ခြင်း ကျင့်ဝတ်ဓုတင်ကို ဆောက်တည်ပါ၏'' ဆိုတဲ့ စကားနှစ်မျိုးမှာ တစ်မျိုးမျိုးကိုဆိုပြီး ဆောက်တည်ရမယ် ဒကာ''

''ပတ္တပိဏ်ဍဓုတင်ကို ကျင့်ရတဲ့အတွက် ရရှိလာသောအကျိုးကိုလည်း မိန့်ပါဦးဘုရား''

"အထူးထူးသော အရသာရှိသော အသီးသီးသော ဘောဇဉ်၌ တဏှာကိုပယ်ရခြင်း၊ ထိုထိုအထူးထူးသော ခွက်၌ထည့်သော၊ အထူးထူးသော အရသာ၌တပ်သောသူ၏အဖြစ်ကို ပယ်ရခြင်း၊ အစာအာဟာရရဲ့အကျိုးအတိုင်းအရှည်ကို မြတ်စွာဘုရားဟောတော်မူသည့်အတိုင်း မြင်လေ့ရှိသူအဖြစ်၊ အပိုအမို ပန်းကန်ခွက်ယောက်တွေကို ဆောင်ရသဖြင့် ပင်ပန်းရမှု၏အဖြစ် မရှိခြင်း၊ စိတ်မပျံ့လွင့်ဘဲ တစ်ခွက်တည်း၌သာ စူးစိုက်သုံးဆောက်လေ့ရှိခြင်း၊ အလိုနည်းခြင်းစတဲ့ ဂုဏ်ကျေးဇူးတွေ ရရှိပါတယ် ဒကာ"

"မှန်ပါ၊ ပတ္တပိဏ်စားတာ အလိုတော့နည်းတယ်ပေါ့နော်"

"အမှန်တကယ် ပတ္တပိဏ်ဓုတင်ကို ကျင့်တယ်ဆိုရင်တော့ အလိုနည်းအောင်ကျင့်တာ အမှန်ပဲဒကာရဲ့။ ကိုယ့်သပိတ်ထဲကို ကျရောက်လာတဲ့ ကောင်းကောင်းဆိုးဆိုး အစာအာဟာရကို မရွေးချယ်တဲ ဘုဉ်းပေးသုံးဆောင်ခြင်း၊ ကိုယ့်သပိတ်မှတစ်ပါး အခြားဟင်းခွက်စသည် အပေါ်မှာ အာရုံမရောက်ခြင်း၊ အခြားဟင်းခွက်စသည်အပေါ်မှာ ဖြစ်ပေါ်လာတတ်တဲ့ လောလုပ္ပတဏှာကို နှိပ်ကွပ်ထားနိုင်ခြင်းဆိုတာ လွယ်တာမဟုတ်ဘူး။ ကိုယ့်စိတ် ကိုယ်ဆုံးမထားရတာ။ အပြောလွယ်သလောက် အကျင့်ခက်ပါတယ်"

"ဟင်းမျိုးစုံရောနယ်ထားတာဆိုတော့ တစ်ခါက တပည့်တော်စားဖူးတယ်ဘုရား။ တောရဆောက်တည်နေတဲ့ ဘုန်းကြီးတစ်ပါးနဲ့တွေ့လို့ ဆွမ်းဘုဉ်းပေးနေတုန်း တပည့်တော်ရောက်သွားတာ။ ရေလိုလိမ့်မယ်လို့ တပည့်တော်က ရေဘူးထုတ်ကပ်တော့ ဘုန်းကြီးက တပည့်တော်ကို သပိတ်လုမ်းပေးတယ်။ 'ဒကာ၊ ဘုန်းကြီးတော်ပြီ၊ ဒကာဆန္ဒရှိရင် သုံးဆောင်နိုင်တယ်' တဲ့ဘုရား။ တပည့်တော်လည်း သပိတ်လှမ်းယူပြီး ကြည့်လိုက်တော့ ဟင်းစုံနဲ့နယ်ထားတာ။ ဘုန်းကြီးဆွမ်းကျန်၊ ကွမ်းကျန်စားရင် အန္တရာယ်ကင်းမှာလို့လည်း တွေးလိုက်မိတာကိုးဘုရား။ ဆာကလည်းဆာနေတုန်းဆိုတော့ စားကောင်းလိုက်တာဘုရား"

''သပိတ်ကို ရေဆေး၊ စင်ကြယ်အောင်ရော လုပ်ခဲ့ရဲ့လား ဒကာရဲ့။ ပြီးတော့ ဘုန်းကြီးဆွမ်းစားတဲ့ နေရာမှာ တံမြက်လှည်းခဲ့သေးရဲ့လား''

''ဟာ...ဒါတွေ တပည့်တော် ကျောင်းရောက်တဲ့အခါ လုပ်နေကျပါ ဘုရား။ လုပ်လည်းလုပ်ချင်ပါတယ်။ ဝါသနာလည်းပါပါတယ်ဘုရား''

''ဟုတ်တယ် ဒကာ၊ ဝါသနာမပါလည်း လုပ်ကို လုပ်ရမယ်။ တချို့က ဘုန်းကြီးကျောင်းရောက်လာရင် စားဖို့သောက်ဖို့လောက်ပဲ တွေးတာ။ ကျောင်းဝေယျာဝစ္စကျတော့ မလုပ်ချင်ဘူး။ ရဟန်းသံဃာကို လှူတဲ့ ဆွမ်းအကြွင်းအကျန်ပင်ဖြစ်ပါစေ၊ သုံးဆောင်စားသောက်ရင် ဒကာ ထင်သလို အန္တရာယ်မကင်းတဲ့အပြင် အန္တရာယ်တောင် ပိုကြီးတတ်ပါတယ်''

''ဟင်–ဘာဖြစ်လို့လဲဘုရား''

''ဒကာပဲ စဉ်းစားကြည့်လေ၊ ဒကာကိုယ်တိုင်က ရဟန်းသံဃာကို လှူရင် ဘာကို အာရုံပြုလှူသလဲ''

''အဲ..အဲ သံဃာ့ဂုဏ်ကို အာရုံပြုပြီး လှူတာပေါ့ဘုရား။ အင်း ဟို... အရှင်ဘုရားတို့ရဲ့ အကျင့်သီလ စရဏဂုဏ်ကိုလည်း အာရုံပြုလှူတာ လို့လည်း ဆိုရမှာပါဘုရား''

''အဲဒီ ပစ္စည်း ဘုန်းကြီးရဟန်းက မဆင်ခြင်ဘဲ သုံးစွဲခဲ့ရင်''

''ဟာ–တပည့်တော် သဘောပေါက်ပါပြီ ဘုရား''

''အဲဒါပေါ့ ဒကာ၊ ဦးပဥ္စင်းကြားဖူးတယ်။ ပြည်မှာ ကျောင်းဒကာကြီး တစ်ဦးတဲ့။ ကျောင်းကိုလာရင် လှူစရာအမြဲပါသတဲ့။ ကျောင်းထိုင် ဆရာတော်က ကိုယ့်ကျောင်းဒကာမို့ ကျေးဇူးရှိသူပေပဲဆိုပြီး ငှက်ပျောသီး လေး ဘာလေးရှိရင် ကျောင်းသားကိုရင်ခေါ်ပြီး ချတည်ခိုင်းတဲ့အခါ ကျောင်းဒကာကြီးက မစားဘူးတဲ့။ ဆရာတော်က စားပါ ဒကာကြီး၊ သုံးဆောင်ပါလို့ တိုက်တွန်းလွန်းမက တိုက်တွန်းလွန်းလို့ အားနာပါးနာ

တစ်လုံးတလေလောက်များ စားမိသွားပြီဆိုရင်လေ ကျောင်းဝိုင်းထဲမှာ တံမြက်စည်းလှည်းလို့ကို မဆုံးတော့ဘူးတဲ့။ နောက်တော့ ဆရာတော်ကလည်း ကျောင်းဒကာကြီးကိုအားနာတာနဲ့ ဘာမျှ မတည်တော့ဘူးတဲ့"

"ဩော်...ရှေးလူကြီးများ အသိဉာဏ်တော်တော်ရှိကြတာပဲကိုးနော် ဘုရား။ ခုခေတ်လူတွေကတော့ ကျောင်းသွားရင် ဘုန်းကြီးက ဘာများ တည်မလဲ ကြည့်နေကြတာပဲ ဘုရား"

"ဘုန်းကြီးတွေကလည်း လှူမှုရေး၊ လှူမှုရေးနဲ့ ချချတည်နေရတာပဲ ဒကာ။ ချမတည်ပြန်ရင်လည်း ဒီဘုန်းကြီးက ကပ်စေးနဲတယ်၊ နှမြောတယ်နဲ့ ဝေဖန်ကြပြန်ရော ဒကာရဲ့။ ချတည်ပြန်တော့လည်း အားမနာ ပါးမနာ စားသောက်သွားကြတာ ဘာမျှကို မသိမ်းဆည်းကြဘူး။ တချို့ဆို ငှက်ပျောခွံကလေးတောင် ကျောင်းအောက်ဆင်းတော့ ယူသွားမယ်လေလို့ မရှိကြဘူး။ တံမြက်စည်းလှည်းဖို့ဆိုတာ ဝေလာဝေးပေါ့ ဒကာ"

"တပည့်တော်တော့ အဲသလိုမဟုတ်ပါဘူး ဘုရား။ လုပ်ခဲ့ပါတယ် ဘုရား"

"ဟုတ်ပါပြီ။ ကဲ စကားက ဘေးရောက်သွားလိုက်တာ။ ပဏ္ဍုပိဏ္ဍ ဆွမ်းဆိုတာ ဆွမ်းရော၊ ဟင်းရော ကောင်းကောင်းဆိုးဆိုး အရောရော အနှောနှောကို ခေါ်တာ။ ဦးပဥ္စင်းတို့ မြတ်စွာဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားဘဝကနေ တောထွက်ပြီးနောက်တစ်နေ့မှာ ရာဇဂြိုဟ် မြို့ကို ဆွမ်းခံဝင်တော့ လူမျိုးစုံတို့က လောင်းလှူလိုက်တဲ့ ဆွမ်းခဲဖွယ် တွေကလည်း မျိုးစုံဆိုတော့ ဝေပုလ္လတောင်ခြေရင်းမှာ ဆွမ်းဘုဉ်းပေးမလို့ သပိတ်ကိုလှပ်ကြည့်လိုက်တဲ့အခါ အလောင်းတော်ရဲ့ ရင်တွင်းမှာ သဲအူ ပြောင်းပြန်လန်သွားသတဲ့။ သပိတ်ထဲက ဆွမ်းတွေဟာ ဖြူနီကြောင်ကြား ခွေးအန်ဖတ်နဲ့တူစွာ ဘုဉ်းပေးရမှာ ရွံရှာလွန်းလို့၊ နန်းတော်ထဲမှာတော့ ထမင်းဟင်းတွေက တစ်ခွက်စီ၊ တစ်ကန့်စီ သီးသီး သန့်သန့်၊ သန့်သန့် ရှင်းရှင်းဆိုတော့ စားချင်စဖွယ်ပေါ့။ ပါးစပ်ထဲ ရောက်သွားတော့မှ

ရောယှက်သွားတာကို မဆင်ခြင်မိဘူးလေ။ အခုဒီမှာ သပိတ်ထဲမှာ သောင်းပြောင်းရောထွေ ဖြစ်နေတာမြင်ရတော့မှ ခွေးအန်ဖတ်ထင်တော့တာကိုး။ ဒါနဲ့ ကိုယ့်ကိုယ်ကိုယ် ဆုံးမပြီး ဘုဉ်းပေးရသတဲ့ ဒကာ''

''အရှင်ဘုရားပြောမှ စဉ်းစားကြည့်မိပါတယ်။ ဒါတော့ ဟုတ်တယ်ဘုရား။ ခွေးအန်ဖတ်လိုပဲ။ တပည့်တော်တော့ ဘာမျှမတွေးမိလို့ စားကောင်းလိုက်တာဘုရား''

''အဲသလို သပိတ်တစ်လုံးထဲမှာ ရှိနေတာကိုက ဟင်းခွက်များစွာ နှိုက်ဖို့အာရုံ မထွေပြားဘဲ ဘုဉ်းပေးနိုင်တဲ့အတွက် အာရုံထွေပြားမှုကို ငြိမ်းသတ်နိုင်တာပဲ မဟုတ်လား။ ဦးပဉ္စင်းတို့ ဆွမ်းစားကြွရတဲ့အခါ ဒကာ၊ ဒကာမများကလည်း သဒ္ဓါတရားကောင်းကောင်းနဲ့ ချက်ထား၊ ပြုတ်ထားကြလေတော့ စားပွဲပေါ်မှာ ဆွမ်းဟင်းတွေကအပြည့်။ ဟိုဟင်းကလေးက ကောင်းပါတယ်ဘုရား၊ ဘုဉ်းပေးကြည့်ပါဦး၊ ဒီဟင်းကလေးက ချဉ်စပ်ကလေး မြည်းကြည့်ပါဦးနဲ့။ ဦးပဉ္စင်းတို့မှာလည်း ဒကာ၊ ဒကာမတွေရဲ့ စေတနာသဒ္ဓါတရားငဲ့ပြီး ဟိုဟင်းလှမ်းနှိုက်ရ၊ သည်ဟင်း လှမ်းနှိုက်ရဆိုတော့ မမိပြန်တော့လည်း အရှင်ဘုရား၊ ဟိုဟင်းလေး နည်းနည်းလောက်ဆို လှမ်းတောင်း။ ဒီတော့ အာရုံတွေ ထွေပြားနေတော့တာပေါ့။ ရသတဏှာနောက်လိုက်ပြီး အလိုတွေ ဖြည့်ပေးနေလိုက်တာ ပြည့်ပဲမပြည့်နိုင်တော့ဘူး။ ပတ္တပိဏ်ဓုတင် ရဟန်းမှာတော့ အဲဒီတဏှာတွေ ငြိမ်းနေတယ်လေ။ ဘုဉ်းပေးနေတာကို ကြည့်ရင်ပဲ ကြည်ညိုဖွယ်ဆောင်တာပေါ့''

''မှန်ပါဘုရား''

''အဲ...အမှန်တကယ်ပဲ ရသတဏှာကို ပယ်သတ်လိုလို့၊ ငြိမ်းအေးချင်လို့ ပတ္တပိဏ်ဓုတင်ဆောင်တာ မဟုတ်ဘဲ၊ လူအထင်ကြီးအောင်၊ ဘုန်းကြီးအောင် ကျင့်ပြတဲ့သူဆိုရင်တော့ ဘာစည်းကမ်းမျှ နားမလည်ဘဲ၊ နားလည်အောင်လည်း မသင်ယူမလိုက်နာ၊ မကျင့်ဆောင်ဘဲ ကိုယ်ထင်ရာ သပိတ်ထဲရောနှောပြီး စားသုံးပြနေမှာပဲ။ တချို့ဘုန်းကြီးတွေက

တစ်လုံးတလေလောက်များ စားမိသွားပြီဆိုရင်လေ ကျောင်းဝိုင်းထဲမှာ တံမြက်စည်းလှည်းလို့ကို မဆုံးတော့ဘူးတဲ့။ နောက်တော့ ဆရာတော်ကလည်း ကျောင်းဒကာကြီးကိုအားနာတာနဲ့ ဘာမျှ မတည်တော့ဘူးတဲ့''

''သြော်...ရှေးလူကြီးများ အသိဉာဏ်တော်တော်ရှိကြတာပဲကိုးနော် ဘုရား။ ခုခေတ်လူတွေကတော့ ကျောင်းသွားရင် ဘုန်းကြီးက ဘာများ တည်မလဲ ကြည့်နေကြတာပဲ ဘုရား''

''ဘုန်းကြီးတွေကလည်း လူမှုရေး၊ လူမှုရေးနဲ့ ချချတည်နေရတာပဲ ဒကာ။ ချမတည်ပြန်ရင်လည်း ဒီဘုန်းကြီးက ကပ်စေးနဲ့တယ်၊ နှမြောတယ်နဲ့ ဝေဖန်ကြပြန်ရော ဒကာရဲ့။ ချတည်ပြန်တော့လည်း အားမနာပါးမနာ စားသောက်သွားကြတာ ဘာမျှကို မသိမ်းဆည်းကြဘူး။ တချို့ဆို ငှက်ပျောခွံကလေးတောင် ကျောင်းအောက်ဆင်းတော့ ယူသွားမယ်လေလို့ မရှိကြဘူး။ တံမြက်စည်းလှည်းဖို့ဆိုတာ ဝေလာဝေးပေါ့ ဒကာ''

''တပည့်တော်တော့ အဲသလိုမဟုတ်ပါဘူး ဘုရား။ လုပ်ခဲ့ပါတယ် ဘုရား''

''ဟုတ်ပါပြီ။ ကဲ စကားက ဘေးရောက်သွားလိုက်တာ။ ပတ္တပိုဏ် ဆွမ်းဆိုတာ ဆွမ်းရော၊ ဟင်းရော ကောင်းကောင်းဆိုးဆိုး အရောရော အနှောနှောကို ခေါ်တာ။ ဦးပဥ္စင်းတို့ မြတ်စွာဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားဘဝကနေ တောထွက်ပြီးနောက်တစ်နေ့မှာ ရာဇဂြိုဟ်မြို့ကို ဆွမ်းခံဝင်တော့ လူမျိုးစုံတို့က လောင်းလှူလိုက်တဲ့ ဆွမ်းခဲဖွယ်တွေကလည်း မျိုးစုံဆိုတော့ ပေဟုလ္လတောင်ခြေရင်းမှာ ဆွမ်းဘုဉ်းပေးမလို့ သပိတ်ကိုလှပ်ကြည့်လိုက်တဲ့အခါ အလောင်းတော်ရဲ့ ရင်တွင်းမှာ သဲအူ ပြောင်းပြန်လန်သွားသတဲ့။ သပိတ်ထဲက ဆွမ်းတွေဟာ ဖြူနီကြောင်ကြား ခွေးအန်ဖတ်နဲ့တူစွာ ဘုဉ်းပေးရမှာ ရွံရှာလွန်းလို့။ နန်းတော်ထဲမှာတော့ ထမင်းဟင်းတွေက တစ်ခွက်စီ၊ တစ်ကန့်စီ သီးသီး သန့်သန့်၊ သန့်သန့် ရှင်းရှင်းဆိုတော့ စားချင်စဖွယ်ပေါ့။ ပါးစပ်ထဲ ရောက်သွားတော့မှ

ရောယှက်သွားတာကို မဆင်ခြင်မိဘူးလေ။ အခုဒီမှာ သပိတ်ထဲမှာ သောင်းပြောင်းရောထွေ ဖြစ်နေတာမြင်ရတော့မှ ခွေးအန်ဖတ်ထင်တော့တာကိုး။ ဒါနဲ့ ကိုယ့်ကိုယ်ကိုယ် ဆုံးမပြီး ဘုဉ်းပေးရသတဲ့ ဒကာ''

''အရှင်ဘုရားပြောမှ စဉ်းစားကြည့်မိပါတယ်။ ဒါတော့ ဟုတ်တယ်ဘုရား။ ခွေးအန်ဖတ်လိုပဲ။ တပည့်တော်တော့ ဘာမျှမတွေးမိလို့ စားကောင်းလိုက်တာဘုရား''

''အဲသလို သပိတ်တစ်လုံးထဲမှာ ရှိနေတာကိုက ဟင်းခွက်များစွာနှိုက်ဖို့အာရုံ မထွေပြားဘဲ ဘုဉ်းပေးနိုင်တဲ့အတွက် အာရုံထွေပြားမှုကို ငြိမ်းသတ်နိုင်တာပဲ မဟုတ်လား။ ဦးပဉ္ဇင်းတို့ ဆွမ်းစားကြွရတဲ့အခါ ဒကာ၊ ဒကာမများကလည်း သဒ္ဓါတရားကောင်းကောင်းနဲ့ ချက်ထား၊ ပြုတ်ထားကြလေတော့ စားပွဲပေါ်မှာ ဆွမ်းဟင်းတွေကအပြည့်။ ဟိုဟင်းကလေးက ကောင်းပါတယ်ဘုရား၊ ဘုဉ်းပေးကြည့်ပါဦး၊ ဒီဟင်းကလေးက ချဉ်စပ်ကလေး မြည်းကြည့်ပါဦးနဲ့။ ဦးပဉ္ဇင်းတို့မှာလည်း ဒကာ၊ ဒကာမတွေရဲ့ စေတနာသဒ္ဓါတရားငဲ့ပြီး ဟိုဟင်းလှမ်းနှိုက်ရ၊ သည်ဟင်း လှမ်းနှိုက်ရဆိုတော့ မမိပြန်တော့လည်း အရှင်ဘုရား။ ဟိုဟင်းလေး နည်းနည်းလောက်ဆို လှမ်းတောင်း။ ဒီတော့ အာရုံတွေ ထွေပြားနေတော့တာပေါ့။ ရသတဏှာနောက်လိုက်ပြီး အလိုတွေ ဖြည့်ပေးနေလိုက်တာ ပြည့်ပဲမပြည့်နိုင်တော့ဘူး။ ပတ္တပိဏ္ဍိကဓုတင် ရဟန်းမှာတော့ အဲဒီတဏှာတွေ ငြိမ်းနေတယ်လေ။ ဘုဉ်းပေးနေတာကို ကြည့်ရင်ပဲ ကြည်ညိုဖွယ်ဆောင်တာပေါ့''

''မှန်ပါဘုရား''

''အဲ...အမှန်တကယ်ပဲ ရသတဏှာကို ပယ်သတ်လိုလို့၊ ငြိမ်းအေးချင်လို့ ပတ္တပိဏ္ဍိကဓုတင်ဆောင်တာ မဟုတ်ဘဲ၊ လူအထင်ကြီးအောင်၊ ဘုန်းကြီးအောင် ကျင့်ပြတဲ့သူဆိုရင်တော့ ဘာစည်းကမ်းမျှ နားမလည်ဘဲ၊ နားလည်အောင်လည်း မသင်ယူ၊မလိုက်နာ၊ မကျင့်ဆောင်ဘဲ ကိုယ်ထင်ရာ သပိတ်ထဲရောနှောပြီး စားသုံးပြနေမှာပဲ။ တချို့ဘုန်းကြီးတွေက

တစ်လုံးတလေလောက်များ စားမိသွားပြီဆိုရင်လေ ကျောင်းဝိုင်းထဲမှာ တံမြက်စည်းလှည်းလို့ကို မဆုံးတော့ဘူးတဲ့။ နောက်တော့ ဆရာတော် ကလည်း ကျောင်းဒကာကြီးကိုအားနာတာနဲ့ ဘာမျှ မတည်တော့ဘူးတဲ့''

''သြော်...ရှေးလူကြီးများ အသိဉာဏ်တော်တော်ရှိကြတာပဲကိုးနော် ဘုရား။ ခုခေတ်လူတွေကတော့ ကျောင်းသွားရင် ဘုန်းကြီးက ဘာများ တည်မလဲ ကြည့်နေကြတာပဲ ဘုရား''

''ဘုန်းကြီးတွေကလည်း လှူမှုရေး၊ လှူမှုရေးနဲ့ ချချတည်နေရတာပဲ ဒကာ။ ချမတည်ပြန်ရင်လည်း ဒီဘုန်းကြီးက ကပ်စေးနဲတယ်၊ နှမြော တယ်နဲ့ ဝေဖန်ကြပြန်ရော ဒကာရဲ့။ ချတည်ပြန်တော့လည်း အားမနာ ပါးမနာ စားသောက်သွားကြတာ ဘာမျှကို မသိမ်းဆည်းကြဘူး။ တချို့ဆို ငှက်ပျောခွံကလေးတောင် ကျောင်းအောက်ဆင်းတော့ ယူသွားမယ်လေလို့ မရှိကြဘူး။ တံမြက်စည်းလှည်းဖို့ဆိုတာ ဝေလာဝေးပေါ့ ဒကာ''

''တပည့်တော်တော့ အဲသလိုမဟုတ်ပါဘူး ဘုရား။ လုပ်ခဲ့ပါတယ် ဘုရား''

''ဟုတ်ပါပြီ။ ကဲ စကားက ဘေးရောက်သွားလိုက်တာ။ ပဏ္ဍုပိဏ်ဍ ဆွမ်းဆိုတာ ဆွမ်းရော၊ ဟင်းရော ကောင်းကောင်းဆိုးဆိုး အရောရော အနှောနှောကို ခေါ်တာ။ ဦးပဥ္စင်းတို့ မြတ်စွာဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားဘဝကနေ တောထွက်ပြီးနောက်တစ်နေ့မှာ ရာဇဂြိုဟ် မြို့ကို ဆွမ်းခံဝင်တော့ လူမျိုးစုံတို့က လောင်းလှူလိုက်တဲ့ ဆွမ်းခဲဖွယ် တွေကလည်း မျိုးစုံဆိုတော့ ပေဏ္ဍဝတောင်ခြေရင်းမှာ ဆွမ်းဘုဉ်းပေးမလို့ သပိတ်ကိုလှပ်ကြည့်လိုက်တဲ့အခါ အလောင်းတော်ရဲ့ ရင်တွင်းမှာ သဲအူ ပြောင်းပြန်လန်သွားသတဲ့၊ သပိတ်ထဲက ဆွမ်းတွေဟာ ဖြူနီကြောင်ကြား ခွေးအန်ဖတ်နဲ့တူစွာ ဘုဉ်းပေးရမှာ ရွံရှာလွန်းလို့၊ နန်းတော်ထဲမှာတော့ ထမင်းဟင်းတွေက တစ်ခွက်စီ၊ တစ်ကန့်စီ သီးသီး သန့်သန့်၊ သန့်သန့် ရှင်းရှင်းဆိုတော့ စားချင်စဖွယ်ပေါ့။ ပါးစပ်ထဲ ရောက်သွားတော့မှ

ရောယှက်သွားတာကို မဆင်ခြင်မိဘူးလေ။ အခုဒီမှာ သပိတ်ထဲမှာ သောင်းပြောင်းရောထွေ ဖြစ်နေတာမြင်ရတော့မှ ခွေးအန်ဖတ်ထင် တော့တာကိုး။ ဒါနဲ့ ကိုယ့်ကိုယ်ကိုယ် ဆုံးမပြီး ဘုဉ်းပေးရသတဲ့ ဒကာ''

''အရှင်ဘုရားပြောမှ စဉ်းစားကြည့်မိပါတယ်။ ဒါတော့ ဟုတ်တယ် ဘုရား။ ခွေးအန်ဖတ်လိုပဲ။ တပည့်တော်တော့ ဘာမှမတွေးမိလို့ စားကောင်းလိုက်တာဘုရား''

''အဲသလို သပိတ်တစ်လုံးထဲမှာ ရှိနေတာကိုက ဟင်းခွက်များစွာ နှိုက်ဖို့အာရုံ မထွေပြားဘဲ ဘုဉ်းပေးနိုင်တဲ့အတွက် အာရုံထွေပြားမှုကို ငြိမ်းသတ်နိုင်တာပဲ မဟုတ်လား။ ဦးပဉ္စင်းတို့ ဆွမ်းစားကြွရတဲ့အခါ ဒကာ၊ ဒကာမများကလည်း သဒ္ဓါတရားကောင်းကောင်းနဲ့ ချက်ထား၊ ပြုတ်ထားကြလေတော့ စားပွဲပေါ်မှာ ဆွမ်းဟင်းတွေကအပြည့်။ ဟိုဟင်း ကလေးက ကောင်းပါတယ်ဘုရား၊ ဘုဉ်းပေးကြည့်ပါဦး၊ ဒီဟင်းကလေးက ချဉ်စပ်ကလေး မြည်းကြည့်ပါဦးနဲ့၊ ဦးပဉ္စင်းတို့မှာလည်း ဒကာ၊ ဒကာမ တွေရဲ့ စေတနာသဒ္ဓါတရားငဲ့ပြီး ဟိုဟင်းလှမ်းနှိုက်ရ၊ သည်ဟင်း လှမ်း နှိုက်ရဆိုတော့ မမိပြန်တော့လည်း အရှင်ဘုရား၊ ဟိုဟင်းလေး နည်းနည်း လောက်ဆို လှမ်းတောင်း။ ဒီတော့ အာရုံတွေ ထွေပြားနေတော့တာပေါ့။ ရသတဏှာနောက်လိုက်ပြီး အလိုတွေ ဖြည့်ပေးနေလိုက်တာ ပြည့်ပဲမပြည့် နိုင်တော့ဘူး။ ပတ္တပိဏ္ဍိကင် ရဟန်းမှာတော့ အဲဒီတဏှာတွေ ငြိမ်းနေ တယ်လေ။ ဘုဉ်းပေးနေတာကို ကြည့်ရင်ပဲ ကြည်ညိုဖွယ်ဆောင်တာပေါ့''

''မှန်ပါဘုရား''

''အဲ...အမှန်တကယ်ပဲ ရသတဏှာကို ပယ်သတ်လိုလို့၊ ငြိမ်းအေး ချင်လို့ ပတ္တပိဏ္ဍိကင်ဆောင်တာ မဟုတ်ဘဲ၊ လူအထင်ကြီးအောင်၊ ဘုန်းကြီးအောင် ကျင့်ပြတဲ့သူဆိုရင်တော့ ဘာစည်းကမ်းမှု နားမလည်ဘဲ၊ နားလည်အောင်လည်း မသင်ယူ၊မလိုက်နာ၊ မကျင့်ဆောင်ဘဲ ကိုယ်ထင် ရာ သပိတ်ထဲရောနှောပြီး စားသုံးပြနေမှာပဲ။ တချို့ဘုန်းကြီးတွေက

ဒကာ၊ ဒကာမတွေ ကျောင်းလိုက်ကြည့်နေနိုင်တာမှ မဟုတ်ဘဲဆိုပြီး၊ ဆွမ်းခံရာမှာ ဆွမ်းနဲ့ ဆွမ်းဟင်းရောနှောခံယူပြီး 'ဘုန်းကြီးက ပတ္တပိဏ် ဘုဉ်းပေးတယ်'လို့ ဓုတင်ဆောင်သလိုမျိုး ပြောနေကြတာပါပဲ''

''ပြောတိုင်းမယုံနဲ့ သတိထား ဆင်ခြင်သုံးသပ်ကြည့်ရမယ်ဆိုပါတော့ ဘုရား''

''ဟုတ်ပါတယ်။ လောကမှာ လက်တွေ့လုပ်ဆောင်ကျင့်သုံးနေတာကို ဆင်ခြင်မကြည့်ဘဲ အပြောနဲ့ ယုံနေကြတာတွေက အများသားလား ဒကာရယ်။ အပြောသက်သက်ပုဂ္ဂိုလ်ကြီးတွေက ဘုန်းကြီးပါစေ၊ အသက်ရှည်ပါစေ၊ ကျန်းမာချမ်းသာပါစေ၊ စီးပွားဥစ္စာ လာဘ်လာဘ ပေါ်များပါစေလို့ ဆုပေးလိုက်ရင်ပဲ နက်ဖြန်သန်ဘက် ဖြစ်လာတော့ မလိုလို သူ့ထက်ငါ လူကြတန်းကြ ဝမ်းမြောက်ကျေနပ်နေကြတာ မဟုတ်လား''

''မှန်ပါတယ်ဘုရား၊ အမှန်တကယ် ပတ္တပိဏ်ဓုတင်ဆောင်ပုဂ္ဂိုလ် ဆိုရင်တော့ စည်းနဲ့ကမ်းနဲ့အညီ ကျင့်ရမှာပါဘုရား။ သာမန်ကျင့်လို့ မရနိုင်ဘူးဆိုတာ တပည့်တော်သဘောပေါက်နားလည်ပါပြီ ဘုရား။''

❊ ❊ ❊

## ရသာတကျ နည်းစေပါမှ

''ခလုပစ္စာဘတ္တိကမ္ဘာတင်ဆိုတာကတော့ ဒီဇာတင်အကြောင်းကို မပြောခင် ဒကာအနေနဲ့ နားလည်အောင် ဝိနည်းအကြောင်းကို အရင် ပြောဦးမှဖြစ်မယ်''

''အမိန့်ရှိပါဘုရား''

''ဝိနည်းဒေသနာတော်မှာ ရဟန်းဆွမ်းစားနေစဉ် ပဝါရိတ် သင့်တတ်တယ်။ ပဝါရိတ်သင့်တယ်ဆိုတာက ရဟန်းဆွမ်းစားနေဆဲမှာ ဒကာ တစ်ဦးဦးက၊ ဒါမှမဟုတ် ရဟန်းတစ်ပါးပါးက 'ဆွမ်းယူဦးမှာလား' လို့ မေးတဲ့အခါ 'တော်ပြီ၊ မယူတော့ဘူး' ပယ်မြစ်လိုက်တာ။ ပဝါရိတာဆိုတာ 'တော်ပြီ မလိုချင်တော့ဘူး'လို့ ပယ်မြစ်လိုက်တာကို ခေါ်ပါတယ်။ အဲသလို နှုတ်နဲ့ဖြစ်ဖြစ်၊ လက်နဲ့ဖြစ်ဖြစ် ပယ်မြစ်လိုက်တဲ့ ရဟန်းဟာ 'မဝသေးလို့ နောက်ထပ်နည်းနည်းပေးပါဦး'လို့ ဆွမ်းစတဲ့ အာဟာရကို တောင်းပြီး မစားကောင်းတော့ဘူး။ ရဟန်းက မတောင်းပေမယ့် ဒကာက အလိုက် တသိလာထည့်ပေးရင်လည်း လက်ခံစားသုံးခွင့်မရှိတော့ဘူး။ အဲဒါကို ပဝါရိတ်သင့်တယ်လို့ခေါ်ပါတယ်။

''တပည့်တော်တို့ ရဟန်းသံဃာတော်များကို ဆွမ်းကျွေးတယ်ပေါ့ ဘုရား။ ရဟန်းသံဃာများ ဆွမ်းစားနေတုန်း ဆွမ်းလိုက်တယ်၊ ဟင်း လိုက်တယ်ဆိုပါတော့။ ဒီအခါရဟန်းသံဃာတော်က 'တော်ပြီ၊ မထည့် နဲ့တော့'လို့ ဆိုတာကို ပြောတာလားဘုရား။''

''ဟုတ်ပါတယ်၊ တော်ပြီလို့ဆိုတာ ပယ်မြစ်တာမဟုတ်လား။ ဆွမ်းက စားနေဆဲ၊ ဒကာကအလိုက်ကန်းဆိုးမသိဘဲ ထပ်ထပ်ထည့်နေတော့ ရဟန်းက ဆွမ်းမကုန်ဘဲနေမှာစိုးလို့ အမှတ်မဲ့နဲ့ 'တော်ပြီ'လို့ပဲပြောပြော၊ ဝလောက်ပြီထင်လို့ အမှတ်ရှိလို့ပဲပြောပြော ပယ်မြစ်လိုက်တာကို ပဝါရိတ် သင့်တယ်လို့ ခေါ်ပါတယ်။ အဲသလို မဖြစ်ရအောင်လို့ တချို့ဆရာတော် ကြီးများက 'ဒကာ ကပ်သာ ကပ်ထားလိုက်၊ လိုတာ ကိုယ့်ဘာသာကိုယ် ထည့်စားမယ်'လို့ မိန့်ပြီး အကပ်ခံထားလိုက်တာ တွေ့ဖူးတယ် မဟုတ်လား''

''မှန်ပါဘုရား၊ တွေ့ဖူးပါတယ်ဘုရား''

''တော်ပြီလို့ ပြောလိုက်မိရင် ပဝါရိတ်သင့်သွားမှာစိုးလို့ပဲ၊ ပဝါရိတ် သင့်သွားတဲ့ရဟန်းဟာ ပဝါရိတ်သင့်ရုံနဲ့တော့ ဘာမျှမဖြစ်သေးပါဘူး။ စားဆဲဆွမ်းကို ဆက်ပြီးဝအောင် ဘုဉ်းပေးသုံးဆောင်နိုင်ပါတယ်။ အဲ- ထိုင်နေတဲ့ ဣရိယာပုတ်ကို ဖျက်လိုက်လို့ကတော့ နောက်ထပ် ဆွမ်းစားခွင့် မရှိတော့ဘူးဒကာရဲ့။ စားရင် ပါစိတ်အာပတ်သင့်တယ်။''

''ဣရိယာပုတ် ဖျက်တယ်ဆိုတာက''

''ဦးပဉ္စင်းတို့ ဆွမ်းစားတဲ့အခါ တင်ပျဉ်ခွေပြီး စားကြတယ်မဟုတ်လား။ ဒကာများကလည်း အလိုက်တသိနဲ့ ဆွမ်း၊ ဆွမ်းဟင်းတွေလိုက်လို့ဆိုရင် ရဟန်းများကလည်း တော်ပြီလို့ မဆိုရသေးရင် ထိုင်ရာကထပြီး စားလည်း ဘာမျှမဖြစ်ဘူး။ ထိုင်နေရာကနေ ကိစ္စရှိလို့ ထသွားပြီး ပြန်ထိုင်စားလည်း ဘာမျှမဖြစ်ဘူး၊ အဲ-ဒကာများက အလိုက်မသိလို့ ဆွမ်း၊ ဆွမ်းဟင်းတွေ ဖိတ်လျှံအောင် ထည့်နေတယ်ဆိုလို့ရှိရင် ရဟန်းများက တော်ပြီ၊

မထည့်နဲ့တော့လို့ ပြောရတော့မယ်။ အဲသလို ပြောလိုက်ရရင် ဒါ–ပဝါရိတ်သင့်ပြီ။ ပဝါရိတ်သင့်ပြီး ရဟန်းဟာ ဣရိယာပုတ်မဖျက်ဘဲ သပိတ်ထဲမှာ၊ ဒါမှမဟုတ် စားပွဲပေါ်မှာရှိနေတဲ့ စားဖွယ်သောက်ဖွယ်များကို ဝအောင်ဘုဉ်းပေးသုံးဆောင်နိုင်ပါတယ်။

တချို့ ကိုယ်တော်များဟာ ညောင်းညာတတ်ပါတယ်၊ ဆွမ်းစားနေရင်း ပဝါရိတ်ကလည်း သင့်ပြီးဖြစ်နေ၊ ဆွမ်းကလည်း မဝသေးဘူး။ ဒီအချိန်မှာ ထလိုက်မိရင် ဒါဣရိယာပုတ် ပျက်သွားတာပဲ။ ဆွမ်းဆက်စားခွင့် မရှိတော့ဘူး။ အဆုံးစွန်စကားပြောရရင် တင်ပျဉ်ခွေပြီး ဆွမ်းစားနေစဉ်မှာ ဒူးတစ်ဖက်ထောက်လိုက်မိတယ်ဆိုရင်ပဲ ဒါဣရိယာပုတ် ဖျက်လိုက်တာပါပဲ။ ဆွမ်းဆက်စားခွင့်မရှိတော့ပါဘူး။ စားရင် ပါစိတ်အာပတ်သင့်မယ်။ အဲဒါကြောင့် ရဟန်းသံဃာတော်များက လှူဒကာ၊ ဒကာမတွေ ဆွမ်းလိုက်တဲ့အခါ 'နေဦး၊ ခဏထားလိုက်ဦး၊ လိုရင်တောင်းမယ်'လို့ မိန့်ကြတာပေါ့ဒကာရဲ့"

"ဩော်...ဟုတ်ပြီ၊ တပည့်တော် တစ်ခါက အဲသလို ဆွမ်းလိုက်မိတာ ဆရာတော်ကြီးတစ်ပါးရဲ့ အော်ငေါက်တာ ခံလိုက်ရတယ်ဘုရား။ 'ဒီဒကာ ခဏနေဦးလို့ပြောတာ၊ နားမထောင်ဘူးလား' တဲ့။ တပည့်တော်လည်း ရှက်ရှက်နဲ့ ဆရာတော်ကြီးကိုတောင် စိတ်ကွက်သွားမိသေးတယ်။ ကိုယ်ကတော့ စေတနာနဲ့ လိုက်ထည့်ပေးနေတာ၊ ဒီလောက်တောင် ရှိနေတာဆိုပြီး တပည့်တော် ခပ်ဝေးဝေးသွားနေလိုက်တော့တာဘုရား"

"ဒကာကလည်း ဟုတ်သားပဲ၊ ဆရာတော်ကြီးက ဝိနည်းကြောင်းအရ အပြစ်ဖြစ်မှာစိုးလို့ တားမြစ်နေတာ ဒကာကမသိနားမလည်တော့ အအော်အငေါက်ခံရတာပေါ့၊ ဒီတော့ဒကာက ခပ်ဝေးဝေးမှာ သွားနေပြန်တော့ ဝေယျာဝစ္စကုသိုလ် မရပြန်တော့ဘူး။ ဒကာပဲ နှစ်ခါရှုံးကြီးဖြစ်နေရတော့တာပေါ့။မဟုတ်ဘူးလား"

"မှန်ပါတယ်ဘုရား။ အခု အရှင်ဘုရားအမိန့်ရှိမှပဲ သဘောပေါက်တော့တာကိုး ဘုရား"

''တပည့်တော်တို့ ရဟန်းသံဃာတော်များကို ဆွမ်းကျွေးတယ်ပေါ့ ဘုရား။ ရဟန်းသံဃာများ ဆွမ်းစားနေတုန်း ဆွမ်းလိုက်တယ်၊ ဟင်း လိုက်တယ်ဆိုပါတော့။ ဒီအခါရဟန်းသံဃာတော်က 'တော်ပြီ၊ မထည့် နဲ့တော့'လို့ ဆိုတာကို ပြောတာလားဘုရား။''

''ဟုတ်ပါတယ်၊ တော်ပြီလို့ဆိုတာ ပယ်မြစ်တာမဟုတ်လား။ ဆွမ်းက စားနေဆဲ၊ ဒကာကအလိုက်ကန်းဆိုးမသိဘဲ ထပ်ထပ်ထည့်နေတော့ ရဟန်းက ဆွမ်းမကုန်ဘဲနေမှာစိုးလို့ အမှတ်မဲ့နဲ့ 'တော်ပြီ'လို့ပဲပြောပြော၊ ဝလောက်ပြီထင်လို့ အမှတ်ရှိလို့ပဲပြောပြော ပယ်မြစ်လိုက်တာကို ပဝါရိတ် သင့်တယ်လို့ ခေါ်ပါတယ်။ အဲသလို မဖြစ်ရအောင်လို့ တချို့ဆရာတော် ကြီးများက 'ဒကာ ကပ်သာ ကပ်ထားလိုက်၊ လိုတာ ကိုယ့်တာသာကိုယ် ထည့်စားမယ်'လို့ မိန့်ပြီး အကပ်ခံထားလိုက်တာ တွေ့ဖူးတယ် မဟုတ်လား''

''မှန်ပါဘုရား၊ တွေ့ဖူးပါတယ်ဘုရား''

''တော်ပြီလို့ ပြောလိုက်မိရင် ပဝါရိတ်သင့်သွားမှာစိုးလို့ပဲ၊ ပဝါရိတ် သင့်သွားတဲ့ရဟန်းဟာ ပဝါရိတ်သင့်ရုံနဲ့တော့ ဘာမျှမဖြစ်သေးပါဘူး။ စားဆဲဆွမ်းကို ဆက်ပြီးဝအောင် ဘုဉ်းပေးသုံးဆောင်နိုင်ပါတယ်။ အဲ- ထိုင်နေတဲ့ ဣရိယာပုတ်ကို ဖျက်လိုက်လို့ကတော့ နောက်ထပ် ဆွမ်းစားခွင့် မရှိတော့ဘူးဒကာရဲ့။ စားရင် ပါစိတ်အာပတ်သင့်တယ်။''

''ဣရိယာပုတ် ဖျက်တယ်ဆိုတာက''

''ဦးပဉ္စင်းတို့ ဆွမ်းစားတဲ့အခါ တင်ပျဉ်ခွေပြီး စားကြတယ်မဟုတ်လား။ ဒကာများကလည်း အလိုက်တသိနဲ့ ဆွမ်း၊ ဆွမ်းဟင်းတွေလိုက်လို့ဆိုရင် ရဟန်းများကလည်း တော်ပြီလို့ မဆိုရသေးရင် ထိုင်ရာကထပြီး စားလည်း ဘာမျှမဖြစ်ဘူး။ ထိုင်နေရာကနေ ကိစ္စရှိလို့ ထသွားပြီး ပြန်ထိုင်စားလည်း ဘာမျှမဖြစ်ဘူး၊ အဲ-ဒကာများက အလိုက်မသိလို့ ဆွမ်း၊ ဆွမ်းဟင်းတွေ ဖိတ်လျှံအောင် ထည့်နေတယ်ဆိုလို့ရှိရင် ရဟန်းများက တော်ပြီ၊

မထည့်နဲ့တော့လို့ ပြောရတော့မယ်။ အဲသလို ပြောလိုက်ရရင် ဒါ–ပဝါရိတ်သင့်ပြီ။ ပဝါရိတ်သင့်ပြီး ရဟန်းဟာ ဣရိယာပုတ်မဖျက်ဘဲ သပိတ်ထဲမှာ၊ ဒါမှမဟုတ် စားပွဲပေါ်မှာရှိနေတဲ့ စားဖွယ်သောက်ဖွယ်များကို ဝအောင်ဘုဉ်းပေးသုံးဆောင်နိုင်ပါတယ်။

တချို့ ကိုယ်တော်များဟာ ညောင်းညာတတ်ပါတယ်။ ဆွမ်းစားနေရင်း ပဝါရိတ်ကလည်း သင့်ပြီးဖြစ်နေ၊ ဆွမ်းကလည်း မဝသေးဘူး။ ဒီအချိန်မှာ ထလိုက်မိရင် ဒါဣရိယာပုတ် ပျက်သွားတာပဲ။ ဆွမ်းဆက်စားခွင့် မရှိတော့ဘူး။ အဆုံးစွန်စကားပြောရရင် တင်ပျဉ်ခွေပြီး ဆွမ်းစားနေစဉ်မှာ ဒူးတစ်ဖက်ထောက်လိုက်မိတယ်ဆိုရင်ပဲ ဒါဣရိယာပုတ် ဖျက်လိုက်တာပါပဲ။ ဆွမ်းဆက်စားခွင့်မရှိတော့ပါဘူး။ စားရင် ပါစိတ်အာပတ်သင့်မယ်။ အဲဒါကြောင့် ရဟန်းသံဃာတော်များက လှူဒကာ၊ ဒကာမတွေ ဆွမ်းလိုက်တဲ့အခါ 'နေဦး၊ ခဏထားလိုက်ဦး၊ လိုရင်တောင်းမယ်' လို့ မိန့်ကြတာပေါ့ဒကာရဲ့''

''ဪ...ဟုတ်ပြီ၊ တပည့်တော် တစ်ခါက အဲသလို ဆွမ်းလိုက်မိတာ ဆရာတော်ကြီးတစ်ပါးရဲ့ အော်ငေါက်တာ ခံလိုက်ရတယ်ဘုရား။ 'ဒီဒကာ ခဏနေဦးလို့ပြောတာ၊ နားမထောင်ဘူးလား' တဲ့။ တပည့်တော်လည်း ရှက်ရှက်နဲ့ ဆရာတော်ကြီးကိုတောင် စိတ်ကွက်သွားမိသေးတယ်။ ကိုယ်ကတော့ စေတနာနဲ့ လိုက်ထည့်ပေးနေတာ၊ ဒီလောက်တောင် ရှိနေတာဆိုပြီး တပည့်တော် ခပ်ဝေးဝေးသွားနေလိုက်တော့တာဘုရား''

''ဒကာကလည်း ဟုတ်သားပဲ၊ ဆရာတော်ကြီးက ဝိနည်းကြောင်းအရ အပြစ်ဖြစ်မှာစိုးလို့ တားမြစ်နေတာ ဒကာကမသိနားမလည်တော့ အအော်အငေါက်ခံရတာပေါ့၊ ဒီတော့ဒကာက ခပ်ဝေးဝေးမှာ သွားနေပြန်တော့ ဝေယျာဝစ္စကုသိုလ် မရပြန်တော့ဘူး။ ဒကာပဲ နစ်ခါရှုံးကြီးဖြစ်နေရတော့တာပေါ့။မဟုတ်ဘူးလား''

''မှန်ပါတယ်ဘုရား။ အခု အရှင်ဘုရားအမိန့်ရှိမှပဲ သဘောပေါက်တော့တာကိုး ဘုရား''

''အဲဒါကြောင့် ဆွမ်းကျွေးဆွမ်းကပ်တဲ့အခါ လှူဒကာတွေက ဆွမ်းလိုက်၊ ဟင်းလိုက်ကြတော့ ရဟန်းသံဃာတော်များက 'ခဏနေဦး၊ လိုမှတောင်းမယ်'နဲ့ မိန့်ကြရတော့တာပေါ့။ တချို့ဆရာတော်ကြီးများဆိုရင် ဝိနည်းတော်ကို သိပ်လေးစားကြတာ။ ဒကာတို့ ဆွမ်းဟင်းလိုက်တဲ့အခါ ဟင်းပန်းကန်ကိုပြန်အယူမှာ ဟင်းရည်ဟင်းစက် စားပွဲပေါ်မကျအောင် 'သတိထားယူ၊ သတိထားယူ'လို့ သတိပေးနေကြတာတွေ့ဖူးတယ် မဟုတ်လား။ အဲဒါပေါ့ပေါ့မထင်နဲ့ဒကာ၊ စားပွဲတစ်ခုလုံး အကပ်ပျက်သွားနိုင်လို့ပဲ''

''ဟင်...ဘယ်လိုကြောင့်လဲ ဘုရား''

''ဒကာတို့ ဆွမ်းဟင်းလိုက်တော့ ဟင်းပန်းကန်ကို ပြန်အယူမှာ ဟင်းပန်းကန်မှာကပ်နေတဲ့ ဟင်းစက်က ဟင်းပန်းကန်နဲ့အတူ ပါသွားပြီးမှ စားပွဲပေါ်ဖိတ်ကျတာမဟုတ်လား။ အဲဒီ ဟင်းစက်ဟာ ပြန်ယူလိုက်တဲ့ ဟင်းစက်ဖြစ်လို့ အကပ်မမြောက်တော့ဘူးတဲ့၊ အကပ်မမြောက်သေးတဲ့ ဟင်းစက်နဲ့ကပ်ပြီးသား စားပွဲနဲ့ မိတ်ဆက်ပြီး ဆက်စပ်သွားတော့ စားပွဲတစ်ခုလုံးဟာလည်း အကပ်ပျက်သွားတယ်တဲ့ ဒကာ။ အကပ်ပျက်သွားရင် ပြန်ကပ်ရတယ်။ ဒါလေးတွေက သတိထားကြည့်မှ သိနိုင်တာ။

အဲသလိုပဲ၊ အခု ပဝါရိတ်သင့်တယ်ဆိုတာလည်း အများအားဖြင့် အလိုက်မသိတတ်တဲ့ ဒကာ၊ ဒကာမများနဲ့ ရဟန်းများကြောင့် သင့်ရတာပါ။ ပဝါရိတ်လည်း သင့်ပြီးပြီ၊ ဣရိယာပုတ်လည်း ပြောင်းပြီးပြီ။ ရဟန်းက နောက်ထပ်အလိုရှိနေသေးတယ်၊ ဘုဉ်းပေးချင်သေးတယ်ဆိုလို့ရှိရင် အတိရိတ်ဝိနည်းကံပြုပြီးမှ ဘုဉ်းပေးသုံးဆောင်လို့ရပါတယ်။ အတိရိက်ဝိနည်းကံပြုရတဲ့ယ်ဆိုတော့ နည်းနည်းအလုပ်ရှုပ်သွားပြန်တာပေါ့''

''အမိန့်ရှိပါဦးဘုရား''

''အတိရိတ်ဝိနည်းကံပြုမယ်ဆိုလို့ရှိရင် ရဟန်းကကိုယ်စားချင်တဲ့ အာဟာရကို ဒကာ၊ ဒကာမများထံမှ အပ်စပ်အောင်အကပ်ခံပြီး ဝိနည်းမိုရ်ရဟန်းထံ သွားရပါတယ်''

''အရှင်ဘုရား ဝိနည်းမိုရ်ရဟန်းဆိုတာက''

''ဝိနယဓရ=ဝိနည်းဆောင်ရဟန်း၊ တစ်နည်းအားဖြင့် ဝိနည်းအရာမှာ လိမ္မာကျွမ်းကျင်တဲ့ရဟန်း၊ ဝိနည်းကို လေးစားလိုက်နာတဲ့ရဟန်းကို ဝိနည်းမိုရ်ရဟန်းလို့ခေါ်ပါတယ်။ ဒီမှာတော့ အတိရိတ်ဝိနည်းကံ ပြုပေးမယ့် ရဟန်းကို ဝိနည်းမိုရ်ရဟန်းလို့ပဲ ခေါ်ပါတယ်''

''ဆက်ပြီး အမိန့်ရှိပါဦးဘုရား''

''ဒီ အတိရိတ်ဝိနည်းကံ ပြုချင်တဲ့ရဟန်းက ကိုယ်စားချင်တဲ့ ဘောဇဉ် ခဲဖွယ်ကို ခွက်တစ်ခုမှာထည့်၊ သပိတ်ဖြစ်ဖြစ်၊ ပန်းကန်ဖြစ်ဖြစ် ရပါတယ်။ အဲသလိုထည့်ပြီးတော့ ဝိနည်းမိုရ်ရဟန်းထံပါး ဟတ္ထပါသ်အတွင်းမှာ မြှောက်ချီကိုင်ထားရမယ်။ ပြီးတော့ ဝိနည်းမိုရ်ရဟန်းကိုယ်တိုင်ကလည်း ပဝါရိတ်သင့်ပြီးသူ မဖြစ်ရဘူး။ ပဝါရိတ်သင့်ပြီးသူဖြစ်နေရင်လည်း က္လရိယာပုတ်မပြောင်းလဲသေးသူ ဖြစ်ရမယ်။ အဲဒီ ဝိနည်းမိုရ်ရဟန်းကိုယ်တိုင်ကလည်း ဒီနေ့အဖို့ နည်းနည်းပဲဖြစ်ဖြစ် အစာစားပြီးနေသူ ဖြစ်ရဦးမယ်။ ဒီအခါမှာ စားလိုတဲ့ ရဟန်းက ဝိနည်းမိုရ်ရဟန်းထံမှာ ကိုယ်ကိုင်ထားတဲ့ စားဖွယ်ခွက်ကို စောင်းငဲ့ထားပြီး ''အရှင်ဘုရား ယူပါဦး၊ စားပါဦး''ဆိုတဲ့သဘော မြှောက်ချီပေးနေရမယ်။ အဲဒီတော့မှ ဝိနည်းမိုရ်ရဟန်းက ''အလမေတံသဗ္ဗံ=အဲဒီစားဖွယ်တွေကို ငါတော်ပြီ'' လို့ဆိုလိုက်ရပါမယ်။ အဲသလိုဆိုပြီးတဲ့အခါကျတော့မှ ဒီစားဖွယ်တွေဟာ ဝိနည်းမိုရ်ရဟန်းရဲ့ အကြွင်းအကျန်၊ အတိရိတ်ဝိနည်းကံပြုပြီးလို့ ဆိုရပါတယ်။ အဲဒီအခါကျမှ အာဟာရကို ထပ်စားလိုတဲ့ ပဝါရိတ်သင့်တဲ့ ရဟန်းဟာ စားခွင့်ရှိသွားပါတယ်''

''အမယ်လေး အရှင်ဘုရားရယ်၊ ရှုပ်ယှက်ခတ်လို့၊ မလွယ်ပါလား ဘုရား''

''ပြီးတော့ ရှိသေးတယ်။ဂိလာနရဟန်းရဲ့ အကြွင်းအကျန် ဆိုရင်လည်း အတိရိတ်ဝိနည်းကံပြုစရာ မလိုဘူး။ စားနိုင်ခွင့်ရှိပါတယ်''

''ဒါလည်း ဂိလာနရဟန်း ရှိဦးမှာကိုးဘုရား''

''အဲသလို ရသတဏှာရဲ့ လမ်းကြောင်းပေါ်မှာ တည်ရှိနေတဲ့ ရသတဏှာကြောင့် အလုပ်များရမယ့် စားဖွယ်ဘောဇဉ်နဲ့ ပတ်သက်ပြီး ရသတဏှာကို ငြိမ်းစေဖို့ ဒီခလုပစ္ဆာဘတ္တိကလို့ခေါ်တဲ့ ဓုတင်အကျင့်တစ်မျိုးကို ကောသနိက်ဓုတင်၊ ပတ္တပိဏ်ဓုတင်တို့နဲ့ ခွဲခြားပြီးတည်ဆောက်ရတာဖြစ်ပါတယ်''

''ဒီဓုတင်ကိုဆောက်တည်တဲ့အခါ ဘယ်လိုဆိုပြီး ဆောက်တည်ရပါသလဲ ဘုရား''

''ပဝါရိတ်သင့်ပြီးနောက် ဝိနည်းကံအလျောက် အတိရိတ်ဖြစ်ပြီးသောဆွမ်းကိုပယ်ပါ၏၊ ပဝါရိတ်သင့်ပြီးနောက် ရသောဆွမ်းကို အတိရိတ်ဝိနည်းကံပြု၍ မသုံးဆောင်သော ရဟန်း၏ အင်္ဂါကို ဆောက်တည်ပါ၏လို့ဆိုရတဲ့ စကားနှစ်ခွန်းမှာ တစ်မျိုးမျိုးကိုဆိုပြီး ဆောက်တည်ရမယ်လို့ဝိသုဒ္ဓိမဂ်မှာ ပြထားပါတယ်။ ဒီခလုပစ္ဆာဘတ္တိကဓုတင်ကို ဆောက်တည်ထားတဲ့ ရဟန်းဟာ တော်ပြီလို့ ပယ်ပြီးပါက တစ်ဖန်အပ်အောင် ဝိနည်းကံဖြင့် ပြုစီရင်ပြီးတဲ့ ဘောဇဉ်အာဟာရကို မစားသုံးရပါဘူး။ စားသုံးမိပါက ခလုပစ္ဆာဘတ္တိကဓုတင်အကျင့် ပျက်တော့တာပါပဲ''

''ဒီခလုပစ္ဆာဘတ္တိကဓုတင်မှာလည်း ပုဂ္ဂိုလ်သုံးမျိုးခွဲထားသေးသလားဘုရား''

''ခွဲထားတယ်ဒကာရဲ့။ အမြတ်ဆုံးဖြစ်တဲ့ ဥက္ကဋ္ဌပုဂ္ဂိုလ်က အကျင့်မှာလည်း ပြင်းထန်သူဖြစ်လေတော့ ပထမဆွမ်းလုတ်စားနေစဉ် 'တော်ပြီ တန်ပြီ'လို့ ပယ်မြစ်မိရင် ဒုတိယဆွမ်းအလုတ်ကိုဆက်မစားတော့ဘူးတဲ့''

''ဟင်–ဒါဆို အရှင်ဘုရားရယ် ဘယ်ဆွမ်းဝတော့မလဲ''

''တကယ်တမ်း အကျင့်မြတ်ရဟန်းရှင်တို့ ကျင့်သုံးပြီးဆွမ်းစားတာကိုက ခန္ဓာကိုယ်တည်ရုံမျှသဘောထားတာကို ဒကာရဲ့။ ကောသနိက်

ခုတင်မှာပြောခဲ့ပြီလေ။ အုန်းရေကလေးနဲ့ ဆွမ်းကိစ္စပြီးခဲ့တယ်ဆိုတာလေ၊ မှတ်မိသေးလား။ အုန်းရေနဲ့စာရင် ဆွမ်းတစ်လုတ်က ပိုအာဟာရ ဖြစ်တာပေါ့''

''အင်း... ဒီလိုတွေးရင်တော့ ဟုတ်တာပေါ့ဘုရား။ တပည့်တော်တော့ အဲသလိုမနေနိုင်ပါဘူး။ ဒါပေါ့လေ၊ ဒါကြောင့်လည်း တပည့်တော်က လူဝတ်ကြောင်ဖြစ်နေရတာပေါ့''

''ဒုတိယ မဇ္ဈိမပုဂ္ဂိုလ်ကတော့ ဆွမ်းစားနေစဉ် ပဝါရိတ်သင့်သွား ပေမယ့် သပိတ်ထဲမှာရှိနေတာကိုတော့ ဝအောင်ဘုဉ်းပေးသုံးဆောင်ပါ သတဲ့။ သပိတ်အပြင်က ခဲဖွယ်ဘောဇဉ်ကိုတော့ မသုံးဆောင်တော့ပါဘူး တဲ့။ တတိယ မုဒုပုဂ္ဂိုလ်ကတော့ ဣရိယာပုတ်မဖျက်မချင်း ဘုဉ်းပေးသုံး ဆောင်တယ်လို့ ဖွင့်ပြထားပါတယ်''

''အကျိုးတရားများလည်း မိန့်ပါဦးဘုရား''

''အတိရိတ်မဟုတ်သော ဘောဇဉ်ကို စားခြင်းကြောင့် အာပတ်သင့် ခြင်း အပြစ်မှ ဝေးရပါတယ်။ ဝမ်းဗိုက်ပြည့်အင့်ခြင်း ရောဂါမရှိဘူး။ အာမိသဒ္ဒ သိုမှီးခြင်းကင်းလို့ အလိုနည်းခြင်း၊ ချမ်းသာခြင်း အကျိုးတရား တွေရတယ်။ ခလုပစ္ဆာဘတ္တိကခုတင်ကို ဆောင်တဲ့ရဟန်းဟာ မြတ်စွာ ဘုရား ချီးမွမ်းတော်မူသော သန္တောသဂုဏ်အစရှိသော ကျေးဇူးတို့၏ ပွားများခြင်းကို ဖြစ်စေတတ်လို့ မဟိစ္ဆစတဲ့ အပြစ်ဒေါသတို့ကို ပယ်လိုတဲ့ ပုဂ္ဂိုလ်များသာ ကျင်းသုံးဆောက်တည်ကြပါတယ်တဲ့ ဒကာ''

''မြတ်စွာဘုရားက အာဟာရနဲ့ပတ်သက်လို့ ကျင့်ဖို့တော်တော်များများ ဟောခဲ့တာပဲနော်ဘုရား''

''ပြောခဲ့ပြီပဲ ဒကာရယ်။ အာဟာရဟာ ရသတဏှာကို မသိမသာနဲ့ တော်တော့်ကို ဆိုးစေတယ်ဆိုတာ ဒကာပဲ ကိုယ်တိုင်စဉ်းစားကြည့်လေ။ အိမ်က ဒကာမက ဟင်းချက်ကျွေးတယ်။ လျှာအရသာရှိမယ်၊ အာဟာရ ဖြစ်စေမယ်ဆိုရင် ပြည့်စုံပြီ မဟုတ်လား။ ကျေနပ်ရောပေါ့။ ဒါပေမဲ့

ကျေနပ်ရဲ့လား။ အရောင်အဆင်းကလေးကလည်း ရှိဦးမှဆိုပြီး ရူပတဏှာကို တောင့်တပြန်တယ်။ ကဲ–အဆင်းကလည်း လှသွားပြီ။ တော်ပြီပေါ့။ မဟုတ်သေးဘူး အနံ့ကလေးကလည်း မွှေးဦးမှဆိုပြီး နှာခေါင်းက တောင့်တပြန်ရော။ ပြီးတော့ စားဖွယ်ကလည်း နူးနူးညံ့ညံ့ရှိဦးမှဆိုပြီး ဖောဋ္ဌဗ္ဗတဏှာကလည်း လိုက်လာပြန်တယ်။ ကဲ–ကြည့်စမ်းပါဦး၊ အာဟာရတစ်ခုအတွက်နဲ့ တဏှာတွေ များလိုက်တာ''

''အင်း... အရှင်ဘုရားပြောတော့လည်း ဟုတ်တာပါပဲ။ မှန်ပါတယ်ဘုရား။ မုတင်တစ်ဆယ့်သုံးပါးဆိုတာကို တပည့်တော်ကြားဖူးနားဝရှိပါရဲ့။ အခြားဓုတင်များရဲ့ဆိုင်ရာ နာမည်များကိုလည်း ကြားဖူးသလိုရှိပါရဲ့။ အခု ဒီခလုပစ္ဆာဘတ္တိကဆိုတဲ့ ဓုတင်ကိုတော့ အရှင်ဘုရားနဲ့ဆွေးနွေးမိတော့မှပဲ အမှတ်ထင်ထင်ကြားဖူး သိဖူးရပါတော့တယ်။ အရှင်ဘုရားကို တပည့်တော်ကျေးဇူးတင်ပါတယ်ဘုရား''

''အများအားဖြင့် ဒကာကြားဖူးတာက သာသနာတော်အတွင်းမှာ ဘုန်းကြီးချင်တဲ့၊ လာဘ်လာဘပေါ်များချင်ကြတဲ့ အလိုဆိုးနှိပ်စက်ခံရသူတွေ၊ ပညာနည်းပါးသူတွေ၊ တောထွက်ရဟန်းကြီးတွေ ပြောတာလောက် ကြားဖူးနေမှာကိုး။ ဒီပုဂ္ဂိုလ်တွေကလည်း လူတွေအမြင်မှာ ထင်ရှားတဲ့ အထင်ကြီးစေမယ့် ပုံစံမျိုးတွေသာ လုပ်ပြနေကြတာ မဟုတ်လား။ ဒီလိုဓုတင်တွေ ဆောက်တည်တယ်လို့ ပြောရင် လူတွေက အထင်ကြီးမယ်။ လာဘ်လာဘပေါ်များမယ်။ ဒါနဲ့ လုပ်စားနေကြတာပါ။ အဝတ်အစားမြင်ရင် သိမ်နုပ်ပြီး လူအထင်သေးနိုင်တဲ့ ပံ့သကူဓုတင်ကျတော့ အခုခေတ်မှာ ဆောက်တည်ပါတယ်လို့ ပြောတာ ဒကာကြားဖူးလား။ တန်ဆောင်မုန်းလပြည့်နေ့ ပံ့သကူပစ်တာကို ရပြီး သုံးဆောင်ဝတ်ရုံရတာကို ဓုတင်မခေါ်ဘူး။ ဒီဓုတင်အကျင့်တွေထဲမှာလည်း စာမဖွဲ့လောက်ပါဘူး။ တကယ့် ပံ့သကူဓုတင်ဆောင်တယ်၊ ဒီဓုတင်ဆောင်တယ် ပြောနေကြပေမယ့် ပံ့သကူဓုတင်ဆောင်ပါတယ်လို့ ပြောတဲ့ဘုန်းကြီးတွေ့ဖူးရဲ့လား''

''အရှင်ဘုရား၊ အဲဒီ ပံ့သကူဓုတင်အကြောင်း အမိန့်ရှိပါဦးဘုရား''

''ဟာ–ဒီနေ့တော့တော်လောက်ပြီ ဒကာရဲ့။ ဒကာလည်း ကျောင်းရောက်နေတာ ကြာသွားပြီ။ နောက်နေ့မှ ဒကာကျောင်းရောက်လာခဲ့ရင်တော့ ပံ့သကူဓုတင်အကြောင်း ပြောကြတာပေါ့''

''မှန်ပါဘုရား၊ ဒါဆိုတပည့်တော် ပြန်ပါဦးမယ်။ ဦးတင်ပါတယ်ဘုရား''

* * *

# ပုံသကူစုတင်ဆိုတာ

''ဟော–ဒကာ ဦးမောင်မောင်ကြည်၊ လာလာ၊ ဦးပဥ္စင်းလည်း ဒကာ့ကို မျှော်နေတာ''

''အရှင်ဘုရား၊ ကိစ္စအထူးရှိလို့လားဘုရား''

''ကိစ္စအထူးရှိလို့တော့ မဟုတ်ပါဘူး၊ ဒကာကို ပုံသကူစုတင် အကြောင်း ပြောပြချင်လို့ပါ''

''တပည့်တော်လည်း အဲဒီအကြောင်း သိချင်လို့ကို အချိန်ယူလာခဲ့ရ တာပါပဲဘုရား။ အမိန့်ရှိပါဦးဘုရား။ တပည့်တော်ကြားနာနေပါတယ်''

''ပုံသကူစုတင်ဆောက်တည်တော့မယ်ဆိုရင် စကားနှစ်မျိုးမှာ တစ်မျိုး မျိုးနဲ့ ဆောက်တည်နိုင်တယ်တဲ့။ အဲဒီ စကားနှစ်မျိုးကတော့ (၁) ဒါယကာ တို့ လှူဒါန်းတဲ့ သင်္ကန်းကို ပယ်ပါ၏ တဲ့။ (၂) ပံ့သကူကို ဆောင်ခြင်း အလေ့ရှိတဲ့ ရဟန်း၏အင်္ဂါကို ဆောက်တည်ပါ၏ တဲ့''

''ဒါယကာတို့ လှူဒါန်းတဲ့ သင်္ကန်းကို ပယ်ပါ၏ဆိုတော့ ဒီလိုထူးထူး ခြားခြားကျင့်တဲ့ ရဟန်းမြတ်၊ ပုဂ္ဂိုလ်မြတ်များကို ဒါယကာများက သင်္ကန်း လှူခွင့်မရရှာတော့ဘူးပေါ့နော်''

''အင်း... တိုက်ရိုက်လှူခွင့်တော့ မရဘူးပေါ့ဒကာ။ ပရိယာယ်အားဖြင့် လှူနိုင်ပါတယ်''

''ဘယ်လိုပရိယာယ်လဲဘုရား''

''ဥပမာဆိုပါတော့... ကျောင်းတိုက်တစ်တိုက်မှာ ရဟန်းတစ်ပါးဟာ သင်္ကန်းနွမ်းပါးတဲ့ ရဟန်းများကို သင်္ကန်းလှူလေ့ရှိတယ်ဆိုပါတော့။ ဒါယကာက အဲဒီရဟန်းရဲ့ လက်ထဲ သင်္ကန်းလှူလိုက်တယ်။ ရဟန်းက ပံ့သကူဆောင်ရဟန်းရဲ့ ခြေရင်းမှာ ချထားလိုက်မယ်ဆိုရင် အဲဒီသင်္ကန်းဟာ 'ကေတောသုဒ္ဓိသင်္ကန်း' တဲ့။ ဒါယကာဘက်က ပံ့သကူအဖြစ် မစင်ကြယ်ဘဲ ရဟန်းဘက်က ပံ့သကူအဖြစ် စင်ကြယ်လို့ တစ်ပါးသော အဖို့မှ စင်ကြယ်သောသင်္ကန်းလို့ ခေါ်ပါတယ်။ ဒါယကာက ရဟန်းရဲ့ ခြေရင်းမှာ ထားလိုက်မယ်။ ရဟန်းက အဲဒီသင်္ကန်းကို ကောက်ယူပြီး ပံ့သကူဓုတင်ဆောင်ရဟန်းရဲ့လက်ထဲ ထည့်လှူမယ်ဆိုရင်လည်း အဲဒါ 'ကေတောသုဒ္ဓိသင်္ကန်း'ပါပဲတဲ့။ ဒါယကာကလည်း ရဟန်းရဲ့အနီးအနား ခြေရင်း စတာတွေမှာထားမယ်။ ရဟန်းက ကောက်ယူပြီး ပံ့သကူဓုတင်ဆောင်ရဟန်းရဲ့ ခြေရင်းမှာထားပြီး လှူမယ်ဆိုရင်တော့ နှစ်ပါးစုံစင်ကြယ်လို့ 'ဥဘတောသုဒ္ဓိကသင်္ကန်း'လို့ ခေါ်ပါတယ်။ အဲသလို ပရိယာယ်အားဖြင့်တော့ လှူနိုင်ခွင့်ရှိပါတယ်။ သံဃာအားလှူတဲ့ သင်္ကန်း၊ ဆွမ်းခံရင်း လှူလိုက်ရလို့ ရလာတဲ့သင်္ကန်း၊ ကျောင်းတိုက်ကို လှူတဲ့သင်္ကန်းများကတော့ ပံ့သကူမထိုက်ပါဘူးတဲ့၊ အဲဒါကြောင့်သံဃာက ဝေဖန်တဲ့အခါ ထေရ်စဉ်ဝါစဉ်မှာဝင်ပြီး ယူလို့မရပါဘူး''

''တပည့်တော်တို့က ပံ့သကူဓုတင်ဆောင်ရဟန်းဝတ်စေချင်လို့ သင်္ကန်းလှူလိုက်တာ၊ အလှူခံရတဲ့ရဟန်းက ပံ့သကူဓုတင်ဆောင်ရဟန်းကို မလှူဘဲ၊ သူဝတ်လိုက်ရင် ဘယ့်နှယ်လုပ်မလဲ အရှင်ဘုရားရဲ့''

''ဟာ... ဒါတော့ ဘယ်တတ်နိုင်ပါ့မလဲဒကာရယ်''

''အရှင်ဘုရားမိန့်တာ မဟုတ်သေးပါဘူး''

''ဘာမဟုတ်တာလဲဒကာရဲ့၊ မဟုတ်တာ ပြောဦးလေ''

''ဘယ်တတ်နိုင်ပါ့မလဲဆိုတာ''

''ဩော်... ဒကာကလည်း စဉ်းစားကြည့်လေ။ ကိုယ်ကတော့ ပံ့သကူ ခုတင်ဆောင်ရဟန်းကို ရည်ရွယ်ပြီးလှူတာ၊ အလှူခံရတဲ့ရဟန်းကတစ်ဆင့် ပြန်မလှူတာကတော့ မတတ်နိုင်ဘူးလေ၊ တိုက်ရိုက်ပိုင်ဆိုင်နေတာက အလှူခံရဟန်းက ပိုင်ဆိုင်နေတာကိုး။ ကဲ-ဒကာ့အနေနဲ့ ကိုယ်လှူတဲ့ သင်္ကန်းကို ပြန်စွန့်ပါဘုရားလို့ လျှောက်မှာလား။ ပြန်လုယူမှာလား။ 'အရှင်ဘုရား၊ တပည့်တော်လှူတဲ့ သင်္ကန်းက ပံ့သကူဆောင် ရဟန်း အတွက် ရည်ရွယ်ပြီး လှူတာပါဘုရား'လို့ လျှောက်မှာလား။ အဲသလို လျှောက်ထားပြန်ရင်လည်း ဟိုကိုယ်တော်က လက်ခံမှာမဟုတ်ဘူး။ လက်ခံမိရင် ခုတင်အဓိဋ္ဌာန်က ပျက်ဦးမယ်လေ။ ဒကာဘယ်လိုလုပ်မလဲ''

''အင်း... အဲဒီလိုဆိုတော့လည်း ဟုတ်တာပါပဲ။ ဒါပေမဲ့ အရှင် ဘုရားက တစ်နည်းနည်းနဲ့ လှူလို့ရအောင်တော့ မိန့်ပြပါဦးဘုရား''

''ဟော-ဒကာမှာ လှူရမယ့်ရဟန်းတော့ တွေ့နေပြီထင်တယ်။ ဦးပဥ္စင်း တို့ကိုလည်း သတင်းလေးပေးပါဦး။ ကုသိုလ်မျှယူရအောင်လို့''

''ဩော်... အရှင်ဘုရားကလည်း မတွေ့ရသေးပါဘူး။ တပည့်တော်က သိချင်လို့လျှောက်ထားတာပါဘုရား''

''ကောင်းပြီလေ၊ ဒါဆိုလည်း ပြောပြရတာပေါ့။ ပံ့သကူခုတင်ဆောင် ရဟန်းမှာလည်း ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒုလို့ သုံးမျိုးရှိတယ်။ ဥက္ကဋ္ဌလို့ခေါ်တဲ့ အမြတ်ဆုံးကျင့်တဲ့ ရဟန်းကိုတော့ လှူခွင့်ရမှာမဟုတ်ဘူး ဒကာရဲ့။ ဘာလို့လဲဆိုတော့ ဒီဥက္ကဋ္ဌရဟန်းက တကယ့်ကို စွန့်ပစ်ထားတဲ့အဝတ်၊ သုသာန်သင်္ချိုင်းလိုနေရာမျိုး၊ ဈေး၊ အမှိုက်ပုံလိုနေရာမျိုးမှာ ရရာအဝတ် ကို ကောက်ယူပြီး တကယ့်ပံ့သကူစစ်စစ် အဝတ်သင်္ကန်းကိုသာ ဝတ် တတ်လို့ပါပဲ။

မဇ္ဈိမပုဂ္ဂိုလ်ကတော့ ရဟန်းကောက်ယူလိမ့်မယ်ဆိုပြီး လမ်းမှာဖြစ်ဖြစ်၊ ကျောင်းဝိုင်းတစ်နေရာမှာပဲဖြစ်ဖြစ်၊ ရဟန်းတွေ့နိုင်၊ မြင်နိုင်တဲ့ နေရာမှာ စွန့်လှူထားတဲ့ အဝတ်သင်္ကန်းကို အလယ်အလတ်ကျင့်တဲ့ မဇ္ဈိမရဟန်း ကတော့ ကောက်ယူသုံးဆောင်ပါတယ်။

''ဘယ်လိုပရိယာယ်လဲဘုရား''

''ဥပမာဆိုပါတော့... ကျောင်းတိုက်တစ်တိုက်မှာ ရဟန်းတစ်ပါးဟာ သင်္ကန်းနွမ်းပါးတဲ့ ရဟန်းများကို သင်္ကန်းလှူလေ့ရှိတယ်ဆိုပါတော့။ ဒါယကာက အဲဒီရဟန်းရဲ့ လက်ထဲ သင်္ကန်းလှူလိုက်တယ်။ ရဟန်းက ပံ့သကူဆောင်ရဟန်းရဲ့ ခြေရင်းမှာ ချထားလိုက်မယ်ဆိုရင် အဲဒီသင်္ကန်းဟာ 'ကေတောသုဒ္ဓိသင်္ကန်း' တဲ့။ ဒါယကာဘက်က ပံ့သကူအဖြစ် မစင်ကြယ်ဘဲ ရဟန်းဘက်က ပံ့သကူအဖြစ် စင်ကြယ်လို့ တစ်ပါးသော အဖို့မှ စင်ကြယ်သောသင်္ကန်းလို့ ခေါ်ပါတယ်။ ဒါယကာက ရဟန်းရဲ့ ခြေရင်းမှာ ထားလိုက်မယ်။ ရဟန်းက အဲဒီသင်္ကန်းကို ကောက်ယူပြီး ပံ့သကူဓုတင်ဆောင်ရဟန်းရဲ့လက်ထဲ ထည့်လှူမယ်ဆိုရင်လည်း အဲဒါ 'ကေတောသုဒ္ဓိသင်္ကန်း'ပါပဲတဲ့။ ဒါယကာကလည်း ရဟန်းရဲ့အနီးအနား ခြေရင်း စတာတွေမှာထားမယ်။ ရဟန်းက ကောက်ယူပြီး ပံ့သကူဓုတင်ဆောင်ရဟန်းရဲ့ ခြေရင်းမှာထားပြီး လှူမယ်ဆိုရင်တော့ နှစ်ပါးစုံစင်ကြယ်လို့ 'ဉဘတောသုဒ္ဓိကသင်္ကန်း'လို့ ခေါ်ပါတယ်။ အဲသလို ပရိယာယ်အားဖြင့်တော့ လှူနိုင်ခွင့်ရှိပါတယ်။ သံဃာအားလှူတဲ့ သင်္ကန်း၊ ဆွမ်းခံရင်း လှူလိုက်ရလို့ ရလာတဲ့သင်္ကန်း၊ ကျောင်းတိုက်ကို လှူတဲ့သင်္ကန်းများကတော့ ပံ့သကူမထိုက်ပါဘူးတဲ့၊ အဲဒါကြောင့်သံဃာက ဝေဖန်တဲ့အခါ ထေရ်စဉ်ဝါစဉ်မှာဝင်ပြီး ယူလို့မရပါဘူး''

''တပည့်တော်တို့က ပံ့သကူဓုတင်ဆောင်ရဟန်းဝတ်စေချင်လို့ သင်္ကန်းလှူလိုက်တာ၊ အလှူခံရတဲ့ရဟန်းက ပံ့သကူဓုတင်ဆောင်ရဟန်းကို မလှူဘဲ၊ သူဝတ်လိုက်ရင် ဘယ့်နှယ်လုပ်မလဲ အရှင်ဘုရားရဲ့''

''ဟာ... ဒါတော့ ဘယ်တတ်နိုင်ပါ့မလဲဒကာရယ်''

''အရှင်ဘုရားမိန့်တာ မဟုတ်သေးပါဘူး''

''ဘာမဟုတ်တာလဲဒကာရဲ့၊ မဟုတ်တာ ပြောဦးလေ''

''ဘယ်တတ်နိုင်ပါ့မလဲဆိုတာ''

''သြော်... ဒကာကလည်း စဉ်းစားကြည့်လေ။ ကိုယ်ကတော့ ပံ့သကူ စုတင်ဆောင်ရဟန်းကို ရည်ရွယ်ပြီးလှူတာ၊ အလှူခံရတဲ့ရဟန်းကတစ်ဆင့် ပြန်မလှူတာကတော့ မတတ်နိုင်ဘူးလေ၊ တိုက်ရိုက်ပိုင်ဆိုင်နေတာက အလှူခံရဟန်းက ပိုင်ဆိုင်နေတာကိုး။ ကဲ–ဒကာ့အနေနဲ့ ကိုယ်လှူတဲ့ သင်္ကန်းကို ပြန်စွန့်ပါဘုရားလို့ လျှောက်မှာလား။ ပြန်လုယူမှာလား။ 'အရှင်ဘုရား၊ တပည့်တော်လှူတဲ့ သင်္ကန်းက ပံ့သကူဆောင် ရဟန်း အတွက် ရည်ရွယ်ပြီး လှူတာပါဘုရား' လို့ လျှောက်မှာလား။ အဲသလို လျှောက်ထားပြန်ရင်လည်း ဟိုကိုယ်တော်က လက်ခံမှာမဟုတ်ဘူး။ လက်ခံမိရင် စုတင်အဓိဋ္ဌာန်က ပျက်ဦးမယ်လေ။ ဒကာဘယ်လိုလုပ်မလဲ''

''အင်း... အဲဒီလိုဆိုတော့လည်း ဟုတ်တာပါပဲ။ ဒါပေမဲ့ အရှင်ဘုရားက တစ်နည်းနည်းနဲ့ လှူလို့ရအောင်တော့ မိန့်ပြပါဦးဘုရား''

''ဟော–ဒကာမှာ လှူရမယ့်ရဟန်းတော့ တွေ့နေပြီထင်တယ်၊ ဦးပဥ္စင်းတို့ကိုလည်း သတင်းလေးပေးပါဦး။ ကုသိုလ်မျှယူရအောင်လို့''

''သြော်... အရှင်ဘုရားကလည်း မတွေ့ရသေးပါဘူး။ တပည့်တော်က သိချင်လို့လျှောက်ထားတာပါဘုရား''

''ကောင်းပြီလေ၊ ဒါဆိုလည်း ပြောပြရတာပေါ့။ ပံ့သကူစုတင်ဆောင် ရဟန်းမှာလည်း ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒုလို့ သုံးမျိုးရှိတယ်။ ဥက္ကဋ္ဌလို့ခေါ်တဲ့ အမြတ်ဆုံးကျင့်တဲ့ ရဟန်းကိုတော့ လှူခွင့်ရမှာမဟုတ်ဘူး ဒကာရဲ့။ ဘာလို့လဲဆိုတော့ ဒီဥက္ကဋ္ဌရဟန်းက တကယ့်ကို စွန့်ပစ်ထားတဲ့အဝတ်၊ သုသာန်သင်္ချိုင်းလိုနေရာမျိုး၊ ဈေး၊ အမှိုက်ပုံလိုနေရာမျိုးမှာ ရရာအဝတ်ကို ကောက်ယူပြီး တကယ့်ပံ့သကူစစ်စစ် အဝတ်သင်္ကန်းကိုသာ ဝတ်တတ်လို့ပါပဲ။

မဇ္ဈိမပုဂ္ဂိုလ်ကတော့ ရဟန်းကောက်ယူလိမ့်မယ်ဆိုပြီး လမ်းမှာဖြစ်ဖြစ်၊ ကျောင်းဝိုင်းတစ်နေရာမှာပဲဖြစ်ဖြစ်၊ ရဟန်းတွေ့နိုင်၊ မြင်နိုင်တဲ့ နေရာမှာ စွန့်လှူထားတဲ့ အဝတ်သင်္ကန်းကို အလယ်အလတ်ကျင့်တဲ့ မဇ္ဈိမရဟန်းကတော့ ကောက်ယူသုံးဆောင်ပါတယ်။

မုဒုပုဂ္ဂိုလ်ဆိုတဲ့ အညံ့စားကျင့်တဲ့ရဟန်းကတော့ သူ့ခြေရင်းမှာထား လိုက်ရင်ပဲ ကောက်ယူသုံးဆောင်ပါတယ်။ ဒီတော့ ဒကာ ဦးမောင် မောင်ကြည် လှူချင်တယ်ဆိုရင် မဇ္ဈိမပုဂ္ဂိုလ်နဲ့ မုဒုပုဂ္ဂိုလ်ကို ခုပြောတဲ့ နည်းနဲ့ လှူနိုင်ခွင့်ရှိပါတယ်''

''တပည့်တော်က အမြတ်ဆုံးဥက္ကဋ္ဌပုဂ္ဂိုလ်ကို လှူချင်တာဘုရား''

''အမယ်–ဒကာဦးမောင်မောင်ကြည် လှူချင်တာက သဒ္ဓါတရားနဲ့လှူ မှာလားလို့ အခုတော့ လောဘနဲ့လှူမှာကိုး''

''ဟာ–အရှင်ဘုရားကလည်း ဘယ့်နှယ်မိန့်လိုက်တာလဲ၊ လှူပါတယ် ဆိုမှ လောဘပါလို့ရမလားဘုရား''

''ဒကာက အမြတ်ဆုံးပုဂ္ဂိုလ်ကိုမှ လှူချင်တယ်ဆိုတော့ ဒကာစိတ်ကို ဒကာပဲ ပြန်ဆင်ခြင်ကြည့်လေ။ အမြတ်ဆုံးကို လှူရင် အကျိုးကြီးတယ် ဆိုလို့ လှူတာမဟုတ်လား''

''ဒါ–အရှင်ဘုရားတို့ပဲ ဟောနေကြတာမဟုတ်လား''

''ဦးပဉ္ဇင်းတို့ ဟောနေတဲ့ ရည်ရွယ်ချက်ကတစ်မျိုး၊ ဒကာတို့ လိုချင် တာက တစ်မျိုးဖြစ်နေတယ်လေ''

''မိန့်ပါဦးဘုရား''

''မြတ်စွာဘုရားဟောထားတဲ့ မဟပ္ဖလအကျိုးစီးပွား ပိုကြီးတယ် ဆိုတာ၊ အမြတ်ဆုံးပုဂ္ဂိုလ်ကိုလှူရတော့ အမြတ်ဆုံးပုဂ္ဂိုလ်ကိုကြည်ညို အားကျပြီး အမြတ်ဆုံးအကျင့်ကို ကျင့်လို့မှ အမြတ်ဆုံးနိဗ္ဗာန်ကို ရရှိတာ မဟပ္ဖလ။ ဒကာတို့ လိုချင်တာက အမြတ်ဆုံးပုဂ္ဂိုလ်ကိုလှူရလို့ လူ့ဘဝမှာ လည်း အချမ်းသာဆုံး၊ တန်ခိုးအရှိဆုံး၊ အာဏာအရှိဆုံး၊ နတ်ဘဝ မှာလည်း အချမ်းသာဆုံး၊ တန်ခိုးအရှိဆုံး...''

''မှန်ပါ၊ တပည့်တော် သဘောပေါက်ပါပြီဘုရား၊ ဟုတ်တာပေါ့၊ အရှင်ဘုရားမိန့်သလို လောဘနဲ့လှူတာ ဟုတ်ပါတယ်ဘုရား''

''ဒကာ၊ ဦးပဥ္စင်းပြောပြမယ်။ မြတ်စွာဘုရားလက်ထက်တော်က တာဝတိံသာနတ်ပြည်မှာ ဇာလိနီဆိုတဲ့ နတ်သမီးရှိခဲ့ဖူးတယ်။ အဲဒီနတ်သမီးဟာ အရှင်အနုရုဒ္ဓါရဲ့ သုံးဘဝမြောက်က ဇနီးမယားဖြစ်ခဲ့ဖူးသတဲ့။ အဲဒါကြောင့် အရှင်အနုရုဒ္ဓါအပေါ် သံယောဇဉ်က မပြတ်ဘူး။ သင်္ကန်းလှူချင်နေတယ်။ လှူခွင့်ကလည်း မရဖြစ်နေတယ်။ တစ်နေ့မှာ အရှင်အနုရုဒ္ဓါမထေရ်မြတ်က ပံ့သကူသင်္ကန်းရှာမှီးဖို့ လှည့်လည်လာတယ်။ အဲဒါကို နတ်သမီးမြင်တော့ နတ်ဩဖြစ်တဲ့ အဝတ်ပုဆိုးအစုံကို 'အရှင်ဘုရား အလှူခံတော်မူပါ' လို့ ဆိုပြီး သွားလှူရင် လက်ခံမှာမဟုတ်ဘူးဆိုတာ သိလို့ အမှိုက်ပုံထဲမှာ တစ်စွန်းတစ်စမြင်အောင် လုပ်ထားလိုက်ရတယ်။ အရှင်အနုရုဒ္ဓါလည်း အမှိုက်ပုံထဲမှာ ရှာဖွေရင်း အဲဒီအဝတ်ကိုမြင်တော့ 'အမြတ်ဆုံးပံ့သကူပေပဲ' လို့ အောက်မေ့ပြီး ကောက်ယူသွားတယ်။

အမြတ်ဆုံးပံ့သကူဆိုတာ အဝတ်စကောင်းလို့ အောက်မေ့တာမဟုတ်ဘူး။ လူတွေဆိုတာက အဝတ်စ ဘယ်လောက်ကောင်းနေပေမယ့် သူတို့စိတ်ထဲ တစ်စုံတစ်ခုဖြစ်တယ်လို့ ဉပါဒါန်စွဲနေရင် စွန့်ပစ်တတ်ကြတာ။ အဲသလို အာလယပြတ်စွန့်ပစ်ထားလို့ အမှိုက်ပုံမှာ တွေ့ရတာမို့ အမြတ်ဆုံးပံ့သကူပေပဲလို့ အောက်မေ့တယ်ဆိုတာ ဒကာသိထားရမယ်။ တစ်ခါတုန်းက ပုဏ္ဏားတစ်ယောက်ဟာ သူ့ရဲ့ အကောင်းဆုံးပုဆိုး ကြွက်ကိုက်ထားလို့ အမင်္ဂလာပုဆိုး၊ မဝတ်ကောင်းတော့ဘူးဆိုပြီး အမှိုက်ပုံမှာ စွန့်ပစ်လိုက်တယ်။ အဲဒါကို မြတ်စွာဘုရားက မြင်တော်မူလို့ ပံ့သကူအဖြစ် ကောက်ယူတော်မူတော့ ပုဏ္ဏားက 'ရှင်ကြီးဂေါတမ၊ မကောက်ယူပါနဲ့၊ အဲဒီပုဆိုးက အမင်္ဂလာပုဆိုး၊ ထိခိုက်တတ်တယ်။ အသင်လိုချင်တယ်ဆိုရင် ငါ့အိမ်မှာ ပုဆိုးကောင်းများစွာရှိပါတယ်။ အဲဒီအထဲက အလိုရှိသလောက် ပေးပါ့မယ်' လို့ ဟန့်တားဖူးတယ်။ မြတ်စွာဘုရားက သင့်အိမ်ပုဆိုးထက် ဒီပုဆိုးက ပိုလို့မြတ်တယ်လို့ မိန့်ပြီး ကောက်ယူသွားပါတယ်။

အခုလည်း အရှင်အနုရုဒ္ဓါ အောက်မေ့တာ ဒီသဘောပဲ။ နောက်တစ်နေ့ ပံ့သကူသင်္ကန်းချုပ်ဆိုးလုပ်တော့ မြတ်စွာဘုရားကိုယ်တော်တိုင် ချီးမြှင့်ချုပ်ဆိုးပေးခဲ့လို့ သာသနာ့သမိုင်းမှာ မှတ်တမ်းတင်ရစ်ပြီး ဓမ္မပဒထဲမှာ တွင်ကျန်ရစ်ခဲ့တယ်ဒကာ။ ပံ့သကူသင်္ကန်းဆိုတာ မြတ်စွာဘုရား ကိုယ်တော်တိုင် ချီးမြှင့်မြှောက်စား ချီးမွမ်းတဲ့သင်္ကန်း။ ပံ့သကူစစ်စစ်ကိုသာ ကောက်ယူသုံးဆောင်တဲ့ ဥက္ကဋ္ဌပုဂ္ဂိုလ်ကို တိုက်ရိုက်လှူဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူးဒကာရေ မှတ်ထားပေရော့''

''ဒါဆို ပံ့သကူသင်္ကန်းရဖို့ အမှိုက်ပုံတို့၊ သုသာန်သင်္ချိုင်းတို့မှာပဲ ကောက်ယူတယ်ဆိုပါတော့''

''ပံ့သကူအဝတ် ရနိုင်တဲ့နေရာ သုံးဆောင်ကောင်းတဲ့ အဝတ်ဆိုပြီး ဝိသုဒ္ဓိမဂ်မှာ နှစ်ဆယ့်သုံးမျိုးပြထားပါတယ်''

''မိန့်ပါဦးဘုရား''

''(၁) သုသာန်သင်္ချိုင်း၌ ရသောအဝတ်၊ (၂) အိမ်ဈေး၌ စွန့်ပစ်ခဲ့၍ ရအပ်သောအဝတ်၊ (၃) လမ်းခရီး၌ စွန့်ပစ်ထားသောအဝတ်၊ (၄) တံမြက်စည်းအမှိုက်ပုံ၌ စွန့်ပစ်ထားသောအဝတ်၊ (၅) ကိုယ်ဝန်ဆောင်သားဖွားသောအညစ်အကြေးကို သုတ်၍ စွန့်ပစ်ထားသောအဝတ်''

''ဟာ–အရှင်ဘုရားကလည်း သင်္ကန်းပါဆိုမှ၊ ဘယ့်နှယ် မအပ်မရာ 'ကိုယ်ဝန်ဆောင် သားဖွားပြီး အညစ်အကြေး သုတ်ထားတဲ့ အဝတ်ကိုများ ' ရဟန်းတွေ ဘုန်းနိမ့်ကုန်ပါမယ်ဘုရား''

''ဘုန်းဆိုတာကို ဒကာ ဘယ်လိုသိထားလို့လဲ ပြောစမ်းပါဦး''

''ဘုန်းဆိုတာ–အဲ... ဟို... ဘုန်းကံကြီးမားတာတို့၊ ဟို... ကံကောင်းတာတို့ပေါ့ဘုရား''

''ဒကာ၊ ဘုန်းကံဆိုတာ အကျင့်စရဏကိုခေါ်တယ်။ တစ်နည်းအားဖြင့် ပြောရရင်တော့ ကိုယ်ပြုလုပ်တဲ့ ကမ္မကရဏပဲ။ ကိုယ့်မှာ အကျင့်ကောင်းတဲ့ သုစရိတဓမ္မအားကောင်းရင် ဘုန်းကံကြီးမားတယ်။ ကိုယ့်မှာ

အကျင့်မကောင်းတဲ့ ဒုစရိုတစမ္မ အားကောင်းရင် ဘုန်းကံနိမ့်ပါးတယ်။ အတိတ်ဘဝကရော အခုလက်ရှိဘဝမှာပါ သုစရိုတစမ္မနဲ့ ပြည့်စုံနေတဲ့ သူမှာ မီးနေသည့်ထဘီ ခေါင်းစွပ်ထားပါစေ၊ ဘုန်းကံမနိမ့်ပါးပါဘူး၊ ဒုစရိုတစမ္မနဲ့ ပြည့်စုံနေတဲ့သူကတော့ ဘယ်လိုပင်'ဥုံဖွ' မန်းမှုတ်ပြီး မင်္ဂလာအလံလွှင့်ထားပါစေ၊ ဆိုးကျိုး အကျိုးပေးချိန်တန်ရင်တော့ ဘာ နဲ့မျှ တားမရဘူး။ အကျိုးပေးမှာပဲ။ ဒကာတို့ ဆိုလိုတာက ဆိုးကျိုးအကျိုး ပေးတာကို ဘုန်းကံနိမ့်တယ်လို့ ယူဆကြတယ် မဟုတ်လား။ အဲဒီ ဆိုးကျိုးဟာ မီးနေသည့်ထဘီနဲ့ မပတ်သက်ဘူး။ ကိုယ်ပြုလုပ်တဲ့ ကိုယ် နှုတ်စိတ်ဆိုတဲ့ ကံသုံးပါးနဲ့ပဲ ပတ်သက်နေတယ်''

''ဟာ–တပည့်တော်တော့ မီးနေသည့်ထဘီတို့၊ ကိုယ်ဝန်မွေးဖွားလို့ အညစ်အကြေးသုတ်တဲ့ အဝတ်တို့ဆိုတာကို သင်္ကန်းလုပ်ဝတ်ရမယ်ဆိုရင် တော့ စိတ်မသန့်နိုင်ဘူးဘုရား''

''စိတ်သန့်တယ် ဆိုတာကိုရော ဒကာကဘယ်လိုသဘောရလို့လဲ။ ကောင်းတဲ့စိတ်ရှိသူက စိတ်သန့်တယ်လေ။ မကောင်းစိတ်ရှိသူက စိတ်မ သန့်ဘူး မဟုတ်လား ဒကာရဲ့၊ စဉ်းစားပါဦး''

''ဟာ–ရှုပ်ကုန်ပြီဘုရား''

''မရှုပ်ပါနဲ့ဒကာရဲ့။ ဒကာ အတွေးရှုပ်လို့ ရှုပ်တာပါ။ သေချာဉာဏ်နဲ့ စဉ်းစားကြည့်စမ်းပါ။ မြတ်စွာဘုရားဟောထားတဲ့ တရားတော်တွေက သိပ်ပြီး ဓမ္မဒိဋ္ဌာန်ကျပါတယ်။ အစွန်းမရောက်ဘူး။ တစ်ယူမသန်ဘူး။ လူပြောသူပြော လိုက်ဟောထားတာ မဟုတ်ဘူး။ သူများမှန်တယ်ဆိုတိုင်း လိုက်မှန်နေတာ မဟုတ်ဘူး။ ရဟန်းဆိုတာ သံသရာမှထွက်ရပ် လမ်းကို ရှာဖွေကျင့်သုံးနေကြတာ၊ သံသရာ့ဒုက္ခကို ကြောက်လို့ လွတ်အောင်ရုန်း တဲ့ အကျင့်ကိုကျင့်နေကြတာ။ သံသရာထဲမှာ ခန္ဓာရနေတာသည်ပင်လျှင် ဒုက္ခလို့ မြင်တယ်။ ဒီဒုက္ခဖြစ်နေတဲ့ ခန္ဓာကိုယ်ကြီးကို ဒကာတို့က မင်္ဂလာလို့ ယူဆတဲ့ အဝတ်သစ်အစားသစ်တွေနဲ့ အလှဆင်ပေးတော့

အဲဒီအဝတ်သစ်၊ အစားသစ်လေးတွေ ပေမှာကျှမှာ ညစ်ပတ်မှာ စိုးရိမ်ရနဲ့ နေရထိုင်ရတာကလည်း မလွတ်လပ်နဲ့၊ ကဲ–ဘယ်လောက်ဒုက္ခများလိုက်သလဲ၊ ကိုယ်ဝန်ဆောင်မွေးဖွားရာမှာ အညစ်အကြေးသုတ်ပြီး စွန့်ပစ်ထားတဲ့ အဝတ်ကို သန့်စင်အောင် ဖွပ်လျှော်ပြီး ဝတ်တော့၊ ဒီအဝတ်အပေါ်မှာ ကြောင့်ကြဗျာပါရ မစိုက်ရတော့ဘူး။ စိုးရိမ်မှုကလည်း ကင်းရှင်းနေတယ်။ ကဲ–ဘယ်လောက် ဒုက္ခငြိမ်းအေးသွားသလဲ။ အဲဒီလို အဝတ်များကို ကောက်ယူပြီး ဖွပ်လျှော်ချုပ်ဆိုး ဝတ်ရတဲ့ ပံ့သကူသင်္ကန်းဆိုတာ အဖိုးမထိုက်တာကြောင့် စောင့်ရှောက်ရတဲ့ တာဝန်လည်းငြိမ်းသတဲ့၊ သူခိုးစတဲ့ ဘေးရန်များလည်း မရှိဘူးတဲ့''

''အရှင်ဘုရားက စကားတတ်တော့ ပြောနိုင်တာပေါ့ဘုရား''

''ဟော–ဒီဒကာနဲ့တော့ ခက်နေပါပြီ။ ပြောလက်စနဲ့ ပြောလိုက်ရဦးမယ်၊ ဦးပဥ္စင်းတို့ ဇာတိဒေသမှာ ရက်ကန်းစင်တွေရှိတယ်၊ လက်ရက်ကန်းစင်တွေပါ။ အဲဒီ ရက်ကန်းစင်တွေကို အိမ်အောက်မှာ ထားလေ့ရှိတယ်။ ကိုယ်ဝန်ဆောက်မိန်းမက ညအချိန်မတော်ထမွေးတော့၊ တောမှာက ကလေးမွေးပြီးပြီဆိုရင် အိမ်ပေါ်ကနေ ရေဆေးချလိုက်တာပဲ။ အောက်က ရက်ကန်းစင်ရှိနေတာကို သတိမရနိုင်ဘူး။ အဲဒါကြောင့် ရွှေ့လည်းမရွှေ့အားဘူး။ ဒီတော့ ရက်ကန်းစင်ပေါ်ကျရော။ နောက်နေ့မှ ရက်ကန်းစင်ကို ဆေးကြောပြီး ရက်လိုက်ကြတာပဲ။ ရက်ကန်းစင်က အထည်လည်းကျရော ဖြတ်ပြီး ရောင်းထည့်လိုက်တာ မသိတော့ဝယ်သွားကြတာပါပဲ၊ မင်္ဂလာယူတဲ့ အထည်လည်းပါရဲ့။ ဘယ်သူမှ ဉပါဒါန်မစွဲတော့ ဘာမှုမဖြစ်ဘူး။ အခု ဒကာဝတ်နေတဲ့ ပုဆိုးတွေဟာ အဲဒီလို ရက်ကန်းစင်က ကျလာတာမဟုတ်ဘူးလို့ ဘယ်သူပြောနိုင်သလဲ၊ အခုပဲ ဒကာ့စိတ်ထဲ ဘယ်လိုနေသလဲ''

''ဟာ–ဒါတော့ အရှင်ဘုရားလွန်နေပြီ''

''လွန်မလွန်ဒကာပဲတွေးကြည့်လေ''

''တွေးကြည့်မနေတော့ပါဘူးဘုရား။ ကဲပါ–ပံ့သကူသက်န်းရနိုင်တဲ့ စကားပဲ ဆက်ပါဦးဘုရား''

''အင်း–ကိုယ့်စကားတောင် ဘယ်ရောက်နေပါလိမ့်။(၅) ကိုယ်ဝန်ဆောင်သားဖွားအညစ်အကြေးကို သုတ်၍ စွန့်ပစ်သောအဝတ်၊ (၆)ဘုတ်ဆေးသမားတို့ ဦးခေါင်းနှင့်တကွ ရေချိုးပြီး ယုတ်မာသောအဝတ်ဟု စွန့်ပစ်သောအဝတ်၊ (၇) ရေဆိပ်၌ စွန့်ပစ်ထားသောအဝတ်၊ (၈) သုသာန်သို့သွား၍ ပြန်လာသူတို့သည် ရေချိုးပြီး အမင်္ဂလာအဝတ်ဟု စွန့်ပစ်သောအဝတ်၊ (၉) မီးလောင်ပေါက်ရှိ၍ စွန့်ပစ်သောအဝတ်၊ (၁၀) နွားဝါးရာရှိ၍ စွန့်ပစ်သောအဝတ်၊ (၁၁) ခြကိုက်ရာရှိ၍ စွန့်ပစ်သော အဝတ်၊ (၁၂) ကြွက်ကိုက်ရာရှိ၍ စွန့်ပစ်သောအဝတ်၊ (၁၃) အနားပြတ်သောအဝတ်၊ (၁၄) စွန့်ပစ်သောသဘော်အလံအဝတ်၊' (၁၅) စစ်မြေပြင်၌ စွန့်ပစ်သောအဝတ်၊ (၁၆) တောင်ပို့တွင် ရစ်ပတ်၍ နတ်ပူဇော်ထားသောအဝတ်၊ (၁၇) ရဟန်းတို့ စွန့်ပစ်သောသင်္ကန်း၊ (၁၈) မင်းအဘိသိက်ခံရာတွင် စွန့်ပစ်သောအဝတ်၊ (၁၉) ဟောဘိက္ခုသင်္ကန်း၊ (၂၀) ခရီးသွားတို့ မေ့လျော့ ကျန်ရစ်သောအဝတ်၊ (၂၁) လေတိုက်၍ အဝေးသို့ လွင့်ပါလာသော အဝတ်၊ (၂၂) နတ်တို့ပေးသောအဝတ်၊ (၂၃) သမုဒ္ဒရာလှိုင်းပုတ်၍ ကုန်းတင်နေသောအဝတ်တဲ့။ အဲဒီ အဝတ်များထဲမှ တစ်ခုခုကို ရခဲ့ရင် ဆွေးမြည့်နေတဲ့ အရာကိုပယ်၊ ခိုင်တဲ့အရာကိုယူပြီး ဖွပ်လျှော်ဖြတ်ခွဲလို့ သင်္ကန်းချုပ်ဆိုးပြီးတဲ့အခါ ယခင်ဒါယကာတို့ လှူထားတဲ့ သင်္ကန်းဟောင်းကို ပယ်ပြီး ပံ့သကူသင်္ကန်းကို ဝတ်ရုံသုံးဆောင်ရပါတယ်''

''ဘာမျှ မကျန်အောင် စုံတကာစေ့ရှော့ပါလားဘုရား၊ ပံ့သကူဓုတင်ဆောက်တည်ဖို့ ဆိုတာလည်း တကယ်မလွယ်ပါလား အရှင်ဘုရားရဲ့''

''မလွယ်လို့ဘဲ မြတ်စွာဘုရား အထူးချီးမွမ်းတော်မူတဲ့ ဓုတင်ဖြစ်တာပေါ့။ ပံ့သကူဓုတင်ကို ဆောက်တည်တော့မယ်ဆိုရင် သေချာလေ့လာပြီးမှ ဆောက်တည်ရမယ်တဲ့။ ဘာဖြစ်လို့လဲဆိုတော့ အရိယဝံသတရားလေးပါးထဲမှာ ပထမအရိယဝံသတရားဖြစ်လို့ပါပဲ''

''အရိယဝံသ တရားလေးပါးဆိုတာ ဘာတွေပါလဲဘုရား''

''(၁) စီဝရသန္တောသ=အဝတ်သင်္ကန်း၌ ရောင့်ရဲလွယ်ခြင်း၊(၂) ပိဏ္ဍပါတသန္တောသ= ဆွမ်းခဲဖွယ် ဘောဇဉ် အရသာ၌ ရောင့်ရဲလွယ်ခြင်း၊ (၃) သေနာသနသန္တောသ= ကျောင်းအိပ်ရာနေရာ၌ ရောင့်ရဲလွယ်ခြင်း၊ (၄) ဘာဝနာရာမတာ= ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းပွားများခြင်း၌ မွေ့လျော်ခြင်းတဲ့''

''ပံ့သကူဓုတင်ဆောက်တည်ရခြင်းရဲ့ အကျိုးတရားကိုလည်း အမိန့်ရှိပါဦးဘုရား''

''အကျိုးတရားများကတော့ စောစောကပြောတဲ့ ပထမအရိယဝံသတရား၌တည်ခြင်း၊ ပံ့သကူသင်္ကန်းဆိုတော့ အဖိုးမထိုက်လို့ စောင့်ရှောက်ရတဲ့ တာဝန်ဒုက္ခမရှိခြင်း၊ သူခိုးဘေးရန်ကင်းရှင်းခြင်း၊ ဝတ်ရုံသုံးဆောင်ရာမှာလည်း တဏှာမဖြစ်ခြင်း၊ မြတ်စွာဘုရားတို့ ချီးမွမ်းတော်မူတဲ့ ပစ္စည်းဖြစ်ခြင်း၊ အလိုနည်းခြင်း၊ သူတစ်ပါးတို့ ကြည်ညိုခြင်းစတဲ့ အကျိုးအာနိသင်တွေ ရရှိပါတယ်။ ဒကာထင်ထားတဲ့ အသက်ရှည်ခြင်း၊ ပစ္စည်းဥစ္စာချမ်းသာခြင်း၊ အခြံအရံများခြင်း၊ ဘုန်းတန်ခိုးကြီးခြင်းစတဲ့ အကျိုးတွေတော့ မပါဘူးနော်''

''မှန်ပါ။တဏှာဖြစ်ခြင်းဆိုတာတော့ ဟုတ်မှာပါပဲ။ တပည့်တော်တို့ အဝတ်သစ် အစားသစ်ကလေးများ ဝတ်မိပြီဆိုရင် တယ်သာယာမိတာကိုးဘုရား။ ပြီးတော့ မာနလည်းထောင်လွှားမိတော့တာပဲ။ တပည့်တော်ကြားဖူးတာလေး လျှောက်ထားပါဦးမယ်။ နိုင်ငံခြားရုပ်ရှင်ဇာတ်ကားရိုက်တာတဲ့။ ကလီယိုပထရာဆိုတာ အီဂျစ်ဘုရင်မဆိုလား၊ အဲဒီ ဘုရင်မအဖြစ်သရုပ်ဆောင်မယ့် မင်းသမီးကို ဒါရိုက်တာက အဝတ်အစားအသစ်ကျပ်ချွတ်တွေ ဝတ်စားခိုင်းတယ်တဲ့။

မင်းသမီးက ရုပ်ရှင်ထဲမှာပဲ တစ်ပတ်နွမ်းဝတ်လည်း ဖြစ်ပါတယ်။ ပရိသတ်မသိနိုင်ပါဘူးလို့ ပြောတော့ ဒါရိုက်တာက ဖြစ်တော့ဖြစ်တာပေါ့။ ဒါပေမဲ့ မတူဘူးတဲ့။ တစ်ပတ်နွမ်းဝတ်ထားတော့ မင်းသမီးက တမင်ဟန်

လုပ်ပြီး တင်းထားရတဲ့ မာနမျက်နှာ၊ အသစ်ကျပ်ချွတ်ဝတ်လိုက်တော့ အလိုလိုတင်းသွားတဲ့ မာနမျက်နှာ။ အဝတ်အစားအသစ်ကြောင့် အလိုလို ဖြစ်သွားတဲ့ မာနမျက်နှာက ပိုသဘာဝကျတယ်လို့ ပြောသတဲ့ဘုရား''

''ဟုတ်တယ်ဒကာရဲ့။ စစ်ဝတ်တန်ဆာဆင်ပြီး စစ်မြေပြင်ထွက်လာတဲ့ မင်း တင့်တယ်သလို ပံ့သကူသင်္ကန်းဆင်မြန်းတဲ့ ရဟန်းဟာလည်း ကိလေသာစစ်မြေပြင်မှာ တဏှာ၊ မာန၊ မာန်စစ်သည်တွေ အလိုလိုပြို ပျက်ပြီး ဖြစ်သွားလို့ အလွန်တင့်တယ်ပါတယ်။ အဲဒါကြောင့် တစ်လောက လုံး ညွတ်ရုံးဦးခိုက်ပူဇော်ထိုက်တဲ့ မြတ်စွာဘုရားရှင်ဟာ ကာသိတိုင်းဖြစ် အဝတ်ကောင်း၊ အဝတ်မြတ်တွေကို ပယ်ပြီး ပုဏ္ဏာကျွန်မ သူသေကောင် ထုပ်တဲ့ အဝတ်ကို ပံ့သကူကောက်ယူပြီး ဝတ်ဆင်မြန်းတာ စံပြုစရာပေါ့''

''သူသေကောင်ဆိုလို့ မြတ်စွာဘုရား ပုဏ္ဏာကျွန်မ အလောင်းထုပ်တဲ့ အဝတ်ကို ခွာယူတော့ ပိုးလောက်တစ်ပြည်သားလောက်ကို အသာအယာ ဖယ်ပြီး ဖွပ်လျှော်သုံးဆောင်တာ မဟာဗုဒ္ဓဝင်မှာ တပည့်တော်ဖတ်ဖူးပါ တယ်ဘုရား။ ဖတ်တုန်းကတော့ အမှတ်တမဲ့ပါပဲ။ အခုအရှင်ဘုရားနဲ့ ပံ့သကူသင်္ကန်းအကြောင်း ဆွေးနွေးတော့မှ စဉ်းစားကြည့်မိပါတယ်။ ဒီသူသေကောင်ဆီက အဝတ်ကိုယူရတာ တကယ်မလွယ်တာပါပဲဘုရား။ တပည့်တော်တော့ ကြောက်ပါတယ်၊ အဲဒီအဝတ်ကို ဝတ်လည်းမဝတ်ဝံ့ပါ ဘူးဘုရား''

''ဒကာ မဝတ်ဝံ့ဘူးဆိုလို့ ပြောရဦးမယ်။ ဒုတိယ ပါရာဇိကမှာ လာရှိတယ်။ မြတ်စွာဘုရားလက်ထက်တော်က ရဟန်းတစ်ပါးဟာ သင်္ချိုင်း သွားပြီး ကိုယ်မပျက်သေးတဲ့ သူသေကောင်ဆီက အဝတ်ကို ပံ့သကူ အဝတ်အဖြစ် ခွာယူခဲ့တယ်။ ဘုတ်ပြိတ္တာတစ္ဆေက သူသေကောင်ကို ဝင်ပူးပြီး 'အရှင်ဘုရား၊ တပည့်တော်အဝတ်ကို မယူပါနဲ့' လို့ တားသတဲ့။ ရဟန်းက ဘုတ်ပြိတ္တာစကားနားမထောင်ဘဲ ယူလာတော့ သူသေကောင် ကြီးကလည်း ထလာပြီး နောက်ကလိုက်လာသတဲ့''

''အမယ်လေး... အဲဒါလိုဆို တပည့်တော်တော့ လန့်လို့သေမှာပဲ''

''ရဟန်းက ကျောင်းထဲဝင်ပြီး တံခါးပိတ်လိုက်တော့ တံခါးဝမှာပဲ အလောင်းကောင်ကြီးဟာ လဲကျသွားတယ်၊ ရဟန်းက အလောင်းကောင်ကို မကြောက်ပါဘူး၊ ဒါပေမဲ့ ဘုတ်ပြိတ္တာဆီက မတရားသဖြင့် ယူလာတာဖြစ်လို့ ပါရာဇိကကျလေသလားလို့ သံသယဝင်သွားတယ်၊ အဲဒါနဲ့ မြတ်စွာဘုရားကို လျှောက်ထားတော့ မြတ်စွာဘုရားက ပါရာဇိက မကျဘူးလို့ မိန့်ပါတယ်။ ဒါပေမဲ့ နောင်အခါ ပြဿနာဖြစ်မှာစိုးလို့ ပညတ်ချက် ထုတ်ခဲ့ရတယ်။ 'ရဟန်းတို့၊ ကိုယ်မပျက်သေးသော သူသေကောင်၌ ပံ့သကူ မကောက်အပ်၊ ကောက်ယူသောရဟန်းအား ဒုက္ကဋ်အာပတ်သင့်' လို့ အမိန့်ထုတ်ခဲ့ရတယ်''

''အရှင်ဘုရားစကား ကြားရတာနဲ့ပဲ တပည့်တော်တော့ ကြက်သီးမွေးညင်းထလာပြီ''

''အဲသလို ကြက်သီးမွေးညင်း ထလာတော့ ဝတ်ရုံရတဲ့ အဝတ်ပေါ်မှာ တပ်မက်တဲ့ ရာဂစိတ် ဖြစ်ဦးမှာလား''

''ဘယ်ဖြစ်နိုင်ပါ့မလဲဘုရား။ တွေးကြည့်ရုံနဲ့ ကြောက်နေပါပြီ''

''ဟုတ်ပြီ။ အဲသလို ကြောက်နေပြီဆိုတော့ အကြောက်တရား ကင်းအောင် ဘာလုပ်ရမလဲ''

''အားကိုးစရာ ရှာရမှာပေါ့ဘုရား''

''အားကိုးစရာရှာတော့''

''မြတ်စွာဘုရားပဲပေါ့ဘုရား''

''ဒါက အပြင်အပမှာရှာတာ။ တကယ်ကြောက်ပြီး တကယ်အကြောက်တရား ကင်းချင်တဲ့ သူတော်ကောင်းများကတော့ အကြောက်တရားရဲ့ မူလအရင်းအမြစ်ဖြစ်တဲ့ ကိုယ်တွင်းမှာပဲ ရှာကြပါတယ်''

''ဟင်–ကိုယ်တွင်းမှာ ဘယ်လိုလုပ်ရှာလို့ ရမှာလဲဘုရား''

''ကြောက်တယ်ဆိုတဲ့ စိတ်ကလေးကို သတိတရားနဲ့ ဆင်ခြင်ကြည့်လိုက်လေ။ ကြောက်တယ်ဆိုတာဘာလဲ၊ စိတ်ပဲ၊ အဲဒီစိတ်ကလေးကရော

တည်မြဲလို့လား။ မတည်မြဲဘူး။ အခုပေါ်ပြီး အခုပျောက်သွားတာပဲ။ မဟုတ်ဘူးလား။ ပေါ်ပြီးပျောက်သွားတယ်ဆိုတာ မသိဘူးလား''

''သိပါတယ်ဘုရား''

''ဒါ စိတ္တာနုပဿနာပဲ ဒကာရဲ့။ စိတ္တာနုပဿနာ အမြဲမပြတ်ပွား များနေနိုင်ပြီဆိုရင် အကြောက်တရားကင်းတဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့ မဝေးတော့ဘူး''

''ဟင်–အရှင်ဘုရားဟာကလည်း လွယ်လှချည်လား''

''လွယ်တယ်လေဒကာရဲ့။ ဒကာတို့က သတိနဲ့စောင့်မှ ကြည့်မနေကြဘဲ။ သတိပေ့ါလျော့မေ့လျော့နေကြတဲ့သူအဖို့ကတော့ မလွယ်ဘူး ဆိုတာသိထားပါဒကာ။ သတိနဲ့ စောင့်ကြည့်နေရင် စိတ်ထဲ တဏှာ မဝင်နိုင်ဘူး။ တဏှာဖြစ်နေရင် သတိမဝင်နိုင်ဘူး။ အဲဒါကြောင့် ပံ့သကူ သင်္ကန်းသည့် ကိလေသာစစ်မြေပြင်မှာ တစ်ဝက်အောင်ပြီးဖြစ်လို့ မြတ်စွာ ဘုရားက အထူးချီးမွမ်းတော်မူတာပဲ ဒကာ၊ သဘောပေါက်ပြီလား''

''မှန်ပါ၊ သဘောပေါက်ပါပြီ အရှင်ဘုရား''

※ ※ ※

# ဆင်မြန်းကိုယ်တွင်
# တိစီဝရိတ်စုတင်

''ဒကာဦးမောင်မောင်ကြည် တိစီဝရိတ်လို့ခေါ်တဲ့ သင်္ကန်းသုံးထည်ကိုတော့ သိပါတယ်နော်''

''ဒါလောက်တော့ တပည့်တော် သိပါတယ် အရှင်ဘုရားရဲ့။ နှစ်ထပ်သင်္ကန်းကြီးလို့ ခေါ်တဲ့ ဒုကုဋ်ရယ်၊ အပေါ်ကိုယ်ရုံလို့ခေါ်တဲ့ ကေသီရယ်၊ ခါးဝတ်လို့ခေါ်တဲ့ သင်းပိုင်ရယ်''

''ဒကာ့ကို အထင်သေးလို့မေးတာ မဟုတ်ပါဘူး။ တချို့ကဝါဝါမြင်တိုင်း သင်္ကန်း၊ ဝါဝါဝတ်တိုင်း ရဟန်းထင်တတ်ကြလို့ပါ''

''အရှင်ဘုရား မေးမယ်ဆိုလည်း မေးထိုက်ပါတယ်။ တပည့်တော်တစ်ခါက ရဟန်းခံတစ်ခုမှာ ကြုံဖူးတယ်ဘုရား။ မြို့ပြင်ကျောင်းလေးတစ်ကျောင်းမှာပေါ့။ ကျောင်းထိုင်ကလည်း တောထွက်၊ ရဟန်းအသစ်မှာကလည်း ကြီးမှဖြစ်တာဆိုတော့ သိမ်ဝင်ဖို့ကလည်း တခြားသိမ်ရှိတဲ့ကျောင်းကို သွားရသေးတယ်။ အဲဒီကျောင်း သိမ်ထဲတောင်ရောက်နေပြီ၊ နားလည်တဲ့ ဆရာတော်ကြီးများက သင်္ကန်းစစ်ကြည့်တော့ ကေသီနှစ်ထည်နဲ့သင်းပိုင်တစ်ထည်ပဲပါတယ်။ ဆရာတော်ကြီးက သင်္ကန်းကြီးရောလို့ မေးတော့ ယောင်ချာချာဖြစ်နေကြတယ်။ ဘာလုပ်ရမှန်းလည်း

မသိကြတော့ဘူး။ သိမ်ရှင်ဆရာတော်က ကျောင်းပေါ်တက်ပြီး သင်္ကန်းကြီး တစ်ထည်ယူလာပြီး လှူလိုက်ရတယ်။ ဒါတပည့်တော် ကိုယ်တွေ့ပါပဲ ဘုရား''

''ဟုတ်တယ်၊ တချို့တောထွက်ရဟန်းကြီးတွေက ကြားဖူးနားဝနဲ့ တိစီဝရိတ်ဓုတင်ဆောင်တယ်ဆိုပြီး သင်္ကန်းသုံးထည်ပြည့်အောင်ခြုံထည် နဲ့ပါထည့်ပြီး ရေတွက်နေတာ ဦးပဥ္စင်းလည်း တွေ့ဖူးလို့ ဒကာကို မေးတာ ပါ။ တိစီဝရိတ်ဆောင်တယ်ဆိုရာမှာ ဝိနည်းတိစီဝရိတ်၊ ဓုတင်တိစီဝရိတ်လို့ နှစ်မျိုးရှိပါတယ်။ ဝိနည်းတိစီဝရိတ်က သင်္ကန်းသုံးထည်အပြင် အပို သင်္ကန်းများကို အဓိဋ္ဌာန်တင်ထားပြီး သုံးဆောင်လို့ရတယ်လို့ပဲ အကျဉ်း မှတ်ထားလိုက်ပါ။ အခုဆွေးနွေးမှာက ဓုတင်တိစီဝရိတ် အကြောင်းနော်''

''မှန်ပါ၊ ဟုတ်ပါတယ် အရှင်ဘုရား''

''တိစီဝရိတ်ဓုတင် ဆောက်တည်ထားတဲ့ ရဟန်းဟာ ဒုကုဋ် ကေသိ၊ သင်းပိုင်၊ ဒီသုံးထည်အပြင် အခြားဘာသင်္ကန်းမျှ အပိုမထားရဘူး။ ကိုယ်ပိုင်မသုံးဆောင်ရဘူး။ အဓိဋ္ဌာန်တင်တဲ့ စကားကိုပဲကြည့်၊ 'ဝတ်လောက်ရုံလောက် အဓိဋ္ဌာန်တင်လောက် လေးခုမြောက်ကို ပယ်ပါ၏။ ဒုကုဋ် ၊ ကိုယ်ဝတ်၊ သင်းပိုင်ဟူသော သုံးထည်သော သင်္ကန်းကိုဆောင် ခြင်း အလေ့ရှိသော ပုဂ္ဂိုလ်၏အင်္ဂါကိုဆောက်တည်ပါ၏'လို့ ဆိုတဲ့ စကား နှစ်မျိုးမှာ တစ်မျိုးမျိုးနဲ့ ဆောက်တည်ရပါတယ်''

''တိစီဝရိတ် ဓုတင်ဆောင်ရဟန်းဟာ ညအခါ စောင်ခြုံအိပ်လို့တော့ ရတယ်မဟုတ်လား''

''မရဘူး ဒကာရဲ့၊ ဝတ်လောက်ရုံလောက် အဓိဋ္ဌာန်တင်လောက် လေးခုမြောက်သောသင်္ကန်းကို ပယ်ပါ၏လို့ ဆိုထားတယ် မဟုတ်လား''

''စောင်ကသင်္ကန်းမှ မဟုတ်ဘဲ အရှင်ဘုရားရဲ့''

''စောင်ဆိုတာက လောကဝေါဟာရအရ ခေါ်ထားတာလေ။ ဖြတ်ခွဲပြီး သင်္ကန်းချုပ်လို့ရတဲ့အဝတ်ပဲ။ သင်္ကန်းကိုးမျိုးထဲမှာ ပရိက္ခာရစောဠထဲမှာ ပါတယ်''

''သင်္ကန်းကိုးမျိုးဆိုတာကို အမိန့်ရှိပါဦးဘုရား''

''၁။ ဒုကုဋ်၊ ၂။ ကောသိ၊ ၃။ သင်းပိုင်၊ ၄။ အိပ်ရာခင်း-ရဟန်းများဟာ သင်္ကန်းကိုပဲ ခြုံအိပ်တတ်ကြလို့ အိပ်ရာခင်းကို သီးသန့် ခွင့်ပြုထားပါတယ်။ ၅။ မျက်နှာသုတ်ပဝါ၊ ၆။ နိသီဒိုင်အခင်း၊ ၇။ မိုးရေခံအခင်း၊ ၈။ အမာလွှမ်းသင်္ကန်း၊ ၉။ ပရိက္ခာရစောဠ၊ ဖျင်စပိတ်စ စတဲ့ သင်္ကန်းမချုပ်ရသေးတဲ့ အထည်များကို စီဝရပရိက္ခာရစောဠလို့ခေါ်တယ်''

''သင်္ကန်းသုံးထည်တည်းဆိုတော့ ဆောင်းအခါမှာ အေးမှာပေါ့ဘုရား''

''တိစီဝရိတ်ဓုတင်ကို ခွင့်ပြုဖို့အတွက် မြတ်စွာဘုရားက ကိုယ်တိုင်စမ်းသပ်ကြည့်ပြီးမှ ခွင့်ပြုခဲ့တာပါ ဒကာရဲ့။ ဝိနည်းမဟာဝါစီဝရက္ခန္ဓကမှာလာတယ်။ မြတ်စွာဘုရားဝေသာလီပြည် ဂေါတမစေတီလို့ခေါ်တဲ့ ပညောင်ပင်မှာ သီတင်းသုံးနေတော့ တပို့တွဲလနဲ့ တပေါင်းလကြားရှစ်ရက်အတွင်းမှာ ဖြစ်တယ်။ အိန္ဒိယမှာ အဲဒီ ရှစ်ရက်ဟာ ဆီးနှင်းအလွန်ကျပြီး အလွန်အေးတဲ့ရာသီလို့ဆိုတယ်။

မြတ်စွာဘုရားဟာ ညဦးယံအခါမှာ သင်္ကန်းတစ်ထည်တည်းနဲ့ ကွင်းလယ်ပြင်မှာထိုင်ပြီး သီတင်းသုံး နေကြည့်တယ်။ ချမ်းအေးခြင်း မဖြစ်ဘူးတဲ့၊ သန်းခေါင်ယံကျတော့ ချမ်းအေးလာလို့ နှစ်ထည်မြောက် နောက်သင်္ကန်းတစ်ထည်ယူပြီး ခြုံရုံကြည့်တယ်။ အချမ်းလုံသွားတယ်ပေါ့။ သန်းခေါင်ယံအလွန်မိုးသောက်ယံဦးမှာ တစ်ဖန်ချမ်းအေးလာလို့ သုံးထည်မြောက် နောက်တစ်ထည်ယူပြီး ခြုံရုံရသတဲ့။ အချမ်းလုံသွားပြန်တယ်။ တစ်ခါမိုးသောက်ယံလွန်လို့ အရုဏ်တက်မှာ ချမ်းအေးလာပြန်တော့ နောက်လေးထည်မြောက်သင်္ကန်းတစ်ထည်ကို ယူပြီးခြုံရုံရပါတယ်။

အဲဒီနောက် နေထွက်လာပြီဖြစ်လို့ သင်္ကန်းလေးထည်နဲ့ ရောင့်ရဲမျှတနိုင်တယ်ဆိုတာကို ကိုယ်တော်တိုင် စမ်းသပ်ကြည့်ပြီးမှ မြတ်စွာဘုရားက သင်္ကန်းသုံးထည်ကို ဆောင်ဖို့ခွင့်ပြုထားတာပါ''

''မြတ်စွာဘုရားက သင်္ကန်းလေးထည်ခြုံရုံကြည့်ပြီးမှ ဘယ့်နှယ် အရှင်ဘုရားရဲ့ အခုသင်္ကန်းသုံးထည်တည်းခွင့်ပြုတယ်ဆိုတော့''

''ဒုကုဋ်ဆိုတာ နှစ်ထပ်သင်္ကန်းကြီးလေ ဒကာရဲ့။ ကေသီကို အခန်းပိုဖွဲ့ပြီးမှ နှစ်လွှာနှစ်ထပ်ချုပ်ထားတာ။ ဆောင်လို့ ယူလို့ လွယ်ကူအောင်လို့ပါ''

''ဩော်... ဒီလိုလား''

''ဟုတ်တယ်၊ ဟိုတုန်းကတော့ အခုခေတ်လိုချုပ်ပြီးသား သင်္ကန်း အဆင်သင့် မရှိလေတော့ ရဟန်းတော်များဟာ ကိုယ်တိုင်ချုပ်ကြ၊ ကိုယ်တိုင်ဆိုးကြ လုပ်ကြရပါတယ်။ ကိုယ်ကသင်္ကန်းမချုပ်တတ်ဘူးဆိုရင်လည်း ချုပ်တတ်တဲ့ရဟန်းကို ရှာပြီး ချုပ်စေရပါတယ်။ အဲသလို သင်္ကန်းကို ကိုယ်တိုင်စီရင်ရတော့ စီရင်လို့ မပြီးသေးဘူးဆိုရင်တော့ အပိုထားခွင့်ရှိတယ်။ စီရင်ပြီးပြီ သင်္ကန်းကိစ္စပြီးပြီဆိုရင်တော့ အပိုထားခွင့်မရှိတော့ဘူး။ အကယ်၍ ထားခဲ့မိလျှင် ဓုတင်ခိုး မည်တယ်တဲ့''

''ရေလဲသင်းပိုင်လေးတောင် အပိုထားခွင့် မရှိတော့ဘူးလား''

''မရှိဘူး။ ရေချိုးတဲ့ကိစ္စမှာ ဖုံးလွှမ်းခြင်း သုံးမျိုးရှိတယ်။ ရေလဲသင်းပိုင်နဲ့ ဖုံးလွှမ်းခြင်း၊ ရေချိုးအိမ်နဲ့ ဖုံးလွှမ်းခြင်း၊ ရေနဲ့ ဖုံးလွှမ်းခြင်းတဲ့''

''ရေလဲသင်းပိုင်နဲ့ ရေချိုးအိမ်ကတော့ သဘောပေါက်ပါတယ်။ ရေနဲ့ဖုံးလွှမ်းခြင်း ဆိုတာက.....''

''မြစ်ချောင်း၊ မြောင်း၊ အင်းအိုင်လို နေရာမျိုးမှာ ရေထဲဆင်းချိုးရတယ် မဟုတ်လား။ လူသူကင်းရှင်းတဲ့ နေရာမျိုးကိုရွေးပြီး သင်းပိုင်ကို ကုန်းပေါ်မှာထားပြီး ဆင်းချိုးနိုင်ပါတယ်။ အဲသလိုရေချိုးတာကို ရေနဲ့ ဖုံးလွှမ်းခြင်းလို့ ဆိုတာပါ။''

''ဟင်း... မလွယ်လှပါလားဘုရား''

''ရေချိုးတာက ဘာဟုတ်သေးလို့လဲ၊ သင်္ကန်းလျှော်တဲ့အခါ၊ သင်္ကန်း ဆိုးတဲ့အခါ တစ်ထည်စီပြုလုပ်တယ်ဆိုရင်တော့ ဒုကုဋ်ကိုအရင်လျှော်ဖို့၊ ဒုကုဋ်ခြောက်ပြီဆိုရင် ဒုကုဋ်ကို ဝတ်ရုံပြီး ကိုယ်ဝတ် ကေသီကို လျှော်ဖို့၊ ကေသီခြောက်ပြီဆိုမှ ကေသီကို နှစ်ထပ်ခေါက်ပြီး ခါးမှာဝတ်၊ သင်းပိုင် ကိုလျှော်ရမယ်တဲ့။ ဒုကုဋ်ကိုတော့ ခါးမှာမဝတ်ကောင်းဘူး။ ခင်းပြီးတော့ လည်း မထိုင်ကောင်းဘူး။ အဲ သင်္ကန်းသုံးထည်လုံး တစ်ပြိုင်တည်းလျှော် မယ် ဆိုးမယ်ဆိုရင်တော့ ခေတ္တခဏ ကိုယ်ချည်းတုံးလုံးပဲ နေရမယ်တဲ့။ လူတစ်ယောက်ယောက်မြင်မယ်ဆိုရင်တော့ သင်္ကန်းနဲ့ ဆွဲဖုံးပါတဲ့။ အဲဒါ အမြတ်ဆုံးကျင့်တဲ့ ဥက္ကဋ္ဌတိစီဝရိတ်ဓုတင် ပုဂ္ဂိုလ်ပဲ။ သင်္ကန်းအပိုဆိုလို့ လုံးဝမထားရတာ။ တစ်ခုတော့ရှိတယ်။ လေးခုမြောက်ဆိုလို့ အံသကိုဋ်မှ တော့ ဆောင်ခွင့်ရှိသတဲ့။ အံသကိုဋ်ဆိုတာကလည်း ခုခေတ်ဝတ်တာမျိုး မဟုတ်ဘူး။ အနံတစ်ထွာ၊ အလျားသုံးတောင်ရှိတဲ့ ပိတ်စပိုင်းလေးပဲ''

''အမယ်လေး... အရှင်ဘုရားရယ်၊ တပည့်တော်တို့က အဲသလောက် ခက်ခဲမယ်မထင်မိပါဘူး။ အရှင်ဘုရားအမိန့်ရှိမှပဲ အတော်ခက်ခက်ခဲခဲ ကျင့်ရမှန်းသိပါတော့တယ် ဘုရား''

''မဇ္ဈိမပုဂ္ဂိုလ်ကတော့ သင်္ကန်းလျှော်ခိုက်၊ သင်္ကန်းဆိုးခိုက်၊ အခိုက် အတန့် ဝတ်နိုင်မယ့်သင်္ကန်းတော့ ထားခွင့်ရှိပါသတဲ့။ သင်္ကန်းခြောက်လို့ ကိုယ့်သင်္ကန်းကိုယ် ပြန်ဝတ်ပြီးတာနဲ့ ဆက်ထားခွင့်မရှိတော့ဘူးတဲ့။ မုဒု ပုဂ္ဂိုလ်ကတော့ သူငယ်ချင်းချင်း သီတင်းသုံးဖော်ဆီက ခေတ္တငှားပြီး ဝတ်ခွင့်ရှိပါတယ်။ မိမိနေတဲ့ကျောင်းမှာ အိပ်ရာခင်းကိုလည်း ခင်းခွင့် ပြုထားပါတယ်။ ဒါပေမဲ့ သွားတဲ့လာတဲ့အခါ အဲဒီအိပ်ရာခင်းကို ယူခွင့် မရဘူး။ ယူသွားမိရင် ဓုတင်ပျက်တယ်''

''ဩော်.... တကယ်မလွယ်တာပါလား ဘုရား။ ဒီလိုမလွယ်တဲ့ တိစီဝ ရိတ်ဓုတင်ဆောင်ရတာ ရနိုင်မယ့် အကျိုးကျေးဇူးလည်း ရှိရဦးမှာပေါ့ ဘုရား''

''ရှိပါတယ်ဒကာ။ အပိုသက်နိုး၌ တပ်မက်သောတဏှာကို အလိုလို ပယ်ပြီး ဖြစ်ခြင်းတဲ့။ အလိုနည်းရခြင်း၊ အဝတ်သင်္ကန်းသိမ်းဆည်းရတဲ့ ဒုက္ခမှငြိမ်းခြင်း၊ နည်းသောကိစ္စရှိပြီး ကိုယ်သွားလိုရာကို ငှက်ပျံသကဲ့သို့ ဆောင်ယူသွားနိုင်ခြင်းတဲ့။ ရဟန်းဆိုတာ အပ္ပကိစ္စ–နည်းသောကိစ္စရှိ ရမယ်လို့ ဆိုတာကိုးဒကာရဲ့''

''နည်းသောကိစ္စဆိုတာ ဘယ်လိုနည်းတာလဲ ဘုရား''

''ငှက်များဟာ သစ်ပင်တစ်ပင်မှာ နားပြီး အခြားသစ်ပင်တစ်ပင်သို့ ပျံသွားတဲ့အခါ ဘာဝန်မျှမရှိဘူး။ အတောင်ဆိုတဲ့ဝန်ပဲ ပါတယ်။ ပေါ့ပါး လွယ်ကူစွာ ပျံသွားနိုင်တယ်၊ နားခဲ့တဲ့ သစ်ပင်ပေါ်မှာလည်း ငဲ့ကွက်တွယ် တာခြင်း မရှိဘူး။ တိစီဝရိတ်ဓုတင်ဆောင် ရဟန်းများဟာလည်း သပိတ်၊ သင်္ကန်းသုံးထည်ဆိုတဲ့ ဝန်ပဲပါတယ်။ အဲဒီဝန်ကလည်း ဆောင်ယူရာမှာ လွယ်ကူတယ်။ အခြားသိမ်းဆည်းသိုမှီးထားရစ်ခဲ့စရာ သင်္ကန်းစတဲ့ ပစ္စည်း မရှိတဲ့အတွက်ကြောင့် နေခဲ့တဲ့နေရာကို ငဲ့ကွက်တွယ်တာ ပူပန်စရာ မရှိဘူး။ သန္တုဿကောစသုဘရောစတဲ့ ရောင့်ရဲမယ်၊ မွေးမြူလွယ်ကူမယ် ဆိုရင် ဘယ်သွားသွား ဝန်ပေါ့တာပေါ့။ ဒါနဲ့ပတ်သက်လို့ သာဓကတစ်ခု ပြောရဦးမယ်''

''အမိန့်ရှိပါဘုရား''

''သီဟိုဠ်ကျွန်း(သီရိလင်္ကာ) အနုရာဓမြို့မှာ ထူပါရာမကျောင်းတိုက် ကြီး ဆိုတာရှိတယ်။ အဲဒီကျောင်းတိုက်ကြီးမှာ အမျိုးသားနှစ်ဦးရဟန်း ပြုကြတယ်။ ငါးဝါရတော့ တစ်ပါးက ပါစိနခဏ္ဍရာဇိလို့ခေါ်တဲ့ တောရွာ သွားပြီး ကျောင်းထိုင်နေတယ်၊ တစ်ပါးကတော့ ထူပါရာမကျောင်းတိုက် မှာပဲ နေရစ်ခဲ့တယ်။ ပါစိနခဏ္ဍရာဇိကို ကြွသွားတဲ့ရဟန်း ဆယ်ဝါပြည့် တော့ 'ငါ့မိတ်ဆွေရဟန်းဘယ်လိုနေပါလိမ့်၊ ငါ့အရပ်အကြောင်းလည်း ပြောရဦးမယ်' ဆိုပြီး ထူပါရာမကိုကြွလာခဲ့တယ်၊ ထူပါရာမရောက်တော့ မိတ်ဆွေရဟန်းဆီမှာပဲ တည်းခိုနေထိုင်တာပေါ့။ ဒီအခါ အာဂန္တုရဟန်းက

တွေးတယ်။ ငါ့မိတ်ဆွေက လူဒကာများကို အကြောင်းကြားပြီး ငါ့ဆီ ဖျော်ရည် တင်လဲရည်စတာတွေ ပို့စေမှာပဲလို့၊ နေသာကုန်သွားတယ်၊ အဲဒီဖျော်ရည်တွေ ရောက်မလာပါဘူး။

ဒါနဲ့ နံနက်ခင်းကျရင်တော့ ယာဂုခဲဖွယ်တွေ ပို့စေလိမ့်မယ်ထင်တယ်လို့ တွေးပြန်သတဲ့။ နံနက်ရောက်ပြန်တော့လည်း ဘာမျှမပို့လာဘူးတဲ့။ ဒါဆိုရင် ရွာတွင်း ဆွမ်းခံဝင်တဲ့အခါ စားကောင်းသောက်ဖွယ်များ လောင်းလှူကြလိမ့်မယ် ထင်တယ်လို့ တွေးပြန်ပါသတဲ့၊ ဒီလိုနဲ့ ဆွမ်းခံချိန်တန်တော့ ကျောင်းနေရဟန်းကခေါ်လို့ နှစ်ပါးအတူ ရွာတွင်းဆွမ်းခံဝင်ရတယ်။ ဆွမ်းကလည်း ရှားရှားပါးပါး မျှတလောက်ငရုံပဲရသတဲ့ ဒကာ။ ရလာတဲ့ ဆွမ်းကလေး ရွာထဲက ဆွမ်းစားဇရပ်မှာ အတူစားကြတော့ အာဂန္တုရဟန်းက မေးတယ်''

''အရှင်ဘုရား၊ နေ့တိုင်းဒီလိုပဲလား''တဲ့။

ကျောင်းနေရဟန်းက 'ဟုတ်ပါတယ်'လို့ဖြေတော့၊ အာဂန္တုရဟန်းက 'ပါစိနခဏ္ဍရာဇ် အရပ်ဟာ ချမ်းသာကြောင်း၊ ဆွမ်းကွမ်းမပင်မပန်း ရလွယ်ကြောင်း၊ စားကောင်းသောက်ဖွယ်ပေါများကြောင်း ပြောပြပြီး ပါစိနခဏ္ဍရာဇ်အရပ်ကို လိုက်ခဲ့ဖို့ခေါ်ပါတယ်။ ဆွမ်းစားကိစ္စပြီးစီးလို့ အနုရာဓမြို့မှထွက်တော့ ကျောင်းနေရဟန်းက တောလမ်းကို ဦးဆောင်ကြွပါတော့တယ်။ နောက်ကလိုက်ပါလာတဲ့ အာဂန္တုက ရဟန်းက သံသယဖြစ်ပြီး မေးတယ်။

''အရှင်ဘုရား၊ ကျောင်းပြန်ကြွမှာ မဟုတ်ဘူးလား။ အခုဘယ်ကိုကြွမှာလဲ''

ဒီတော့ ကျောင်းနေရဟန်းက 'ငါ့ရှင်ပဲ ပါစိနခဏ္ဍရာဇ်အရပ်ကိုကြွဖို့ ဖိတ်တယ် မဟုတ်လား။ အခု ပါစိနခဏ္ဍရာဇ်ကို ကြွမလို့' လို့ မိန့်တော့......။

''ဟင်... အရှင်ဘုရားယှူငင်စရာပစ္စည်းပစ္စယ ကျောင်းသွားပြီး မယူတော့ဘူးလား''တဲ့။

ကျောင်းနေရဟန်းက 'ကျောင်းရှိပစ္စည်းများဟာ သံဃိကပစ္စည်းများဖြစ်လို့ ယူငင်စရာမလို၊ သိုမှီးသိမ်းဆည်းပြီးဖြစ်လို့ သိမ်းဆည်းစရာလည်းမလို၊ ငါပိုင်ပစ္စည်းက သင်္ကန်းသုံးထည်၊ သပိတ်တစ်လုံးသာရှိလို့ အခုပြီးပြည့်စုံပြီ ကြွရုံပဲ''

ဒီတော့ အာဂန္တုရဟန်းဟာ ပျာပျာသလဲနဲ့ ''ဟာ... ဒါဆို အရှင်ဘုရား ခဏနေပါဦး၊ တပည့်တော်ရဲ့ တောင်ဝှေး၊ ဖိနပ် အရှင်ဘုရားကျောင်းမှာ ကျန်ရစ်ခဲ့လို့ ပြန်ယူပါရစေဦး''လို့ လျှောက်သတဲ့။

အဲဒီအခါ ကျောင်းနေရဟန်းက ''ငါ့ရှင်၊ သင်ဟာ တစ်နေ့ကလေး ငါ့ဆီအလည်လာတာတောင် ဤမျှ ပရိဘောဂများပေသကိုး''လို့ ဆိုလိုက်သတဲ့ ဒကာရဲ့။ ကဲ... ကြည့်စမ်း ဆွမ်းခံရာကနေ သွားလိုတဲ့ခရီးကို ချက်ချင်းသွားနိုင်တယ်။ ဘယ်လောက်ပေါ့ပါးပြီး အမှုကိစ္စနည်းလိုက်သလဲလို့''

''ဟဲ... ဟဲ အရှင်ဘုရား ဆိုရင်ရော''

''အင်း... ဦးပဥ္ဇင်းတို့လည်း အဲသလို ဓုတင်မျိုးမကျင့်နိုင်သေးလို့ မပေါ့မပါး အမှုကိစ္စများနေတာပေါ့ ဒကာရယ်''

''မှန်ပါ့၊ ကြည်ညိုစရာအလွန်ကောင်းပါတယ် ဘုရား။ ဒါနဲ့ ဒုကုဋ်ကိုပါ တစ်ပါတည်း ဆွမ်းခံရာယူသွားရပါသလားဘုရား''

''ယူနိုင်ရင် ယူသွားလို့ရတယ်။ မယူနိုင်ရင် လုံခြုံတဲ့ကျောင်း သူခိုး၊ ခြ၊ ကြွက်စတဲ့ ဘေးရန်ကင်းတဲ့ကျောင်းမှာ ခေတ္တခဏထားရစ်ခဲ့နိုင်တယ်။ ဒါမှမဟုတ် ရွာထဲကရင်းနှီးတဲ့ ဒကာအိမ်မှာလည်း ထားရစ်ခဲ့နိုင်တယ်။ အဓိကကတော့ ညဉ့်အခါ သင်္ကန်းသုံးထည်နဲ့ ကင်းကွာနေလို့ မရဘူး။ မိမိရဲ့ နှစ်တောင့်တစ်ထွာ ဟတ္ထပါသ်အတွင်းမှာ အတူရှိနေရတယ်''

''သြော်... နေ့အခါအတူတကွ ရှိမနေဘဲ ခဏကင်းကွာထားလို့ရတယ်။ ညအခါမှာတော့ လုံးဝကင်းကွာနေလို့ မရဘူး။ အတူတကွ ရှိနေရမယ်။ ဒီသဘောလား''

''ဟုတ်တယ်၊ တချို့ကလည်း အရက်တက်မှာ အတူတကွရှိနေရမယ် လို့လည်း ယူဆကြပါတယ်။ အဲဒီကိစ္စနဲ့ ကြုံတွေ့ခဲ့ရဖူးတယ်။ ဦးပဉ္ဇင်းက ရေချိုးနေတုန်း အဲဒီ ဦးပဉ္ဇင်းကြီးကလည်း ရေချိုးဖို့ ရေထဲဆင်းလာတယ်။ သင်္ကန်းကြီးကိုလည်း ခေါင်းမှာ သေသေချာချာပတ်ထားတယ်။ မြစ်ရေ ကလည်း ရေတက်ချိန်ဆိုတော့ ကမ်းနားမှာပဲ လည်ပင်းခိုက်နေတယ်။ လေကလေးကလည်း တဖြူးဖြူး၊ လှိုင်းကလေးကလည်း တထန်ထန်ဆို တော့ လှိုင်းပုတ်လိုက်တိုင်း ဦးပဉ္ဇင်းကြီးခေါင်းပေါ်က သင်္ကန်းကြီးတွေကို ရေတွေ လွှင့်စဉ်နေတယ်။ ဦးပဉ္ဇင်းကြီးဟာ သင်္ကန်းကြီးရေစိုမှာစိုးလို့ အတော် ခဲခဲယဉ်းယဉ်းနဲ့ ရေချိုးနေရရှာတယ်။ ဒါနဲ့ ဦးပဉ္ဇင်းကလည်း အငြိမ်မနေနိုင်ဘူး။ သူ့ကိုမေးလိုက်ပါတယ်''

''ဦးပဉ္ဇင်းကြီး၊ ခေါင်းရေစိုရင် အအေးမိ,နှာစေးပြီး ခေါင်းကိုက်မှာ စိုးလို့လား။ ဘာလို့ သင်္ကန်းကြီးခေါင်းပတ်ထားရတာလဲ''

''ဒီတော့ ဦးပဉ္ဇင်းကြီးက ဘယ်လိုဖြေတယ်ထင်သလဲ ဒကာ။ 'သင်္ကန်း ကြီးနဲ့ ကင်းကွာပြီး မနေကောင်းဘူးလို့ ပြောလို့ ခေါင်းပတ်ထားတာဘုရား' တဲ့။ကဲ ကြည့်စမ်းပါဦး။ မကျင့်အပ်ရာ ကျင့်နေလိုက်ကြတာ။

''နောက်တစ်ခု ပြောပြဦးမယ်။ ဦးပဉ္ဇင်း ကိုရင်ကြီးဘဝ၊ အသက် (၁၈–၁၉)နှစ်အရွယ်မှာပေါ့။ လူကောင်ကလည်းထွားတော့ မသိတဲ့လူက ဦးပဉ္ဇင်းရဟန်းလို့ ထင်ရတဲ့အရွယ်ပေါ့။ ရွာတစ်ရွာက ဆွေမျိုးတွေဆီကို အစ်ကိုလုပ်သူနဲ့အတူ အလည်ကြွတယ်။ အဲဒီမှာ ဆွေမျိုးတွေကလာတွေ့ ကြ၊ မေးကြ၊ မြန်းကြနဲ့ပေါ့။ ဒကာတစ်ယောက်က အရှင်ဘုရားရဟန်းဖြစ် ပြီးပြီလားတဲ့။ အစ်ကိုလုပ်သူက ဝင်ဖြေတယ်။ ကိုရင်ပဲရှိသေးတယ်။ အသက်မပြည့်သေးလို့ ရဟန်းမခံရသေးဘူးလို့။ ဒီတော့ နောက်ဒကာ တစ်ယောက်က လူတတ်ကြီးလုပ်ပြီး ပြောလိုက်တာလေ။

'မင်း... အဲဒါကြောင့် ဗဟုသုတမရှိတာ၊ ငါက ကိုရင့်ကိုကြည့်ပြီး အစကနေ ရဟန်းမခံရသေးဘူးဆိုတာ သိတယ်။ ရဟန်းတစ်ပါးကို

မြင်ရင် ကိုရင်လား၊ ဦးပဥ္စင်းလားဆိုတာ ငါက ခွဲခြားတတ်တယ်။ မင်းခွဲခြားတတ်လား။ ဘယ်လိုခွဲခြားမလဲ သိလား'တဲ့။

''အမေးခံရတဲ့ဒကာက နားမလည်ရှာတော့ ဘာမျှမဖြေရှာဘူး။ ပြူးကြောင်ကြောင်လေးနဲ့ ကြည့်နေရှာတယ်။ အဲဒီလူတတ် ဒကာက ဆက်ပြောတယ်။

'မင်းမြဲမြဲမှတ်ထား။ ရဟန်းဦးပဥ္စင်းခံပြီးပြီဆိုရင် သင်္ကန်းကြီးပါရတယ်ကွ။ သင်္ကန်းကြီးမပါရင် ခြုံထည်ပါရတယ်။ အဲ..... ခြုံထည်လည်းမယူနိုင်ခဲ့ရင် စတိသဘော လက်တစ်ဝါးလောက် သင်္ကန်းကြီးကဖြတ်ပြီး ဆောင်ယူ ခဲ့ရတယ်ကွ၊ မှတ်ထား။ ရဟန်းဦးပဥ္စင်းဆိုတာ သင်္ကန်းကြီးနဲ့ ကင်းမနေရဘူး။ အဲဒါတစ်ခုခုပါရင် ဦးပဥ္စင်းပဲ'တဲ့။

''ဟဲ... ဟဲ... ဟဲ...၊ သူ့အပြောကလည်း ဟုတ်တုတ်တုတ်ပါလား။ အဲဒီတော့ အရှင်ဘုရားက ဘယ်လို မိန့်ခဲ့သေးသလဲဘုရား''

''အင်း... အဲဒီတုန်းက ဦးပဥ္စင်းလည်း ဘာမျှမသိ၊ စာလည်းမရှိ၊ ဗဟုသုတလည်းမကြွယ်ဆိုတော့ အဲဒီ ဒကာစကားပဲ အဟုတ်ထင်ပြီး ဘာမျှမပြောဘဲ ငြိမ်နေခဲ့ရတယ် ဒကာ''

''အခု အဲဒီ ဒကာနဲ့ ပြန်မတွေ့ချင်ဘူးလားဘုရား''

''အဲဒီဒကာတွင် ဘယ်ဟုတ်ပါ့မလဲ။ ဗုဒ္ဓဘာသာဝင် ဥပါသကာအမည်ခံပြီးတော့ တတ်ယောင်ကားလုပ်နေကြတဲ့သူတွေ၊ ရဟန်းဆိုရင် အထင်သေး၊ အမြင်သေးနဲ့၊ ငါတို့ကဘုရားမှ ကြည်ညိုတယ်'ဆိုတဲ့ သူတွေ၊ စာမသိ၊ ပေမသိ ဝိပဿနာသာမန်မျှ အားထုတ်ကြည့်ပြီး ဝိပဿနာဖြစ်ပျက်ကြောင်း၊ အာဘောင်အာရင်းသန်သန်နဲ့ ပြောနေကြတဲ့ သူတွေ၊ ဒကာတို့လို တကယ်သိလိုကြားလိုလို့ မေးမြန်းရှာမှီးနေကြတဲ့ သူတွေ၊ အဲဒီလူတွေနဲ့ ဒေါသမပါ၊ မာန်မာနမထားဘဲ တရားစကားကွဲကွဲပြားပြားဖြစ်အောင် ဦးပဥ္စင်း သိမီသမျှနဲ့ ဆွေးနွေးကြည့်လိုက်ချင်ပါတယ်၊ ဘယ်သူ

ပဲဖြစ်ဖြစ် သာသနာတော်ကို အမြင်မှန်နဲ့ သိမြင်နိုင်ရင် ကုသိုလ်ရမှာပဲ၊ အမြင်မမှန် မိစ္ဆာဉာဏ်နဲ့ ကြည့်မိမယ်ဆိုရင်တော့ အကုသိုလ်ရကြမှာပဲ ဒကာ''

''မှန်ပါဘုရား။ ဒီလောက်ဆိုရင် တပည့်တော် တိစီဝရိတ်ဓုတင်ကို အတော်လေး သဘောပေါက်ပါပြီဘုရား''

※ ※ ※

# ဝနဝါသီတောရပ်မှီသော်
# (အာရည်ဗြိကာဂ်စုတင်)

''အရှင်ဘုရား၊ ဟိုကိုယ်တော် တောရဆောက်တည်နေတယ်ဆိုတာ ဟုတ်သလားဘုရား''

''ဟုတ်မှာပေါ့''

''ဟင်–အရှင်ဘုရားအဖြေကလဲ''

''ဘာဖြစ်လို့လဲဒကာရဲ့''

''ဟုတ်မှာပေါ့ဆိုတော့ အရှင်ဘုရားစကားက ယတိပြတ်ထောက်ခံတဲ့ စကားမဟုတ်ဘူးလေ''

''ဩော်–ဒကာကလဲ၊ တောရဆောက်တည်တယ်ဆိုတာ ကိုယ့်ဟာ ကိုယ်တောထဲနေချင်လို့နေတာ ဟုတ်မှာပေါ့။ တောထဲဆိုတော့ နားအေး ပါးအေး တရားဓမ္မနဲ့ မွေ့လျော်နိုင်တာပဲ။ ဒါ–ကောင်းတဲ့အလုပ်ပါ''

''အရှင်ဘုရားစကားက ပိုဆိုးလာသလိုပဲ။ တောထဲနေချင်လို့နေတာ တော့ ဟုတ်တာပေါ့ဘုရား။ ဒါပေမဲ့ နေတဲ့သူက အဓိဋ္ဌာန်နဲ့နေတာမျိုးဆို ရင် လူတွေက ပိုကြည်ညိုတာပေါ့ဘုရား''

''အင်း–ဒကာဦးမောင်မောင်ကြည်နဲ့ ပြောရဟောရတာလည်း ဦးပဥ္စင်းမှာ ပိုလို့ဗဟုသုတရှိလာပါတယ်။ မြတ်စွာဘုရားက ဂါမဝါသီလို့ခေါ်တဲ့ ရွာနားမြို့နားမှာနေတဲ့ ရဟန်းထက် အရညဝါသီလို့ခေါ်တဲ့ တောနေရဟန်းကို ပို၍ချီးမွမ်းပါတယ်။ တရားလက်ကိုင်ထားရှိတဲ့ ဂါမဝါသီရဟန်းနဲ့ သင်္ကန်းခေါင်းမြီးခြုံအိပ်နေတဲ့ အရညဝါသီရဟန်း၊ ဒီရဟန်းနှစ်ပါးမှာ ဆိုရင်လည်း အရညဝါသီရဟန်းကိုပဲ ချီးမွမ်းပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ဂါမဝါသီရဟန်းဟာ စက္ခုစတဲ့ ဣန္ဒြေတွေ မကြာမီ ပျက်ယွင်းသွားနိုင်ပြီး၊ အရညဝါသီရဟန်းကတော့ စက္ခုစတဲ့ ဣန္ဒြေတွေ ပိုပြီး စောင့်စည်းလာနိုင်မှာဖြစ်လို့ မကြာမီ တရားထူးတရားမြတ် ရလာနိုင်တယ်တဲ့ ဒကာ''

''ဒါဆို အဲဒီကိုယ်တော် တောရဆောက်တည်တယ်ဆိုတာ ဟုတ်တာပေါ့နော်''

''တောရဆောက်တည်တယ်ဆိုတာ ဓုတင်အနေနဲ့ ဆောက်တည်တာမဟုတ်ဘဲ၊ တောထဲနေချင်လို့ သွားနေတယ်ဆိုတာကတော့ တစ်မျိုးပေါ့။ ဓုတင်တစ်ခုအနေနဲ့ ဆောက်တည်ပြီး သွားနေတာဆိုရင်တော့ စည်းကမ်းသတ်မှတ်ချက်တွေ ရှိတယ်ဒကာရဲ့''

''ဟုတ်လား၊ ဒါဆိုအမိန့်ရှိပါဦးဘုရား''

''ဓုတင်တစ်ခုအနေနဲ့ တောရဆောက်တည်မယ်ဆိုရင်'ဥပစာနှင့်တကွသော ရွာကျောင်းကို ပယ်ပါ၏။ ထိုရွာ၏ အပြင်တော၌ အရဏ်တက်ခြင်းကျင့်ဝတ်ဓုတင်ကို ဆောက်တည်ပါ၏' လို့ဆိုတဲ့ စကားနှစ်မျိုးမှာ တစ်မျိုးမျိုးသောစကားနဲ့ ဆောက်တည်ရတယ်''

''ဥပစာဆိုတာ ဘယ်လိုနေရာကို ခေါ်ပါသလဲဘုရား''

''ဒကာ–အိမ်ဥပစာ၊ ရွာဥပစာ ဆိုတာတော့ကြားဖူးမှာပေါ့နော်''

''မှန်ပါ–ကြားဖူးပါတယ်ဘုရား။ အိမ်ပတ်ဝန်းကျင်၊ ရွာပတ်ဝန်းကျင်ကို ဘယ်လောက် အကျယ်အဝန်းလို့ သတ်မှတ်ထားသလဲ''

''အဲဒါတော့ မသိတော့ဘူးဘုရား''

''အိမ်ဥပစာဆိုတာ ခြံစည်းရိုးကာထားတဲ့အိမ်ဆိုရင်တော့ ခြံစည်းရိုး အတွင်းဟာ အိမ်ဥပစာပေါ့။ ခြံစည်းရိုးမရှိတဲ့ အိမ်ဆိုရင်တော့ အိမ်ပေါ် က အိမ်ရှင်မက အိုးဆေးရေ၊ ပန်းကန်ဆေးရေကို လှမ်းပြီးပစ်သွန်ချလိုက် တဲ့အခါ ရေကျရာအရပ်ကို အိမ်ဥပစာလို့ ယူရပါတယ်။ အကာအရံရှိတဲ့ ရွာဆိုရင် ရွာစည်းရိုးတံခါးခုံကနေ အားအလယ်အလတ်ရှိတဲ့ယောကျ်ား လွှဲပြီးပစ်လွှင့်လိုက်တဲ့အခါ ခဲတစ်ကျနေရာအတွင်းဟာ ရွာဥပစာပါပဲ။ အကာအရံမရှိတဲ့ရွာဆိုရင်တော့ စောစောက ပြောခဲ့တဲ့ အိမ်ရှင်မသွန်ပစ်ချ လိုက်လို့ ရေကျရာအရပ်ကနေ ခဲတစ်ပစ်စာဟာ ရွာ၊ အဲဒီကနေ ဒုတိယ ခဲတစ်ပစ်စာဟာ ရွာဥပစာလို့ ခေါ်ရတယ်''

''ဩော်-ဟုတ်လားဘုရား။ တပည့်တော်တော့ အခုမှပဲ သေသေ ချာချာ သိတော့တယ်ဘုရား''

''တောဆိုတာကလည်း ဝိနည်းအလို၊ သုတ္တန်အလိုဆိုပြီး နှစ်မျိုးလာပါ တယ်။ ဝိနည်းအလိုကတော့ ရွာဥပစာအပြင်ဘက်ကို တောလို့ယူရတယ်။ သုတ္တန်အလိုကတော့ တောရခုတင် ဆောက်တည်မည့်ပုဂ္ဂိုလ်အတွက် ရည်ရွယ်ဆိုတာဖြစ်လို့ ကုလလေးတာ အပြန်ငါးရာရှိမှတော၊ တောအပိုင်း အခြားအတွင်းမှာ ဆောက်တဲ့ကျောင်းမှ တောရကျောင်းမည်ပါတယ်''

''ကုလလေးတာ အပြန်ငါးရာဆိုတော့ တော်တော်ဝေးမှာပေါ့နော်။ ဒါနဲ့ အရှင်ဘုရား၊ ကုလလေးတာဆိုတာက''

''မကြီးမငယ် ပြုလုပ်ထားတဲ့ ဆရာ့လေးလို့ဆိုတယ် ဒကာရဲ့။ ညို့ ကြိုးမတင်ခင်မှာ ငါးတောင်ရှိသတဲ့။ ညို့ကြိုးတင်ပြီးတဲ့အခါမှာတော့ လေးတောင်ပဲကျန်တယ်တဲ့။ ညို့ကြိုးတင်ပြီး လေးတောင်သာကျန်တဲ့ လေးကို ကုလလေးလို့ခေါ်တယ်။ အဲဒီလေးနဲ့ ရွာတံခါးခုံကနေပြီး တိုင်း တာရမယ်။ တံခါးမရှိရင် ပထမခဲတစ်ကျနေရာမှနေ တိုင်းတာရမယ်တဲ့။

အဲသလို တိုင်းတာလိုက်တဲ့အခါ ကျောင်းအရံ ဥပစာတိုင်အောင် အပြန် ငါးရာပြည့်ရမယ်။ အပြန်ငါးရာမပြည့်ရင် တောကျောင်းအင်္ဂါနဲ့ မညီညွတ် ဘူး။ အဲဒီကျောင်းမှာ ဓုတင်ဆောက်တည်လို့ မရဘူး''

''ရွာနဲ့မလှမ်းမကမ်း တောအုပ်ထဲမှာဆိုရင်ရောဘုရား''

''ဒကာဆိုလိုတာက သစ်ပင်လေးတွေနဲ့ အုပ်အုပ်ဆိုင်းဆိုင်း ရှိနေတာ ကို တောအုပ်လို့ ဆိုလိုတာလား။ သစ်ပင်အုပ်အုပ်ကလေးတွေ ရှိရှိ၊ မရှိရှိ၊ သွားရိုးလမ်းအတိုင်း တိုင်းတာလို့ ကုလလေးတာ အပြန်ငါးရာပြည့် တဲ့အရပ်မှာ တည်ရှိနေရင် တောကျောင်းပဲ။ မပြည့်ရင် တောကျောင်း မမည်ပါဘူး။ အဲ–လမ်းဖြောင့်ကိုပိတ်ပြီး လမ်းကောက်လုပ် တိုင်းတာရင် အဲဒါ ဓုတင်ခိုးတဲ့ ဒကာရဲ့''

''ကြံကြံဖန်ဖန် အရှင်ဘုရားရယ်၊ အဲသလို ဓုတင်ခိုးတဲ့သူ ရှိသေးလို့ လား''

''ရှိလို့ စာထဲပါတာပေါ့။ ဒကာပဲ ပြောခဲ့ပြီပဲ။ အဝိဇ္ဇာနဲ့နေတာမျိုးဆို ရင် လူတွေက ပိုကြည်ညိုဆို။ လူတွေပိုအထင်ကြီးပြီး ကြည်ညိုအောင် လုပ်တတ်တဲ့သူတွေက ဓုတင်ခိုးနိုင်တာပေါ့၊ မဟုတ်ဘူးလား''

''ဆန်းတယ်နော်အရှင်ဘုရား။ တပည့်တော်တို့ မသိနိုင်တာတွေ အများကြီးပါပဲလား''

''တောထဲမှာ တစ်အိမ်တည်းပင် ရှိသော်လည်း ဥပမာ ယာစောင့်တဲ၊ လယ်စောင့်တဲလိုမျိုးမှာ မိုးလေးလပတ်လုံး လူနေရင် ရွာလို့ပဲခေါ်ရတယ်။ ရွာသူရွာသားတို့ရဲ့ အသံကို ကြားပင်ကြားနေရသော်လည်း တောင်တို့ မြစ်တို့ ဆီးကာနေလို့ အဖြောင့်သွားလို့မရဘူး။ အကောက်လမ်းပဲ ရှိတယ်။ ဥပမာ– တောင်ပတ်လမ်းလိုမျိုးဆိုပါတော့၊ အဲသလိုလမ်းမျိုးပဲ ရှိနေရင် တော့ အကောက်လမ်းအတိုင်းပဲ တိုင်းတာရမယ်တဲ့။ လှေနဲ့ကူး သွားရတယ်ဆိုရင်လည်း လှေကူးသွားတဲ့အတိုင်း တိုင်းပါတဲ့။ ကုလ လေးတာ အပြန်းငါးရာပြည့်ရင် တောကျောင်းအင်္ဂါပြည့်စုံပါတယ်''

''တောရဆောက်တည်ထားတဲ့ရဟန်းဟာ တစ်ခါတစ်ရံ ရွာကျောင်း၊ မြို့ကျောင်းများမှာလည်း နေကောင်းသေးသလားဘုရား။ ဥပမာ အာဂန္တုက အဖြစ်နဲ့ပေါ့''

''အရှည်ကြင်ဓုတင် ဆောက်တည်ထားတဲ့တောနေရဟန်းဟာ ဥပဇ္ဈာယ်ဆရာ၊ ကမ္မဋ္ဌာန်းဆရာ၊ စာသင်ပေးတဲ့ဆရာ စတဲ့ ကျေးဇူးများတဲ့ ပုဂ္ဂိုလ် နာမကျန်းဖြစ်တဲ့အခါ ရွာကျောင်း၊ မြို့ကျောင်းကိုလာပြီး ပြုစုပေးနိုင်ပါတယ်။ ဒါပေမဲ့ နံနက်စောစော တောရလောက်တဲ့ အရပ်တိုင်အောင်သွားပြီး အရုဏ်တက်စေရမယ်တဲ့။ အရုဏ်တက်ချိန်မှာ ဆရာ့ရောဂါ ပြင်းထန်နေတယ်ဆိုရင်တော့ ဓုတင်ကို စင်ကြယ်အောင် မကြိုးစားပါနဲ့တော့၊ ဆရာ့ကိုသာ ဆေးဝါးပေး၍ ပြုစုလုပ်ကျွေးပါလို့ ဝိသုဒ္ဓိမဂ်ဆရာက ပြထားပါတယ်''

''အဲ-နောက်တစ်ခုရှိသေးတယ်။ ဟိုရှေးတုန်းကတော့ ဓမ္မကထိကရဟန်းများဟာ တရားနာပရိသတ်အပေါ် မူတည်ပြီး တစ်ခါတလေ ညလုံးပေါက်တရားဟောလေ့ရှိပါတယ်။ ဓမ္မကထိကရဟန်း တရားဟောကြားနေစဉ် မိမိက တရားတော်ကို နာယူနေဆဲမှာပဲ အရုဏ်တက်သွားမယ်ဆိုရင် ဓုတင်မပျက်ပါဘူးတဲ့။ အရုဏ်မတက်မီ တရားပွဲ ပြီးသွားတယ်ဆိုရင်တော့ တောရလောက်တဲ့ အရပ်တိုင်အောင် သုတ်သုတ်ပြန်ရပါတယ်။ အဲသလိုပြန်နေစဉ် လမ်းမှာ အရုဏ်တက်သွားရင်လည်း ဓုတင်မပျက်ပါဘူးတဲ့။ အဲ-တရားပွဲပြီးဆုံးလို့ တရားဟောရာကျောင်း (သို့မဟုတ်)မဏ္ဍပ်ထဲမှာပဲ 'ခဏလောက်မှေးလိုက်ပါဦးမယ်' ဆိုပြီး အိပ်လိုက်မိတာနဲ့ အရုဏ်တက်သွားတယ်ဆိုရင်တော့ အဲဒါ-ဓုတင်ပျက်သွားပြီဒကာရေ့''

''အာဂန္တုက အဖြစ်နဲ့ မနေရဘူးဆိုပါတော့''

''ဟာ-ဒကာကလည်း တယ်ခက်နေပြန်တာကိုး၊ ဒီမှာတရားနာပြီး ခဏလေးမှေးခိုက်မှာ အရုဏ်တက်သွားလို့ ဓုတင်ပျက်ပါတယ်ဆိုမှပဲ အာဂန္တုက အဖြစ်နဲ့ဆိုတဲ့စကား ထည့်မပြောနဲ့တော့။ အာဂန္တုက အဖြစ်နဲ့

ရွာကျောင်း၊ မြို့ကျောင်းမှာ ခဏတည်းခိုတယ်ဆိုရင်လည်း အရဟတ်မတက်မီ တောရလောက်တဲ့ အရပ်တိုင်အောင်သွားပြီး အရဟတ်တက်ရမှာပဲ၊ ရှင်းပြီလား''

''မှန်ပါ၊ ရှင်းပါပြီဘုရား။ တောရဆောက်တည်ရတဲ့ အကျိုးတရားလည်း မိန့်ပါဦးဘုရား''

''တောရကျောင်းမှာနေတဲ့ ရဟန်းဟာ တောဆိုတဲ့ အမှတ်သညာကို အမြဲနှလုံးသွင်းထားရတော့ မရသေးတဲ့ သမာဓိကို ရစေနိုင်တယ်၊ ရပြီးတဲ့ သမာဓိကိုလည်း မပျက်အောင် စောင့်ရှောက်နိုင်တယ်။ မြတ်စွာဘုရားက အင်္ဂုတ္တိုရ် ဆက္ကနိပါတ်၊ နာဂိတသုတ်မှာ'အို–နာဂိတ၊ ထိုရဟန်း၏ ထိုသို့တော၌နေသဖြင့် ငါဘုရားသည် နှစ်သက်ဝမ်းမြောက်တော်မူ၏။ အစွန်အဖျားကျသော တောကျောင်း၌ နေလေ့ရှိသော ထိုရဟန်း၏ စိတ်ကို မလျောက်ပတ်သော ရူပါရုံစသော အာရုံတို့သည် မပျံ့မလွင့်စေနိုင်ကုန်။ ထိတ်လန့်ခြင်းလည်း ကင်း၏။ အသက်၌တွယ်တာသော နိကန္တိတဏှာကိုလည်း စွန့်၏။ ဆိတ်ငြိမ်သောအရပ်၌ နေခြင်းကြောင့်ဖြစ်သော ချမ်းသာဟူသော အရသာကိုလည်း ခံစား၏။ ပံသုကူလိကဓုတင်စသည်တို့ကို ဆောင်သော ဓုတင်တစ်ဆယ့်နှစ်ရပ်သည်လည်း ထိုတောနေရဟန်းအားသာလျှင် လျောက်ပတ်၏' လို့ ဟောတော်မူပါတယ်။

''နောက်–အင်္ဂုတ္တိုရ်၊သံယုတ်ပါဠိတော်များမှာလည်း အများကြီးပဲ ချီးမွမ်းဟောကြားထားတာ ရှိပါတယ်။ သို့ပေမယ့် ဘုန်းကြီးလိုမူစတဲ့ ယုတ်မာတဲ့ စိတ်ထားနဲ့ တောရကျောင်းမှာ နေတာဆိုရင်တော့ ဒုက္ကဋ်အာပတ်သင့် ကြောင်း ပညတ်ထားပါတယ်၊ တောရကျောင်းမှာနေတဲ့ ပုဂ္ဂိုလ်များရဲ့ ဖြည့်ကျင့်ရမယ့် ကျင့်ဝတ်တွေ၊ အာရညိကဝတ္တကထာ စတာတွေကိုလည်း ဝိနည်းဒေသနာတော်နဲ့ ပညတ်ထားခဲ့ပါသေးတယ်။ တောရကျောင်းမှာ နေထိုက်တဲ့အင်္ဂါများနှင့် မပြည့်စုံဘဲနေပါက တိရစ္ဆာန်တို့နေတာနဲ့တူသတဲ့ ဒကာ''

''တောရကျောင်းမှာ နေထိုက်တဲ့အင်္ဂါ ဟုတ်လားဘုရား။ အဲဒါ ဘာတွေပါလဲ အမိန့်ရှိပါဦးဘုရား''

''အင်း–နေဦးဒကာရဲ့၊ ဘာတွေလဲဆိုတော့... အဲ–အင်္ဂုတ္တိုရ်၊ စတုက္က နိပါတ်မှာ ဟောထားတော်မူတယ်။ အရိယာသီလတဲ့၊ အရိယာသန္တုဋ္ဌိတဲ့၊ အရိယာဣန္ဒြိယသံဝရတဲ့၊ အရိယာ သတိသမ္ပဇညတဲ့''

''တောရဆောက်တည်နေကြတဲ့ ခုခေတ်ရဟန်းတွေက အရိယာ မဟုတ်သေးဘူးလေ အရှင်ဘုရားရဲ့။ ပုထုဇဉ်ပုဂ္ဂိုလ်တွေပဲ မဟုတ်လား။ အရိယာသီလဆိုတော့.....''

''ဟုတ်ပါတယ်၊ ပုထုဇဉ်ရဟန်းပေမယ့် မြတ်စွာဘုရား ပညတ်တော်မူ တဲ့ ပါတိမောက္ခသံဝရသီလ စတာတွေနဲ့ ပြည့်စုံရင် အရိယာသူတော် ကောင်းများနှင့် အကျင့်သီလချင်းတူလို့ အရိယာသီလလို့ပဲ ခေါ်ပါတယ်''

''ဩော်–ဒီလိုပါလားဘုရား''

''ဟုတ်ပါတယ်၊ ပုထုဇဉ်တွေဆိုတော့ မိမိစိတ်ကိုဆုံးမပြီး အရိယာသမ္ပ ဇညဆိုတဲ့ အရိယာသူတော်ကောင်းများရဲ့စိတ်လို မိမိစိတ်မှာ သတိသမ္ပ ဇဉ်ဉာဏ်ယှဉ်ပြီး နေရမယ်။ အဲသလို မနေမိရင် ကာမဝိတက်၊ ဗျာပါဒ ဝိတက်၊ ဝိဟိံသာဝိတက်များကို ကြံစည်ပြီး နေမိတတ်တယ်။ အဲသလိုနေမိ တဲ့အခါ ဒုပ္ပညဇဠေမူဂဆိုတဲ့ ပညာမရှိ မိုက်၍ မသန့်ရှင်းသောနှုတ်ရှိသူ ဖြစ်နေတတ်ပါတယ်။ အဲဒီအင်္ဂါလေးပါးနှင့် မပြည့်စုံနေရင်တော့ တောရ ကျောင်းမှာ မနေထိုက်ဘူးတဲ့။

အရိယာသတိသမ္ပဇညရှိတဲ့ ပုဂ္ဂိုလ်များကတော့ နေက္ခမ္မဝိတက်၊ အဗျာ ပါဒဝိတက်၊ အဝိဟိံသာဝိတက်များနဲ့သာ ပြည့်စုံကြံစည်နေပါတယ်။ အဲဒီ အခါ ပညဝါအဇဠေ အနေဠမူဂဆိုတဲ့ ပညာရှိ၍ မမိုက်မဲသည့်အပြင် သန့်ရှင်းသောနှုတ်ရှိသူ ဖြစ်လာပါတယ်။ ဒီအင်္ဂါလေးပါးနှင့် ပြည့်စုံရင် တောရကျောင်းမှာ နေထိုက်ကြောင်း အရှည်သုတ်မှာ ဟောထားပါတယ်။ အကယ်၍ တောရမနေထိုက်တဲ့ အင်္ဂါများနဲ့ ပြည့်စုံနေရင်တော့ နတ်များက

နှောင့်ယှက်တတ်ပါသတဲ့ ဒကာ။ ဒါလည်း သတိထားဦးမှ။ တချို့ ကိုယ့်ကိုယ်ကိုယ် မစစ်ဆေးဘဲ တောရဆောက်တည်လို့ ရှုံးသွားတယ် ဆိုတာ ဒါမျိုးပြောတာ။ အဲဒါ တရားကြောင့် ရှုံးတာမဟုတ်ဘူး၊ ကိုယ့် အမှားကြောင့် ရှုံးရတာ''

''မှန်ပါ–အရှင်ဘုရားပြောပြမှပဲ တောရဆောက်တည်တာ မလွယ်လှ မှန်း သိရပါတော့တယ်ဘုရား။ တပည့်တော်တို့က တောထဲနေ တောရ ဆောက်တည်တယ် ထင်တာကိုးဘုရား''

''တောရကျောင်းမှာ တောရဆောက်တည်နေတဲ့ ရဟန်းဟာ ကိုယ့် ကိုယ်ကိုယ် နေထိုက် မနေထိုက် အင်္ဂါများနှင့် ပြည့်စုံ မပြည့်စုံဆိုတာကို စစ်ဆေးရမယ်တဲ့။ အကယ်၍ မပြည့်စုံပါက တောရကျောင်းမှ ထွက်ခွာ သွားရန် ကိုယ့်ကိုယ်ကိုယ် နှင်ထုတ်ရမယ်တဲ့။ အဲသလို နှင်ထုတ်ပြီး ရဟန်းတရားကျင့်တဲ့နေရာမှာတော့ အရှင်သုဘူတိမထေရ်ကို စံထားရ မယ်။ အရှင်သုဘူတိမထေရ်က–

'အကြင်အခါ၌ ရာဂနှင့်စပ်ယှဉ်သောစိတ်သည် ငါ့အားဖြစ်ပေါ်၏။ ထိုအခါ ကိုယ်တိုင်ပင် ဆင်ခြင်၏။ ထိုရာဂစိတ်ကို ငါသည် တည်ကြည် သည်ဖြစ်၍ ဆုံးမ၏။ အဘယ်သို့ ဆုံးမသနည်းဟူမူ–

''အချင်းသုဘူတိ၊ သင်သည် တပ်မက်ဖွယ်အာရုံ၌လည်း တပ်မက် ဘိ၏။ ပြစ်မှားဖွယ်အာရုံ၌လည်း ပြစ်မှားဘိ၏။ တွေဝေဖွယ်အာရုံ၌လည်း တွေဝေဘိ၏။ ဤမျှရိုင်းစိုင်းသော သင်သုဘူတိသည် သူတော်ကောင်းတို့ နေရာ တောရအရပ်မှ ထွက်သွားပါလော့။

'ဤတောအရပ်သည် စင်ကြယ်ကုန်သော၊ အညစ်အကြေးကင်း ကုန်သော အကျင့်ရှိကုန်သော သူတော်ကောင်းတို့၏ နေထိုင်ရာတည်း။ သင်သုဘူတိသည် စင်ကြယ်သော တောအရပ်ကို မဖျက်ဆီးပါလင့်၊ တောအရပ်မှ ထွက်သွားပါလော့'လို့ အမြဲဆုံးမပြီး တရားကျင့်သုံးနေသတဲ့ ဒကာရေ့၊ ဘယ့်နှယ်လဲ စံမတင်ထိုက်ဘူးလား''

''မှန်ပါ–စံတင်ထိုက်ပါတယ်ဘုရား။ အလွန်လည်းပဲ ကြည်ညိုစရာပါ ဘုရား''

''တောထဲ တောင်ထဲမှာ ရှိနေကြတဲ့၊ စောင့်နေကြတဲ့ နတ်ကောင်း နတ်မြတ်များဟာ သီလမစင်ကြယ်တဲ့ ရဟန်းကိုသာ နှောင့်ယှက် ခြောက် လှန့်တတ်ကြတာ မဟုတ်သေးဘူး။ သီလစင်ကြယ်တဲ့ ရဟန်းများ တစ်ခါ တစ်ရံ စိတ်ကူးတွေးချော် ဝိတက်ဗျာပါဒများနှင့် ပျော်နေမိတဲ့အခါမျိုး မှာလည်း သတိသံဝေဂရ ထိတ်လန့်စေခြင်းဖြင့် သတိပေး၊ သတိတရား ရအောင် စောင့်ရှောက်ကြပါသေးတယ်။

''တစ်ခါက ဝေသာလီပြည်သား ဝဇ္ဇီမင်းတစ်ပါးဟာ ရဟန်းပြုပြီး တောထဲမှာနေပါတယ်။ တစ်ညမှာတော့ ဝေသာလီပြည်တွင်းမှာ နက္ခတ် ပွဲသဘင်ဖြစ်လို့ တစ်ညလုံး တီးမှုတ်ဆူညံနေကြတယ်။လူတွေရဲ့ပျော်ရွှင် ရယ်မောသံ၊ တူရိယာအပေါင်းတို့ရဲ့ သံစုံတီးသံ၊ သီချင်းဆိုသံတွေဟာ ရဟန်းနေတဲ့ တောအလုံးကို လွှမ်းမိုးနေပါသတဲ့။ ရဟန်းနေတဲ့ တောအုပ် ကနေ ဝေသာလီပြည်ကို လှမ်းကြည့်တော့၊ မြို့အလုံး မီးထိန်ထိန်ထွန်းလို့ ပျော်ကြပါးကြ၊ ကခုန်သီဆိုကြတဲ့ အသံထဲမှာ ယခင်လူ့ဘဝက ပျော်ပါးခဲ့ ပုံကို မျှော်မှန်းကြည့်နေမိတယ်။

''ယခုလက်ရှိအနေအထားကို ကြည့်လိုက်တော့ လူသံသူသံ နတ္ထိ၊ ပုရစ်သံ၊ပုစဉ်းရင်ကွဲသံနဲ့ လေတိုးလို့ သစ်ရွက်လှုပ်သံ၊ သစ်ရွက်ကြွေသံမှ တစ်ပါး တောအလုံးဟာ တိတ်ဆိတ်လို့နေပါတယ်။ ချောက်ချားစရာ လရောင်ကို အဖော်ပြုလို့ တစ်ကိုယ်တည်းအထီးတည်းနေရတယ်၊ အဖော် မဲ့လျှင်းပျော်စရာကင်းလို့ တွေးရင်းတွေးရင်း ရဟန်းဟာ အားငယ် လာတယ်။ တောကို ငြီးငွေ့ပြီး ဝေသာလီမြို့တွင်းကိုသာ တောင့်တောင့် တတဖြစ်နေတယ်၊ ဒီအခါ စိတ်မထိန်းနိုင်တော့ဘူး။ ငိုကြွေးချလိုက်တယ်၊ နှုတ်ကလည်းတတွတ်တွတ်ပြောဆိုနေပါတယ်၊ 'သြော်–ငါ့မှာတော့ တော

ထဲမှာ အသုံးမဝင်တဲ့ သစ်တုံးသစ်ဆွေးလို တစ်ယောက်တည်းနေနေရတယ်။ ဒီလို သာယာလှပ ပျော်စရာကောင်းတဲ့ညမှာ ငါ့လောက်မိုက်မဲတဲ့သူ ဘယ်သူရှိပါတော့မလဲ'တဲ့ ဒကာရဲ့၊ ရဟန်းညည်းညူလိုက်တာ''

''မှန်ပါဘုရား၊ အရှင်ဘုရားပြောနေတဲ့စကား အခုကြားနေဆဲမှာပဲ တပည့်တော်တောင် တောထဲနေချင်စိတ် ပျောက်သွားပါတယ်ဘုရား''

''အမယ်-တယ်ဟုတ်နေပါလား။ ဒကာကတောထဲနေဖို့များ စိတ်ကူးရှိထားလို့လား''

''ရှိတော့ မရှိပါဘူးဘုရား။ အကယ်၍များဆိုပြီး တွေးကြည့်မိရုံပါဘုရား''

''အမယ်လေး-ဖြစ်ရတယ်ဒကာရယ်။ တကယ်စိတ်ကူးလေးတောင်မရှိတဲ့ စိတ်ကလေး ပျောက်သွားတာ အဆန်းလုပ်လို့ ဒကာရာ။ မရှိတာပျောက်တာပျောက်ပါစေ''

''ထားပါတော့ အရှင်ဘုရားရယ်။ အရှင်ဘုရားစကား ဆက်ပါဦး''

''အဲသလို ရဟန်းငိုသံကို တောစောင့်နတ်ကကြားတော့ ရဟန်းအပေါ် သနားသွားသတဲ့။ ရဟန်းအကျိုးစီးပွားအတွက် စောင့်ရှောက်သင့်တယ်လို့တွေးပြီး ရဟန်းအနားချဉ်းကပ်လို့ အသံပေးလိုက်ပါတယ်။'ရဟန်း၊ သင်ဟာ တောအုပ်ထဲမှာ အသုံးမဝင်တဲ့ သစ်တုံးဆွေးလို တစ်ယောက်တည်း နေရတယ်။ သို့သော်လည်း ငရဲသားများဟာ နတ်ပြည်သွားသူများကို အားကျတောင့်တသလို လူအများဟာလည်း သင့်ကို အားကျတောင့်တနေကြပါတယ်'လို့ ပြောလိုက်တယ်။

တောစောင့်နတ်ရဲ့ အသံလည်းကြားလိုက်ပါရော၊ ရဟန်းဟာ ထိတ်လန့်ပြီး သံဝေဂဉာဏ်ရသွားတယ်။ မငိုတော့ဘူး။ နံနက်မိုးသောက်အလင်းရောက်တော့ မြတ်စွာဘုရားထံသွားပြီး ညကဖြစ်ပျက်ခဲ့ပုံ အလုံးစုံကို လျှောက်ထားပါတယ်။မြတ်စွာဘုရားက–

'ရဟန်းအဖြစ်ဟာ ခဲယဉ်းတယ်၊ ရဟန်းဘဝ၌ပျော်မွေ့ရန် ခဲယဉ်းတယ်။ အိမ်၌နေပြီး မပြီးနိုင်တဲ့ အမှုကိစ္စတွေ စုဆောင်းပြုလုပ်နေရတာ ဆင်းရဲတယ်။ အကျင့်မတူညီသူနဲ့ အတူနေရတာ ဆင်းရဲတယ်။ ထို့ထက်ဝဋ်ဆင်းရဲသံသရာခရီးမှာ အဓွန့်ရှည်ကြာသွားနေရတာ ပိုလို့ဆင်းရဲတယ်' လို့ ဟောတော်မူမှ ရဟန်းဟာ ချက်ချင်းလက်ငင်း ဒေသနာစဉ်မှာ ခန္ဓာဉာဏ်အစဉ်လိုက်ပြီး တရားရှုပွားလိုက်တော့ ဒေသနာတော်ဆုံးတာနဲ့ ရဟန္တာဖြစ်သွားပါတယ်။ သိပ်အကျိုးများတယ်ဆိုတာ ထင်ရှားတယ်မဟုတ်လားဒကာ။ အဲဒါ တောရဆောက်တည်ရခြင်းအကျိုးပဲ''

''မှန်ပါဘုရား''

''တောရဆောက်တည်နေတဲ့ ရဟန်းမှာ လူတို့နှင့် မရောနှောရလို့ ဆိတ်ငြိမ်တဲ့ ကိုယ်စိတ်ရှိတယ်။ မြတ်စွာဘုရားရဲ့ စိတ်နှလုံးတော်ကို နှစ်သက်စေတယ်။ တောကျောင်းမှာ တစ်ပါးတည်းနေရခြင်းဆိုတဲ့ ငြိမ်းအေးတဲ့ ဝိဝေကသုခကို ရစေတယ်။ ဒီ ဝိဝေကသုခဆိုတဲ့ အရသာကို သိကြားမင်းတောင် မခံစားရပါဘူး။

''စစ်ဝတ်ချပ်တန်ဆာကို ဝတ်ဆင်လျက် ဆင်တပ်၊ မြင်းတပ်နှင့်တကွ စစ်မြေပြင်အောင်တပ်သို့ ရောက်သောမင်းသည် တစ်ဖက်ရန်သူကို အောင်ခြင်းငှာ စွမ်းနိုင်သလို ပံ့သကူဟူသော စစ်ဝတ်ချပ်တန်ဆာဝတ်ဆင်ပြီး အရည်ကြင်ဓုတင်တည်းဟူသော ဆင်တပ်၊ မြင်းတပ်နှင့်တကွ ဓုတင်လက်နက်မျိုးစုံကိုစွဲကိုင်ပြီး တောကျောင်းအောင်မြေစစ်တပ်သို့ ကပ်ရောက်လာတဲ့အရည်ဝါသီယောဂီရဟန်းဟာ အနုသယဆင်တပ်၊ မြင်းတပ်ခြံရံအပ်တဲ့ ကိလေသာမာရ် ကိုယ်တွင်းရန်ကို မကြာမတင် အလျင်အမြန်အောင်ခြင်းငှာ စွမ်းနိုင်ပါသတဲ့ဒကာ။ ဒါကြောင့် အရည်ကြင်ဓုတင်ဆိုတာ သာမန် ပေါ့သေးသေး ဓုတင်မဟုတ်ပါဘူး။ ဆောင်နိုင်ခဲ၊ ဖြည့်ကျင့်နိုင်ခဲတဲ့ ဓုတင်ဆိုတာ ဒကာသိလောက်ပါပြီနော်''

''မှန်ပါ–သိပါပြီဘုရား။ နောက်များမှာလည်း တပည့်တော် မသိတာ ဆက်လက်ရှင်းပြပေးပါဦးဘုရား''

* * *

# သစ်တစ်ပင်၊ ဝါးတစ်ပင်ဆိုတာ ကျောင်းပါပဲ (ရုက္ခမူစုတင်)

''အရှင်ဘုရား၊ တောထဲမှာနေမှ ရုက္ခမူစုတင်ဆောက်တည်လို့ရပါသလားဘုရား''

''တောထဲမှာ နေမှရယ်မဟုတ်ပါဘူး။ မြို့နား၊ ရွာနားမှာနေပြီး ဆောက်တည်ရင်လည်း ရပါတယ်၊ အရညိကစုတင်နဲ့တွဲပြီး ဆောက်တည်ရင်တော့ ရလောက်တဲ့တောထဲမှာ ဆောက်တည်မှရမယ်။ ရှေးတုန်းက အချို့ဆရာတော်ကြီးများ လူသိမှာစိုးလို့ နေ့အခါကျောင်းမှာနေပြီး ညအခါမှသာ သစ်ပင်အောက်သွားပြီး ရုက္ခမူစုတင်ဆောက်တည်ကြောင်း ကြားသိရဖူးပါတယ်။ စာထဲမှာတော့ 'နေမြဲသစ်ပင်'လို့ ဆိုထားတာကြောင့် အခါခပ်သိမ်းနေ့ရောညပါ အမြဲနေမှ ရုက္ခမူစုတင် ပီသမယ်လို့ ထင်ပါတယ်။ ဝိသုဒ္ဓိမဂ်မှာ ပြဆိုထားတဲ့ အင်္ဂုတ္တရနိကာယ်ဆောင်ဆရာတို့ အလိုကတော့ အမိုးရှိသော အရိပ်အာဝါသ၌ နေလိုသောဆန္ဒဖြင့် ဝင်နေသောခဏ စုတင်ပျက်တယ်။ သိလျက်နဲ့ အမိုးရှိသောနေရာ၌ အရုဏ်တက်ခါမှ ခဏ၌ စုတင်ပျက်တယ်လို့ဆိုထားပါတယ်''

''ဒါဆိုရင်တော့ ခုတင်ဆောက်တည်တဲ့ ရဟန်းနေတဲ့ သစ်ပင်ဟာ မိုးလေလုံတဲ့၊ ဟို...တော်တော့်ကို မိုးလေကို ကာကွယ်ပေးနိုင်မယ့် သစ်ပင်ကြီးဖြစ်ရမှာပေါ့ဘုရား''

''မိုးကာလဆိုရင်တော့ ရွေးချယ်သင့်တာပေါ့။တခြားအချိန်ဆိုရင် ဥပမာ မြတ်စွာဘုရား အာဋ္ဌဝီပြည်၊ နွားခြေရာတို့ ပေါ်များတဲ့ခရောင်းတော မှာ သီတင်းသုံးတော်မူစဉ်ကဆိုရင် တပို့တွဲလအဆုံးနဲ့ တပေါင်းလအစ ကြားရှစ်ရက်ဟာ အလွန်အေးတယ်လို့ ဆိုပါတယ်။ အဲဒီအချိန် မြတ်စွာ ဘုရားရှင်ဟာ ဆောင်းလေအေးနဲ့အတူ သစ်ရွက်ကျိုးကျဲသာရှိတဲ့ သစ်ပင် အောက်မှာ သစ်ရွက်တွေခင်းပြီး၊ နှစ်ထပ်သင်္ကန်းကြီးကို ခြုံတော်မူပြီး သီတင်းသုံးတော်မူပါတယ်။နံနက်စောစော လမ်းလျှောက်ထွက်လာတဲ့ ဟတ္ထကအာဠဝကမင်းသားတွေ့တော့—

'မြတ်စွာဘုရား၊ ချမ်းသာစွာ ကျိန်းစက်ရပါရဲ့လား'လို့ မေးလျှောက် တယ်။

''မြတ်စွာဘုရားက 'ချမ်းသာစွာကျိန်းစက်ရတယ်။ လောကမှာ ချမ်းသာစွာအိပ်စက်ရတဲ့ သူတို့တွင် ငါလည်း တစ်ဦးအပါအဝင်ပဲ'တဲ့''

''ဒါဆို ဘယ်လိုသစ်ပင်ပဲဖြစ်ဖြစ် ဆောက်တည်လို့ရတယ်ပေါ့''

''အဲသလိုလည်း မဟုတ်သေးဘူးဒကာရဲ့။ ရှောင်ကြဉ်ရမယ့်သစ်ပင် တွေ ရှိသေးတယ်။ ပြည်ထောင်မင်းနှစ်ဦးတို့ရဲ့ နယ်ခြားသစ်ပင်ကိုလည်း ရှောင်ရမယ်တဲ့၊ ဘာဖြစ်လို့လဲဆိုတော့ သူ့ဘက်ကိုယ့်ဘက် ရန်သူထင်မှာ စိုးလို့။ လူတို့ပူဇော်ကြတဲ့ တောစိုးသစ်ပင်၊ ရွာနားမြို့နားမှာ လူတွေက နတ်ကြီးတယ်ဆိုပြီး နတ်ကွန်းဆောက်ပူဇော်ပသကြတဲ့ ရွှေညောင်ပင်လို သစ်ပင်မျိုး။ အဲဒီသစ်ပင်က လူစည်ကားတတ်တဲ့ နေရာဖြစ်လို့ ဆိတ်ငြိမ် မှုမရှိဘူး။ သရက်၊ ပိန္နဲစတဲ့ သီးစားသစ်ပင်၊ အသီးရှိနေချိန်မျိုးပေါ့။ လင်းနို့ ကြိုက်တဲ့ သစ်ပင်ကိုလည်း ရှောင်ရမယ်တဲ့၊ ဘာဖြစ်လို့လဲဆိုတော့ လူများ၊

သတ္တဝါအများ စားသုံးရာဖြစ်လို့ ရဟန်းအတွက် အန္တရာယ်ရှိတယ်။ အစေးထွက်တဲ့ သစ်ပင်ကိုလည်း ရှောင်ရမယ်။ သစ်စေးက သင်္ကန်းကိုပေမယ်။ အသားကိုကပ်မယ်။ ရောဂါရနိုင်တယ်ပေါ့။ မြွေကင်းစတဲ့ သတ္တဝါတွေ ဝင်အောင်းစရာအခေါင်းရှိတဲ့ သစ်ပင်ကိုလည်း ရှောင်ရမယ်တဲ့''

''သြော်–ရှောင်စရာတွေကလည်း များလှပါလားဘုရား''

''ဟုတ်တယ်။ ရုက္ခမူဓုတင်ဆောင်ရဟန်း အမြဲနေတဲ့ သစ်ပင်ကို အကယ်၍ လူအများစုရုံးရောက်ရှိလာကြမယ်ဆိုရင် အဲဒီသစ်ပင်ရင်းမှာ မနေဘဲ၊ တခြားတစ်နေရာ လူမမြင်နိုင်တဲ့ ကွယ်ရာမှာ သွားနေရမယ်တဲ့။ ဘာဖြစ်လို့လဲဆိုတော့ လူတွေက ရုက္ခမူဓုတင်ဆောင်ရဟန်းဆိုတာ သိသွားရင် အထင်ကြီးကြည်ညိုကြမှာစိုးလို့ပဲ။ ကိုယ့်ရဲ့ရဟန်းတရား ပွားများအားထုတ်တဲ့ အခါမှာလည်း အနှောင့်အယှက်ကင်းအောင်လို့ပေါ့ဒကာရယ်''

''မှန်ပါ၊ ရုက္ခမူဓုတင်ဆောက်တည်တော့ ဘယ်လိုဆိုပြီး ဆောက်တည်ရတယ်ဆိုတာလည်း မိန့်ပါဦးဘုရား''

''အုတ် စတဲ့ ငါးမျိုးသောအမိုးတို့ဖြင့် မိုးအပ်သော အရိပ်အာဝါသကို ပယ်ပါ၏။ သစ်ပင်ရင်း သစ်ပင်အောက်၌နေခြင်း ဓုတင်အင်္ဂါကို ဆောက်တည်ပါ၏ လို့ဆိုတဲ့ စကားနှစ်မျိုးမှာ တစ်မျိုးမျိုးနဲ့ ဆောက်တည်ရပါတယ်''

''ငါးမျိုးသော အမိုးဆိုတာက ဘာတွေလဲဘုရား''

''အဲ... အဲဒါတော့ ဦးပဥ္စင်းလည်း စာထဲမှာ မတွေ့မိသေးဘူး။ ဋီကာတို့ ဘာတို့ မနှံ့စပ်တာလည်း ပါမယ်ပေါ့။ ဦးပဥ္စင်းအထင်ပြောရရင် အပေါ်က အမိုးရယ်၊ လေးဖက်လေးတန်အကာရယ်၊ အဲဒါကို ငါးမျိုးသော အမိုးလို့ ဆိုတယ်ထင်တာပဲ''

မှတ်ချက်
ဝိနည်းတော်လာ အမိုးငါးမျိုးကား–
၁။ အုတ်ကြွပ်
၂။ ကျောက်ပြား
၃။ အင်္ဂတေ
၄။ သက်ငယ်မြက်
၅။ ထန်းရွက်၊ အင်ဖက် စသောသစ်ရွက်တို့ဖြစ်သည်။

"အရှင်ဘုရား မိန့်သလိုဆိုရင် အကာမရှိတဲ့ အမိုးအောက်ဆိုရင်ရော ရမှာပေါ့"

"ဒကာက တော်တော်စကားကတ်ပြောတာပဲ၊ သစ်ပင်ရင်းမှာ သစ်ပင်ကို ကျောင်းအမှတ်နဲ့ နေပါတယ်ဆိုမှပဲ အမိုးသာရှိပြီး အကာမရှိပေမယ့် အဲဒါကို ကျောင်းဇရပ်လို့ ခေါ်လို့ရတယ်။ဆောက်တည်ရတဲ့စကားထဲမှာ ကြည့်၊ အမိုးတို့ဖြင့် မိုးအပ်သော အရိပ်အာဝါသကို ပယ်ပါ၏လို့ ဆိုထားတယ်မဟုတ်လား"

"မှန်ပါဘုရား။ တပည့်တော်က ရမလားလို့ မေးကြည့်တာပါ။ နောက်ထူးခြားတာလေးတွေမိန့်ပါဦးဘုရား"

"ဒီရုက္ခမူဓုတင် ဆောက်တည်တဲ့ ရဟန်းမှာလည်း အမြတ်ဆုံးဥက္ကဋ္ဌပုဂ္ဂိုလ်၊ အလယ်အလတ် မဇ္ဈိမပုဂ္ဂိုလ်၊ အညံ့စား မုဒုပုဂ္ဂိုလ်လို့ သုံးမျိုးရှိတာပါပဲ။ ဥက္ကဋ္ဌပုဂ္ဂိုလ်ကတော့ နှစ်သက်ရာသစ်ပင်ကို ရွေးချယ်ပြီး သစ်ပင်ခြေရင်းမှာ အမှိုက်များရှိခဲ့လျှင် ကိုယ့်ခြေထောက်နဲ့ အသာအယာဖယ်ရှားပြီး နေရမယ်တဲ့။ ကြိုတင်ရှင်းလင်းဖို့ဆိုတာ မပြုအပ်ဘူးတဲ့။ မဇ္ဈိမပုဂ္ဂိုလ်ကတော့ သစ်ပင်အောက်ရောက်တဲ့အခါ သစ်ပင်အနီးမှာလူတစ်ယောက်ယောက်တွေ့လို့ရှိရင် အဲဒီလူကို ရှင်းပေးစမ်းပါလို့ ခိုင်းခွင့်ရှိသတဲ့။ မုဒုပုဂ္ဂိုလ်ကတော့ ကျောင်းမှနေ သွားကတည်းက ကပ္ပိယ

ဖြစ်ဖြစ်၊ ကိုရင်ဖြစ်ဖြစ် ခေါ်သွားပြီး ရှင်းလင်းစေခိုင်းလို့ရပါတယ်။ မြေကို ညီညွတ်အောင် ပြုလုပ်လို့၊ သဲဖြူးခင်းလို့ သစ်ပင်ကို ရတားပြီး တံခါးပြု လုပ်လို့ ရပါတယ်တဲ့''

''ဒါနဲ့ အရှင်ဘုရားမိန့်တော့ လူမသိစေရဘူးဆိုဘုရား''

''လူမသိစေရတာလည်း မှန်ပါတယ်၊ ကပ္ပိယ၊ ကိုရင်များကို လူတွေကို မပြောကြားဖို့ မှာကြားထားရပါတယ်။ မုဒုပုဂ္ဂိုလ်ဆိုတာကတော့ ခပ်လျော့ လျော့ကျင့်တဲ့ပုဂ္ဂိုလ်မဟုတ်လား။ ဒါပေမဲ့ ဘုန်းကြီးချင်လို့၊ လာဘ်လာဘ ပေါများချင်လို့ဆိုတဲ့ အလိုဆန္ဒနဲ့တော့ မဆောက်တည်ရဘူးပေါ့''

''ဒါဆိုလည်း ကိုယ့်ကျောင်းမှာအေးအေးဆေးဆေး တရားကျင့်လည်း ရတာပဲ မဟုတ်လားဘုရား''

''ရပါတယ်။ ရုက္ခမူဓုတင်ဆောက်တည်တဲ့ပုဂ္ဂိုလ်က ကျောင်းရယ်လို့ ပိုင်ဆိုင်မှုမရှိတော့၊ ကျောင်း၌တွယ်တာကပ်ငြိတဲ့တဏှာ အလိုလိုပယ်ပြီး ဖြစ်သွားပြီလေ''

''ဟင်–ကျောင်းမရှိတော့ရင် ဒီပုဂ္ဂိုလ် ဘယ်သွားနေပါ့မယ်''

''သစ်ပင်ရင်းဟာ ကျောင်းပဲပေါ့ဒကာရဲ့''

''ဟာ–အမြဲတမ်းကြီး နေရမယ်ဆိုရင်တော့...''

''ဟုတ်တယ်၊ ကျောင်းကိုစွန့်ပြီး ရုက္ခမူဓုတင်ဆောက်တယ်ဆိုတာက သစ်ပင်ရင်းရဲ့ ဂုဏ်(၁၀)ပါးကို သိမြင်ပြီး၊ ကျောင်းရဲ့အပြစ်ရှစ်ပါးကို မြင်လို့ဆောက်တည်ကြတာ''

''အမိန့်ရှိပါဦးဘုရား''

''သစ်ပင်ရင်းရဲ့ ဂုဏ်(၁၀)ပါးဆိုတာက ၁။ ကျောင်းအတွက်လုံ့လစိုက် ထုတ်စရာမလို၊ နဂိုရှိပြီးအသင့်ဝင်နေရုံသာဖြစ်လို့ နည်းသော အဆောက် အအုံရှိခြင်း၊ ၂။ သုတ်သင်စောင့်ရှောက်ရမှု ကင်းခြင်း၊ ၃။ ထေရ်ကြီးဝါ ကြီးတို့လာသော် ရှောင်လွှဲပေးရမှုမရှိခြင်း၊ ၄။ သစ်ပင်ခြေရင်း၌ မကောင်း မှုကို ပြုလုပ်လျှင် ကျောင်းကဲ့သို့ ဖုံးကွယ်ပေးစရာမရှိ၊ ကြောက်ရှက်ရကား

ကဲ့ရဲ့ဖွယ်မကောင်းမှုတို့ မဖြစ်ခြင်း၊ ၅။ ကိုယ်လက်တောင့်တင်းမှုမရှိခြင်း၊ (အဇ္ဈောကာသိကဓုတင် ဆောက်တည်တဲ့ ပုဂ္ဂိုလ်ဟာ လွင်ပြင်မှာနေရလို့ လေထိတဲ့အတွက် ကိုယ်လက်တောင့်တင်းမှု ရှိပါတယ်။ သစ်ပင်အောက်မှာက အဲသလို မဖြစ်ဘူး။) ၆။ သိမ်းပိုက်မှုမရှိခြင်း၊ ၇။ ငါ့နေရာဟု တွယ်တာတဲ့ တဏှာကင်းခြင်း၊ ၈။ အများနှင့်ဆက်ဆံတဲ့ကျောင်းမှာလို သုတ်သင်ရှင်းလင်းဖို့ ထွက်ပေးကြပါဦးလို့ နှင်ထုတ်ရမှုကင်းခြင်း၊ ၉။ နေသောသူ၏ နှစ်သက်မှုကိုရရှိခြင်း၊ ၁၀။ သစ်ပင်ရင်းကျောင်းဆိုတာက ရောက်ရာအရပ်မှာ ရှာရလွယ်ကူလို့ ငါ့နေရာဟု ငဲ့ကွက်မှုမရှိခြင်းတဲ့ ဒကာရဲ့။

''ကျောင်းနဲ့နေရတဲ့ အပြစ်(၈)ပါးက ၁။ သစ်သားစတဲ့အဆောက်အအုံရဖို့ စုဆောင်းရှာဖွေရခြင်း၊ ၂။ အမိုးအကာများဆွေးမြည့်လျှောကျတဲ့အခါ တစ်ဖန်ပြုလုပ်ပေးရ၊ အမြဲမပြတ်စောင့်ရှောက်သုတ်သင်ပေးရခြင်း၊ ၃။ ကျောင်းဆိုတာကသိက္ခာဝါကြီးသူ ထေရ်ကြီးဝါကြီးတို့ရောက်လာတတ်လို့ အချိန်အခါမရွေး နေရာဖယ်ပေးရတာကြောင့် သမာဓိ မရနိုင်ခြင်း၊ ၄။ အချမ်း,အပူကို ပယ်ဖျောက်ရာရောက်လို့ မိမိကိုယ်ကို နူးညံ့သိမ်မွေ့အောင်ပြုလုပ်ရာ ရောက်ခြင်း၊ ၅။ အမိုးအကာရှိလို့ မကောင်းမှုကို ပြုခွင့်ရနိုင်တာကြောင့် ကဲ့ရဲ့ဖွယ် မကောင်းမှုပြုဖို့ရာ ဖုံးကွယ်ပေးနေသလိုဖြစ်ခြင်း၊ ၆။ ငါ့ ကျောင်းဟု တဏှာဖြင့်စွဲနေခြင်း၊ ၇။ ကျောင်းရှိနေခြင်းဟာ အဖော်နဲ့ နေရသလိုတူခြင်း၊ ၈။ သန်း၊ ကြမ်းပိုး၊ အိမ်မြှောင်စသည်တို့နှင့် ဆက်ဆံနေရခြင်း–တဲ့။

ဒီအပြစ်နဲ့ ဂုဏ်တွေကတော့ သုမေဓာသူဌေးသားလေး ရသေ့ရဟန်းပြုတော့ ကျောင်းရဲ့အပြစ်၊ သစ်ပင်ရင်းရဲ့ ဂုဏ်တရားတို့ကို ဆင်ခြင်ပြီးသစ်ပင်အောက်မှာနေခဲ့တာဖြစ်ပါတယ်။ နောက် ရုက္ခမူဓုတင် ဆောက်တည်ရတဲ့ အကျိုးဆိုတာကလည်း ဦးပဥ္စင်းတို့ သိမ်ထဲမှာ ရဟန်းခံပြီးရဟန်းသစ်ကို မှီရာလေးပါး ပြောပြတဲ့အခါ 'ကျောင်းအာရာမ်ကို အလိုရှိ

လို့ အားကိုးပြီး မြတ်စွာဘုရားရဲ့ သာသနာတော်တွင်း ဝင်ရောက်လာတာ မဟုတ်ဘူး၊ သစ်တစ်ပင်ရင်း ဝါးတစ်ပင်အောက်ဆိုတဲ့ ကျောင်းရှိရင် ရဟန်းတရား ပွားများအားထုတ်နိုင်တယ်။ အဲဒါကြောင့် ရှေးဘုန်းရှေးကံ မရှိလို့ ကျောင်းကြီးကန်ကြီးနဲ့ မနေရတဲ့အခါ အားမငယ်နဲ့၊ သစ်တစ်ပင်ရင်း ဝါးတစ်ပင်အောက်ဟာ ရဟန်းကျောင်းပဲ'လို့ မြတ်စွာဘုရား မိန့်ကြားတော်မူတဲ့အတိုင်း ပြောဆိုဆုံးမရတဲ့ တတိယမှီရာနိဿယ အားလျော်သော အကျင့်ရှိပါတယ်။

သစ်ပင်ရင်းဆိုတဲ့ ကျောင်းဟာ ကိစ္စတာဝန်နည်းပါတယ်။ အဖိုးလည်း နည်းပါတယ်၊ ရောက်လေရာအရပ်မှာ ရလွယ်ပါတယ်၊ အပြစ်လည်းကင်းလို့ မြတ်စွာဘုရား ချီးမွမ်းတော်မူတဲ့ ပစ္စည်းလည်းဖြစ်ပါတယ်။ အနုအရင့် အဟောင်းကြွေ အသစ်ဖြစ် သစ်ရွက်တို့ရဲ့ ဖြစ်ပျက်ပုံကိုကြည့်ပြီး အနိစ္စသညာကို ပွားများနိုင်ပါတယ်။ ကျောင်းဩဝန်တိုခြင်း အမှုသစ်တွေလုပ်ပြီး ပျော်မွေ့နေရခြင်းဆိုတာ မရှိလို့ စိတ်ငြိမ်းချမ်းလွတ်လပ်ပါတယ်။ ရုက္ခစိုးနတ်တို့နဲ့ အတူနေရလို့ အလိုနည်းခြင်းစတဲ့ ဂုဏ်ကျေးဇူးတွေလည်း များစွာဖြစ်ပါတယ်ဒကာ''

''ရုက္ခစိုးနတ်တို့နဲ့ အတူနေရတယ် ဟုတ်လား။ ဘယ်လိုနေရတာလဲ ဘုရား''

''ဒါကလည်း အရိယာသတိသမ္ပဇညပေါ့ ဒကာရဲ့။ သစ်ပင်မှန်ရင် သစ်ပင်စောင့်တဲ့ ရုက္ခစိုးနတ်ဆိုတာ ရှိမယ်။ ငါကိုယ်တိုင်က မကောင်းမှု မပြုလုပ်သော်လည်း ငါ့စိတ်က မကောင်းစိတ်နဲ့ ကြံတွေးမိရင် ရုက္ခစိုး နတ်များက သိလိမ့်မယ်လို့ သတိပညာနဲ့နေတော့ သမာဓိတရားပိုခိုင်ပြီး ပိုတည်ကြည်တာပေါ့။ မျက်မြင်အနေနဲ့ နေရတာလိုတော့ မှတ်ယူလို့ ဘယ်ရပါ့မလဲ''

''ဒါနဲ့ စကားမစပ် အရှင်ဘုရား မေးရဦးမယ်။ သစ်ပင်တွေမှာ ရုက္ခစိုးနတ် ရှိတယ်ဆိုရင် လူတွေသစ်ပင်ခုတ်တော့ ဘယ်လိုအကျိုး

ယုတ်နိုင်ပါသလဲဘုရား။ တချို့လူတွေက သစ်ကိုင်းချိုင်တော့ နတ်နေကိုင်း ဆိုပြီး တစ်ကိုင်းချန်တတ်ကြတာ တွေ့ဖူးပါတယ်။ အဲသလိုဆိုရင် တစ်ပင်လုံးခုတ်တော့ ဘယ်လိုဖြစ်မှာလဲဘုရား''

''အင်း–အဲဒီအရာကတော့ ကံအရာပဲ။ သတ္တဝါတွေရဲ့ စိတ်နေစိတ်ထား အမျိုးမျိုးအဖုံဖုံ ရှိတတ်တာကြောင့် ကံတရားတွေကလည်း အကျိုးပေးဆန်းကြယ်ကြတယ်။ ကံအရာကို ကြံစည်လို့မရဘူး၊ သစ်ပင်ဟာ ရုက္ခစိုးတို့ရဲ့ ဗိမာန်ပဲ။ သစ်ပင်ခုတ်ခံရရင်တော့ ရုက္ခစိုးနတ်များ ပျက်စီးကြ ကြောင်း၊ အကြမ်းဖျင်းအားဖြင့် ဝိနည်းပါဠိတော်မှာ ရဟန်းတစ်ပါး သစ်ပင်ခုတ်လို့ ပညတ်ထားတာတော့ ရှိတယ်၊ သစ်ပင်ခုတ်လို့ အကုသိုလ်တော့ မဖြစ်ဘူး။ သစ်ပင်ခုတ်ခံရလို့ ရုက္ခစိုးနတ်များပါ စုတေကြသလား၊ မစုတေကြဘူးလားဆိုတာ ဦးပဥ္စင်းလည်း မသိဘူး။ ဗိမာန်ပျက်စီးသွားလို့ ဒုက္ခရောက်ရတယ်၊ ငိုနေတယ်ဆိုတာတော့ တွေ့ဖူးတယ်။ ဒကာ တွေးကြည့်နိုင်ဖို့ သာဓကတစ်ခုတော့ ပြောပြမယ်။

''အင်္ဂုတ္တိုရ်ပါဠိတော်၊ ဓမ္မိကသုတ်မှာ ဟောထားတာရှိပါတယ်။ ရှေးအခါက ကောရဗျမင်းရဲ့ သုပ္ပတိဋ္ဌအမည်ရတဲ့ ပညောင်ပင်ဟာ အကိုင်းငါးကိုင်းရှိတယ်တဲ့။ စိတ်နှလုံးမွေ့လျော်ဖွယ်ရှိတယ်။ အေးမြတဲ့အရိပ်ရှိတယ်။ အသီးက တစ်ပြည်ချက်ပြည့်ဝင်အိုးလောက်ကြီးမားပြီး ပျားရည်ပမာ အရသာရှိတယ်တဲ့။ တစ်ကိုင်းက ရှင်ဘုရင်နှင့်တကွ မောင်းမအခြွေအရံတို့ သုံးဆောင်တယ်။တစ်ကိုင်းက စစ်သည်ဗိုလ်ပါစတဲ့ အမှုထမ်းများ သုံးဆောင်တယ်၊ တစ်ကိုင်းက ပြည်သူအများ သုံးဆောင်တယ်၊ တစ်ကိုင်းက ရဟန်းသာမဏေများ သုံးဆောင်တယ်၊ တစ်ကိုင်းက သားသမင်စတဲ့ တိရစ္ဆာန်များ သုံးဆောင်ကြတယ်–တဲ့၊ အဲဒီ ပညောင်ပင်ကို စောင့်ရှောက်စရာလည်းမလို၊ တစ်ဦးကိုတစ်ဦး မညှဉ်းဆဲ၊ မနှောင့်ယှက်ကြဘဲ အမြဲမပြတ် သုံးဆောင်ကြရတယ်–တဲ့။

တစ်နေ့မှာတော့ လူတစ်ယောက်က အသီးတွေကို ဝအောင်စားပြီး အကိုင်းချိုးယူသွားပါရော။ ဒီတော့ ရုက္ခစိုးက ဒေါသထွက်ပြီး အသီး,သီး မပေးတော့ဘူး။ ဒီအခါ သတ္တဝါအများ အကျိုးစီးပွားရှိဖို့ ချမ်းသာဖို့အတွက် ကောရဗျမင်းကြီးက သိကြားမင်းထံ တိုင်ကြားပါတယ်။ သိကြားမင်းက လေကြီးမိုးကြီးကျစေပြီး သုပ္ပတိဋ္ဌ ပညောင်ပင်ကို အမြစ်က စကော်ပြီး လဲကျစေပါတယ်။ ရုက္ခစိုးနတ်လည်း သူ့ဗိမာန်ပျက်စီးသွားတာကြောင့် ငိုယိုပြီးနေတယ်။ အဲဒီတော့မှ သိကြားမင်းက လာပြီး မေးတယ်။ 'သင် ဘာဖြစ်လို့ ငိုနေရတာလဲ'ပေါ့။ ရုက္ခစိုးနတ်က အကြောင်းစုံပြောပြတော့ သိကြားမင်းက မေးတယ်။

'သင်ရုက္ခဓမ္မလို့ ခေါ်တဲ့ သစ်ပင်တရား၌ တည်သလား'တဲ့။

ရုက္ခစိုးနတ်က 'သစ်ပင်တရားဆိုတာ ဘာပါလဲ'လို့ ပြန်မေးပါတယ်။

ဒီတော့ သိကြားမင်းက ပြောပြတယ်၊ 'သစ်ပင်တရားဆိုတာ လောကမှာ အမြစ်လိုသူက အမြစ်တူးယူသွားမယ်။ အခေါက်လိုသူက အခေါက်ခွာသွားမယ်၊ အရွက်လိုသူက အရွက်ခြွေယူသွားမယ်၊ အသီးလိုသူက အသီးဆွတ်ယူသွားမယ်။ ဘာပဲယူယူ ရုက္ခစိုးနတ်ဆိုတာ ကိုယ့်သစ်ပင်ယူသွားသူအပေါ် ဒေါသမထွက်ရဘူး'တဲ့။

အဲဒီတော့မှ ရုက္ခစိုးနတ်သားလည်း သတိတရားရပြီး သစ်ပင်တရား ရုက္ခဓမ္မ၌ တည်ပါမည့်အကြောင်း ဝန်ခံပါတယ်။ သိကြားမင်းကလည်း ပညောင်ပင်ကို နဂိုမူလအတိုင်း ပြန်ဖြစ်အောင် ပြုလုပ်ပေးပါတယ်။ သစ်ပင်ခုတ်သူကို ပြစ်မှားမိတဲ့ ရုက္ခစိုးဟာ နတ်သဘင်အစည်းအဝေး ဝင်ခွင့်မရဘူးလို့လည်း ဝိနည်းအဋ္ဌကထာက ဖွင့်ပြပါသေးတယ်''

''ဩော်–ဒီလိုကိုး။ လူတွေကဖြင့်တွေးကြောက် ကြောက်နေလိုက်ကြတာ။ နတ်ကြီးသလေး၊ နတ်နေကိုင်း ချန်ထားဦးနဲ့ ရှုပ်နေတာပဲ''

''ရဟန်းတွေကတော့ ရဟန်းတရားအတိုင်းကျင့်ရင် ရှုပ်စရာမလိုပါဘူး။ သစ်ပင်ရင်းဆိုတဲ့ ဆိတ်ငြိမ်ရာအရပ်ကို ကပ်ရတော့ အာဝါသမစ္ဆရိယ ကင်းတယ်။ ရုက္ခစိုးစောင့်ရှောက်နေတယ်လို့ သိထားတော့

ကိုယ့်တရားကိုယ် ကျင့်နိုင်တယ်။ သစ်ရွက် သစ်ဖူးတို့ရဲ့ ဝါတစ်လီ နီတချို့ ညိုတစ်မှောင် မြရောင်တစ်ထွေ ဝါရွှေရင့်ရော်ပြီး အညာမှ ကြွေကျလာတဲ့ သဘာဝအဖြစ်အပျက်ကို မျက်ဝါးထင်ထင် ရှုမြင်ရတော့ ခန္ဓာမှာ ဉာဏ်တင်လို့ အနိစ္စသညာ ရှုဆင်ခြင်ရပါတယ်။

မြတ်စွာဘုရား ပွင့်တော်မူစဉ်၊ ဓမ္မစကြာတရား ဟောတော်မူစဉ်၊ ပရိနိဗ္ဗာန် စံဝင်တော်မူစဉ်အခါများမှာ မှီဝဲအပ်သော ပစ္စည်းဖြစ်လို့ မြတ်စွာဘုရား၏ အမွေအနှစ်ဖြစ်ပါတယ်။ 'ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းမွေ့လျော်ရာနေရာ မြတ်စွာဘုရား၏ အမွေအနှစ်ဖြစ်သော ဆိတ်ငြိမ်သော သစ်ပင်ရင်းကို အကျိုးစီးပွားလိုလားကြသော သူတို့သည် မထိမဲ့မြင် မပြုရာလို့ ဝိသုဒ္ဓိမဂ်ဆရာက ပြပါတယ်ဒကာ''

''မှန်ပါဘုရား၊ တပည့်တော် အခုလိုကြားနာသိရှိရတာ ဝမ်းမြောက်လှပါတယ်ဘုရား''

* * *



# လယ်ခင်းကြယ်တာရာ
# အမှိုးအောက်မှာ

''ဒကာ ဦးမောင်မောင်ကြည်လား။ လာ၊ လာ ဟောဒီမှာ စာလေး တစ်စောင် ပြရဦးမယ်''

''ဘယ်က စာပါလဲဘုရား''

''ဝနဝါသီအရှင်ဉာဏ၊ တောင်ပုလုတောရ (တယ်လီဖုန်းရုံးမှ)၊ ပျဉ်းမနားမြို့–တဲ့''

''တပည့်တော်သိရအောင်ဖတ်ပြပါဦးဘုရား''

''အရှင်ဉာဏောဘာသဆရာတော်ဘုရား။ ဘုရားတပည့်တော် ဆရာတော်ရေးသားသော 'ပိဋကပါတ်မှတင်ဆိုတာ' ဖတ်ရ၍ များစွာအသိတိုးရပါသည်။ နောက်ကျန်သော မှတင်များကိုလည်း ဆက်လက်ရေးသားပြီး အသိဉာဏ်တိုးအောင် အများအား စွမ်းဆောင်ပေးပါရန် ရိုသေစွာ လျှောက်ထားပါသည် အရှင်ဘုရား။

''တပည့်တော်ရဲ့ဘွဲ့ကတော့ အရှင်ဉာဏဖြစ်ပြီး ရှမ်းပြည်နယ်မှာ ရဟန်းဖြစ်တစ်ဝါကို ရိပ်သာတစ်ခုနှုန်းနဲ့ မဟာစည်၊ ချမ်းမြေ့မဟာစည်နဲ့ တောရတိုက်တွေသွားပြီး နေပါတယ်ဘုရား။ နောက် ကမ္ဘာအေးမှာဖွင့်တဲ့ ဝိသုဒ္ဓိမဂ် သင်တန်းတက်ပြီးနောက် တောရဆောက်တည်တာပါပဲ ဘုရား။

''တပည့်တော်အတွက် အရှင်ဘုရားရဲ့ စာတွေဟာ ပိုမိုပြတ်သားတဲ့ လုပ်ဆောင်ချက်များကို မီးမောင်းထိုးပြသလို ခံစားရပါတယ် ဘုရား။ ဆရာတော်လည်း ကိုယ်စိတ်ချမ်းမြေ့ပါစေ–တဲ့''

''အရှင်ဘုရားဆီ လိပ်စာမမှန်လို့ အခုမှ ရောက်လာတာလားဘုရား''

''လိပ်စာကတော့ ဆောင်းပါးထဲပါတဲ့အတိုင်း ရေးထည့်လိုက်တာ ဆိုတော့ ရောက်ပါတယ်။ ဦးပဥ္စင်းဆီရောက်နေတာ အတော်ကြာပါပြီ။ ဘယ်စာအုပ်ကြား ညှပ်လိုက်မိမှန်းမသိလို့။ အခုမှ တွေ့တာနဲ့ ဒကာ့ကို ပြရတာ''

''စာဖတ်သူတွေကတော့ အရှင်ဘုရားစာတွေဖတ်ပြီး အသိဉာဏ်တွေ တိုးလို့ အကျင့်ထူးတွေကျင့်နိုင်အောင် ကြိုးစားနေကြပြီ ထင်ပါရဲ့။ အရှင်ဘုရားမှာသာ...

''ပြောတော့ ဒကာရေ။ 'တောခိုချင်စိတ်ကယ်နဲ့ သပိတ်ကိုတဲ့လွယ်၊ သားရေနွယ်ရှာတုန်း။ ချောင်အနီးမှာလ၊ မောင်ကြီးတစ္ဆေကိုက်လိမ့်မယ် ကွယ်၊ မင်းလိုက်ခဲ့ဦး။' ဆိုတဲ့ စာချိုးကလေးလိုပါပဲ ဒကာရယ်''

''ထားပါတော့ဘုရား။ ဒီနေ့ ဘယ်ဓုတင်ဆွေးနွေးမှာပါလဲဘုရား''

''အဗ္ဘောကာသိကဓုတင်၊ လွင်တီးခေါင်မှာနေတဲ့ အကျင့်ကို ဆွေးနွေး မှာပါ''

''လွင်တီးခေါင်ဆိုတာ ဘယ်လိုနေရာလဲ အရှင်ဘုရား''

''လွင်တီးခေါင်ဆိုတာကို ဒကာတို့လူတွေက နားမလည် မသိကြပေ မယ့် ဦးပဥ္စင်းတို့ ရဟန်းတော်များကတော့ နားလည်သိရှိကြပါတယ်။ ပါဠိလို အဗ္ဘောကာသိက၊ မြန်မာလို လွင်တီးခေါင်ဆိုတာ အရိပ်အာဝါသ ဆိုတဲ့ သစ်ပင်၊ ကျောင်း၊ အမိုးအကာ ဘာမျှမရှိတဲ့ ကွင်းပြင်ကျယ်ကို ပြောတာပါ။ ချုံပုတ်တို့၊ မြက်ပင်ရှည်တို့လောက်တော့ ရှိတာပေါ့ ဒကာ ရယ်''

''ဟင်… အဲသလိုဆိုရင် ဒီဓုတင်ကိုကျင့်တဲ့ ကိုယ်တော်ဟာ အရှင်ဘုရားတို့ ပြောပြောနေတဲ့ အဗ္ဘောကာသိကမထာ နယောဂအကျင့်ထဲ ပါမသွားဘူးလားဘုရား''

''မပါပါဘူး ဒကာရဲ့။ ဒီအကြောင်း ဆွေးနွေးပြီးရင် ဒကာသဘောပေါက်သွားမှာပါ။ ဒီအဗ္ဘောကာသိကဓုတင်ကို ဆောက်တည်တော့မယ်ဆိုရင် 'အမိုးကိုလည်းကောင်း၊ သစ်ပင်ရင်းကိုလည်းကောင်း ပယ်ပါ၏။ လွင်တီးခေါင်၌နေခြင်း ကျင့်ဝတ်အင်္ဂါကို ဆောက်တည်ပါ၏' လို့ဆိုတဲ့စကားနှစ်ခွန်းမှာ တစ်မျိုးမျိုးနဲ့ ဆောက်တည်ရမယ်-တဲ့''

''ဒီဓုတင်ကိုဆောက်တည်ထားတဲ့ ရဟန်းဟာ အမိုးအကာရှိတဲ့အဆောက်အအုံအောက်ကို မဝင်ရတော့ဘူးလို့ ဆိုလိုတာလားဘုရား''

''ဦးပဥ္စင်းကြားဖူးတဲ့ အချို့ဆရာတော်ကြီးများကတော့ ဒီအဗ္ဘောကာသိကဓုတင်ကို ညအခါဆောက်တည်လေ့ရှိတယ်လို့ ဆိုတယ်။ ရှေးတုန်းကအင်္ဂုတ္တိုရ်ဆောင် ပုဂ္ဂိုလ်တို့ရဲ့ အလိုအရကတော့ အရုဏ်တက်ချိန်မှာအမိုးအောက်၊ သစ်ပင်အောက်မှာ ရှိနေရင် ဓုတင်ပျက်တယ်လို့ ယူဆကြတော့၊ နေ့အခါ အမိုးအကာသစ်ပင်အောက်မှာနေလို့ ရတယ်လို့ယူရမယ် ထင်ပါတယ်။ ဒါပေမဲ့ ဝိသုဒ္ဓိမဂ်မှာ ပြထားတာကတော့ တရားနာခြင်း၊ ဥပုသ်ပြုခြင်းအတွက် အမိုးအောက်ကို ဝင်ခြင်းငှာ အပ်တယ်လို့ဆိုပါတယ်။ ဟိုတုန်းက အများအားဖြင့် တရားနာတာ၊ ဥပုသ်ပြုတာကလည်း ညအခါမှာ ပြုလေ့ရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရပ်ဝေးသံဃာကို စောင့်ဆိုင်းကြရလို့ပါ။ တရားနာစဉ်၊ ဥပုသ်ပြုနေစဉ် မိုးရွာခဲ့ရင် မိုးစဲမှ ထွက်လျှင်လည်း အပ်တယ်-တဲ့''

''တပည့်တော်တော့ သိပ်သဘောမပေါက်ဘူးဘုရား''

''ဒကာ သဘောမပေါက်ရင် ပုဂ္ဂိုလ်သုံးမျိုးခွဲကြည့်ရအောင်။ ဥက္ကဋ္ဌပုဂ္ဂိုလ်ကတော့ အမြတ်ဆုံး၊ အပြင်းဆုံးကျင့်တဲ့ ပုဂ္ဂိုလ်ဖြစ်လေတော့သစ်ပင်၊ တောင်၊ အိမ်တို့ကို မှီ၍နေခြင်းငှာ မအပ်ဘူးလို့ ဆိုထားပါတယ်။ လွင်ပြင်မှာ သင်္ကန်းကျောင်းကလေးပြုလုပ်ပြီး နေသင့်တယ်-တဲ့။

''မဖွဲ့မပုဂ္ဂိုလ်ကတော့ သစ်ပင်၊ တောင်ခေါင်း၊ ကျောင်းတို့ကို အမိုးပြု၍ သစ်ပင်ရင်း၊ တောင်ဝှမ်းတောင်ခေါင်း၊ ကျောင်းတွင်းသို့ မဝင်ဘဲ နေခြင်းဌာ အပ်တယ်လို့ဆိုပါတယ်။ မုဒ္ဒ ပုဂ္ဂိုလ်ကတော့ မိုးရေမဝင်အောင် အသက်ကြ အမိုးလိုရှိနေတဲ့ တောင်ဝှမ်း၊ သစ်ခက်ကြွကြွဲမိုးထားတဲ့ မဏ္ဍပ်၊ လယ်စောင့်တို့ စွန့်ပစ်ထားခဲ့တဲ့ တဲဆိုးများ အပ်တယ်လို့ ဆိုပါတယ်၊ တောရဆုတင်ဆောက်တည်သလို ဆောက်တည်ရင်ရတယ်လို့ ယူဆစရာရှိပါတယ်''

''နေအလွန်ပူတဲ့ နေ့လယ်ချိန်၊ မိုးသည်းထန်ရွာနေချိန်တွေဆိုရင် တယ်မလွယ်ပါဘူးဘုရား''

''နေပူချိန်မှာ သင်္ကန်းကို အမိုးလုပ်ပြီး နေနိုင်တယ်လေ။ အဲသလို မလုပ်ဖြစ်ရင်လည်း သစ်ပင်အောက်၊ တောင်အောက်ကို မဝင်ဘဲအရိပ်ကျရာနေရာမှာ နေလို့ရပါတယ်။ ရှမ်းပြည်နယ်၊ အင်းလေးဒေသမှာ တစ်ချိန်က ရွှေဥဒေါင်းတောင်ဆရာတော်ဆိုတာ ပေါ်ထွန်းခဲ့ဖူးတယ်။ အဲဒီ ဆရာတော်ကတော့ နေ့အခါ သာမန်ပဲ ကျောင်းထဲမှာနေပြီးတော့ ညအချိန် လူသူတိတ်ဆိတ်မှ အဗ္ဘောကာသိကဓုတင်၊ သုသာန်ဓုတင် ဆောင်တဲ့အနေနဲ့ သုသာန်အလယ်မှာသွားနေသတဲ့။ ရှမ်းပြည်နယ် ဆိုတာက မိုးအလွန်သည်းတဲ့ ဒေသမဟုတ်လား။ ဆရာတော်ဟာသင်္ကန်းတွေရေစိုပြီး ခဏခဏ ငှက်ဖျားရောဂါဖြစ်နေလေတော့ တစ်မျိုးကြံစည်စဉ်းစားတယ်။ အဲဒါကတော့ သင်္ကန်းရဲ့ အပြင်ဘက်ကို သစ်စေးအပြည့်သုတ်ထားလိုက်ပြီး အတွင်းဘက်ကနေ ခြုံရုံလို့ သုသာန်ကွင်းလယ်ကောင်မှာထိုင်နေသတဲ့။ သစ်စေးကြောင့် မိုးရေဟာ သင်္ကန်းအတွင်းဘက်ကို မဝင်နိုင်တော့ဘူး။ အတွင်းမှာ နွေးနေတယ်တဲ့။ လျှပ်စီးလက်လို့ လျှပ်တစ်ပြက် တွေ့မြင်လိုက်ရတဲ့အခါ သစ်ငုတ်တိုမည်းမည်းကြီးလိုပဲတဲ့၊ ရွှေဥဒေါင်းတောင် ဆရာတော်ရဲ့အတ္ထုပ္ပတ္တိမှာ ဖတ်ရ ဖူးတယ်''

''မှန်ပါ၊ အဲသလိုဆိုရင်တော့ ဟုတ်သားပဲကိုးဘုရား။ ဆရာတော်က ကြံစည်စဉ်းစားတတ်လို့သာကိုး''

''ဒီလိုပဲ ကြံစည်စဉ်းစားကြရတာပဲ ဒကာရဲ့။ ခုတင်အကျင့်ဆိုတာ တိတ်တိတ်ဆိတ်ဆိတ် ငြိမ်းငြိမ်းအေးအေးနဲ့ တရားကျင့်နိုင်ဖို့ကျင့်နေတာ မဟုတ်လား။ တရားအမှန်မသိ လူအထင်ကြီးအောင်ပေပြီး ကျင့်ရတဲ့ အကျင့်မှမဟုတ်တဲ၊ သပ္ပာယမျှတပြီး နေကောင်းထိုင်သာနဲ့ စိတ်ကြည်လင် ငြိမ်းအေးပြီး သောမနဿပီတိနဲ့ ကျင့်ရမှာ''

''ဒါဆို ရဟန်းတော်များဟာ ခုတင်အကျင့်တွေကို ကျင့်တဲ့အခါ စိတ်ထဲမှာ ပျော်နေမှာပေါ့နော်''

''ဒီဒကာ ဘယ်လိုများ ပြောလိုက်ပါလိမ့်၊ စိတ်ပျော်တယ် မပျော်ဘူးဆို တာထက် စိတ်ကျေနပ်မှုရှိတယ်၊ ဒိဋ္ဌတွေ့မြင်ရတဲ့ ရဟန်းတရားရဲ့ သန္ဒိဋ္ဌိကဂုဏ်အပေါ် ယုံကြည်ပြီး စိတ်ကျေနပ်မှု ရှိတယ်လို့ ဆိုရမယ် ဒကာရဲ့။ မာရသံယုတ်မှာ မြတ်စွာဘုရား သီလဝတီခေါ်တဲ့ တောင် ချောက်ကြားမှာ သီတင်းသုံးနေတော်မူတော့ ရဟန်းများဟာ မြတ်စွာ ဘုရားနှင့် မနီးမဝေးဌာနတွေမှာ ကိုယ်စီကိုယ်စီ မမေ့မလျော့၊ မပူမပင် တရားအလုပ်လုပ်နေကြတယ်။ ဒီအခါမှာ မာရ်နတ်က ပုဏ္ဏားအသွင် ဖန်ဆင်းပြီး ရဟန်းများကို စကားဆိုတယ်။

''အရှင်ဘုရားတို့၊ အရှင်ဘုရားတို့ဟာ ပျိုမျစ်နုနယ် ငယ်ရွယ်စဉ် ရဟန်းပြုလာကြတော့ ကာမဂုဏ်ချမ်းသာကို ပျော်ရွှင်စွာမခံစားဖူးကြဘူး။ အခုအရှင်ဘုရားတို့ ဒိဋ္ဌတွေ့ကြုံနေရဆဲ လူ့ကာမဂုဏ်ကို ခံစားကြပါဦး။ စောင့်ဆိုင်းမျှော်လင့်ရတဲ့ အနာဂတ်ကာလဆိုတဲ့ နတ်ကာမဂုဏ်ကို စိတ်ပြေးသွား၍ မနေကြပါလင့်။ ဆိုလိုတာက နတ်ကာမဂုဏ်ကို မျှော် လင့်ပြီး မပျော်ဘဲတရားကျင့်မနေကြပါနဲ့လို့ ဆိုလိုတာ''

''ဩ... မာရ်နတ်ကြီးက ရဟန်းတွေတရားကျင့်နေတာ နတ်ပြည် ရောက်ချင်လို့ ကျင့်နေတာလို့ ထင်နေသကိုး။ ဟုတ်လားဘုရား''

''အင်း... ဒကာပြောသလိုဆိုလို့လည်း ရပါတယ်။ အမှန်တော့ မာရ် နတ်မင်းကြီးက သိလျက်နဲ့ တမင်ကာမဂုဏ်နဲ့ ဆွယ်နေတာပါ။ အဲဒါကြောင့် ရဟန်းများက ပြန်ပြောတယ်။ 'အို... ပုဏ္ဏား၊ ငါတို့က

ဒိဋ္ဌတွေ့ကြုံနေရဆဲ လူ့ကာမဂုဏ်ကိုစွန့်ပြီး စောင့်ဆိုင်းမျှော်လင့်ရတဲ့ အနာဂတ် နတ်ကာမဂုဏ်ကို လိုချင်လို့ တရားကျင့်နေတာ မဟုတ်ပါဘူး။ ယခုမျက်မှောက်ဒိဋ္ဌ တွေ့ကြုံခံစားရတဲ့ သာမညဖလရဟန်းအဖြစ်နဲ့ အကျိုးအဆီကိုသာလျှင် စိတ်ပြေးသွားသက်ဝင်ပြီး နေကြပါတယ်။ ရဟန်းအဖြစ်နဲ့ အကျိုးအဆီကို စိတ်ကျေနပ်စွာနဲ့ သုံးဆောင်နေကြပါတယ်'ပြန်ပြောလိုက်တယ်''

''ဒီ အဗ္ဗောကာသိကဓုတင်မှာလည်း ထူးခြားတဲ့ ရဟန်းတရားအသိ အကျိုးထူးတရားတွေ ရှိတယ်ဆိုပါတော့''

''ရှိတာပေါ့ ဒကာရဲ့။ ဒီအဗ္ဗောကာသိကဓုတင်ဆိုတဲ့ လွင်တီးခေါင်မှာ နေတဲ့ ရဟန်းမှာ အာဝါသပလိဗောဓခေါ်တဲ့ ကျောင်းအရိပ်အာဝါသ အပေါ်မှာ ကြောင့်ကြစိုက်စရာ မလိုတော့လို့ စိတ်မပင်ပန်းရဘူး။ အမိုး အကာမရှိတဲ့အတွက် တရားအလုပ်လုပ်ရာမှာ အိပ်ချင်၊ ငိုက်ချင်တဲ့ ထိနမိဒ္ဓကို အလိုလိုပယ်ဖျောက်ပြီး ဖြစ်နေတယ်။ သားသမင်တို့ကဲ့သို့ ငြိကပ် တွယ်တာခြင်းမရှိဘဲ နေကြတယ်လို့ ချီးမွမ်းခံရတဲ့ဂုဏ်နှင့် ပြည့်စုံတယ်၊ အရပ်လေးမျက်နှာကို အပိတ်အပင်မရှိ သွားလာနိုင်တယ်၊ အလိုနည်းတယ်စတဲ့ ဂုဏ်ကျေးဇူးတွေ ရှိပါတယ်''

''ဒီဓုတင်အကျင့်ကို ကျင့်နေရတဲ့အခါ အမိုးအကာအောက်ကို ဟို စာသင်စာချကိစ္စရယ်၊ ဥပုသ်ပြုတာရယ်၊ ဒီလို ကိစ္စရှိရင်တော့ ဝင်လို့ ရတယ်၊ ဟုတ်လားဘုရား''

''အင်း... ဟုတ်ပါတယ်။ စာသင် စာချကိစ္စရှိရင်လည်း ဝင်လို့ ရပါတယ်''

''အဲ... တရားနာတာရယ်နော် ဘုရား။ အဲဒီကိစ္စတွေရှိမှ ဝင်ရမှာလား။ တခြားအချိန်တွေမှာရောဝင်လို့ မရတော့ဘူးလားဘုရား''

''အကြောင်းကိစ္စများစွာ ရှိသေးတာပေါ့ ဒကာရယ်။ ကျောင်းတိုက်များ မှာဆိုရင် သံဃကိစ္စများဖြစ်တဲ့ ဆွမ်းစားကျောင်းကိစ္စ၊ မီးတင်းကုပ်ကိစ္စ တွေမှာ နိစ္စဘတ်တာဝန်တွေရှိတယ်။ အဲဒီနိစ္စဘတ်များအတွက် ပြုလုပ်

ဖို့ ဝင်လို့ရပါတယ်။ မထေရ်ကြီးကို ဆွမ်းစားပင့်ချင်လို့ ၊ သံဃိကပစ္စည်းများဖြစ်တဲ့ ကျောင်းစောင်းနုတင်စတဲ့ ပစ္စည်းများ အထဲသွင်းချင်လို့၊ ဒီလိုကိစ္စတွေမှာလည်း အမိုးအောက်ကို ဝင်ခွင့်ရှိပါတယ်။ ခရီးသွားရင်း လမ်းမှာမိုးမိတဲ့အခါ ကိုယ်က ဆရာသမား ထေရ်ကြီးဝါကြီးများရဲ့ ပရိက္ခရာကို ယူဆောင်ခဲ့တဲ့အခါ ဒီပရိက္ခရာတွေ မိုးစိုမှာစိုးလို့ လမ်းဘေး ဇရပ်စတာတွေမှာ ဝင်နိုင်ပါတယ်။ အဲ... ဒါပေမဲ့ ကိုယ်တစ်ပါးတည်း ခရီးသွားတဲ့အခါ တခြားမထေရ်ကြီးတို့ရဲ့ ပရိက္ခရာလည်းမပါဘူးဆိုလို့ရှိရင်တော့ လမ်းမှာ မိုးမိမှာစိုးလို့ အမြန်ပြေးသွားပြီး ဇရပ်စတဲ့ အမိုးအောက်ဝင်ခြင်းဌာ မအပ်ဘူးလို့ ဆိုထားတယ်။ ပကတိ သွားမြဲသွားပြီး ဝင်ရမယ်တဲ့။ အဲဒီဇရပ်စတဲ့အောက်မှာ မထိုင်ရဘူး။ မိုးစဲအောင် ရပ်နေရမယ်။ မိုးစဲလျှင်ထွက်ခွာပြီး ဆက်သွားပါတဲ့''

''ရဟန်းတော်များရဲ့ ဓုတင်အကျင့်တွေဟာ အတော်သိမ်မွေ့တာပဲ။ လောကလူသားတို့ရဲ့ အသိအမြင်နဲ့ တခြားစီပါပဲဘုရား''

''ဟုတ်တယ်၊ အဲဒါကြောင့်လည်း တချို့ဒကာ၊ ဒကာမတွေဟာ အတွင်းဝင်မကြည့်ကြဘဲ အသွင်မြင်ကာမျှနဲ့ ကြည်ညိုကြတာ များပါတယ်။ နည်းနည်းလေးကျင့်ပြပြီး များများပြောတာကိုလည်း ယုံတတ်ကြတယ်။ အဲဒါကြောင့် သာသနာတော်မှာ သဒ္ဓါသက်သက်ချည်းပဲ မကြည်ညိုကြဘဲ၊ ပညာနဲ့ချင့်ပြီး ကြည်ညိုရမယ်လို့ ဆိုတာပေါ့ဒကာရဲ့''

''မှန်ပါဘုရား။ အဲဒါကြောင့်ပဲ ထင်ပါရဲ့။ အယောင်ဆောင်ပုဂ္ဂိုလ်များဟာ လူအများမမြင်အောင်၊ လူအထင်ကြီးအောင် ကွင်းလယ်မှာနေပြ၊ နေပူမှာနေပြကြပေမယ့် ပြောင်ပြောင်ရောင်ရောင် ဝဝဖြိုးဖြိုးဖြစ်နေကြတယ်။ အရှင်ဘုရားပြောသလိုဆိုရင် ဆင်ခြင်ဉာဏ်နဲ့ နှိုင်းဆကြည့်သိတော့မှာပေါ့၊ ဟုတ်လားဘုရား''

''ဒကာရေ၊ တကယ်တရားအလုပ်လုပ်နေတဲ့ ယောဂီပုဂ္ဂိုလ်ဟာ အနည်းနဲ့အများတော့ ခန္ဓာကိုယ်ကြုံလှီသွားတတ်ကြပါတယ်။ ဘာလို့လဲဆိုတော့ အာဟာရကို မျှတရုံစားတယ်။ အိပ်ချိန်၊ အပန်းဖြေချိန်

နည်းတယ်။ သို့သော်လည်း တရားရဲ့စောင့်ရှောက်မှုကြောင့် ကိုယ်ရေအဆင်းကြည်လင်တယ်။ စိတ်ရွှင်လန်း၊ ကိုယ်ကျန်းမာရှိတယ်။ ဒီအဗ္ဗောကာသိဓုတင်ကို ဆောက်တည်ရာမှာလည်း ညအခါ လေစိမ်းတိုက်ခံရလို့ နံနက်လင်းတဲ့အခါ ကိုယ်လက်တောင့်တင်းမှုတွေ ဖြစ်ပေါ်စေတတ်ပါတယ်။ အဲဒါကြောင့် ဒုကုဋ်သင်္ကန်းကြီးကို ခြုံရုံပြီး နေလိုက်တဲ့အခါ ကိုယ်လက်တောင့်တင်းတဲ့ရောဂါ မဖြစ်ပေါ်စေတော့ဘူး။ အဲသလို ဉာဏ်ယှဉ်ပြီး ကျင့်ကြရပါတယ်။

တချို့ဆရာတော်ကြီးများဆိုရင် ခန္ဓာအတွက် ဉာဏ်မယှဉ်စေတော့ဘဲ၊ တရားကိုပဲ ဉာဏ်ယှဉ်ပြီးအလုပ်လုပ်တယ်။ ခန္ဓာကိုယ်ကိုမငဲ့ကွက်ဘူး။ ခန္ဓာကိုယ်ကို ငဲ့ကွက်နေရင် တဏှာအလိုလိုက်ရာကျတယ်ဆိုပြီး ပေါ်လာတဲ့ ဝေဒနာကို အပြင်းအထန်ရှုတယ်။ ခန္ဓာကိုယ်ကို ငဲ့ရင် ခန္ဓဝဋ်ဒုက္ခရှည်ကြာမယ်။ ခန္ဓာကိုယ်ကို မငဲ့မှ ခန္ဓဝဋ်ဒုက္ခမှ အမြန်ငြိမ်းမယ်ဆိုပြီး အပြင်းအထန် အလုပ်လုပ်တဲ့အတွက် သက်တော်ခြောက်ဆယ်ကျော်လောက်ပဲ နေကြရတယ်။ ရှေးအတိတ်ကံလည်း ပါတာပေါ့''

''အဲသလို ပြင်းပြင်းထန်ထန်ကျင့်ရင် အတ္တကိလမထာနုယောဂ ဖြစ်မနေဘူးလားဘုရား''

''ဒကာကလည်း အတ္တကိလမထာနုယောဂ စွဲနေတာကိုး။ အတ္တကိလမထာနုယောဂအကျင့်က ခန္ဓာကိုယ်ကို ပင်ပန်းအောင် နှိပ်စက်တယ်။ ကိုယ်ပင်ပန်း စိတ်ပင်ပန်းငွေ့ရှိလို့ ကာမရောဂါ မထကြွတာကို ကိလေသာငြိမ်းတယ်လို့ ယူဆတာ။ ခန္ဓာကိုယ်ကို မငဲ့ကွက်ဘဲ တရားကျင့်တာက ခန္ဓာကိုယ်ကို မနှိပ်စက်ဘူး။ ကိုယ်ပင်ပန်း၊ စိတ်ပင်ပန်း မရှိဘူး။ ကာမတဏှာတစ်ခုတည်းတွင် မဟုတ်ဘဲ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ အားလုံးကိုပယ်လို့ တဏှာအလိုကျ မလိုက်ဘဲနေတာ။ မခြားနားဘူးလား''

''မှန်ပါ၊ ခြားနားပါတယ်ဘုရား''

''အဲသလို ခြားနားတဲ့အတွက် တရားအမှန်ကျင့်သူက တဏှာဖြစ်စေမယ့် ကိစ္စမှန်သမျှ တဏှာဖြစ်စေတဲ့ အကြောင်းသမုဒယကို ရှာဖွေပြီး ပယ်မြစ်တာဖြစ်လို့ ဒီအဗ္ဘောကာသိကဓုတင် ဆိုတာဟာလည်း အရိပ်အာဝါသကြောင့် အရိပ်အာဝါသနဲ့ ပတ်သက်တဲ့ တဏှာလာမယ်။ အရိပ်အာဝါသကို ပယ်စွန့်လိုက်တော့ သူနဲ့သက်ဆိုင်ရာ တဏှာမလာတော့ဘူး။ အလိုလိုငြိမ်းပြီးသား ဖြစ်သွားတယ်။

''အဲဒါကြောင့် ဝိသုဒ္ဓိမဂ်ဆရာက'အိမ်ရာမထောင် လူ့ဘောင်စွန့်ပစ် ရဟန်းအဖြစ်သို့ ကပ်သောသူနှင့် လျောက်ပတ်ရလွယ်သော ကြယ်တာရာပတ္တမြားတို့ဖြင့် စီခြယ်ထားအပ်သော၊ အမိုးမျက်နှာကြက်ရှိသော၊ လမင်းတည်းဟူသော ဓာတ်မီးဖြင့် ကြည်လင်အေးမြစွာ ထွန်းလင်းသော၊ လွင်တီးခေါင်၌ တောသမင်တို့ကဲ့သို့ ဖြစ်ပေါ်လာသော၊ ထိန မိဒ္ဓကို ပယ်ဖျောက်၍နေသော၊ ဘာဝနာကမ္မဋ္ဌာန်း၌ မွေ့လျော်ခြင်းကိုမှီသော ရဟန်းသည် ဝိဝေက ရ[illegible]ည်းဟူသော သက်သာရာချောန်မင်ဖိုလ်ကို မကြာမြင့်မီရနိုင်၏။ ထို့ကြောင့်ပညာရှိသော အမျိုးသားသည် လွင်တီးခေါင်၌ မွေ့လျော်ပျော်ပိုက်ရာ၏'တဲ့ ဒကာရေ။''

※ ※ ※

# အသုဘဆိုတာ
# ရှုကြည့်ရမှာ
# (သုသာန်ရုတင်)

''ဒကာဦးမောင်မောင်ကြည် ချွေးတွေအရွှဲသားပါလား။ ဘယ်က လှည့် ဝင်လာတာလဲ''

''အရှင်ဘုရား၊ ယပ်တောင်လေးမြင်တယ် မဟုတ်လားဘုရား။ အသုဘပို့ရာကနေ အရှင်ဘုရားဆီလှည့်ဝင်လာတာပါ''

''ကဲ... ကဲ အမောဖြေပါဦးလေ''

''အရှင်ဘုရား ကျောင်းအောက်ထပ်မှ သောက်ရေအိုးကြောင့် အမော ပြေပါပြီဘုရား''

''ဝမ်းသာပါတယ်ဒကာ။ ဒကာအသုဘပို့ရာက လှည့်ဝင်တာဆိုတော့ ရန်ကုန်မှာလို ကားနဲ့သွား၊ ကားနဲ့ပြန် မဟုတ်ဘဲ၊ ခြေကျင်သွား ခြေကျင် ပြန်ဖြစ်လို့ ဦးပဥ္စင်းဆီ ဝင်ခွင့်ရတာ ကျေးဇူးတင်ရမယ်''

''မှန်ပါဘုရား၊ ခြေကျင်သွားကြရတော့ စက်ဘီးရှိသူက စက်ဘီး ကလေးတွန်းလို့ပေါ့၊ လူအုပ်ကြီးဟာ သုတ်သုတ် သုတ်သုတ်၊ ရုတ်ရုတ် ရုတ်ရုတ်နဲ့ပေါ့ဘုရား။ မျက်နှာကြီး အသုဘဆိုတော့ လူလည်းစည်သလို

စကားလည်းစီနေတာပဲ ဘုရား။ ပြောလိုက်ကြတဲ့ စီးပွားရေး၊ သားသမီးရေး၊ အကြောင်းပေါင်းစုံလို့။ သူများမကောင်းကြောင်း၊ ကိုယ်ကောင်းကြောင်းတွေ''

''ဟာ–ဒကာ့စကားကလည်း တစ်မျိုးပါလား''

''ဟုတ်တယ်လေ အရှင်ဘုရားရဲ့ အသုဘပို့တာ သေသူကိုအကြောင်းပြုပြီး၊ သေခြင်းတရား မရဏာနုဿတိကို ဆင်ခြင်လို့ ငြိမ်သက်စွာလိုက်ပို့ကြရမှာ မဟုတ်လားဘုရား။ အခုတော့ ဆင်ခြင်ဖို့ နေနေသာသာ သူများအတင်းပြောလား ပြောရဲ့၊ ကိုယ့်သတင်း ကြေညာလား ကြေညာရဲ့၊ အပြစ်ပြောသံ၊ ညည်းညူသံတွေ မြိုင်မြိုင်ဆိုင်ဆိုင်နဲ့ သုသာန်ရောက်ရုံပဲ လိုက်ပို့ကြတာ။ လှည့်ပြန်လာခဲ့ကြတာပဲ။ ဒီတော့ ဝတ္တရားအရ အသုဘရှင် မျက်နှာပြရုံ လိုက်ပို့ကြတာကလား''

''ဟုတ်ဟယ်၊ ဗုဒ္ဓဘာသာတွေ အသုဘပို့တာ ခေါက်ရိုးကျိုးနေသလိုဖြစ်နေပြီ။ အသုဘပို့နည်းနိဿရည်းဆိုပြီး ရေးဦးမှလား မသိပါဘူး''

''အခုက အသုဘပို့နည်း မသိလို့မှ မဟုတ်တာဘုရား။ မသာတစ်ခေါက် ကျောင်းဆယ်ခေါက်လို့တောင် ပြောနေကြတာ။အမှန်တော့ မလိုက်နာကြတာ ဘုရား''

''အသုဘပို့တာ တရားသံဝေဂရဖို့၊ ကုသိုလ်ရဖို့မဟုတ်လား။ အဲဒါကြောင့် မြတ်စွာဘုရားက သုသာန်ဓုတင်(သောသာနိကဓုတင်) အကျိုးကို 'သေရချေအံ့၊ သေရချေအံ့'ဟု အဖန်တလဲလဲ အမှတ်သတိ ရှိနေတာကြောင့် မမေ့မလျော့နေရခြင်း၊ သတိအလေ့ကို ဖြစ်စေခြင်း၊ သုသာန်၌စွန့်ပစ်ထားခဲ့တဲ့ အကောင်ပုပ်ကို မြင်ရလို့ အသုဘအာရုံရခြင်း၊ ကာမရာဂကို ပယ်ဖျောက်နိုင်ခြင်း၊ အမြဲမပြတ် ဤကိုယ်ခန္ဓာ၏ စက်ဆုပ်ဖွယ်၊ မစင်ကြယ်သော သဘောကိုမြင်နိုင်ခြင်း၊ များစွာထိတ်လန့်သံဝေဂရရှိတာကြောင့် အနာကင်းခြင်းဆိုတဲ့ အာရောဂျ မဒမာန်၊ အရွယ်နုပျိုခြင်းဆိုတဲ့ ယောဗ္ဗနမဒမာန်တို့ကို ပယ်ဖျောက်နိုင်ခြင်း၊ ဘေးကြီး

ဘေးငယ် အသွယ်သွယ်ကို သည်းခံနိုင်ခြင်း၊ နတ်တို့၏ အလေးအမြတ် ချီးမွမ်းအပ်ခြင်း၊ အလိုနည်းခြင်းစတဲ့ ဂုဏ်ကျေးဇူးတွေရတယ်လို့ ဟောထားခဲ့ပါတယ်''

''အခု စကားစပ်တာနဲ့ အတော်ပဲ ဘုရား။ ဒီနေ့ သုသာန်ဓုတင် အကြောင်း အရှင်ဘုရားပြောပြမှာ မဟုတ်လား''

''ဟုတ်ပါတယ်။ သုသာန်ဓုတင်ဆောက်တည်မည့် ရဟန်းဟာ 'သုသာန်လက္ခဏာမှ ကင်းသောနေရာအရပ်ကို ပယ်ပါ၏။ သုသာန် လက္ခဏာရောက်သော အရပ်၌နေခြင်း အကြောင်းအင်္ဂါကို ဆောက်တည် ပါ၏' လို့ ဆိုတဲ့ စကားနှစ်ခွန်းမှာ တစ်မျိုးမျိုးနဲ့ ဆောက်တည်ရတယ်''

''သုသာန်ဓုတင်ဆောင်ပုဂ္ဂိုလ်ဟာ နေ့ရောညပါ သုသာန်မှာ နေရ တာလားဘုရား''

''နေ့အခါ သုသာန်ထဲမှာ မနေရဘူး ဒကာ၊ ညအခါ လူခြေတိတ်ချိန် ကျမှ လူမသိအောင် သွားရမယ်တဲ့၊ အရုဏ်မတက်မီ ပြန်လာရမယ်တဲ့။ လူတွေသိရင် အထင်ကြီးပြီး အကြည်ညိုများရင် အနှောင့်အယှက် ဖြစ်တယ်။ တချို့လူတွေကျတော့ သုသာန်ဓုတင်ဆောင်ပုဂ္ဂိုလ်ကို ကြောက် ကြ၊ ရွံရှာတတ်ကြတယ်။ အဲဒါကြောင့် သုသာန်ဓုတင်ဆောင် ပုဂ္ဂိုလ်မှန်း မသိအောင် မိမိကိုယ်ကို လျှို့ဝှက်စွာ သွားရမယ်တဲ့။ လမ်းမကြီးအတိုင်း မသွားဘဲ၊ မထင်ရှားတဲ့ လမ်းငယ်မှ သွားရမယ်တဲ့။ သုသာန်ဓုတင်ဆောင် ပုဂ္ဂိုလ်ရဲ့ လိုက်နာကျင့်သုံးရမယ့် ကျင့်ဝတ်က တော်တော်များတယ်''

''အမိန့်ရှိပါဘုရား''

''သုသာန်ဆိုတာမှာလည်း ရွာသစ်တည်ထောင်စအခါ လူတို့က သုသာန်လို့ နေရာဌာနသတ်မှတ်ထားပေမယ့် လူသေကောင် တစ်ခါမျှ မမြှုပ်ဖူးသေး၊ မီးမသင်္ဂြိုဟ်ရသေးရင် အဲဒီသုသာန်မှာ ဓုတင်ဆောင်တဲ့ အနေနဲ့ မနေရဘူးတဲ့။ ရွာဆိုးကုန်း၊ ရွာဟောင်းနေရာ၊ လူမနေတော့လို့ လူသေမမြှုပ်တာ တစ်ဆယ့်နှစ်နှစ်ကြာပေမယ့် အဲဒီသုသာန်မှာတော့

ဓုတင်ဆောင်လို့ရသတဲ့။ သုသာန်လက္ခဏာနဲ့ ပြည့်စုံတဲ့အရပ်မှာ သုသာန်ဓုတင်ဆောင် ပုဂ္ဂိုလ်ဟာ စင်္ကြံကို ပြုပြင်လို့ တခမ်းတနားလုပ်လို့ မနေရဘူးတဲ့။ ညောင်စောင်းခုတင်ချပြီးတော့လည်း မနေရဘူး။ သောက်ရေ၊ သုံးဆောင်ရေကိုလည်း မထားရဘူး။ သုသာန်ထဲမှာ တရားစာပေပို့ချလို့ ဟောပြောလို့ ထည်ထည်ဝါဝါ မနေရဘူးတဲ့''

''ဒါဆို သုသာန်ဓုတင်ဆောင်ပုဂ္ဂိုလ်ဟာ လူမသိ၊ သူမသိသွားရတော့ အန္တရာယ်မရှိဘူးလားဘုရား။ အဖော်ရော ခေါ်မသွားရဘူးလား''

''ဒကာကလည်း လူမသိသူမသိသွားရပါတယ်ဆိုမှ အဖော်ခေါ်သွားရမှာလား။ အဲ... သဘောတူပုဂ္ဂိုလ်ရတယ်ဆိုရင်တော့ အတူသွားပြီး၊ သုသာန်ရောက်ရင် တစ်နေရာစီခွဲပြီး နေရမယ်။ အန္တရာယ်ဆိုတာကတော့ ရှိတတ်ပါတယ်။ လူဆိုး၊ သူခိုးလို့ အထင်မှား၊ အမြင်မှား ဘေးရန်မရှိအောင် သံဃာ့မထေရ်ကြီးကို ပန်ကြားထားရမယ်။ ရွာလူကြီးစတဲ့ မင်းနှင့်စပ်သူများကို အသိပေးထားရမယ်။ သုသာန်စောင့်ကိုလည်း အသိပေးထားရမယ်။ မိမိကိုယ်၌ကလည်း မမေ့မလျော့သတိနဲ့နေရမယ်။

မြတ်စွာဘုရားလက်ထက်တော်က မဟာကာလမထေရ်ဆိုတာ ရှိတယ်။ သေတဗျမြို့ကနေ ကုန်ရောင်းကုန်ဝယ်လာရင်း သာဝတ္ထိမြို့ အရောက်မှာ မြတ်စွာဘုရားနဲ့ တွေ့ပြီး ရဟန်းပြုတာ။ မြတ်စွာဘုရားထံမှာ ကမ္မဋ္ဌာန်းတရားတောင်းပြီး သုသာန်ဓုတင်ကျင့်ပါတယ်။ ညဥ့်သုံးယံမှာ ပထမယံလွန်လို့ အားလုံးသူတို့ အိပ်ပျော်မှ သုသာန်ကို သွားပါတယ်။ မိုးသောက်ယံကာလ အားလုံးသူတို့ အိပ်ရာမှ မထမီကျောင်းသို့ ပြန်လာခဲ့ပါတယ်။

အဲဒီအခါမှာ ကာလီလို့ခေါ်တဲ့ မိန်းမတစ်ဦးက သုသာန်စောင့်စဏ္ဍာလ လုပ်နေတယ်။ ကာလီဟာ မထေရ်နေတဲ့နေရာကို တွေ့တော့ 'ဒီနေရာမှာ ဘယ်သူသွားလာပါလိမ့်' ဆိုပြီး စောင့်ဖမ်းတာ ဖမ်းလို့မမိဘူး။ ဒါနဲ့ တစ်ညမှာတော့ ညလုံးပေါက်စောင့်ဖမ်းလိုက်တယ်။ အဲဒီအခါကျမှ မထေရ်ကို တွေ့ရတယ်။ မထေရ်ကို ရှိခိုးပြီး 'အရှင်ဘုရား ဘယ်မှာ

သီတင်းသုံးပါသလဲ'လို့မေးပြီး သုသာန်မှာနေတဲ့ ပုဂ္ဂိုလ်တို့ရဲ့ ကျင့်ဝတ်တရားကို လျှောက်ထားတယ်။ မထေရ်က သုသာန်ကျင့်ဝတ်ကို ပြောပြပါလို့ မိန့်တော့ ကာလီကလျှောက်ထားတယ်။

''အရှင်ဘုရား၊ သုသာန်နေတဲ့ ရဟန်းဆိုတာ သုသာန်စောင့်၊ မိမိသီတင်းသုံးရာ ကျောင်း၌ မထေရ်ကြီး၊ ရွာစားတို့ကို ပြောကြားခွင့်ပန်ရမယ်တဲ့''

မထေရ်က ''ဘာဖြစ်လို့ပြောကြားခွင့်ပန်ရသလဲ''လို့မေးတော့–

''ပစ္စည်းဥစ္စာကို ခိုးယူတဲ့ သူများဟာ ဥစ္စာရှင်တို့သိလို့ လိုက်ကြတဲ့အခါ သုသာန်မှာ ပစ္စည်းဥစ္စာကို စွန့်ပစ်ပြီးပြေးလေ့ရှိပါတယ်။ ဥစ္စာရှင်က တွေ့တဲ့အခါ အရှင်ဘုရားတို့မှာ ဘေးရန်ဖြစ်တတ်ပါတယ်၊ သုသာန်စောင့်၊ မထေရ်ကြီး၊ ရွာစားတို့ကို ပြောကြားခွင့်ပန်ထားတော့ ထိုပုဂ္ဂိုလ်များက သက်သေပြုလို့ ဘေးအန္တရာယ်ကို တားမြစ်နိုင်ပါတယ်''လို့ လျှောက်တယ်။

နောက်ပြီး သုသာန်ပြုဖွယ်ကိစ္စဆိုတာ ရှိသေးတယ်။ သုသာန်ဓုတင်ဆောင်ပုဂ္ဂိုလ်ဟာ ငါး အမဲဟင်းမျိုး၊ နှမ်းမုန့်ကြွပ်၊ ဆီတင်လဲတို့ကို ရှောင်ရမယ်တဲ့၊ နေ့အခါ မအိပ်ရဘူး၊ ပျင်းရိခြင်း မရှိရဘူး၊ ဝီရိယရှိရမယ်၊ စိတ်ဖောက်ပြန်ခြင်း မရှိရ၊ မလှည့်စားရ။ ညအခါအားလုံးသူတို့အိပ်မှ သုသာန်သို့ လာရမယ်၊ အားလုံးသူတို့ မနိုးမီ ကျောင်းသို့ပြန်ရမယ်။ ဒါယကာတို့ အိမ်သို့ မဝင်အပ်တဲ့။ အဲသလို လျှောက်ထားပါတယ်။ မထေရ်က ဝန်ခံပြီး ရုပ်ပါရုံတစ်ခုကို မြင်ရလျှင် ပြောကြားပါလို့ မှာထားခဲ့တယ်။

တစ်နေ့မှာ မိန်းကလေးတစ်ဦး လေနာရောဂါနဲ့ ရုတ်တရက်သေသွားတယ်။ ဆွေမျိုးများက ညတွင်းချင်း သုသာန်ပို့ပြီး ကာလီကိုငွေပေးလို့ သင်္ဂြိုဟ်ပေးရန် ပြောပါတယ်။ ကာလီက မထေရ်လာအောင်စောင့်ဆိုင်းပြီး ရှုကြည့်ရန်လျှောက်ထားတယ်။ မထေရ်က သူငယ်မအလောင်းကို ကြည့်ပြီး မီးသင်္ဂြိုဟ်ခိုင်းတယ်။ မီးသင်္ဂြိုဟ်နေစဉ် မထေရ်က

ကြည့်ရှုရင်း မမြဲတဲ့ သဘောကို ဝိပဿနာပွားတယ်။ ခယဝယကမ္မဋ္ဌာန်းကို စီးဖြန်းပွားများစဉ်မှာပဲ မထေရ်ဟာ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်သွားတယ်။

''ပါရမီရင့်တဲ့ ပုဂ္ဂိုလ်တွေဆိုတော့ ထူးခြားပေါက်မြောက်တာပေါ့ ဘုရား။ အခုလိုဆိုတော့ သုသာန်ဓုတင်ဆောင် ပုဂ္ဂိုလ်ဟာ ညအခါမှ သွားရတယ်ဆိုတော့၊ ခလုတ်ဆူးငြောင့်တွေကို တော်တော်သတိထားရမှာပဲနော် ဘုရား''

''အဲဒီအတွက် နေ့အခါကနေ ကိုယ်သွားမယ့်လမ်းကို သေချာကြည့်ရှုမှတ်သားရမယ်တဲ့။ သစ်ငုတ်သစ်ပင် တောင်ပို့မို့မို့မည်းမည်းမြင်ကောင်းရာ အာရုံတို့ကို ကြည့်ရှုမှတ်သားထားရမယ်တဲ့။ နေ့အခါကြည့်ရှုထားမှ ညအခါ ခြောက်လှန့်တဲ့ အာရုံများမဖြစ်ဘဲ ရှိလိမ့်မယ်တဲ့။ ဘီလူးသဘက်၊ သရဲတစ္ဆေတို့ မြည်တမ်းဟစ်ကြွေး လှည့်လည်သွားလာနေတာကို ခဲတို့ တုတ်တို့နဲ့ မပစ်ခတ်ရဘူး''

''ဘီလူးသဘက်၊ သရဲတစ္ဆေတွေကို သုသာန်ဓုတင်ဆောင်ပုဂ္ဂိုလ်က မြင်ရသလားဘုရား''

''သုသာန်ကို ညတိုင်းသွားတယ်။ တစ်ညမသွားဖြစ်ရင် ဓုတင် ပျက်တယ်ဆိုတော့ တစ်ညမဟုတ်တစ်ညတော့ တွေ့ရတတ်တာပေါ့။ နောက်ပြီးတော့ ဒီလိုတရားအလုပ်တကယ်လုပ်ဖြစ်ပြီဆိုရင်လည်း သူတို့က စမ်းသပ်တတ်ကြတယ်။ အနှောင့်အယှက်ပေးတတ်ကြတယ်။ သမာဓိအားကောင်းလာရင်လည်း ဒီသတ္တဝါတွေကို မြင်ရတတ်တယ်''

''ဟင်... အရှင်ဘုရားရယ် ကြောက်စရာကြီးပါလား''

''ဟုတ်တယ်၊ အဲဒါကြောင့် လယ်တီဆရာတော်က ကမ္မဋ္ဌာန်းကျမ်းကြီးမှာ ရေးပြထားတယ်။ သုသာန်သို့ အသုဘရှုသွားသောသူသည် တောင်ဝှေး၊ ပရိတ်စသည် ကောင်းမွန်စွာ ဆောင်အပ်၏။ သတိကောင်းကောင်းထားအပ်၏တဲ့။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်ကောင်မပျက်သေးတဲ့

အလောင်းကောင်ကို အသုဘာရှုပါက တစ်ခါတစ်ရံ ဘုတ်၊ ပြိတ္တာတို့ ဝင်ပူးပြီး အလောင်းကောင်ကြီး ထလာတတ်သတဲ့။ အဲဒီအခါ တောင်ဝှေး နဲ့ ထိုးလှဲ့ပါ။ ဒါမှမဟုတ် ပရိတ်နဲ့ လှဲ့ပါလို့ မှာတယ်။ အဲဒါကြောင့် ကိုယ်ကောင်ပျက်နေတာကို ရှုသင့်တယ်။ ကိုယ်ကောင်ပျက်နေတာက တော့ ဘုတ်၊ ပြိတ္တာတွေ ဝင်ပူးလို့မရတော့ဘူး။

နောက်ရှိသေးတယ်။ ဥဂ္ဂဟနိမိတ်ထင်လာခါနီးပြီဆိုရင် အလောင်း ကောင်ကြီးက ထကြွလာပြီး မိမိကို လွှမ်းမိုးသိမ်းအုပ်တော့မလို ကြောက် အားကြီးပြီး စိတ်ထဲမှာ ထင်မြင်လာတတ်သတဲ့။ တချို့နှလုံးသွေးပျက်ပြီး ရူးသွားကြတယ်။ ဒါဟာသတိမခိုင်လို့ပဲ။ 'အဝိဇ္ဇာဏာက ဖြစ်တဲ့ သစ်ပင် သစ်တုံးသည် ထမလိုက်လာနိုင်သကဲ့သို့ အသက်ဝိညာဉ်ကင်းပြီးဖြစ်တဲ့ ဤလူသေကောင်ဟာလည်း အဘယ်မှာ ထလိုက်လာနိုင်ပါ့မလဲ။ ဤကဲ့သို့ ထင်မြင်မှုသည် မောင်မင်းစိတ်ရင့်သန်၍ နိမိတ်ရခါနီးမို့ ထင်မြင်ခြင်းသာ ဖြစ်သည်၊ မကြောက်လင့်ဟု မိမိကိုယ်ကို မိမိဆုံးမ၍၊ ကြောက်ခြင်းကင်း စေ၍ နှစ်သက်ဝမ်းမြောက်စွာ ကြည့်ရှုရာ၏'လို့ လယ်တီဆရာတော်က သေချာမှာထားပါတယ်''

''အမယ်လေး၊ တပည့်တော်တော့ ဒီဓုတင်ကို ကျင့်ရမှာကြောက်တယ် ဘုရား''

''အသုဘာရှုတဲ့ ပုဂ္ဂိုလ်ဟာ အလောင်းကောင်နဲ့ အကျွမ်းတဝင်မရှိရဘူး တဲ့''

''ဘယ်လို အကျွမ်းတဝင်လဲ ဘုရား''

''သုဘရာဇာတို့ စဏ္ဍာလတို့က အလောင်းကောင်ကို အမြဲမပြတ်ကိုင် တွယ်နေရလို့ သူတို့ကမကြောက်တော့ဘူး။ အဲဒါအကျွမ်းဝင်တယ်လို့ ခေါ်တယ်။ အသုဘာရှုတဲ့ ပုဂ္ဂိုလ်က အဲသလိုလက်နဲ့မကိုင်ရဘူး။ နေရာရွှေ့ ပြီး ကြည့်ချင်တယ်ဆိုရင် သုဘရာဇာတို့၊ စဏ္ဍာလတို့ကို ခေါ်ပြီး ရွှေ့ခိုင်း ရတယ်။ ရွှေ့ခိုင်းစရာလူမရှိဘူးဆိုရင် တောင်ဝှေးနဲ့ကော်ပြီး ရွှေ့ရမယ်တဲ့။

ကြပ်ကြပ်ကြောက်တတ်၊ ရွံ့တတ်မှ နိမိတ်က ထင်လွယ်တယ်။ တချို့ ကြောက်တတ်တဲ့ သူများ လူသေကောင်ကြည့်မိပြီဆိုရင် ညအိပ်ခါနီး၊ အိပ်ရာထဲဝင်ရင် မျက်စိထဲမှာအထင်းသားမြင်လာတတ်တယ်။ တချို့ ဆိုရင် ကိုယ်ကပက်လက်အိပ်ရင် အပေါ်က၊ ဘေးစောင်းအိပ်ရင် ဘေးမှာ မြှောင်လို့အထင်းသားမြင်ယောင်နေတယ်၊ မအိပ်ဝံ့ မအိပ်ရဲ လူများဖက် အိပ်ရတဲ့အထိ ဖြစ်ကြရတယ်။ အဲဒါကို ဆရာတော်က အသုံးမချတတ်လို့ တဲ့။ အသုံးချတတ်တဲ့ ယောဂီပုဂ္ဂိုလ်ကတော့ ပတ္တမြားတုံးကြီးရသလို ဝမ်းမြောက်တယ်။ အလွန်နှစ်သက်ဖွယ် ချမ်းသာသုခကြီး ဖြစ်တယ်တဲ့ ဒကာရဲ့''

''အမယ်လေး အရှင်ဘုရား၊ တပည့်တော်တော့ တရားမရချင် နေပါစေ၊ အဲဒီအသုဘကြီးတော့ မရှုတော့ဘူး''

''နောင်အခါ ကိုယ်တိုင်အသက်ဝိညာဉ်ကင်းမဲ့တဲ့အခါ အသုဘ ဖြစ်ရဦးမှာပဲ မဟုတ်လား''

''အို... ဖြစ်မှသာ ဖြစ်ရော့ဘုရား။ တပည့်တော်တော့ အရှင်ဘုရား ပြောပြနေရုံနဲ့ ကြောက်လွန်းလို့''

''အင်း... နောက်ရှိသေးတယ်။ ဥဂ္ဂဟနိမိတ်က ကြောက်စရာအာရုံထင်သလို၊ ပဋိဘာဂနိမိတ်ကျတော့ နှစ်သက်စရာ အာရုံထင်ပြန်သတဲ့။ ဒီအလောင်းကောင်ကြီးကိုရှုကြည့်ပြီး မျက်စိမှိတ်ထားလည်း အထင်းသားမြင်၊ တခြားနေရာသွားလည်း အထင်းသားမြင်နေရတဲ့ ဥဂ္ဂဟနိမိတ်ကို ဆက်လက်ရှုလို့ ဉာဏ်ရင့်လာတဲ့အခါ ပဋိဘာဂနိမိတ် ထင်လာတယ်။ အဲဒီအခါ ကြောက်စရာ အလောင်းကောင်ကြီးဟာ ချစ်စရာ၊ နှစ်သက်စရာ အာရုံအဖြစ်ပြောင်းလာပြီး ရာဂစိတ်ကို ဖြစ်ပေါ်စေလာတတ်တယ်။ အဲဒါကြောင့် တတ်သိနားလည်တဲ့ ဝိပဿနာဆရာရှိမှ လမ်းမှန်ကျတယ်။ ဆရာမရှိရင် လမ်းမှားရောက်သွားပြီး ဖြစ်ချင်ရာဖြစ်တတ်တယ် ဒကာရေ့၊ အဲဒါကြပ်ကြပ်သတိထားရမယ်''

''ဘယ်လို ဘယ်လို အရှင်ဘုရား၊ အသုဘကောင်ကြီးက ချစ်စရာ၊ ခင်စရာ ဖြစ်လာတယ်ဟုတ်လား''

''ဟုတ်တယ်၊ သမထရှုနည်းမှာ ယောကျ်ားက မိန်းမအသုဘ၊ မိန်းမက ယောကျ်ားအသုဘဆိုတဲ့ ဝိသဘာဂအာရုံရယ်၊ အင်္ဂါကြီးငယ် မပျက်စီးသေးတဲ့ အသုဘအာရုံရယ် မလျော်ကပ်၊ မရှုအပ်ဘူးတဲ့။ ပဋိဘာဂနိမိတ်ကျလာလျှင် ရာဂစိတ်ဖြစ်ပေါ်လာတတ်လို့ပါပဲ။ ဝိပဿနာရှုနည်းနဲ့ ရှုတဲ့ပုဂ္ဂိုလ်ကျတော့ ဝိသဘာဂအာရုံက ပိုကောင်းသတဲ့။ 'ဤသူသည် မမြဲပါတကား၊ ဤကဲ့သို့ ဖြစ်သွားပါတကား။ ငါလည်း ဤကဲ့သို့ မမြဲပြီ၊ သေရလတ္တံ့၊ ဤကဲ့သို့ ဖြစ်ရလတ္တံ့ဟု အနိစ္စရှု။ မတင့်မတယ် စက်ဆုပ်ဖွယ်ပါတကား၊ မကောင်းဖွယ်ပါတကား၊ ငါသည်လည်း ဤကဲ့သို့ မတင့်မတယ်စက်ဆုပ်ဖွယ်သာတည်းလို့ ဒုက္ခရှု၊ ဤသူသည်ဘာမျှ မလုပ်ရှားတတ်၊ အသက်မရှိမြက်အမှိုက်၊ ထင်းချောင်းတို့နှင့် တစ်ထပ်တည်း တူနေပါတကားလို့ အနတ္တရှုတဲ့။' မဟာကာလမထေရ်ဟာ အဲသလိုရှုပြီး ရဟန္တာဖြစ်သွားတာ''

''ဘာပဲပြောပြော ဘုရား။ ဒီသုသာန်ဓုတင်ကတော့ စိတ်တော်တော်နိုင်မှ ဖြစ်မယ်ဘုရား''

''မိမိခန္ဓာကို ဖြစ်ပျက်မမြင်ရင် ခန္ဓာမှ တဏှာဖြစ်မယ်။ တဏှာဖြစ်ရင်တော့ ဒီဘဝ ဒီခန္ဓာပြီး နောက်ဘဝ၊ နောက်ခန္ဓာ ထပ်လိုချင်တယ်။ ပိုကောင်း ပိုခိုင်ခံ့တဲ့ ခန္ဓာလို့ထင်ပြီး တောင့်တတယ်။ မရရအောင် ပြုလုပ်ယူမယ်။ အဲဒါကို ဒုက္ခလို့ မမြင်ဘူး။ သုခလို့ ထင်တယ်။ အမှန်စင်စစ် ခန္ဓာရနေတာသည်ပင် ဒုက္ခလို့ သူတော်ကောင်းတွေကတော့ သုသာန်ဓုတင်ကို ဆောက်တည်ကြပါတယ်။ အမြဲမပြတ်ပွားများအပ်တဲ့ မရဏာနုဿတိ ကမ္မဋ္ဌာန်းရဲ့ အာနုဘော်ကြောင့် အိပ်ပျော်စဉ်မှာတောင် မေ့လျော့ခြင်းဆိုတဲ့အပြစ် မနှိပ်စက်နိုင်ဘူးတဲ့။ အပုပ်ကောင်တွေကို နေ့စဉ်မပြတ် မြင်နေရတာကြောင့်လည်းစိတ်မှာ ဝတ္ထုအာရုံ ကာမဂုဏ်တွေကို ခုံမင်လိုက်စား တဏှာပွားစရာမဖြစ်နိုင်တော့ဘူးဒကာရဲ့''

''မှန်ပါ၊ တဏှာရာဂကတော့ ကင်းတာပေါ့ဘုရား''

''အဲဒီတဏှာရာဂကြောင့် သတ္တဝါတွေ ပင်ပန်းဆင်းရဲနေကြရတာ။ ဦးပဥ္စင်းတို့ ဒကာတို့ကိုပဲကြည့်၊ နေ့တိုင်းနေ့တိုင်း ဒီဝတ္ထုအာရုံတွေနောက်မှာ ဘယ်လောက်ဆင်းရဲနေကြရသလဲ''

''အရှင်ဘုရားက ရဟန်းပဲ၊ ဝတ္ထုအာရုံတွေ ခံစားလို့ရလို့လား''

''ဒကာက ဒကာတို့လို မိသားစုနဲ့နေမှ ဝတ္ထုအာရုံတွေ ခံစားလို့ရတယ်ထင်နေတာလား။ ရဟန်းများမှာလည်း အိပ်ရာကောင်းကောင်းနဲ့ အိပ်ရတာ၊ အစားအသောက်ကောင်းကောင်းစားရတာ မဆင်ခြင်ဘဲ သုံးဆောင်ရင် ဝတ္ထုအာရုံခံစားတာပါပဲ။ ဝတ်ကောင်းစားလှ ဝတ်ဆင်ပြီး ကျောင်းလာကြတဲ့ ဒကာ၊ ဒကာမများကို မဆင်ခြင်ဘဲ ကြည့်ကောင်းကောင်းနဲ့ ကြည့်မိတာလည်း ခံစားတာပဲ။ အခု ဒကာ ဝတ်စားလာတာကြည့်ပြီး 'အင်း–ဒီဒကာကြီးလို ခံ့ညားထည်ဝါတဲ့ ဒကာကြီးဖြစ်ရင်သိပ်ကောင်းမှာပဲ'လို့ တွေးမိရင်ပဲ တဏှာရဲ့ အလိုကျပါသွားပြီ''

''တပည့်တော်ကိုလား၊ တပည့်တော်ကို အားမကျပါနဲ့ဘုရား။ တပည့်တော်က တကယ့်တဏှာကျွန်၊ မိသားစုကို ရှာဖွေလုပ်ကိုင်ကျွေးမွေးလာရတာ ခုထိ လူချမ်းသာ မဖြစ်သေးဘူး။ ဖြစ်လာမှာလည်း မဟုတ်တော့ပါဘူး ဘုရား''


''ပစ္စည်းဉစ္စာပေါများတာကို လူချမ်းသာလို့ ဆိုချင်တာလား။ ဒါဆိုလည်း လူ့ချမ်းသာ ဖြစ်မလာနိုင်တဲ့ ဒကာက ကိုယ့်ကိုယ်ကိုယ် တဏှာကျွန်မှန်းသိရင် လွတ်အောင်ရုန်းလိုက်လေ''

''အရှင်ဘုရား ပြောတာကလွယ်တာကိုး။ အဲဒီတဏှာကျွန်ဘဝကိုပဲ တပည့်တော်က သာယာနေပြီး ရုန်းမထွက်ချင်တာ။ အခုကျောင်းမှာ အရှင်ဘုရားနဲ့ ဟောပြောနေတုန်းသာ ဒုက္ခ၊ ဒုက္ခလို့ တွေးထင်မိတာ၊ အိမ်လည်း ပြန်ရောက်သွားရော အားလုံးသုခချည်း ဖြစ်ကုန်ရော့ဘုရား''

''ဖြစ်နိုင်ပါတယ်၊ တဏှာရဲ့နယ်ပယ်က အကျယ်သားလား။ သုံးဆယ့်တစ်ဘုံတောင် ပိုင်စိုး အုပ်ချုပ်နိုင်တာ။ အလှည့်စားလည်း တတ်တယ်။ မာယာလည်း များတယ်။ စဉ်းလဲကောက်ကျစ် လှည့်ပတ်တတ်တယ်။ တရားရှာရာမှာတောင် ကိုယ့်တရားလေးနဲ့ ပျော်နေအောင် နိကန္တိအစွမ်းနဲ့ လှည့်ပတ်ထားနိုင်တယ်။ ပေါ့သေးသေး မထင်နဲ့ဒကာရေ့။ အဲဒါကြောင့် သူတော်ကောင်းတွေ သုသာန်ဓုတင်ဆောင်ကြတာ။ အမြဲထိတ်လန့်ခြင်း မရှိအောင် အသိဉာဏ်နဲ့ လုံ့လပြုပြီး တစ်ဆယ့်တစ်သီး ဒုက္ခမီးတို့ ငြိမ်းရာ နိဗ္ဗာန်ကို မရရအောင်ရှာဖွေနေကြတာပေါ့။ ဒီတော့ သုသာန်ဓုတင် ဆောက်တည်ဖို့ ဘယ်မှာ ကြောက်နေတော့မှာလဲ၊ တကယ်ကြောက်ရမယ့် ရန်သူအစစ်က တဏှာပဲ မဟုတ်လား''

''မှန်ပါတယ်ဘုရား။ တကယ့်သူတော်ကောင်း၊ အကျင့်ကောင်းပုဂ္ဂိုလ်များကို တပည့်တော်အလွန်ပဲ ကြည်ညိုနိုင်ပါတယ်ဘုရား။ တပည့်တော်မှာတော့ ရန်သူတဏှာကို မိတ်ဆွေအဖြစ် ပေါင်းသင်းနေရဆဲ ဖြစ်လို့ အိမ်ပြန်ခွင့်ပြုပါဦးဘုရား''

* * *



# ဧရာက်ရောအခုပ်မှာ
# ပျော်ပါစေ
# (ယထာသန္တုတိကစုတင်)

''လာ... လာ ဦးမောင်မောင်ကြည်၊ မတွေ့ရတာကြာပေါ့''

''ကြာတာပေါ့ဘုရား။ အရှင်ဘုရားလည်း ကထိန်ခေတ်ထဲဆိုတော့ ဟိုကြွ၊ သည်ကြွနဲ့ ကျောင်းမှာ မရှိဘူး မဟုတ်လားဘုရား''

''ဟုတ်တယ် ဒကာရေ။ မကြွချင်လည်းကြွ၊ ကြွချင်လည်းကြွနေရတာပါပဲ။ အလှူ့ဒကာများက ကျောင်းထိုင်ဘုန်းကြီး ကိုယ်တိုင်ကြွမှ ကျေနပ်ကြတာ။ တစ်ခါတစ်ရံ မလွှဲသာလို့ ကိုယ်စားလှယ်လွှတ်လိုက်ရတဲ့ အခါ အရှင်ဘုရား၊ တပည့်တော်တို့က မျက်နှာမရှိလို့လား၊ ဘာဖြစ်လို့လဲ လျှောက်တတ်ကြတယ်''

''ဒါလည်း ဟုတ်တာပဲ အရှင်ဘုရား။ ဒါနဲ့ အရှင်ဘုရားနှင့် တပည့်တော် ဆွေးနွေးနေတဲ့ ဓုတင်က ဘယ်နှပါးကျန်သေးသလဲ ဘုရား''

''နှစ်ပါးကျန်သေးတယ် ဒကာရဲ့''

''ဒါဆို အမိန့်ရှိပါဦးဘုရား''

''အင်း... အခုပြောရမယ့်ဓုတင်က 'ယထာသန္တတိက ဓုတင်'တဲ့။ ရဟန်းများဟာ နေရာနဲ့ပတ်သက်လို့ အလိုမကျ ဣဿာမပွားရအောင် ဆောက်တည်တဲ့ ဓုတင်ပဲ''

''အမိန့်ရှိပါဘုရား''

''ရဟန်းသံဃာဆိုတာ အသက်အရွယ်ကို ပဓာနမထားဘဲ သိက္ခာဝါကို ပဓာနထားရပါတယ်။ အသက်အရွယ်ဘယ်လောက်ပဲ ကြီးကြီး သိက္ခာဝါငယ်နေရင် အသက်ငယ်သော်လည်း သိက္ခာဝါကြီးနေသူကို နေရာဦးစားပေးရတယ်။ အဲဒီနေရာအတွက် လောလုပ္ပတဏှာမဖြစ်အောင် ကျင့်ဆောင်ရတဲ့ ဓုတင်ပဲ။ ဒီဓုတင်ကို ကျင့်တော့မယ်ဆိုရင် 'ကျောင်း၌လျှပ်ပေါ်လော်လီသော လောလုပ္ပတဏှာကို ပယ်ပါ၏။ လက်ဦးမဆွ ညွှန်အပ် ရောက်အပ်သော ကျောင်းအိပ်ရာ နေရာ၌သာနေခြင်း အလေ့ရှိသောအကြောင်း အင်္ဂါကို ဆောက်တည်ပါ၏'ဆိုတဲ့ စကားနှစ်ခွန်းမှာ တစ်မျိုးမျိုးကိုဆိုပြီး ဆောက်တည်ရပါတယ်''

''လက်ဦးမဆွ ညွှန်အပ်ရောက်အပ်တဲ့ ကျောင်းအိပ်ရာနေရာဆိုတာက ဘယ်နေရာကို ပြောတာပါလဲ ဘုရား''

''အဲဒါကတော့ အခုခေတ်လို ပြောရမယ်ဆိုရင်တော့ ဦးပဥ္စင်းတို့ ကထိန်၊ သားရှင်ပြုအလှူစသည် ကြွရတဲ့အခါ အချို့ဝေးလံတဲ့ တောရွာများကို ကြွရရင် ညအိပ်ညနေကြွကြရတယ် မဟုတ်လား။ အချို့တောရွာကျောင်းကလေးတွေကျတော့ အလွန်ဆင်းရဲပါတယ်။ နေစရာ ချို့တဲ့ကြပါတယ်။ အဲသလို ကျောင်းမျိုးမှာ ထေရ်စဉ်ဝါလိုက် နေရာယူတဲ့အခါ ပထမရှေ့ဆုံးအတန်းက အစွန်ဖျားကျမယ်။ နေရာမကောင်းဘူး ဆိုပါတော့။ ဒုတိယတန်းအစက နေရာကောင်းနေတယ်။ အဲသလိုမျိုး ကြုံတဲ့အခါ ကိုယ့်အောက်ဝါငယ်တဲ့ ကိုယ်တော်ရဲ့နေရာ သွားပြီး သူ့ကို နေရာဖယ်ခိုင်းမယ်ဆိုရင် ငယ်သူကို ညှဉ်းဆဲရာရောက်တယ်။ ရဟန်းအနေနဲ့ မအပ်ဘူး။ အပြစ်ဖြစ်တယ် ဒကာရဲ့။ နောက်တစ်မျိုးရှိသေးတယ်။ အလှူမလျှာပ်သို့ သံဃာများ အလှူခံကြွရောက်လာတဲ့အခါ ထေရ်စဉ်ဝါစဉ် ထိုင်ကြရပါတယ်။ ပထမတန်းက အစွန်အဖျားနေရာမှာ ကိုယ့်နေရာကျရောက်နေပေမယ့် နေရာမကောင်းဘူးဆိုပြီး ဒုတိယတန်း အစဦးနေရာ သွားထိုင်နေရင်လည်း အဲဒါမအပ်ဘူး။ နေရာလေးတစ်နေရာအတွက် အလိုဆိုးနှိပ်စက်ခံရတယ်လို့ ဆိုရတယ်''

''ဟုတ်လားဘုရား၊ တပည့်တော်တို့ကတော့ သံဃာတော်တွေ နေရာမှာ တန်းစီထိုင်ကြတာသင့်တော်သလို ကြည့်ထိုင်နေကြတယ်လို့ အောက်မေ့နေတာ''

''ခုခေတ်မှာတော့ ကြည့်ထိုင်သင့်တဲ့နေရာလည်း ကြည့်ထိုင်ရတာပေါ့။ ဒါပေမဲ့ နေရာပေးသင့်တဲ့ပုဂ္ဂိုလ်ကျတော့လည်း နေရာပေးကြရပါတယ်။ ဟိုရှေးအခါတုန်းကတော့ ရွာထဲရပ်ထဲမှာ ဆွမ်းစားဇရပ်တွေ ရှိခဲ့ဖူးတယ်။ ဆွမ်းခံပြီး အဲဒီဇရပ်တွေမှာပဲ ဆွမ်းဘုဉ်းပေးကြလေ့ရှိတယ်။ အရင် ရောက်နေတဲ့ ရဟန်းက ဝါငယ်ပြီး နောက်မှရောက်လာတဲ့ ရဟန်းက ဝါကြီးနေရင် နေရာမှ ထပေးရပါတယ်။ တချို့ဒကာများက သံဃာတော် များကို ဆွမ်းလှူချင်လို့ ဆွမ်းစားဇရပ်ကနေ စောင့်လှူလေ့ရှိကြပါတယ်။ အဲသလို အခါမျိုးမှာ သံဃာအပေါင်းက ထေရ်စဉ်ဝါစဉ် ဆွမ်းအလှူ ခံရပါတယ်။ နောက်ကျတဲ့ ဝါငယ်ရဟန်းမှာ ရချင်မှလည်းရမယ်။ ရပြန် တော့လည်း နည်းနေတတ်တာ ရှိတယ်။ မကောင်းတာလည်း ရတတ် တယ်။ အကောင်းလိုချင်လို့၊ များများရချင်လို့ ရှေ့ကျော်နေရာယူလို့ မရပါဘူး။ နောက်တစ်ခုက သံဃာအများ သီတင်းသုံးနေတဲ့ ကျောင်းတိုက် ကြီးများမှာ ဒကာ၊ ဒကာမများက သံဃာငါးပါး၊ ဆယ်ပါးစသည် ဆွမ်းစားလာပင့်တဲ့အခါ ဆွမ်းညွှန်ရဟန်းက ထေရ်စဉ်ဝါစဉ်အတိုင်းပဲ ညွှန်ကြားစေလွှတ်ရပါတယ်။ ဘယ်ဒကာကတော့ သူ့ဒွေးမို့ ဘယ်မထေရ် ကြီးကို ညွှန်မယ် ဆိုတာမျိုး မရှိရပါဘူး''

''ဆွမ်းညွှန် ရဟန်းဆိုတာ''

''ဆွမ်းညွှန်ရဟန်းဆိုတာ ဆွမ်းစားအလှည့်ကျ စီမံပေးတဲ့ရဟန်းကို ခေါ်တာပါ။ မြတ်စွာဘုရားလက်ထက်တော်အခါတုန်းက ရှင်ဒဗ္ဗဆိုတာ ဆွမ်းညွှန်တဲ့နေရာမှာ တိကျလွန်းလို့ မေတ္တိယဘူမဇကရဟန်းတို့ရဲ့ မဟုတ်မတရားစွပ်စွဲခြင်းကို ခံခဲ့ရတယ်။ ရဟန်းကိစ္စပြီးစီးနေပြီဖြစ်လို့ မိမိကိုယ်ခန္ဓာကို သံဃာကျွန်အဖြစ်ခံယူပြီး၊ သံဃာဝေယျာဝစ္စပြုလုပ်

ဆောင်ရွက်ပေးရာမှာ ကျောင်းညွှန်ပေးတတ်တယ်၊ နေရာပေးတတ်တယ်၊ ရဟန်းသံဃာများ သင့်လျော်လျောက်ပတ်အောင် နေရာခင်းကျင်းပေးတတ်တယ်။ ဂိလာနရဟန်းကို ဂိလာနရဟန်းနဲ့ လျောက်ပတ်တဲ့နေရာ၊ တောကျောင်းအစွန်အဖျားနေလိုတဲ့ ရဟန်းကို တောကျောင်းအစွန်အဖျားနေရာ၊ သင့်တင့်လျောက်ပတ်အောင် နေရာစီမံပေးတတ်လွန်းလို့ အချို့မထေရ်ကြီးများက စမ်းသပ်တဲ့အနေနဲ့ ဝေးတဲ့ကျောင်းများမှာ နေရာခင်းစေခဲ့ပါတယ်။

အာဂန္တုကအဖြစ် ကျောင်းတိုက်ထဲကို မှောင်မှရောက်လာကြပြီး ခက်ခဲတဲ့ကျောင်းနေရာများမှာ နေရာခင်းကျင်း စီမံခိုင်းကြတယ်။ အရှင်ဒဗ္ဗကလည်း ရဟန်းသံဃာတော်များအလိုကျ ပြီးစီး ကျေနပ်နှစ်သက်အောင် ဆောင်ရွက်ပေးတတ်ပါတယ်။ ရာဇဂြိုဟ်ဝန်းကျင်မှာ ကျောင်းတိုက်ပေါင်း တစ်ဆယ့်ရှစ်တိုက်တောင်ရှိသတဲ့။ အဲဒီကျောင်းတိုက်ကြီးများရဲ့ အစွန်အဖျားမှာ တစ်ပါးနေကျောင်းကလေးတွေကလည်း အစီအရီ၊ ဆိတ်ငြိမ်မှုဝိဝေကအတွက် တရားဘာဝနာစီးဖြန်းရန်အတွက် ကိုယ်နေချင်တဲ့ကျောင်းမှာ နေရာခင်းခိုင်းတာဆိုတော့ သာမန်ပုဂ္ဂိုလ် ဘယ်လွယ်ပါ့မလဲ၊ အရှင်ဒဗ္ဗကတော့ ရဟန်းသံဃာအများကျေနပ်အောင် ဆောင်ရွက်ပေးနိုင်လို့ မြတ်စွာဘုရားက 'သေနာသန ပညာပက=သံဃာများအတွက် အိပ်ရာခင်း သော နေရာဝယ် အသာဆုံးအမြတ်ဆုံး တေဒဂ်ရာထူး'ကို ချီးမြှင့်ပေးပါတယ်''

''တော်တော်စွမ်းနိုင်တဲ့ ကိုယ်တော်ပဲနော် အရှင်ဘုရား''

''အရှင်ဒဗ္ဗကတော့ သူ့နေရာနှင့်သူ သင့်လျော်အောင် စီမံဆောင်ရွက်ပေးပေမယ့် တချို့ကိုယ်တော်များက မကျေနပ်ကြဘူး။ 'ငါ့ကျတော့ မကောင်းတဲ့ကျောင်းအိပ်ရာ နေရာပေးတယ်။ သူ့ကျတော့ ကောင်းတဲ့ကျောင်းအိပ်ရာနေရာပေးတယ်'စသည်ဖြင့် ပုထုဇဉ်သဘာဝအတိုင်း

ဖြစ်လေ့ဖြစ်ထ ရှိကြတာပေါ့ ဒကာရဲ့။ အဲသလို ကျောင်းအိပ်ရာနေရာနဲ့ ပတ်သက်လို့ လောလုပ္ပတဏှာမဖြစ်အောင် ဆောက်တည်ပြီးကျင့်တဲ့ ဓုတင်ဟာ ယထာသန္တတိကဓုတင်ပဲ''

''မှန်ပါ သဘောပေါက်ပါပြီ အရှင်ဘုရား။ ဆက်ပြီးတော့ အမိန့်ရှိပါဦး ဘုရား''

''ယထာသန္တတိကဓုတင်ဆောက်တည်ထားတဲ့ ရဟန်းဟာ ဒီကျောင်းဟာ အရှင်ဘုရားအတွက်ဖြစ်ပါတယ်ဘုရားလို့ ထေရ်စဉ်ဝါစဉ်အတိုင်း ကျောင်းညွှန်ရဟန်းက ညွှန်ချပေးတဲ့ကျောင်းနဲ့ ရောင့်ရဲတင်းတိမ်ရမယ်။ ငါ့ကျောင်းနေရာ မကောင်းဘူး၊ ပြောင်းရွှေ့ပေးဆိုပြီး နေရာရပြီး ရဟန်းကို ဖယ်ရှားစေဖို့ မအပ်ဘူးတဲ့။ နေရာရပြီးရဟန်းနဲ့ နေရာချင်းလည်း မလဲလှယ်ကောင်းဘူးတဲ့''

''ကြိုက်ကြိုက် မကြိုက်ကြိုက်၊ ကိုယ်ရတဲ့နေရာမှာ နေရမယ် ဆိုပါတော့''

''ဟုတ်တယ်၊ အသွားအလာနီးသလား၊ ဝေးသလား မမေးမြန်းရဘူး။ အပြစ်အနာရောဂါကင်းလျက်နဲ့ ပထမရတဲ့ကျောင်းကို စွန့်ပြီး နောက်တစ်ကျောင်းကို အရယူမယ်လို့ သေနာသနလောလုပ္ပတဏှာဖြစ်ကာမျှနဲ့ ဓုတင်ပျက်သတဲ့ ဒကာ''

''မြွေကင်းစတဲ့ ဘေးအန္တရာယ်များ ရှိရင်ရော ဘုရား''

''ဒီယထာသန္တတိက ဓုတင်ဆောက်တည်တော့မယ်ဆိုရင် မေတ္တာစိတ်နဲ့ ချီးမြှောက်မယ်ဆိုတဲ့ မွန်မြတ်တဲ့ သူတော်ကောင်းစိတ်ဓာတ်နဲ့ ဆောက်တည်ရတာဆိုတော့ မြွေကင်းစတဲ့ အန္တရာယ်များကိုလည်း မေတ္တာနဲ့ ကာကွယ်ရမှာပဲ''

''ပုဂ္ဂိုလ်သုံးမျိုးထဲက အမြတ်ဆုံးကျင့်တဲ့ ဥက္ကဋ္ဌပုဂ္ဂိုလ်ဆိုရင် မိမိကျရောက်မယ့်ကျောင်းဟာ ဝေးသလား၊ နီးသလား၊ ဘီလူး မြွေ ကင်းစတဲ့ ဘေးဥပဒ်အန္တရာယ်ရှိသလား၊ ပူသလား၊ အေးသလားစတာတွေကို မေး

ခွင့်ကို မရဘူးတဲ့။ အလယ်အလတ်ကျင့်တဲ့ မဇ္ဈိမပုဂ္ဂိုလ်ကတော့ မေးခွင့်တော့ရတယ်။ သွားကြည့်ခြင်းငှာ မအပ်ဘူးလို့ ဆိုပါတယ်။ မုဒုပုဂ္ဂိုလ်ကတော့ သွားကြည့်ပြီး မနှစ်သက်လျှင် သူတစ်ပါးမယူ မနေထိုင်တဲ့ ကျောင်းကို ယူခြင်းငှာအပ်တယ်လို့ ဆိုပါတယ်''

''ဒီအကျင့်ကို ကျင့်ရတာကလည်း အကျိုးထူးရှိလို့ပေါ့နော်၊ ဟုတ်လား ဘုရား''

''ဒကာရယ်၊ အကျိုးထူးရှိလို့ ကျင့်တာပေါ့။ အကျိုးထူးမရှိဘဲ ဘယ်ကျင့်ပါ့မလဲ။ မြတ်စွာဘုရားကလည်း အကျိုးထူးမရှိဘဲ ဟောခဲ့ပါ့မလား စဉ်းစားကြည့်ပါဦး''

''ဒါဆို အဲဒီအကျိုးထူးကို အမိန့်ရှိပါဦး ဘုရား''

''အကျိုးထူးဆိုတာကလည်း ဦးပဥ္စင်းတို့၊ ဒကာတို့သိရှိမျှော်လင့်နေကြတဲ့ ထင်သာမြင်သာပစ္စည်းလာဘ်လာဘပေါ်များတာတို့ကို မဆိုလိုဘူး။ သူတော်ကောင်းကြီးများဟာ ခန္ဓာကိုယ်ကိုမှီပြီး ဖြစ်ပေါ်လာတဲ့ တဏှာကို အလွန်အလိုမရှိကြဘူး။ မြတ်စွာဘုရားစတဲ့ သူတော်ကောင်းကြီးများက ခန္ဓာချစ်သူအဖြစ် ကဲ့ရဲ့ရှုတ်ချကြမှာ အင်မတန် စိုးကြောက်ထိတ်လန့်ကြပါတယ်၊ အဲဒါကြောင့် ဒီယထာသန္တတိကဓုတင်ကို ဆောက်တည်ပြီး ရသောကျောင်းဖြင့်သာ ရောင့်ရဲတင်းတိမ်ရမယ်လို့ ဟောတော်မူတဲ့ မြတ်စွာဘုရားရဲ့ အဆုံးအမဩဝါဒတော်ကို လိုက်နာရခြင်းဆိုတဲ့ အကျိုးတရားကို အလွန်နှစ်သက်စွာ အရယူကြပါတယ်။

သီတင်းသုံးဖော်တို့ရဲ့ အကျိုးစီးပွားကို ရှာရခြင်းအကျိုး၊ ကောင်းတယ်ဆိုးတယ်လို့ မကြံစည်တော့ဘဲ စွန့်ပယ်ထားရကျိုး၊ မြတ်နိုးနှစ်သက်ရတဲ့ တဏှာ၊ မနှစ်သက်ဆန့်ကျင်ရတဲ့ ဒေါသတို့ကိုပယ်ထားပြီးအကျိုး၊ အလွန်အလိုကြီးတဲ့တဏှာရဲ့ အပေါက်ကို ဆို့ပိတ်ထားလို့ အလွန်အလိုနည်းခြင်းအကျိုးစတဲ့ ဂုဏ်ကျေးဇူးတွေ ရရှိပါတယ်''

''ဟုတ်ပါရဲ့ အရှင်ဘုရားရယ်။ အရှင်ဘုရားမိန့်ပြမှာပဲ ခုခေတ်လူတွေရဲ့ အကျိုးထူး၊ အကျိုးထူးဆိုတာကို တပည့်တော်သဘောပေါက်မိတော့တယ်''

''ဒကာက ဘယ်လိုများသဘောပေါက်မိနေတာလဲ''

''ခုခေတ်လူတွေ အကျိုးထူးဆိုတာက လောကစီးပွားဥစ္စာတိုးတက်တာကို အကျိုးထူးလို့ သိနေကြတာကိုး ဘုရား။ဒီတော့ လောဘနောက်လိုက်ရင်း ကျင့်မှားနေကြတော့ ပင်ပန်းကြတာပေါ့ ဘုရား''

''မှန်တာပေါ့ ဒကာ၊ လောဘနောက်လိုက်ရင်း ဉာဏ်မပါဘဲ ကျင့်တော့ ကိုယ့်အကျင့်က မိစ္ဆာစာရ ဖြစ်သွားရတာပေါ့။ မိစ္ဆာစာရဖြစ်တော့ အကျိုးပေးကလည်း အဆင့်မမီ၊ အကျိုးပေးအဆင့်မမီတော့ အတွေးအခေါ်ကလည်း အောက်တန်းကျ၊ အတွေးအခေါ်အောက်တန်းကျတော့ ဘုရားစစ်၊ တရားစစ်၊ သံဃာစစ်အမှန်ကို မယုံကြည်၊ မယုံကြည်တော့ လွဲမှား၊ လွဲမှားတော့ အပါယ်လားရတာပေါ့ ဒကာ''

''မှန်ပါဘုရား။ လောဘနောက်လိုက်ရင်းကျင့်နေတော့ အမှန်တရား ဘယ်မှာ ရတော့မှာလဲဘုရား''

''အင်း... လောဘနောက်လိုက်ရင်း ကျင့်တာပေမယ့် မြတ်စွာဘုရားရဲ့ ညီတော်အရှင်နန္ဒကျတော့ အကျင့်ပေါ်မှာ ဉာဏ်ဦးစီးပြီး ကျင့်နိုင်တာကြောင့် ရဟန္တာဖြစ်သွားတယ်''

''ဟင်... ဘယ်လိုလဲ အရှင်ဘုရားရဲ့။ အရှင်နန္ဒက လောဘနောက်ကို လိုက်ရင်းကျင့်ခဲ့လို့လား ဘုရား''

''အရှင်နန္ဒဟာ နတ်သမီးလိုချင်လို့ တစပဋ္ဌက ကမ္မဋ္ဌာန်းကို ကျင့်ခဲ့တာမဟုတ်လား ဒကာရဲ့''

''ဩော်... ဟုတ်ပါရဲ့ အရှင်ဘုရား''

''ဒါပေမဲ့ အရှင်နန္ဒက ဉာဏ်ကြီးမြင့်သူဖြစ်တယ်။ ရဟန်းများက လှောင်ပြောင်ကြတဲ့အခါ တစ်ပါးတည်း ဆိတ်ငြိမ်ရာကို သွားပြီး တစပဋ္ဌက ကမ္မဋ္ဌာန်းကို ဆင်ခြင်စဉ်းစားတယ်။ ဆံပင်၊ မွေးညင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ စသည်ဖြင့် သုံးဆယ့်နှစ်ကောဋ္ဌာသကို တစ်ခုစီ၊ တစ်ခုစီ ပုံထားရင် ချစ်ခင်နှစ်သက်ဖွယ်ရာဆိုတာ မမြင်တော့ဘူး။ ရွံစရာ၊ မုန်းစရာအဖြစ်သာ မြင်လာတယ်။ ဒီအခါ ရုပ်နာမ်တို့ရဲ့

ဖြစ်ပျက်သဘောအမှန်ကို ရှုကြည့်လိုက်တယ်။ နတ်သမီးလိုချင်တဲ့ တဏှာ မလာတော့ဘူး။ အကျင့်လည်း မှန်သွားတယ်။ အကျိုးထူးကတော့ ရဟန္တာအဖြစ်ပဲ။ ဒီလို မဟုတ်ဘူးလား ဒကာရဲ့''

''မှန်ပါ၊ ဟုတ်ပါတယ်ဘုရား''

''အဲဒါကြောင့် လောဘကို အခြေခံကျင့်သော်လည်း အတွေးမှန်၊ အကျင့်မှန်ရင် နိဗ္ဗာန်ရမယ်။ အတွေးမှား၊ အကျင့်မှားရင် ငရဲသွားရမယ်။ ယထာသန္တုဋ္ဌိကဓုတင်ဟာလည်း ကျောင်းအိပ်ရာ နေရာတို့၌ တပ်မက်တဲ့ တဏှာမှ အစပျိုးပြီး ကောင်းမြတ်တဲ့ အိပ်ရာနေရာကို လိုချင်တာ တဏှာပဲ။ တဏှာအလိုကျ မရတော့ ဒေါသဖြစ်ပြီး ဆင်းရဲပူပန်ရတယ်လို့ အတွေးမှန်ပြီး ဉာဏ်အမြင်နဲ့ သေနာသနလောလုပ္ပတဏှာကို ပယ်ခွာ လိုက်တော့ မြက်သစ်ရွက်အခင်း ဖြစ်ပေမယ့် နှစ်နှစ်ခြိုက်ခြိုက် နေနိုင် လာတယ်။ ရောင့်ရဲတင်းတိမ်ရလို့ ငြိမ်းချမ်းတဲ့၊ အေးမြတဲ့ ရသကို ခံစားသိရှိလာရတယ် ဒကာရဲ့။

ရဟန်းတို့မည်သည် ဖြစ်ပေါ်လာသော နေရာကို မတပ်မက်၊ အယုတ် အညံ့ကိုရသော်လည်း နှလုံးမပျက်၊ သီတင်းသုံးဖော်ငယ်တို့အပေါ် မေတ္တာ စိတ်နဲ့ ချီးမြှောက်မစမည်ဆိုတဲ့ စိတ်နဲ့ အရိယာသူတော်သူမြတ်တို့ မပြတ် လေ့ကျင့်အပ်သောအကျင့်၊ မြတ်စွာဘုရားတို့ ချီးမွမ်းအပ်၊ ညွှန်ကြား အပ်သောကျောင်း၌မွေ့လျော်သောအဖြစ် ဖြစ်လို့မို့ ပညာရှိတို့ ကြိုးစား အားထုတ်သင့်တယ်လို့ ဝိသုဒ္ဓိမဂ်ဆရာက ညွှန်ပြတယ် ဒကာ''

''မှန်ပါဘုရား။ အားထုတ်ကျင့်ကြံရမယ့် ဓုတင်ပါပဲဘုရား''

※ ※ ※

# မအိပ်ဘဲနေ ကျင့်ဖြတ်ပေ (နေသဗ္ဗိကာစုတင်)

''အရှင်ဘုရား၊ နိသဇ်ဓုတင်ဆိုတာ ဘယ်တော့မှ မအိပ်ဘဲနေရတာ လားဘုရား''

''အဲသလို ပြောလို့တော့မရဘူး ဒကာ။ အဓိဋ္ဌာန်ဆောက်တည်တဲ့ ပုဂ္ဂိုလ်အပေါ်မှာ တည်ပါတယ်။ တစ်လတစ်နှစ်စသည်ဖြင့် အဓိဋ္ဌာန် ဆောက်တည်ထားရင် ဆောက်တည်ထားတဲ့ တစ်လ၊ တစ်နှစ် အတွင်း ပေါ့။ အဲ...တစ်သက်လုံးဆောက်တည်ထားတာဆိုရင်တော့ ဒကာ ပြောသလို ဘယ်တော့မှ မအိပ်ရဘူးပေါ့''

''အိပ်တယ်ဆိုတာ တုံးလုံးလှဲအိပ်တာကိုပဲ ယူရမှာလား၊ အကယ်၍ ငုတ်တုတ်ထိုင်ရင်း အိပ်ပျော်သွားရင်ရော အဓိဋ္ဌာန်ပျက်မှာလားဘုရား''

''ဒါနဲ့ ပတ်သက်လို့ပြောရမယ်ဆိုရင် နိသဇ်ဓုတင်ဆောက်တည် ကြောင်း စကားကိုကြည့်ပြီး နားလည်ရမှာပဲ။ အိပ်ရာအုံး၌ ခေါင်းချအိပ် ခြင်း ကြိယာပုတ်ကို ပယ်ပါ၏၊ ထိုင်ခြင်းကြိယာပုတ်ဖြင့် နေလေ့ရှိသော ရဟန်း၏ အင်္ဂါကိုဆောက်တည်ပါ၏လို့ ဆိုတဲ့စကားနှစ်မျိုးမှာ တစ်မျိုး မျိုးနဲ့ ဆောက်တည်ရမှာဆိုတော့ ကြမ်းပြင်မှာခေါင်းချပြီး မအိပ်ရဘူး၊ တစ်နည်း–သွား,ရပ်,ထိုင်,လျောင်းဆိုတဲ့ ကြိယာပုတ်လေးမျိုးမှာ

လျောင်းခြင်းဣရိယာပုတ်ကို ပယ်ပါတယ်လို့ဆိုတော့ တုံးလုံးလှဲအိပ်ခွင့် မရှိဘူး။ ငုတ်တုတ်ထိုင် တရားရှုမှတ်ရင်းငိုက်မျဉ်းသွားတာကတော့ ဓုတင် မပျက် ဘူးလို့ ဆိုရမှာပါပဲ။ အဲ....ငုတ်တုတ်ထိုင် တရားရှုမှတ်ရင်း ငိုက်မျဉ်း ပြီး တုံးလုံးလဲကျသွားရင်တော့ ဓုတင်ပျက်နိုင်ပါတယ်''

''သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ လျောင်းခြင်းဆိုတဲ့ ဣရိယာပုတ်လေး မျိုးရှိရာမှာ လျောင်းခြင်းဆိုတဲ့ အိပ်ခြင်းဣရိယာပုတ်ကိုပယ်တော့ ခန္ဓာ ကိုယ်ကို နှိပ်စက်ရာမရောက်ဘူးလားဘုရား။ ခန္ဓာကိုယ်ကို ညှဉ်းဆဲ နှိပ်စက်ရင် အတ္တကိလမထာနုယောဂအကျင့်ထဲ ပါသွားပြီး မိစ္ဆာမဂ္ဂင်ဖြစ် သွားနိုင်တာပေါ့ဘုရား''

''လျောင်းခြင်းဣရိယာပုတ်ကို ပယ်ကာမျှနဲ့ အတ္တကိလမထာနုယောဂ မဖြစ်ပါဘူး ဒကာရဲ့။ ဘာဖြစ်လို့လဲဆိုတော့ သတိတရားနဲ့ ခန္ဓာရုပ်နာမ်ကို မပြတ်အောက်မေ့နေရလို့ပါပဲ။ သတိဆိုတာ အပ္ပမာဒကုသိုလ်တရားပါ။ ငိုက်မျဉ်းတယ်၊ အိပ်တယ်ဆိုတာက ထိနမိဒ္ဓကြောင့်ဖြစ်တာ။ ထိနမိဒ္ဓ ကြောင့် စိတ်စေတသိက်တရားတွေ ထိုင်းမှိုင်းလေးလံလာတယ်။ ပမာဒ ဖြစ်လာတယ်။ မိမိရဲ့ ရုပ်နာမ်ခန္ဓာကို မပြတ်ဆင်ခြင်အောက်မေ့ပြီး သတိတရားလက်ကိုင်ထားတဲ့ ပုဂ္ဂိုလ်များမှာ သတိဆိုတဲ့ အပ္ပမာဒကုသိုလ် တရားဖြင့် ထိနမိဒ္ဓဆိုတဲ့ ပမာဒအကုသိုလ်တရားတို့ကို ပယ်ဖျက်နိုင်တာ ကြောင့် အတ္တကိလမထာနုယောဂမဖြစ်နိုင်ပါဘူး''

''အိပ်ချင်လာရင် ဘယ်လိုလုပ်ရမှာလဲ ဘုရား''

''ညဥ့်သုံးယံမှာ မိမိဆန္ဒအတိုင်း ပိုင်းဖြတ်ထားပြီး စင်္ကြံသွားတရားရှု ရမယ်။ စင်္ကြံသွားလို့ ခန္ဓာကိုယ် ပင်ပန်းလာရင် ရပ်ပြီးတရားရှုရမယ်။ ရပ်တာကြာလို့ ခန္ဓာကိုယ်ပင်ပန်းလာရင် ထိုင်ပြီးတရားရှုမှတ်ရမယ်။ ထိုင်လျက် အိပ်ချင်ငိုက်ချင်စိတ်တွေ ဖြစ်ပေါ်လာရင် တစ်ဖန်ပြန်ပြီး စင်္ကြံသွားရမယ်။ ထိုင်တယ်ဆိုတာမှာလည်း ပုဂ္ဂိုလ်သုံးမျိုးကို သိထား ရပါမယ်။ အမြတ်ဆုံးကျင့်တဲ့ ဥက္ကဋ္ဌပုဂ္ဂိုလ်က နောက်မှီတံကဲပျဉ်၊ပုဆိုး အာယောဂပတ်၊ လက်အာယောဂပတ် သုံးခုလုံး မအပ်ဘူးတဲ့''

''အဲဒါ ဘာတွေလဲဘုရား၊ ရှင်းပြပါဦး''

''နောက်မှီတံကဲပျဉ်ဆိုတာက ကုလားထိုင်နောက်မှီကိုခေါ်တာပါ။ ဥက္ကဋ္ဌပုဂ္ဂိုလ်ဟာ နောက်မှီပါတဲ့ ကုလားထိုင်အင်းပျဉ်ဟာမအပ်ဘူး။ နောက်မှီပါတဲ့ ကုလားထိုင် အင်းပျဉ်ခုံတန်းလျားမှာ ထိုင်မိရင်လည်း နောက်မှီကို မှီပြီးမထိုင်ရဘူး။ တံခါးပေါင်၊ တံခါးရွက်၊ နံရံကို မှီပြီးလည်း မထိုင်ရဘူး။ အမှီမရှိဘဲ ထိုင်ရတာဆိုတော့ ထိုင်လျက်လဲကျမှာစိုးလို့ ဒူးနဲ့ပေါင်တို့ကို ပုဆိုးအဝတ်ပတ်ပြီး ထိုင်တာကို ပုဆိုးအာယောဂပတ်လို့ ခေါ်တယ်။ အဲသလို ပုဆိုးအဝတ် ပတ်ပြီးတော့လည်း ထိုင်ခွင့်မရှိဘူး။ ဒူးနဲ့ပေါင်ကို လက်နှစ်ဖက်နဲ့ ယှက်ပြီး ပွေ့ဖက်ပြီး ထိုင်တာကို လက်အာယောဂပတ်လို့ ခေါ်တယ်။ အဲသလိုလည်း ထိုင်ခွင့်မရှိဘူး''

''အရှင်ဘုရား မိန့်သလိုထိုင်မိတာနဲ့ ဥက္ကဋ္ဌဟာဓုတင်ပျက်သွားတယ်လို့ ဆိုလိုတာလားဘုရား''

''ဟုတ်ပါတယ်။ ဥက္ကဋ္ဌဆိုတာ အမြတ်ဆုံးကျင့်တဲ့ ပုဂ္ဂိုလ်လေ။ သူများနဲ့ မတူအောင် ထူးထူးခြားခြား ဝီရိယထန်ထန်၊ သတိမှန်မှန်နဲ့ တစ်ရံတစ်ဆစ်မျှ မေ့လျော့ခြင်းဆိုတာ မရှိအောင်ကျင့်တာ။ ဒီနေရာမှာ ဒကာသိစေချင်တာက ဒီဥက္ကဋ္ဌပုဂ္ဂိုလ်များဟာ လူသိအောင်၊ လူမြင်အောင် ကျင့်ပြတာလည်း မဟုတ်ဘူး။ ဘုန်းကြီးအောင်၊ လာဘ်လာဘပေါများအောင် ကျင့်ပြတာလည်းမဟုတ်ဘူး။ ဘဝများစွာ သံသရာမှာ ခန္ဓာအလိုလိုက်ပြီး ခန္ဓာခိုင်းစေသမျှလုပ်ပေးခဲ့ရ၊ ကျွန်ခံခဲ့ရလို့ ခန္ဓာကိုယ်ကျွန်အဖြစ်မှလွတ်မြောက်ချင်လို့ သတိမြဲမြဲထားပြီး ခန္ဓာကို ပြန်ခိုင်းစေအသုံးပြုပြီးကျင့်နေတာ ဆိုတာကို သဘောပေါက်ရမယ်။ ဒီတော့ဒကာပဲ ပြန်စဉ်းစားကြည့်လေ။ အခုလိုကျင့်တာဟာ ခန္ဓာကိုယ် မပင်ပန်းပင်ပန်းအောင် ညှဉ်းပန်းနှိပ်စက်ကျင့်နေတဲ့ အကျင့်လား၊ ခန္ဓာအလိုကျ တဏှာအလိုကျ မလိုက်ဘဲ ခန္ဓာဝဋ်ဒုက္ခမှ လွတ်အောင်ကျင့်တဲ့ အကျင့်လားဆိုတာ''

''မှန်ပါ၊ တပည့်တော်တို့က ဉာဏ်ရှေ့သွားဦးစီးမထားဘဲ တဏှာကိုပဲ ရှေ့သွားဦးစီးထားနေကြတော့ ခန္ဓာအလိုကျ မှီစရာရှိမှီလိုက်ချင်တာကိုး ဘုရား။ တွယ်စရာရှိလည်း တွယ်လိုက်ချင်တာကိုး ဘုရား။ အခုအရှင် ဘုရား မိန့်ပြတော့ အတ္တကိလမထာနုယောဂအကျင့်မဟုတ်ဘူး ဆိုတာ တပည့်တော်သဘောပေါက်ပါပြီဘုရား''

''အလယ်အလတ်ကျင့်တဲ့ မဇ္ဈိမပုဂ္ဂိုလ်ကတော့ တံကဲပျဉ်၊ ပုဆိုးအာ ယောဂပတ်၊ လက်အာယောဂပတ် သုံးမျိုးမှာ တစ်မျိုးမျိုးအပ်တယ်တဲ့။ မုဒုလို့ခေါ်တဲ့ ခပ်ပျော့ပျော့ကျင့်တဲ့ ပုဂ္ဂိုလ်ကတော့ အခုပြောခဲ့တဲ့ သုံးမျိုး ရယ်၊ အုံးရယ်၊ အင်္ဂါငါးပါးရှိတဲ့ အင်းပျဉ်၊ အင်္ဂါခုနစ်ပါးရှိတဲ့ အင်းပျဉ်များ အပ်ပါတယ်တဲ့''

''အင်္ဂါငါးပါးရှိတဲ့အင်းပျဉ်၊ အင်္ဂါခုနစ်ပါးရှိတဲ့ အင်းပျဉ် ဆိုတာ ဘယ်လိုဟာမျိုးပါလဲဘုရား။''

''အင်းပျဉ်ဆိုတာကို ခုံတန်းလျာလို့လည်း ဖွင့်တယ်။ ကုလားထိုင်လို့ လည်း ပြောကြပါတယ်။ နောက်မှီတံကဲနှင့်တကွ ပြုလုပ်အပ်သော အနံ ထက်အလျားရှည်သော ဖင်ထိုင်အင်းပျဉ်ငယ်သည် အခြေလေးဖက်နှင့် တကွ တံကဲရှိသောကြောင့် အင်္ဂါငါးပါးရှိသည်မည်၏လို့ ဝိသုဒ္ဓိမဂ်က ဖွင့်ပြတယ်။ အဲဒီအင်္ဂါငါးပါးထဲမှာ ဘေးဝဲယာနှစ်ဖက်လက်ရုံးတန်း ထည့်လိုက်တော့ အင်္ဂါခုနစ်ပါး ဖြစ်သွားပါတယ်။ သတ္တင်္ဂအင်းပျဉ်လို့ခေါ်ပါ တယ်။ အနာဂါမ်ဖြစ်တဲ့ မိဋ္ဌာဘယမထေရ်ပြုလုပ်တယ်လို့ ဆိုပါတယ်။

တစ်ခါတုန်းက တောရဆောက်တည်နေတဲ့ ရဟန်းတစ်ပါး ဦးပဥ္စင်း တွေ့ဖူးတယ်။ သူ့အခန်းထဲမှာ ခုတင်တစ်လုံးတော့ရှိတယ်။ ခေါင်းအုံး အိပ်ရာပြင်မထားဘူး။ အကောင်းစားဂွမ်းစောင်ကြီး ခုတင်ပေါ်မှာ ဖြန့် ထားတာတော့ တွေ့ရတယ်။ မေးကြည့်တော့ နိသဇ္ဇခုတင် ဆောက် တည်ထားတယ်လို့ ပြောပါတယ်။ 'အရှင်ဘုရား ကျောမဆန့်ဘဲနေတော့ ကျန်းမာရေးညီမျှပါရဲ့လား' လို့ မေးကြည့်တော့ 'ဒီကုလားထိုင်မှာတော့

နေပါတယ်'လို့ ပြောပြတယ်။ ကုလားထိုင်က ကြိမ်အခင်းနဲ့ လုပ်ထားတဲ့အကြီးစားကြီး၊ လက်ရုံးတန်းကလည်း ခြောက်လက်မခန့်ကြီးတဲ့ ပျဉ်ချပ်ကြီးနဲ့လုပ်ထားတာ။ လက်ရုံးတန်းထဲမှာခေါက်သွင်းထားတဲ့ ပျဉ်ချပ်ကိုဆွဲထုတ်လိုက်ရင် ခြေတင်လို့ရတယ်။ နောက်မှီကလည်း ခပ်ပြေပြေရယ်။ ဆရာတော်ကြီးများ အသုံးပြုတဲ့ ကုလားထိုင် အကြီးစားကြီးဆိုပါတော့။ အကောင်းစား ဂွမ်းစောင်ကြီးတစ်ထည်ကလည်း ကုလားထိုင်ပေါ်မှာ ဖြန့်ခင်းလို့၊ ဦးပဥ္စင်းလည်း တွေးလိုက်မိတယ်။ 'အင်း–ငါလည်း နိသဇ်ဓုတင်ဆောက်တည်မယ်ဆိုရင် အဲသလို ကုလားထိုင်မျိုးနဲ့ဆို ဆောက်တည်နိုင်ကောင်းရဲ့'လို့''

''ဟဲ...ဟဲ..အရှင်ဘုရားကလည်း ကိုယ်ကဖြင့် ကိုယ်တိုင်မဆောက်တည်ရသေးဘူး။ သက်သာရာကို အလျင်ရှာတွေးကြည့်နေတာကိုး ဘုရား''

''အဲ ရန်ကုန်နားက မြို့တစ်မြို့မှာ ဆရာတော်တစ်ပါးတွေ့ပြန်တယ်။ သူကတော့ ကြီးမှုရဟန်းဖြစ်တာပါ။ ဝါလည်းတော်တော်ရပြီ ဆိုပါတော့။ သူ့ကျတော့ တစ်မျိုး။ ဆွမ်းလည်း မဘုဉ်းပေးဘူး။ သစ်သီးမုန့် ခေါက်ဆွဲ အဲဒါတွေပဲ သပိတ်ထဲရောနယ်ပြီး ကပ်ရတယ်။ ပတ္တပိဏ်၊ ကောသနိက်၊ ခလုပစ္ဆာဘတ္တိကဓုတင်သဘောမျိုး ကျင့်တယ်ဆိုပါတော့။ သူ့အခန်းထဲရောက်တော့ အိပ်ရာခုတင်မရှိဘူး။ ခန်းလုံးပြည့်ကော်ဇောကြီးခင်းထားတာပဲ တွေ့ရတယ်။ ခေါင်းအုံး၊ စောင် ဘာမျှမတွေ့ရဘူး။ ငုတ်တုတ်ကုလားထိုင်လေးတစ်လုံးပဲ တွေ့ရတယ်။ သူ့လက်ထောက်ဦးပဥ္စင်းကို မေးကြည့်တော့ 'မအိပ်ဘူးထင်တယ်၊ နိသိဇ်ဓုတင် ဆောက်တည်နေသလား မသိဘူး'လို့ ဖြေတယ်''

''အရှင်ဘုရားက မေးလျှောက်မကြည့်ဘူးလား ဘုရား''

''ဒကာရယ်၊ ဒါမျိုးဆိုတာကလည်း တိုက်ရိုက်မေးလို့မကောင်းဘူးလေ။ ပြီးတော့ အဲဒီဆရာတော်က စကားမပြောဘူး။ ဝစီပိတ်ကျင့်နေတာက ခက်နေပြန်တယ်''

''ဟင် ... ဘယ်လိုအရှင်ဘုရား။ ဝစီပိတ်ကျင့်နေတယ်။ ဒါနဲ့ မြတ်စွာဘုရားက ဝစီပိတ်အကျင့်ဟာ လူအ-တွေ၊ တိတ္ထိတွေရဲ့အကျင့်လို့ ကဲ့ရဲ့ထားတယ် မဟုတ်လား''

''ဟုတ်တယ်၊ ဦးပဥ္ဇင်းတို့ရဲ့ သာသနာတော်မှာ ဝါကျွတ်တာနဲ့ ပဝါရဏာပြုရတာ ရဟန်းများစကားမပြောဘဲနေခြင်းက စခဲ့တာပဲ။ ကောသလတိုင်း ဇနပုဒ်တစ်ခုမှာ ဝါဆိုကြတဲ့ ရဟန်းများအချင်းချင်း စကားမပြောဘဲနေပြီး ချမ်းသာစွာနေကြဖို့ ကတိကဝတ်ပြုဝါဆိုကြတယ်။ ဝေယျာဝစ္စကို အလိုက်တသိ လုပ်ကိုင်ဆောင်ရွက်ကြတယ်။ ရေအိုးစတာတွေကို တစ်ပါးတည်းမနိုင်ခဲ့ရင် မြင်တဲ့ရဟန်းကို လက်ရပ်ခေါ် အမူအရာနဲ့ပြ လုပ်ကိုင်ဆောင်ရွက်ကြတယ်၊ ဝါကျွတ်တော့ သာဝတ္ထိမြို့ကိုသွားပြီး မြတ်စွာဘုရားကို ဖူးကြတယ်။ မြတ်စွာဘုရားက သိလျက်နဲ့ပဲ ချမ်းသာစွာဝါကပ်ကြရဲ့လားလို့မေးတယ်။ ရဟန်းများက ချမ်းသာစွာဝါကပ်ကြရကြောင်း အကျိုးအကြောင်း ပြောပြလျှောက်ထားကြတယ်''

''ဒီအခါ မြတ်စွာဘုရားက အချည်းနှီးသော ယောကျ်ားတို့သည် မချမ်းသာပါဘဲ ချမ်းသာစွာနေရပါ၏ဟု ဝန်ခံဘိ၏။ အချည်းနှီးသော ယောကျ်ားတို့သည် နွားတို့နေခြင်းကဲ့သို့၊ ဆိတ်တို့နေခြင်းကဲ့သို့၊ တိတ္ထိတို့ ဆောက်တည်အပ်သော သူအ-ကဲ့သို့ စကားမဆိုသောအကျင့်ကို ဆောက်တည်ကုန်ဘိသနည်း။ ရဟန်းတို့ ဤအပြုအမူသည် မကြည်ညိုသေးသော အသိဉာဏ်ရှိသူအား မကြည်ညိုစေခြင်းငှာ၊ ကြည်ညိုပြီးသော အသိဉာဏ်ရှိသူအား အတိုင်းထက်အလွန် မကြည်ညိုစိမ့်သောငှာသာ ဖြစ်ပေ၏'လို့ မိန့်တော်မူပြီး၊ စကားမဆိုသောအကျင့်ကို မဆောက်တည်အပ်၊ ဆောက်တည်သောရဟန်းအား ဒုက္ကဋ်အာပတ်သင့်စေလို့ ပညတ်တော်မူပါတယ်။

တစ်ဖန်ထပ်ပြီးတော့ 'ရဟန်းတို့၊ ဝါမှထသောရဟန်းတို့အား မြင်၍ဖြစ်စေ၊ ကြား၍ဖြစ်စေ၊ ယုံမှား၍ဖြစ်စေ သုံးပါးသောအကြောင်းတို့ဖြင့် ဖိတ်ကြားခြင်း (ပဝါရဏာပြုခြင်း)ငှာ ခွင့်ပြု၏။ ထိုသို့ဖိတ်ကြားခြင်းသည်

သင်တို့အတွက် အချင်းချင်းလိုက်လျောခြင်း၊ အာပတ်မှထမြောက်စေခြင်း၊ ဝိနည်းကိုရှေးရှုခြင်းဖြစ်လတ္တံ့'လို့ ဝိနည်းမဟာဝါ ပဝါရဏာအခန်းမှာ မိန့်တော်မူပါတယ်။ မြတ်စွာဘုရားက အကြောင်းမရှိအကြောင်းရှာ စကားများတာကိုသာ အလိုမရှိတာပါ၊ လုံးဝစကားမပြောတာကိုတော့ ကဲ့ရဲ့ ရှုတ်ချပါတယ်။ ပြောစရာရှိ ပြောရပါမယ်။ ဆိုစရာရှိ ဆိုရပါမယ်။ တရားသဖြင့် ပြောဆိုတာဟာ သူတော်ကောင်းတို့ရဲ့ အလုပ်ပါ။ ဟိုတုန်းက တချို့ဆရာတော်များ စကားမပြောချင်လို့ ရေငုံနေတယ်ဆိုတာက အလဟဿ အကြောင်းမဲ့စကားမပြောမိအောင်လို့ပါ။ တရားသဖြင့် ကြောင်းကျိုးယုဉ် စကားပြောရတော့မယ်ဆိုရင် ရေကိုမျိုချပြီး စကားပြောကြပါတယ်''

''ဒါဖြင့် အဲဒီဆရာတော်ဟာ ပဝါရဏာမပြုဘဲနေတာလား၊ အရှင်ဘုရား မေးကြည့်မိသေးလားဘုရား''

''တိုက်ရိုက်တော့ မမေးကြည့်မိပါဘူး။ သူ့လက်ထောက်ဦးပဥ္စင်းကို 'ဝစီပိတ်ကျင့်တာ ဘယ်လောက်ကြာပြီလဲ'လို့မေးကြည့်တယ်။ ငါးနှစ်ကျော် ခြောက်နှစ်လောက်ရှိပြီလို့ ပြောတယ်။ သူ့အခန်းထဲခေါ်သွားလို့ နည်းနည်းပါးပါးတော့ စကားပြောဖြစ်ခဲ့ပါတယ်''

''နို့... အရှင်ဘုရားစောစောကပြောတော့ စကားမပြောဘူး၊ ဝစီပိတ်ကျင့်နေတာဆိုဘုရား''

''ဟုတ်တယ်လေ၊ သူကျင့်နေတာ မြင်ခဲ့ရတာပဲ။ ဦးပဥ္စင်းတို့က ပြောတဲ့စကား သူနားထောင်တယ်။ လက်ခံရင် အင်းအင်း ဆိုပြီး ခေါင်းညိတ်ပြတယ်။ လက်မခံတာ၊ သူပြောချင်တာရှိရင် ကျောက်သင်ပုန်းမှာ စာရေးပြတယ်လေ။ ဦးပဥ္စင်းတို့က ရယ်စရာပြောရင် သူကတခွီးခွီးနဲ့ ရယ်ပါတယ်''

''အသံထွက်သလား ဘုရား''

''ထွက်တာပေါ့၊ ရယ်တာရယ်။ အင်းလိုက်တာရယ်။ ဟင့်အင်းလို့ ငြင်းတာရယ်၊ အသံထွက်တယ်၊ ကျန်တာတော့ သူက ကျောက်သင်ပုန်း မှာ ရေးပြတယ်၊ အမြန်ပြောချင်တာရှိရင်တော့ ပါးစပ်ပိတ်ပြီး အွန်းအွန်း နဲ့ လုပ်ပြတတ်တယ်၊ ဘုန်းလည်းတော်တော်ကြီးတာ တွေ့ခဲ့မြင်ခဲ့ရတယ်၊ ကဲ ဒကာရေ့ စကားလည်း ဘေးရောက်သွားပြီ၊ အဲဒီဆရာတော်မှာတော့ ပက်လက်ကုလားထိုင်ကြီး မထားတာ ချီးကျူးစရာပါပဲ။ ဒီတော့ ဓုတင် ဆောက်တည်တဲ့ရဟန်းဟာ အိပ်ရာခေါင်းအုံးထက် ခေါင်းချအိပ်လိုက် တာနဲ့ ဓုတင်ပျက်ပါတယ်''

''အိပ်မပျော်လည်း ဓုတင်ပျက်သွားတာပဲလား ဘုရား''

''အိပ်ပျော်သည်ဖြစ်စေ၊ မပျော်သည်ဖြစ်စေ ခေါင်းအုံးပေါ်ခေါင်းတင် တုံးလုံးလှဲအိပ်ကာမျှနဲ့ ဓုတင်ပျက်သွားပါတယ်။ အရှင် ဗာကုလမထေရ် ဆိုရင် တံကဲပျဉ်ကိုမှီပြီး တစ်ခါမျှ မအိပ်စဖူးဘူးတဲ့၊ အိပ်ရာ၌ လျောင်း၍ မအိပ်ဖူးဘူးတဲ့၊ ဘာဖြစ်လို့လဲဆိုတော့ နိသဇ်ဓုတင်ရဲ့ အကျိုးကျေးဇူးကို မြင်လို့ပါပဲ''

''အဲဒီအကျိုးကျေးဇူးကို မိန့်ပါဦးဘုရား''

''အရှင်ဗာကုလဟာ အသက်ရှစ်ဆယ်ပြည့်မှ ရဟန်းဖြစ်တယ်။ ဝါရှစ်ဆယ်ရတယ်ဆိုတော့ သက်တော်တစ်ရာ့ခြောက်ဆယ်၊ အဲသလောက် အသက်ကြီးရင့်ပေမယ့် ရဟန်းဖြစ်သည်မှစလို့ တစ်ခါမျှ လျောင်း၍ မအိပ်စဖူး၊ တံကဲပျဉ်ကို မှီ၍ မအိပ်စဖူးဆိုတော့ အိပ်ရာ၌ တစင်းစင်း အိပ်သောချမ်းသာ၊ ဝဲယာပြောင်းပြန်တစောင်းလူးလဲ အိပ်သော ချမ်းသာ၊ တမှိန်းမှိန်းအိပ်မွေ့သောချမ်းသာကြောင့် ဖြစ်ပေါ်လာသော စိတ်အနှောင် အဖွဲ့ကို ဖြတ်တောက်ရခြင်း အကျိုးရှိတယ်တဲ့၊ အားလုံးသော ကမ္မဋ္ဌာန်း ကိုအားထုတ်သူနဲ့ သင့်လျော်တယ်။ ကြည်ညိုဖွယ် ဣရိယာပုတ်ရှိတယ်။ လုံ့လအားထုတ်ခြင်းအား အစဉ်သင့်လျော်တယ်၊ ကောင်းမြတ်တဲ့အကျင့် ပဋိပတ်ကို ပွားများရတယ်ဆိုတဲ့ အကျိုးကျေးဇူးတွေရရှိတယ် ဒကာ''

''အရှင်ဘုရားအမိန့်ရှိတဲ့ အကျိုးတရားတွေက သူတော်ကောင်းတွေမှ အလိုရှိကြတာ။ တပည့်တော်တို့လို ပုထုဇဉ်လူမိုက်တွေကတော့ အိပ်ရေးမဝလို့ စိတ်တိုကြရတယ်ဘုရား။ ကောင်းကောင်းအိပ်ရတာကိုပဲ နှစ်သက်ကြတာကိုးဘုရား''

''ဟုတ်တယ်ဒကာရဲ့၊ တစ်သံသရာလုံး အိပ်လာကြတော့အိပ်ခြင်းနဲ့ တပ်မက်တဲ့တဏှာကို အကြိုက်တွေ့နေကြတယ်လေ။ ကောင်းကောင်းအိပ်မှ အားရှိမယ်၊ အားရှိမှ ကိုယ်လုပ်ချင်တာ လုပ်ရမယ်လို့ ယုံကြည်နေကြတာမဟုတ်လား။ အမှန်တော့ အိပ်ခြင်း၊ မအိပ်ခြင်းက ပဓာနမကျပါဘူး။ စိတ်စေတသိက်တို့ တက်ကြွရွှင်လန်းပြီး ခန္ဓာမပင်ပန်းဖို့က အရေးကြီးပါတယ်။ ငါးပါးအာရုံကာမဂုဏ်ကြောင့် ခန္ဓာပင်ပန်းနေတာကို မြင်အောင်မကြည့်တတ်ကြဘူး။ ငါးပါးအာရုံကာမဂုဏ်ကြောင့် ခန္ဓာပင်ပန်းရတာကို ပင်ပန်းတယ်မထင်ကြဘူး။ မာရ်မင်းရဲ့ အနှောင်အဖွဲ့ထဲမှာ ပျော်မွေ့နေကြတယ်၊ ထက်ဝယ်ဖွဲ့ခွေလျက် ကိုယ်ကိုဖြောင့်မတ်စွာ ထားပြီး ထိုင်နေတဲ့ရဟန်းသည် မာရ်မင်း၏စိတ်ကို တုန်လှုပ်ချောက်ချား စေ၏တဲ့၊ ဦးပဉ္ဇင်းတို့ ဒကာတို့က မာရ်မင်း၏စိတ်တုန်လှုပ်ချောက်ချားမှာကို စိုးရိမ်နေတယ်မဟုတ်လား''


''မှန်ပါ၊ တဏှာအလိုလိုက် အကြိုက်ဆောင်နေရတာကို ပျော်ရွှင်နှစ်သက်မိနေတော့၊ အရှင်ဘုရားအမိန့်ရှိသလိုပါပဲ၊ မာရ်မင်း၏ စိတ်တုန်လှုပ်ချောက်ချားစေမှာ စိုးရိမ်နေကြပါတယ်ဘုရား။ ဒါကြောင့်လည်း တပည့်တော်တို့မှာ သံသရာဝဲဂယက်က ခွဲမထွက်နိုင်ကြတာပါဘုရား''

''ကဲ ကဲ ဒကာရေ၊ ဆွေးနွေးရတာလည်း ကြာပြီ။ သူတော်ကောင်းကြီးများလို ဝီရိယ မထက်သန်လို့ မကျင့်ကြံနိုင်တာထား။ အသိဉာဏ်တွေ တိုးပြီး အမြင်မှန်နဲ့ ကြည်ညိုတတ်ရင်ပဲ တော်လှပါပြီ။ ဒီခေတ်ထဲမှာ

နည်းမှန်လမ်းမှန် ကျင့်ကြံကြတာထက် အယောင်ပြ လှည့်စားကျင့်ပြကြ တဲ့ သူတွေက များလှပါတယ်။ ခွဲခြားဝေဖန် မှန်ကန်သော ဉာဏ်အမြင် ဖြင့်သာ သာသနာတော်ကို ကြည်ညိုတတ်အောင် ကြိုးစားပါဒကာ''

''မှန်ပါဘုရား''

※ ※ ※



# မှန်စွာကျင့် ကျင့်နိုင်ဖြတ်

“အရှင်ဘုရား၊ ဓုတင်အကျင့်များကို အရှင်ဘုရားတို့ ရဟန်းများသာ ကျင့်နိုင်ပါသလားဘုရား။ ကိုရင်နဲ့ တပည့်တော်တို့လူဝတ်ကြောင်များရော ကျင့်လို့ရပါသလား ဘုရား”

“ဟော... ဦးမောင်မောင်ကြည်က ဓုတင်အကျင့်တွေ ကျင့်တော့မယ် ထင်တယ်”

“အရှင်ဘုရားကလည်း နောက်နေပြန်ပါပြီ၊ တပည့်တော်က သိချင်လို့ လျှောက်ကြည့်တာပါဘုရား”

“ကောင်းပါပြီ၊ ဒါဆိုလည်း ပြောပြရတာပေါ့။ ရဟန်းများကတော့ ဓုတင်(၁၃)ပါးလုံး ကျင့်နိုင်ပါတယ်။ ကိုယ်နိုင်သလောက် တစ်ပါးနှစ်ပါး အဓိဋ္ဌာန်ပြီးလည်းဆောက်တည်ကျင့်သုံးနိုင်ပါတယ်။ ကိုရင်၊ သာမဏေ များကတော့ တိစီဝရိတ်ဓုတင်ကလွဲရင် ကျန်(၁၂)ပါးကို ကျင့်နိုင်ပါတယ်။ ကိုရင်၊ သာမဏေဆိုတာက သင်္ကန်းကြီးခေါ်တဲ့ဒုကုဋ် မရှိဘူး မဟုတ် လား”

''မှန်ပါ့ဘုရား''

''အဲ... အခုခေတ်တော့ ဘိက္ခုနီရဟန်းမဆိုတာ မရှိတော့ဘူးပေါ့လေ။ ဟိုတုန်းက ဘိက္ခုနီရဟန်းမတွေ ရှိစဉ်တုန်းကတော့ ရဟန်းမများဟာ ဓုတင်ရှစ်ပါးကိုသာ ကျင့်နိုင်တယ်တဲ့''

''၁၃–ပါးလုံး ဘာလို့မကျင့်နိုင်တာလဲ ဘုရား''

''ဒီလိုလေ၊ ရဟန်းမဆိုတာ တစ်ပါးတည်းနေလို့ မသင့်တော်ဘူး။ တောထဲမှာနေရင်လည်း အန္တရာယ်က မကင်းဘူး။ အဲဒါကြောင့် မြတ်စွာဘုရားက ရဟန်းမများ တောအရပ်မှာ မနေဖို့၊ မြို့ထဲရွာထဲမှာနေဖို့ သိက္ခာပုဒ်ပညတ်ထားတာရှိတယ်။ ပြီးတော့ လာဘ်လာဘလည်း ရဟန်းများနှင့်စာလျှင် ရှားပါးတယ်။ သံသရာဝဋ္ဋဒုက္ခမှ လွတ်မြောက်လိုလို့ မြတ်သောအကျင့်ကို ကျင့်လိုလို့ ရဟန်းဝတ်ကြပေမယ့် ရဟန်းယောက်ျားများလိုတော့ နေရာတိုင်းမတင့်တယ်ကြဘူး''

''ဥပမာ–သုသာန်ဓုတင်ဆောင်ချင်တယ်၊ သဘောတူအဖော်ရခဲတယ်၊ ရပြန်သော်လည်း အဖော်ပါတဲ့အတွက် ရောနှောဆက်ဆံနေရလို့ ဆိတ်ငြိမ်မှု မဖြစ်နိုင်ဘူး။ အဲသလို အကြောင်းတရားများကြောင့် အရညကင်ဓုတင်၊ ခလုပစ္ဆာဘတ္တိကဓုတင်၊ အဗ္ဘောကာသိကဓုတင်၊ ရုက္ခမူဓုတင်၊ သုသာန်ဓုတင်၊ အဲဒီဓုတင်(၅)ပါးကို လျှော့ပြီး ရှစ်ပါးသာရရှိကျင့်နိုင်ပါတယ်''

''တပည့်တော်တို့ လူများရော ဘုရား''

''ပြောပြပါ့မယ်။ ဒကာက တယ်ဆန္ဒစောတာကိုး။ ဒကာတို့လူများကတော့ ကောသနိက်နဲ့ ပတ္တပိဏ်ဓုတင်နှစ်ပါးပဲ ကျင့်နိုင်ပါတယ်''

''ဟင်... နည်းနည်းလေးပါလား ဘုရား''

''ဒကာက ဘယ်နှပါးများ ကျင့်ချင်နေလို့လဲ''

''အရညကင်ဓုတင်တို့ သုသာန်ဓုတင်တို့ ရုက္ခမူဓုတင်တို့ရော မကျင့်နိုင်ဘူးလားဘုရား''

''ဦးမောင်မောင်ကြည်တော့ တောထွက်ချင်ပြီထင်တယ်''

''သိထားချင်လို့ပါဘုရား''

''သိထားချင်တယ်၊ သိထားချင်တယ်နဲ့ ဒကာမကြီးကို ပြောပြခွင့်တောင်းမရ ဖြစ်နေလို့လား။ ဦးပဥ္စင်းပြောပေးမယ်လေ''

''ဟာ... အဲလိုလည်း မဟုတ်ရပါလားဘုရား။ အရှင်ဘုရားကလည်း ခဏခဏပိန္နဲပင် လာလာထိနေတာကိုး။ တကယ်ပါ။ တပည့်တော်က သိချင်လို့ လျှောက်ကြည့်တာပါဘုရား''

''အင်း... သိချင်တော့လည်း ပြောပြရတာပေါ့။ ဒကာတို့ လူဝတ်ကြောင်ဆိုတော့ စွမ်းနိုင်မှာလည်း မဟုတ်ဘူးတဲ့။ ကျင့်သုံးဖို့လည်း မသင့်လျော်ဘူးတဲ့''

''ဘာဖြစ်လို့ မစွမ်းနိုင်၊ မသင့်လျော်ရတာလဲ ဘုရား''

''ဟာ... ဒီဒကာနဲ့တော့ ဒုက္ခပါလားနော်။ ဒကာတို့တစ်ယောက်တည်း တောထဲသွားနေတော့ သူခိုးဓားပြထင်ခံရမှာပေါ့''

''အရှင်ဘုရားကလည်း ဘေးမပြောပါနဲ့ဘုရား။ တောထဲတောင်ယာလုပ်စားနေတဲ့သူဆိုရင် အကုန်လုံး သူခိုးဓားပြတွေချည်း ဖြစ်ကုန်တော့မှာပေါ့''

''ဟဲ... ဟဲ... ဟုတ်ပါဗျာ။ ဒကာကလည်း စကားတတ်သားပဲ။ ဓုတဆိုတာ ဆန့်ကျင်ဘက်ကိလေသာတို့ကို ခါထုတ်ဖျက်ဆီးတတ်လို့ ဓုတခေါ်တာ။ ဓုတင်ကျင့်တယ်ဆိုတာ ကိလေသာခေါင်းပါးအောင် ကျင့်တာ။ နောက်ဆုံး ကိလေသာရာဂအမြစ်ပြတ် သုတ်သင်ဖို့ကျင့်တာ မဟုတ်လား။ ဒီတော့ တောထဲတစ်ယောက်တည်း နေပြီး တရားကျင့်ပါတယ်ဆိုမှ ဝတ်ကြောင်နဲ့ နေပြီး ကျင့်လို့လျော်ပါ့မလား။ စဉ်းစားပါဦး။ ဂန္ဓာရီ၊ ဝိဇ္ဇာ၊ တန္တရ၊ မန္တရအကျင့် ကျင့်နေတာ မဟုတ်ဘူးနော်။ ဝတ်ကြောင်ဆိုတာ ဖြူနီကြောင်ကျားအရောင် အဆင်းပေါ်မှာ ရာဂပွားများတတ်လို့ ဝတ်ကြောင်ခေါ်တာ။ ဓုတနဲ့ တခြားစီပဲ။

သီလစတဲ့ အကျင့်ပဋိပတ်ကို ဖြည့်ကျင့်ကြောင်းအင်္ဂါကို ဓုတင်္ဂလို့ ခေါ်တယ်။ ဒကာတို့က ဝတ်ကြောင်ဆိုတော့ သီလအရာမှာ အားနည်းတယ်။ ငါးပါး၊ ရှစ်ပါး၊ ကိုးပါး ဒါပဲရှိတယ်။ ကိုရင်သာမဏေဆိုရင် ဆယ်ပါးသီလစောင့်ထိန်းရပြီ၊ သေခိယခန္ဓကာဝင်လာ သိက္ခာပုဒ်များစောင့်ထိန်းရပြီ။ သီလချင်းနှိုင်းယှဉ်လျှင် ကွာမနေဘူးလား။ ဒကာတို့အနေနဲ့ ကိုရင်သီလကို စောင့်ထိန်းလို့လည်း မရဘူး။ ဝတ်ကြောင်အဖြစ်နဲ့ စောင့်ချင်စောင့်၊ ထိန်းချင်ထိန်း။ ကိုရင်သီလ တည်ကိုမတည်ဘူး။ ကိုရင်ဝတ်လိုက်ပြီဆိုတာနဲ့ ကိုရင်သီလ တစ်ခါတည်းတည်ပြီး ဖြစ်သွားတယ်။ မစောင့်ချင်လည်း စောင့်ရတယ်၊ မထိန်းချင်လည်း ထိန်းရတယ်၊ ဒကာတို့နဲ့ အဲဒါကွာခြားတယ်ပြောတာ။ ဒီတော့ ဒကာအနေနဲ့ တောထဲတစ်ယောက်တည်း သွားနေချင်နေ၊ သစ်တစ်ပင်ရင်း၊ ဝါးတစ်ပင်အောက်တစ်ယောက်တည်း ထိုင်နေချင်ထိုင်နေ။ ဓုတ မမည်ဘူး။ ဓုတင်္ဂအကျင့်မလျော်ဘူးလို့ ဆိုလိုတာပဲ''

''တပည့်တော်တော့ သိပ်မကျေနပ်ဘူး ဘုရား''

''ဆိုစမ်းပါဦး''

''တပည့်တော်တို့ လူဝတ်ကြောင်တွေ အကုန်လုံး မသင့်လျော်ဘူးဆိုတာကိုပါ။ ဥပမာ–နိသဇ်ဓုတင်၊ တပည့်တော်တို့လည်း တုံးလုံးမလှဲဘဲ ကျင့်နိုင်တာပဲ မဟုတ်လားဘုရား''

''ရပါတယ်။ ကျင့်ပါ။ ဒကာကျင့်နိုင်လို့ကတော့ မှန်သောလမ်းစဉ်ဆိုရင် ကျင့်ပါ။ ကာမဂုဏ်တောထဲမှာအိပ်မှ အားရှိတယ်လို့ မယူဆဘဲ နေနိုင်ရင် ကျင့်ပါ။ မကျင့်ရဘူးလို့ မြတ်စွာဘုရား က မတားမြစ်ပါဘူး။ အဲဒါလည်းဆွမ်းခံခြင်းဆိုင်ရာ ဓုတင်များကိုတော့ ကျင့်လို့ရပါ့မလား။ တောမထွက်မီ စမ်းသပ်ကြည့်ဖို့တော့ လိုဦးမယ်နော်။ တော်ကြာ အိမ်က လိုက်ပို့နေရတယ်ဆိုရင်တော့ ကိလေသာတွေ ပွားပွားလာနိုင်တယ်''

"အရှင်ဘုရားစကားက အားပေးစကားတော့မပြောဘူး။ အဖျက်စကားပဲ ပြောပြောနေတာကိုး"

"အဖျက်စကားမဟုတ်ပါဘူးဒကာရယ်။ ဓုတဆိုတာ ၁။ဓုတဝါဒ၊ ၂။ဓုတဓမ္မ၊ ၃။ဓုတင်္ဂတဲ့။ ဓုတင်္ဂကို စောစောက ပြောခဲ့ပြီးပါပြီ။ ဓုတဆိုတာကိလေသာကို ခါထုတ်ဖျက်ဆီးပြီးတဲ့ ပုဂ္ဂိုလ်ကိုခေါ်တာ၊ ရဟန္တာပုဂ္ဂိုလ်ဟာ ဓုတအစစ်ပါပဲ။ ကိလေသာတို့ကို ခါထုတ်ဖျက်ဆီးပြီး၍ တည်သောရဟန္တာကို ဓုတကိလေသာပုဂ္ဂိုလ်လို့ခေါ်တယ်။

ဓုတဓမ္မဆိုတာ အလုံးစုံသော အရိယာမဂ်သည် မုချအားဖြင့် ကိလေသာတို့ကို ခါထုတ်ဖျက်ဆီးတတ်သောတရား မည်ပါတယ်။ အထူးသဖြင့် အရဟတ္တမဂ်ဟာ ကိလေသာတို့ကို ခါထုတ်ဖျက်ဆီးတတ်တဲ့ တရားအစစ်ပါပဲ။ ဥပစာ ပရိယာယ်အားဖြင့်တော့ ဝိပဿနာဉာဏ်စတဲ့ တရားများဟာလည်း ကိလေသာတို့ကို ခါထုတ်ဖျက်ဆီးတတ်လို့ ဓုတဓမ္မပါပဲ။ နောက်ဆုံးစကားပြောရရင် ဓုတင်စေတနာနှင့်ယှဉ်တဲ့ဉာဏ်ကို ဓုတဓမ္မလို့ခေါ်ပါတယ်။"

"ဓုတဝါဒဆိုတာရော ဘုရား"

"ဓုတဝါဒဆိုတာ ဓုတင်ဖြင့်ဟောပြောဆုံးမညွှန်ကြားတာကို ဓုတဝါဒလို့ခေါ်ပါတယ်။ ဓုတဝါဒမှာ–၁။ဓုတသာမည်၊ ဓုတဝါဒမမည်သော ပုဂ္ဂိုလ်၊ ၂။ ဓုတမမည်၊ ဓုတဝါဒသာမည်သော ပုဂ္ဂိုလ်၊ ၃။ ဓုတလည်းမမည်၊ ဓုတဝါဒလည်း မမည်သောပုဂ္ဂိုလ်၊ ၄။ ဓုတလည်းမည်၊ ဓုတဝါဒလည်း မည်သော ပုဂ္ဂိုလ်ဆိုပြီး ပုဂ္ဂိုလ်လေးမျိုးရှိသေးတယ်။

"အဲဒါဘာတွေပါလဲဘုရား ရှင်းပြပါဦး"

"နံပါတ်–၁ ပုဂ္ဂိုလ်ကတော့ အရှင်ဗာကုလမထေရ်လို ပုဂ္ဂိုလ်မျိုးပါပဲ။ အရှင်ဗာကုလမထေရ်ဟာ ဓုတင်(၁၃)ပါးလုံး ဆောင်တဲ့ ရဟန္တာပုဂ္ဂိုလ်မို့ ဓုတမည်ပါတယ်။ သူတစ်ပါးကို ဓုတင်ဖြင့် မဆုံးမ၊ မဟောပြောတဲ့အတွက် ဓုတဝါဒမမည်ပါဘူး။

နံပါတ်–၂ ပုဂ္ဂိုလ်ကတော့ အရှင်ဥပနန္ဒလို ပုဂ္ဂိုလ်မျိုးပါပဲ။ အရှင်ဥပနန္ဒကတော့ ကိုယ်တိုင်ကိလေသာကို မခါထုတ်၊ မဖျက်ဆီးနိုင်ဘဲ သူတစ်ပါးကို ဓုတင်ဖြင့်ဟောပြောဆုံးမတတ်လို့ ဓုတမမည်၊ ဓုတဝါဒသာမည်တဲ့ ပုဂ္ဂိုလ်ပါ။

နံပါတ်–၃ ပုဂ္ဂိုလ်ကတော့ အရှင်လာဠုဒါယီလို ပုဂ္ဂိုလ်ပါ။ ကိုယ်တိုင်လည်း ကိလေသာကို မခါထုတ်၊မဖျက်ဆီး၊ သူတစ်ပါးကိုလည်း ဓုတဖြင့် မဟောပြော မဆုံးမတဲ့သူပါ။

နံပါတ်–၄ ပုဂ္ဂိုလ်ကတော့ အရှင်သာရိပုတ္တရာမထေရ်ကြီးလို ပုဂ္ဂိုလ်မျိုးပါပဲ။ ကိုယ်တိုင်လည်း ကိလေသာကို ခါထုတ်ဖျက်ဆီးပြီး သူတစ်ပါးတို့ကိုလည်း ဓုတဖြင့်ဟောပြောဆုံးမညွှန်ကြားတတ်သူမို့ ဓုတလည်းမည်၊ ဓုတဝါဒလည်းမည်ပါတယ်''

''အရှင်ဗာကုလက ဘာဖြစ်လို့ သူများကို မဟောပြောရတာလဲဘုရား''

''ဒါကတော့ ပုဂ္ဂိုလ်ရဲ့အလို အဇ္ဈာယနှင့်ဆိုင်တယ်။ အရှင်ဗာကုလဟာ အသက်ရှစ်ဆယ်ပြည့်မှ ရဟန်းပြုတယ်။ ရဟန်းအဖြစ်နဲ့ အနှစ်ရှစ်ဆယ်နေရတယ်။ အနာရောဂါကင်းတဲ့နေရာမှာ တေဒဂ်ရတယ်။ အရှင်ဗာကုလမထေရ်မှာ အံ့ဖွယ်များစွာရှိတယ် ဒကာရဲ့''

''စကားစပ်မိတော့လည်း မိန့်ပါဦးဘုရား။ ဘယ်လိုအံ့ဖွယ်ရာများပါလဲဘုရား''

''အရှင်ဗာကုလမထေရ်ဟာ မွေးဖွားတော့ ကောသမ္ဗီပြည်၊ ကြီးပြင်းရတာက ကောသမ္ဗီပြည်နဲ့ ဗာရာဏသီပြည်၊ နှစ်ပြည်မှာ ကြီးပြင်းရတယ်။ ကောသမ္ဗီပြည် သူဌေးအိမ်မှာ မွေးဖွားတော့ မွေးဖွားပြီး ရေချိုးသန့်စင်ဖို့ ယမုံနာမြစ်ကမ်းကိုဆောင်ယူလာခဲ့တယ်။ မြစ်ဆိပ်မှာ အထိန်းတော်က ငုပ်ချည်ပေါ်ချည် ရေချိုးပေးနေတုန်း ငါးကြီးတစ်ကောင်က အစာမှတ်

ထင်ပြီး မျိုဟပ်ခြင်း ခံရတယ်။ ကလေးငယ်ဟာ ဘုန်းကံကြီးမားသူ ဖြစ်လေတော့ ငါးဝမ်းဗိုက်ထဲမှာ မသေဘဲ အကောင်းဆုံးမွေ့ရာကော်ဇော ပေါ်မှာ သိပ်ထားသလိုပဲတဲ့။

ငါးကြီးဟာ ကလေးကိုမျိုပြီးပြီးချင်း ဝမ်းတွေပူ၊ မနေနိုင်လို့ ယမုံနာမြစ် ထဲ လျှောက်ပြေး၊ ဂင်္ဂါမြစ်ဆုံရောက်တော့ ဂင်္ဂါမြစ်ထဲဝင်၊ ဗာရာဏသီ မြို့တိုင် ယူဇနာသုံးဆယ်လောက် တစ်ဟုန်ထိုးပြေးနေရတယ်။ ဗာရာဏသီ မြို့နားမှာ တံငါပိုက်ကွန်ထဲမိပြီး အလိုလိုသေသွားတယ်။ ကလေးရဲ့အာနု ဘော်ကြောင့် တံငါသည်ဟာ မထုမရိုက်၊ မခွဲမစိတ်ဘဲ ဒီအတိုင်း အကောင်ကြီးလိုက်ကို ငွေတစ်ထောင်နဲ့ လှည့်လည်ရောင်းနေမိတယ်။ လူတွေဟာ ငါးကကြီး၊ ဈေးကများတော့ မဝယ်နိုင်ကြဘူး။ ဗာရာဏသီ သူဌေးအိမ်နားရောက်တော့ သူဌေးမက အသပြာတစ်ထောင်ပေးပြီး ဝယ်လိုက်တယ်။ ငါးကြီးဗိုက်ခွဲတော့ ကလေးကို ခါးမထိဘဲ အိပ်ပျော် လျက်တွေ့ရတယ်။ သူတို့မှာ ကလေးသားသမီးမရှိလေတော့ ကလေးကို ဝမ်းသာအားရ မွေးမြူကြတယ်ဆိုပါတော့။

ဒီသတင်းကို မိဘရင်းဖြစ်တဲ့ ကောသမ္ဗီသူဌေးကြားတော့ ဗာရာဏသီ လိုက်လာကြပြီး သူတို့သားဖြစ်ကြောင်း ပြောပါတယ်။ သူဌေးနှစ်ဦး အငြင်း အခုံဖြစ်ကြလို့ ဗာရာဏသီမင်းထံမှာ အဆုံးအဖြတ်ခံကြတယ်။ ဗာရာ ဏသီမင်းကလည်း နှစ်အိမ်လုံးရဲ့ အမွေခံသားအဖြစ် ဆုံးဖြတ်လိုက် တယ်။ ကလေးရဲ့နာမည်ကိုလည်း ဗာကုလလို့ မှည့်ခေါ်လိုက်တယ်။ အဲဒါကြောင့် သူဌေးသားဘဝနဲ့ ကောသမ္ဗီမှာ လေးလ၊ ဗာရာဏသီမှာ လေးလ အလှည့်ကျ စည်းစိမ်ခံစား နေလာခဲ့ရာက အသက်ရှစ်ဆယ် ပြည့်တော့ မြတ်စွာဘုရားရဲ့တရားတော်ကို ကြားနာရပြီး ရဟန်းပြုတယ်။ ခုနစ်ရက်သာ ပုထုဇဉ်အဖြစ်နဲ့နေရပြီး ရှစ်ရက်မြောက်အရုဏ်တက်မှာ ပဋိသမ္ဘိဒါပတ္တရဟန္တာ ဖြစ်တော်မူပါတယ်။ လာဘ်လာဘပေါများလွန်းလို့ နှစ်ဖက်ဆွေမျိုးတို့က ပို့သလှူဒါန်းတဲ့သင်္ကန်းကို လဝက်စီခွဲပြီး သုံးဆောင်ရ တယ်တဲ့။

တစ်နေ့မှာ အရှင်ဗာကုလမထေရ်၊ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းမှာ သီတင်းသုံးနေတော့ ရှေးလူ့ဘဝတုန်းက မိတ်ဆွေဖြစ်ခဲ့ဖူးတဲ့ အစေလကဿပတက္ကတွန်းက အရှင်ဗာကုလဆီလာပြီး မေးပါတယ်။ 'ငါ့ရှင်ဗာကုလ ရဟန်းပြုတာ ဘယ်လောက်ကြာပြီလဲ'တဲ့။ အရှင်ဗာကုလက 'ငါရဟန်းပြုတာ အနှစ်ရှစ်ဆယ်ရှိပြီ'ဆိုတော့ 'ဒီအနှစ် ရှစ်ဆယ်အတွင်းမှာ ဘယ်နှကြိမ်မေထုန်မှီဝဲဖူးသလဲ'တဲ့။

''ဟာ... တော်တော်ဆိုးတဲ့ တက္ကတွန်းပါလား''

''ဒီတော့ အရှင်ဗာကုလမထေရ်က 'ငါ့ရှင်ကဿပ၊ အဲသလိုရိုင်းပျစွာမမေးသင့်ဘူး။ သင့်ရဲ့စိတ်သန္တာန်မှာ အနှစ်ရှစ်ဆယ်အတွင်း ကာမဂုဏ်နဲ့စပ်တဲ့ အမှတ်သညာဘယ်နှကြိမ် ဖြစ်ဖူးလဲလို့မေးရမယ်'လို့ မိန့်ပြီး အရှင်ဗာကုလက သူရဲ့ အံ့ဖွယ်တို့ကို ဟောပြပါတယ်''

''ငါ့ရှင် ကဿပ၊ ငါရဟန်းပြုခဲ့သည်မှာ အနှစ်ရှစ်ဆယ်ရှိပြီ။ ဒီအနှစ်ရှစ်ဆယ်အတွင်း(၁) ကာမဂုဏ်နဲ့ စပ်တဲ့အမှတ်သညာ တစ်ခုမျှ မဖြစ်စဖူး၊ (၂) သူတစ်ပါးကို ဖျက်ဆီးလိုမှုနဲ့စပ်တဲ့ ဗျာပါဒသညာ တစ်ခါမျှ မဖြစ်စဖူး၊ (၃) သူတစ်ပါးကို ညှဉ်းဆဲလိုမှုနဲ့စပ်တဲ့ ဝိဟိံသသညာ တစ်ခါမျှ မဖြစ်စဖူး၊ (၄)ကာမဝိတက်၊ (၅) ဗျာပါဒဝိတက်၊ (၆) ဝိဟိံသဝိတက် တစ်ခါမျှ မဖြစ်စဖူး၊ (၇) ဒါယကာတို့ လှူတဲ့ သင်္ကန်းအပေါ်မှာ မသာယာစဖူး၊ (၈) သင်္ကန်းချုပ်ရန် ကိုယ်တိုင်ဓားနဲ့ မခွဲစဖူး၊ (၉) အပ်နဲ့မချုပ်စဖူး၊ (၁၀) ဆိုးရည်မဆိုးစဖူး၊ (၁၁) ကထိန်သင်္ကန်းမချုပ်စဖူး၊ (၁၂) သီတင်းသုံးဖော်တို့ သင်္ကန်းချုပ်ရာတွင် မပါဝင်စဖူး၊ (၁၃) ပင့်ဖိတ်သောဆွမ်းကို တစ်ကြိမ်မျှ မသာယာစဖူး၊ (၁၄) ဒကာတစ်ယောက်ယောက်က ပင့်ဖိတ်ရင် ကောင်းမှာပဲလို့ တစ်ခါမျှ မဖြစ်စဖူး၊ (၁၅) အိမ်အတွင်း တစ်ခါမျှ မထိုင်စဖူး၊ (၁၆) မြို့ရွာအတွင်း တစ်ခါမျှ ဆွမ်းမစားစဖူး၊ (၁၇) မာတုဂါမအမှတ်နဲ့ တစ်ခါမျှမကြည့်စဖူး၊ (၁၈) မာတုဂါမအား အယုတ်ဆုံး လေးပါဒ တရားတစ်ခါမျှမဟောစဖူး၊ (၁၉) ဘိက္ခုနီမ

ကျောင်းသို့ မသွားစဖူး၊ (၂၀) ဘိက္ခုနီမအား တရားမဟောစဖူး၊ (၂၁) သိက္ခမာန်အား တရားမဟောစဖူး၊ (၂၂) ရှင်သာမဏေအား တရား မဟောစဖူး၊ (၂၃) ဥပဇ္ဈာယ်ပြုလျက် ရှင်ပြုမပေးစဖူး၊ (၂၄) ဥပဇ္ဈာယ် ပြုလျက် ရဟန်းခံမပေးစဖူး၊ (၂၅) ရဟန်းတစ်ပါးအား နိဿရည်း မပေးစဖူး၊ (၂၆) သာမဏေကို လုပ်ကျွေးဖို့ မခိုင်းစဖူး၊ (၂၇) ရေချိုးအိမ်၌ ရေမချိုးစဖူး၊ (၂၈) ရေချိုးဆပ်ပြာမှုန့် မတိုက်စဖူး၊ (၂၉) သီတင်း သုံးဖော်တစ်ဦးဦးကို နှိပ်နယ်ပေးဖို့ မခိုင်းစဖူး၊ (၃၀) ငါ့ကိုယ်မှာ နို့တစ် ညှစ်စာမျှ အနာရောဂါမဖြစ်စဖူး၊ (၃၁) သျှိသျှားသီးပိုင်းမျှ ဆေးကို မသုံးဆောင်စဖူး၊ (၃၂) တံကဲပျဉ်ကိုမှီပြီး မအိပ်စဖူး၊ (၃၃) အိပ်ရာ၌ မလဲလျောင်းစဖူး၊ (၃၄) အနှစ်ရှစ်ဆယ်အတွင်း ရွာနီးကျောင်း၌ ဝါမကပ် စဖူး၊ (၃၅) ရဟန်းပြုပြီးသည်မှ ခုနစ်ရက်သာ ကိလေသာရှိသူအဖြစ်နဲ့ တိုင်းပြည်ရဲ့ဆွမ်းကို စားဖူးပြီး ရှစ်ရက်မြောက်၌ ငါ့သန္တာန်ဝယ် အရဟတ္တ ဖိုလ်တရားထင်ရှားဖြစ်ခဲ့ပြီ။

''အရှင်ဗာကုလရဲ့ တရားကြားနာရတော့ အစေလကဿပက ရဟန်းပြုခွင့်တောင်းတယ်။ ရဟန်းတစ်ပါးကို ဥပဇ္ဈာယ်ဆရာပြု ရဟန်းခံ စေပြီး ချီးမြှောက်ပေးတယ်။ အရှင်ကဿပကလည်း တရားပွားများ အားထုတ်ကာ မကြာမီ ရဟန္တာဖြစ်သွားပါတယ်''

''အံ့ဩစရာပဲနော်''

''ကျန်သေးတယ်၊ (၃၆) အရှင်ဗာကုလမထေရ်ဟာ သက်တော်(၁၆၀) ပြည့်တော့ တစ်ကျောင်းမှတစ်ကျောင်းသွားရောက်ပြီး 'ငါ့ရှင်တို့ ကြွတော် မူကြပါ၊ ယနေ့တပည့်တော်ရဲ့ ပရိနိဗ္ဗာန်စံဝင်ခြင်းဖြစ်ပါလိမ့်မယ်'လို့ လှည့် လည်ဖိတ်ကြားတော်မူတာလည်း အံ့ဖွယ်တစ်ပါးပဲ။ (၃၇) သံဃာတော် များ စုဝေးမိပြီးတဲ့အခါ သံဃာ့အလယ်မှာထိုင်ပြီး 'ငါသည် အသက်ရှင် စဉ်ကပင် သူတစ်ပါးအား တာဝန်မပေးခဲ့၊ ပရိနိဗ္ဗာန်ပြုသောအခါ ငါ့ခန္ဓာ ကြောင့် ရဟန်းသံဃာတော်များမှာ ကြောင့်ကြဖွယ် ပလိဗောဓ မဖြစ်

ပါစေနဲ့' လို့ ဆင်ခြင်ပြီး တေဇောကသိုဏ်းဝင်စားလို့ လောင်ကျွမ်းစေပါတယ်။ ဓာတ်တော်များသာ ကြွင်းကျန်ရစ်စေပါတယ်။ ဒါလည်း အံ့ဖွယ်တစ်ပါးပါပဲ။

''အဲသလို ဓုတင်အကျင့်မြတ်ကို ဆောင်တော်မူကြတဲ့မထေရ်မြတ်ကြီးတို့ဟာ မိမိအတွက်နဲ့ သူတစ်ပါးကို ကြောင့်ကြဖွယ် ပလိဗောဓ မများစေကြဘူးဒကာရဲ့''

''တပည့်တော်တို့ လူဝတ်ကြောင်အနေနဲ့ တောထဲမှာ အရညကင်ဓုတင်ကျင့်မယ်ဆိုရင် သူတစ်ပါးကို ကြောင့်ကြဖွယ် ပလိဗောဓ ဖြစ်စေနိုင်တာပေါ့နော်''

''ဒါတော့ ဒကာပဲ ကိုယ်တိုင်စဉ်းစားကြည့်ပေတော့။ ဓုတဓမ္မဆိုတာ (၁) အလိုနည်းသူအဖြစ်၊ (၂) ရောင့်ရဲလွယ်သူ၏အဖြစ်၊ (၃) ဆိတ်ငြိမ်ခြင်းကို လိုလားသည်၏အဖြစ်၊ (၄) ကိလေသာကို ခေါင်းပါးစေတတ်သည်၏အဖြစ်၊ (၅) ဓုတင်ကုသိုလ်တရားဖြင့် အလိုရှိသည်၏အဖြစ်တဲ့။ ဓုတင်စေတနာ၏ အခြံအရံဖြစ်တဲ့ ငါးပါးသောတရားသည် အလိုနည်းခြင်းကိုသာမှီ၍ ဟောတော်မူခြင်းကြောင့် ဓုတဓမ္မ=ကိလေသာကို ခါထုတ်သောတရားပါတဲ့။

ရာဂစရိုက်၊ မောဟစရိုက်ရှိသောသူများ ဓုတင်ကျင့်ဖို့လျောက်ပတ်သတဲ့။ ခေါင်းပါးသောအကျင့်ကို မှီပြီး ရာဂငြိမ်းမယ်။ ခေါင်းပါးသောနေခြင်းကို မှီနေရလို့ မမေ့မလျော့ အပ္ပမာဒလက်ကိုင်ထားရသဖြင့် မောဟတင်းပျောက်မယ်တဲ့။ ဒေါသစရိုက်ကြီးသူကတော့ အရညကင်ဓုတင်၊ ရုက္ခမူဓုတင်တို့ဟာ လျောက်ပတ်သတဲ့။ တောအရပ်သစ်ပင်ရင်းဆိုတော့ သူတစ်ပါးတို့နှင့်... ထိပါးခြင်း၊ ငြိတွယ်ခြင်းမရှိလို့ ဒေါသငြိမ်းပါသတဲ့။ ကဲ... ဒကာရေ့ သဘောကျပြီလား''

''မှန်ပါ အရှင်ဘုရား၊ သဘောကျပါပြီဘုရား''

※ ※ ※

ဉာဏ်ကျောင်းလင်းစာစဉ်

၂၆၅၆၂

အရှင်ဉာဏောဘာသ
(အေးစေတီ၊မင်းဘူး)

# ဓုတင်

ဓုတင် (၁၃) ပါး

၁။ ပံ့သကူဓုတင်
၂။ တိစီဝရိတ်ဓုတင်
၃။ ပိဏ္ဍပါတ်ဓုတင်
၄။ သပဒါနစာရိကဓုတင်
၅။ ဧကာသနိက်ဓုတင်
၆။ ပတ္တပိုဏ်ဓုတင်
၇။ ခလုပစ္ဆာဘတ္တိကဓုတင်
၈။ အရညကင်ဓုတင်
၉။ ရုက္ခမူဓုတင်
၁၀။ အဗ္ဘောကာသိကဓုတင်
၁၁။ သုသာန်ဓုတင်
၁၂။ ယထာသန္တတိကဓုတင်
၁၃။ နိသဇ်ဓုတင်

Painting; WPM
design ; HtunWinNyein